

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com












# မြဝတီ

စာပေတိုက်ထု

BURMESE CLASSIC .com

## မဂ္ဂဇင်း၊ စာစောင်များ လပေးမှာကြားဖတ်ရှုနိုင်ပြီ

မိမိတို့မှာကြားလိုသည့်စာအုပ်များကို
အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာကြားနိုင်ပါသည်။
ဖြန့်ချိရေး - မြဝတီစာပေတိုက်
အမှတ် ၁၅၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊
ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၈၃၅၁၀၇၁၉၂ (မြဝတီစာတည်း)၊
၀၉၄၀၉၂၅၈၄၅၁ (ငွေတာရီစာတည်း)
၀၉၆၉၇၀၈၉၇၂၀ (သုတအလင်းစာတည်း)၊
၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကိုထိန်းသိမ်းရန်
နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။

အမှတ်(၇၁၁)၊ ၁၃၈၁ ခု၊ သီတင်းကျွတ် - တန်ဆောင်မုန်း၊
၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ။







**စာတည်းစာမျက်နှာ**
လွှမ်းဝါကျွတ်ဦး ၅

**ပြန်လည်ဆန်းသစ်ခြင်းကဏ္ဍ**
လေးမြိုင်
ဆီမီးတစ်ရာ ၆

**ငွေတာရီကဏ္ဍ**
မင်းချမ်းမွန်၊ တင့်ထွန်း(ချောက်)၊ စလင်းဘုန်းကျော်၊
မောင်ဟေမာ၊ ခက်လှိုင်းကျော်၊
မောင်ကာဠု(ပုသိမ်ကြီး)၊
ညောင်ရွှေ-ခင်မောင်မြ၊ မောင်ရွှေနွယ်(အင်းလေး)၊
မောင်နီမှိုင်း(ကျောက်တန်း)၊ မိုးနေ၊
မဟူရာစောလွင်(ပခုက္ကူ)၊ ရွှပါ(ဘိုကလေး)။ ၇

**ငွေတာရီဟာသ**
မြေဇာ၊ ဖွဲ့နေ၊ အေကေ၊ သီဟ(စခန်းသစ်)၊
မိုးသွင်။ ၁၉
ကေကျီး ၉၁

**ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ**
မောင်သန်းဆွေ(ထားဝယ်)
ကင်းဝန်မင်းကြီး၏ သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့
ဘိလပ်သို့သွားတော်မူရန် အစီအစဉ် ၂၄
ဒေါက်တာစိန်မြင့်
မဟာရာဇာသီရိအနိရုဒ္ဓဒေဝ၏
ရာဇဝင်အချစ်ဇာတ်လမ်းများ ၂၈

www.burmeseclassic.com

www.burmeseclassic.com







**ဓလေ့နှင့် အနုပညာ**

မောင်ခင်မင်(ဓနုဖြူ)
ကိုးကားဖွယ်ရာ ထိုထိုကဗျာ(၁၄) ၃၂

ကိုတာ(ရွှေသိုင်လ)
ပြဇာတ်နှင့် နွယ်သာကီသံဖြတ် ၃၆

ကိုလေးမြတ်
ကျုပ်တို့ဆီက သရေစာများ ၃၉

ဦးသစ္စာ
ငွေတာရီကဗျာပန်းဥယျာဉ်(၁၁) ၆၀

မြင်းမူမောင်နိုင်မိုး
ချစ်စဖွယ်မိုင်းတုံမြေ ၇၀

သားညီမြို့မောင်
ငွေတာရီစာအုပ်စင် အချပ်ပို(၁)

ဒေါ်ခင်သစ်
တစ်လအတွင်း စာပေနှင့်ယဉ်ကျေးမှုသတင်း အချပ်ပို(၃)

**ဓာတ်ပုံရှုခင်း**

ဦးအောင်မြင့်(စစ်ကိုင်းမြို့သန်း)
မြန်မာနိုင်ငံဓာတ်ပုံအသင်း
လစဉ်ဓာတ်ပုံပြိုင်ပွဲများ ၄၄

**ခရီးသွားဆောင်းပါး**

မောင်မိုးသဲ
ဧရာဝတီမှ နေရွှေရာသို့(၁၈) ၅၂

**ပန်းချီပြခန်း**

ဆေမှန်လင်း
ရွှေဘုံနန်းက နတ်ပန်းချီ ၅၇

**ကိုယ်ရေးအတ္ထုပ္ပတ္တိ**

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)
ဘဝပုစ္ဆာ အဖြေရှာ(၁၁၂) ၆၅

**ရသစာတမ်း**

မောင်ရင့်မာ(ကျောင်းကုန်း)
မိုးရွာထဲ လမ်းလျှောက်ခြင်း ၇၆

မေရွှန်အေး
မုန့်ဖိုး ၉၂

**မြန်မာနှင့် နိုင်ငံတကာအနုပညာသတင်း**

ဇာဇာ
ကြယ်ပွင့်များရဲ့စကားသံ ၈၁


www.burmeseclassic.com

www.burmeseclassic.com

ခိုင်ဦး
ပရဟိတအကူအညီအတွက် လက်မနှေးတဲ့
ဇစ်ကီးကျောက်ဝေ ၈၆
အေးအေးမိကီ
အာရှတစ်လွှား အနုပညာလှုပ်ရှားမှုများ ၁၀၂

## နိုင်ငံရပ်ခြားသုတ

ရဲမာန်စံ
ဂရိနိုင်ငံရဲ့ အထင်ကရဘုရားကျောင်းများ ၉၈

## ငွေတာရီဝတ္ထုတို

မိချမ်းဝေ
အောက်ခဏဆင်းရအုံးမယ် ၁၀၆
ကျွန်းဆည်မြအောက်(အမျိုးသားစာပေဆုရ)
မိကျောင်းမှန်၍ ရေကိုဆန်သည် ၁၁၂
ယုဒိ
သား၏အမေ ၁၂၀
နွေးထွေး
မမမြ ၁၂၈

ဗိုတာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |







www.burmeseclassic.com

www.burmeseclassic.com




မေငြိမ်းချမ်းနိုင်
ကမ်းကုန်အောင် လွှမ်းစေခဲ့သလား ၁၃၆

အသစ်ထွေကာရီ
ဟန်သူရှိုင်း
ယာတရား ၁၄၄

ပင်ကိုရေးဝတ္ထုရှည်(စ / ဆုံး)
မေသန်းဝင်း
ရောင်ပြန် ၁၅၀

ကျန်းမာသုတ
မြင့်ဆွေ(ကျောက်ဆိတ်အထက်)
ပုန်းစလုတ်ကစားရင်း အချပ်ပို(၅)


သရုပ်ဖော်ပန်းချီ
Aကျော်စွာ၊ စိန်ထွန်း၊ အောင်ကျော်၊ ရန်နိုင်ဦး၊ မိုးထက်မိုး။


**စာတည်းအဖွဲ့ တည်နေရာနှင့်ဖြန့်ချိရေး**

မြဝတီစာပေတိုက်၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ အောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Email : ngwetaryeemagazine@gmail.com

| | |
|---|---|
| မြဝတီမဂ္ဂဇင်း၊ မိုးသောက်ပန်းဂျာနယ် | - ၀၉၈၃၅၀၀၇၀၉၂ |
| ငွေတာရီမဂ္ဂဇင်း၊ စတစရုပ်စုံ | - ၀၉၄၀၃၂၅၈၄၅၁ |
| သုတအလင်းမဂ္ဂဇင်း | - ၀၉၆၉၇၀၈၉၇၂၁ |
| အားကစားမြင်ကွင်းဂျာနယ် | - ၀၉၆၉၄၈၂၈၇၉၇ |
| သုတကမ္ဘာဂျာနယ် | - ၀၉၈၉၂၂၇၆၀၇၇ |
| ဖြန့်ချိရေး | - ၀၉၇၂၄၉၈၇၂၄ |

**စာတည်းမှူးချုပ်**
ဒုတိယဗိုလ်မှူးကြီးနေမျိုးထက်

**ဒုတိယစာတည်းမှူးချုပ်**
ဗိုလ်မှူးကြည်ဖင်

**စာတည်းမှူး**
ဗိုလ်မှူးငြိမ်းချမ်းဦး

**တာဝန်ခံစာတည်း**
ဗိုလ်ကြီးသက်နောင်

**အွန်လိုင်းအယ်ဒီတာ**
ဗိုလ်ဒေါ်အိအိခင်

**လက်ထောက်စာတည်း**
ကေသီလွင်၊ ငြိမ်းငြိမ်းစိုး

**ရန်ကုန်ရုံးခွဲ**
အမှတ်(၁၈၁)၊ ၃၂လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၃၂၄၉၈၈၇၁၄

**ထုတ်ဝေခြင်း**
ပုံနှိပ်မှတ်ပုံတင်အမှတ် (၀၀၆၅၆)
ထုတ်ဝေသူမှတ်ပုံတင်အမှတ် (၀၀၈၀၆)
ပုံနှိပ်စောင်ရေ - ၉၀၀၀

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | တင်လှဝင်းထင် |
| မျက်နှာဖုံးဒီဇိုင်း | MSL |
| အတွင်းအပြင်အဆင်ဒီဇိုင်း | တင်အေးထွန်း၊ ထူငယ် |
| စာစီနှင့် ဒီဇိုင်း | ခင်ခင် |
| စာပြင် | အိအိလွင်၊ မာမာစိုး |


www.burmeseclassic.com

www.burmeseclassic.com



# လွမ်းဝါကျွတ်ဦး

မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် သီတင်းကျွတ်လသည် ခုနစ်လမြောက်ဖြစ်သည်။ ရှေးအခါက သီတင်းကျွတ်လကို 'သန်တူလ' ဟူ၍ ခေါ်ဆိုကြ၏။ ဆရာကြီးဦးဖိုးလတ်၏ မြန်မာလအမည်များကျမ်းတွင် 'သန်တူလ' ဆိုသည်မှာ ကောက်နှံစပါးပင်များ ပေါက်ဖွားထောင်မတ်သောလဟု အကျယ်တဝင့်ရှင်းပြထားသည်ကို တွေ့ရသည်။ စင်စစ် သန်တူလသည် မိုးလေကင်းစင်သောလဖြစ်ပါသည်၊ သီတင်းကျွတ်လတွင် အသဝနီ နက္ခတ်နှင့် လတို့ ယှဉ်ပြိုင်ထွန်းကြ၏။ ကောင်းကင်သည် ကြည်လင်သန့်ရှင်း၏။ မြောက်ပြန်လေတချို့ တိုက်စပြုချိန်ဖြစ်၏။ ရာသီကား တူရာသီဖြစ်သည်။

ဤအခါသမယတွင် သုံးလောကထွတ်ထား ဗုဒ္ဓဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့မြန်းကြွဆင်းသက်၏။ လောကတစ်ဝန်း သာယာအေးချမ်း၏။ ရဟန်းရှင်လူတို့သည် မီးရောင်စုံများထွန်းညှိ၍ ဘုရားရှင်ကို ဖူးမြော်ပူဇော်ကြသည်။ ဘုရားရှင်ကိုယ်တော်မြတ်သည် လူသားတို့ကို တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ထိုနေ့ကား သီတင်းကျွတ်လပြည့်နေ့ဖြစ်ပေ၏။

သီတင်းကျွတ်သည့်အချိန်သို့ရောက်တိုင်း ကျွန်တော်တို့ငယ်ဘဝကို ပြန်လည်သတိရမိပါ၏။ ငယ်စဉ်ကလေးဘဝက သီတင်းကျွတ်လျှင် အလွန်ပျော်ရွှင်ရ၏။ စာသင်ကျောင်းများလည်းပိတ်ကြ၏။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ရွာထိပ်ရှိရေကန်သို့သွားရောက်လျက် ကြာပန်းတွေခူးကြ၏။ ကြာဖြူ ကြာနီ ကြာညို ရောင်စုံတို့ကိုချိုးယူ၍ ကြာရိုးကလေးများကိုဆစ်၍ဆစ်၍ ကြာပုတီးလေးတွေပြုလုပ်ကြ၏။ ညဆိုသော်ငြား လရောင်က ကန်ထဲဖြာကျနေသောအခါ ဝန်းကျင်သည် လင်းလင်းကျင်းကျင်းရှိလှ၏။ လရောင်ဆမ်းသည့် ကြာပန်းကလေးများကို ရှုမြင်ရသည်မှာ ကြည်နူးဖွယ်အတိဖြစ်ပါ၏။

သည်အချိန်သည်ကာလတွင် ကျွန်တော်တို့သည် လူကြီးမိဘ၊ ဆရာသမားတို့အား အပြစ်ရှိက ကျေအေးခွင့်လွှတ်ပေးရန် ဝန်ချတောင်းပန် ဦးခိုက်ကန်တော့ကြသည်။ လက်ဆယ်ဖြာဦးထိပ်မိုးလျက် 'အပြစ်တို့ကျေကာ အချစ်တို့ဝေစေကြောင်း' ရှိခိုးကန်တော့ကြကုန်၏။ လူကြီးသူမ မိဘဘိုးဘွား၊ ဆရာသမားများကလည်း တစ်နှစ်တာပြုသမျှအပြစ်တို့ကို ခွင့်လွှတ်၍ ဆုမွန်ကောင်းများပြန်ပေးကြသည်၊ မြန်မာလူမျိုးတို့၏ ချစ်စရာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ကျွန်တော်သည် လရောင်ဆမ်းသည့် ကြာပန်းကလေးများကို ရှုမြင်ကြည်နူးခဲ့ရသည့် ငယ်ဘဝ၏ သီတင်းကျွတ်ကာလများကို ပြန်တွေးမိတိုင်း လွမ်းလွမ်းဆွတ်ဆွတ်ဖြစ်မိပါတော့သည်။ ။

တာဝန်ခံစာတည်း



www.burmeseclassic.com

www.burmeseclassic.com



## ပြန်လည်ဆန်းသစ်ခြင်းကဗျာ



# ဆီမီးတစ်ရာ

လေးမြိုင်

ဆီမီးခွက်သည်
ပြိုးပြက်အရောင်၊ စွမ်းအားဆောင်လျက်
အမှောင်ကိုခွင်း၊ သူ့အလင်းဖြင့်
ဆောင်ကြဉ်းတာဝန်၊ သူကျေပွန်ခဲ့။

ဆီမီးတစ်ခွက်၊ ထွန်းညှိဆက်လျှင်
နှစ်ခွက်သုံးခွက်၊ လေးငါးခွက်တည့်
ဆက်ကာဆက်ကာ၊ ထွန်းညှိပါသော်
တစ်ရာဆီမီး၊ ထိန်ထိန်ညီးသည်
မီးပဒေသာ ဝေဖြိုးတည်း။

ဆီမီးတစ်ရာ၊ ပဒေသာသည်
လူ့ရွာဝန်းကျင်၊ လူ့ရပ်ခွင်၌
ထင်ထင်လင်းလင်း၊ အမှောင်ခွင်း၍
ဆောင်ကြဉ်းပြည့်နှံ၊ သူကျေပွန်သည်
တာဝန်မပျက် ခဲ့တကား။

အို. . . ဆီမီးခွက်
ဆက်၍လင်းပါ၊ မငြိမ်းပါနှင့်
တိုးပါပွားပါ၊ မလျော့ပါနှင့်
ရာစုလီလီ၊ ထောင်စုချီ၍
ထောင်လီသောင်းလီ၊ သိန်းသန်းချီ၍
မှောင်ရိုကိုဖျက်၊ ထိန်ထိန်လက်လော့
နှစ်သက်သင့်ကို၊ လူထိုထိုသည်
စောင့်ကြိုမျှော်လင့် ကြပါသည်။ ။

(၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ငွေတာရီမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com



# နှောက်ဆုံးကောင်းမှု

မင်းချမ်းမွန်

ငါ့အတိတ်၌
အိတ်ကပ်မဖောင်း၊ စိတ်အညောင်းဖြင့်
နွမ်းဟောင်းမွဲညစ်၊ သက္ကရာဇ်မှာ
နှစ်ပေါင်းများစွာ ကြာခဲ့သည်။

ပစ္စုပ္ပန်မှာ
နာရီမိနစ်၊ တစစ်စစ်ဝါး
ယန္တရား၌၊ အကြားချို့တဲ့



သွားတို့ပုံကြွေ၊ ပါးရေတွန့်လိပ်
ဇရာရိပ်သို့၊ တိုးတိတ်ညင်သာ
ရောက်ခဲ့ရှာပြီ၊ အနာဂတ်တွက်
အိပ်မက်လက်ကျန် မရှိတော့။

အိုကြီးအိုမ၊ တွင်းဆုံးကျသည့်
တတိယရွယ်၊ နေမကွယ်မီ
ဘယ်ဆီရော်ရမ်း၊ မမျှော်မှန်းဘဲ
လက်ပန်းကျချိန်၊ ဆည်းဆာမှိန်၌
စိန်ရွှေထမင်း၊ တပ်မက်တင်းလျက်

အားပြင်းစုပ်ဆွဲ၊ ဒုက္ခဝဲ၏
ဇာတိဇရာ၊ ဗျာဓိမရဏ
အနိစ္စလမ်း၊ လက်ကြိုကမ်းပြီ
ပန်းတစ်ပွင့်ပင်၊ မလိုချင်တော့။

ဘာလုပ်မှာလဲ
ရွှံ့ရှာစက်ဆုပ်၊ နံပုပ်ဟောင်ရာ
ရုပ်ခန္ဓာအား၊ သူငါဆောင်ပို့

သုသာန်မြို့၌၊ မီးရှို့ပြာချ
မြုပါကလည်း၊ ဒုက္ခပိုရုံ
အချိန်ကုန်မို့၊ နုံချာလှသူ
ရောဂါထူသည့်၊ လူအိုလူမင်း
ငါ့ရုပ်ကြွင်းအား၊ စိတ်ရင်းဖြူစွာ
ဆေးပညာတွက်၊ သဒ္ဓါမွေးကြူ
ငါပေးလှူပြီ
နတ်လူသာစု မလိုပါ။
နောက်ဆုံးကောင်းမှု ဤခန္ဓာ။ ။

(ဆေးတက္ကသိုလ်(၁)သို့ ၁-၄-၂၀၁၉ ရက် ခန္ဓာကိုယ်လှူဒါန်းခြင်းအမှတ်တရ)

www.burmeseclassic.com

www.burmeseclassic.com



# အညာတမ်းချင်း

တင့်ထွန်း(ချောက်)



ချစ်တဲ့သူငယ်လေ
ယာချောင်းတစ်ဖက်၊ ဖျာတောင်းရက်ဖက်ရေး။

ထန်းပင်ငယ်မှဝေဝေ
အညာမြေတစ်တန်း၊ သည်တစ်ဝန်းဝယ်
မိုးပန်းမကြွေ၊ မိုးရေမရွဲ
မြေပဲ ပြောင်း နှမ်း၊ ညိုးကာနွမ်းလို့
ထန်းလျက်ခဲတို့ ငိုတဲ့အချိန်။

ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ
အညာတစ်ရိုး၊ မိုးလာအခါ
မိုးရွာသော်လည်း ဘယ်မသည်း။

ယာချောင်းအနား၊ တို့ရွာသားတို့
ပါးစပ်လှူပ်ရန်၊ ပြန်လှန်နှီးနှော
စကားဖောင်၊ နောက်ပြောင်ပြောရင်း
ထန်းတောဆီသို့ သွားရော့မယ်။

ရင်မောင် ဘဂျမ်း၊ ရင်းထောင်ထမ်း၍
ခြေလှမ်းသွက်သွက် လှမ်းသတော့။

ထွေးရင် ကြာသောင်း၊ လက်ရာကောင်းရှင့်
ဖျာတောင်းရက်ရာ ကျွမ်းသတော့။

ဘုတိုဇီးကွက်၊ တစ်ချက်မညည်း
ထန်းရွက်ပုတီးကုံးရာ စွမ်းသတော့။

ကိုယ်စီကိုယ်စီ လျှော်သပ်
ထန်းလျှော်ဖိနပ်လုပ်သူနှင့်။

ချိုပြည်ချိုပြည် အဖော်စပ်
အပျော်သေနတ်လုပ်သူနှင့်။

ထန်းလျက်ကြောလွှာ အခေါက်ခွာ
ထန်းခေါက်ဖာ လုပ်သူနှင့်။

ထန်းအလုပ်က
ဖြုတ်စဖျင်းတောင်း စုံစီနဖာ။

နေကုန်မိုးချုပ်
လုပ်ရဘီတောင်း ဆုံလည်ပမာ။

အလိုလေ့အိုင်
ထနောင်းပွင့်ခါ
မယ်တို့ရွာဆီ၊ ကိုယ်စီလုပ်ငန်း
သူ့တဲကိုယ့်အိမ်၊ ခြေချင်းငယ်လိမ်လို့
မြူဖုတ်ချိန် မျှော်မှန်းသောအခါ
ဖျိုလွမ်းပိုင်လေး။ ။

ထန်းလျက်ငို - အပူရှိန်ပြင်း၍ ထန်းလျက်များ အရည်ပျော်ချိန်။

www.burmeseclassic.com

www.burmeseclassic.com



# အင်းဝဘဏ်လီမိတက်

INNWA BANK LIMITED







ရုံးချုပ် - အမှတ် (၉/၃) ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်၊
ဓနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း ၀၆၇-၄၄၄၄၇၅၁ ဖက်စ် ၀၆၇-၄၄၄၄၇၅၂


## သင်ချေးငွေရယူပြီး.....လုပ်ငန်းများလုပ်လိုပါသလား?



- ချေးငွေများအပေါ်တွင် ဘဏ်ဝန်ဆောင်ခ (Service Charge) ကောက်ခံခြင်းမပြုပါ။
- ချေးငွေများအပေါ်တွင် ငွေထိန်းသိမ်းခ (Commitment Fees) ကောက်ခံခြင်းမပြုပါ။



- ချေးငွေများထုတ်ပေးရာတွင်အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးနေပါသည်၊ သင်ခေတ်မီအောင် အင်းဝဘဏ် (ATM)ကတ် သုံးကြည့်ပါလား. . .၊



- သင်ငွေပိုနေပါသလား. . .၊ အင်းဝဘဏ်မှာ ငွေစုခြင်းဖြင့် သင့်ရဲ့ငွေတိုးပွားစေနိုင်ပါသည်။

(၃) လ - (၉.၃)%
(၆) လ - (၉.၅)%
(၉) လ - (၉.၆)%
(၁) နှစ် - (၁၀)%

- ချေးငွေထုတ်ပေးခြင်း (Loans)
- စာရင်းပိုထုတ်ချေးငွေ (Overdrafts)
- လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် (Hire Purchase)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED





Mobile Banking နှင့် Internet Banking ဝန်ဆောင်မှုများ အသုံးပြု၍

- Account Transfer (စာရင်းပြောင်း) ပြုလုပ်နိုင်ခြင်း
- Remittance (ငွေလွှဲ) ပြုလုပ်နိုင်ခြင်း
- Cardless Cash Withdrawl ဆောင်ရွက်နိုင်ခြင်း
- ဖုန်းဘေလ် ဖြည့်သွင်းခြင်း

**Internet Banking Website : https://mwdibanking.com**

## ပြည်တွင်းငွေလွှဲလုပ်ငန်းများ (Domestic Remittance)

- လူကြီးမင်းတို့ထံလွှဲပို့ငွေများကို မြဝတီဘဏ်လီမိတက်၏ဘဏ်ခွဲများတည်ရှိရာမြို့များသို့ မြန်ဆန်တိကျစွာ ငွေလွှဲပို့နိုင်ပါကြောင်း။
- မြဝတီဘဏ်၏ ချိတ်ဆက်ဘဏ်များဖြစ်သည့်
  - ကမ္ဘောဇဘဏ်
  - မြန်မာ့အရှေ့တိုင်းဘဏ်
  - ကမ္ဘာ့ရတနာဘဏ်
  - အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်
  - ဧရာဝတီဘဏ်
  - မြန်မာနိုင်ငံသားများဘဏ်
  - ရန်ကုန်မြို့တော်ဘဏ်
  - ကျေးလက်ဖွံ့ဖြိုးရေးဘဏ်
  - ယူနိုက်တက်အမရာဘဏ်
  - အင်းဝဘဏ်
  - အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်
  - ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်
  - သမဝါယမဘဏ်တို့နှင့်ဆက်သွယ်၍
- ငွေလွှဲလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်အလှန်ငွေလွှဲပို့နိုင်ပါကြောင်း။
- မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့်လည်းကောင်း၊ Fax ဆက်သွယ်နိုင်သောမြို့များသို့ ငွေလွှဲဖြင့်လည်းကောင်း ငွေလွှဲပို့နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**www.mwdbank.com**

## နိုင်ငံခြားငွေလွှဲလုပ်ငန်းများ (International Remittance)

- ပြည်ပဘဏ်များမှ မြန်မာနိုင်ငံ မြဝတီဘဏ်သို့ ငွေလွှဲပေးပို့ခြင်း (Inward Remittance) နှင့် မြန်မာနိုင်ငံ မြဝတီဘဏ်မှ ပြည်ပဘဏ်များမှတစ်ဆင့်ငွေလွှဲပေးပို့ခြင်း (Outward Remittance) လုပ်ငန်းများကို နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနည်းဥပဒေတို့နှင့်အညီ S.W.I.F.T ဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးပါသည်။
- Western Union Co.Ltd (WESTERN UNION) နှင့်ပူးတွဲ၍လည်း ပြည်ပမှ ငွေလွှဲဝင်ရောက်လာခြင်း (Inbound Remittance)၊ ပြည်ပသို့ငွေလွှဲပေးပို့ခြင်း (Outward Remittance) တို့ကို လမ်းမတော်၊ ဘုရင့်နောင်၊ သိမ်ကြီး၊ ဗိုလ်တထောင်၊ ကမာရွတ်၊ ဒဂုံ၊ ရွှေပြည်သာ၊ မန္တလေးဘဏ်ခွဲတို့တွင် ဆောင်ရွက်နိုင်ပါသည်။

မှန်သည်
မြန်သည်
မြဝတီ

Contact Address
No.(151) Corner of Bogyoke Aung San Road and Wardan Street, 8 Ward, Lanmadaw Township, Yangon, Myanmar.
Tel : (95) -01 - 2301418, 2301416, 2301446 Fax : (95) -01 - 2301422, 2301423, 2301424
Email : info@mwdbank.com

MPU UnionPay JCB


www.burmeseclassic.com

www.burmeseclassic.com

# အတုဆိုတာတောင် ယုံရခက်ခက်ဖြစ်သွားစေမည်...

## မျက်နှာအစိတ်အပိုင်းနှင့် မျက်စိအတု တစ်ဦးတည်းပညာရှင်

- မျက်စိအတုရွှေ့လျားကစားမည်။ နာကျင်မှုမရှိပါ။
- ကျန်တစ်ဖက်နှင့် မျက်ကြောမျက်ဆန် လုံးဝတူစေရမည်။
- မျက်ဝတ်လုံးဝမထွက်ပါ။ ခွဲစိတ်မှု လုံးဝမပါပါ။











တခြားဆေးခန်းမှ မျက်စိထည့်ထားပုံ



မျက်ဝတ်မထွက်တဲ့ ကျန်တစ်ဖက်နဲ့ မျက်ကြောမျက်ဆန် တူပြီးပုံ



မျက်စိအတုမတပ်မီပုံ



မခွဲမထုတ်တဲ့ မျက်စိအတုတပ်ပြီးပုံ

Honorary Membership has been granted to this student because of the excellent progress made during, his post graduate course in Maxillo-Facial Technology organised by the institute and the British Council.

အင်္ဂလန်နိုင်ငံမှ ထူးချွန်ကျောင်းသားအဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်း

Brain F. Conroy,
Honorary Education Officer

မနက်(၈း၃၀) နာရီ မှ (၁၁း၃၀) နာရီအထိ

အမှတ် ၄၉(က)၊ မိုးကောင်းလမ်း၊ နွေးထွေးဂေဟာ မဟာဗောဓိအောင်တော်မူဘုရားရှေ့ ရန်ကင်း(ကျောက်ကုန်း)၊ ရန်ကုန်မြို့။
☎ 01-8566626 095171463 0973224931 0973242094

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

# ငွေတာရီမဂ္ဂဇင်း 'အသစ်ငွေတာရီ' ကဏ္ဍအတွက် ဝတ္ထုတိုဖိတ်ခေါ်ခြင်း

စာဆိုရှင်ငွေတာရီကို ဂုဏ်ပြုထုတ်ဝေသော ငွေတာရီမဂ္ဂဇင်းသည် စတင်ထုတ်ဝေသည်မှ ယနေ့အထိ နှစ်ပေါင်းများစွာ စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်းဖြစ်ပါသည်။ ငွေတာရီမဂ္ဂဇင်းမှတစ်ဆင့် ခေတ်အဆက်ဆက် ထူးချွန်ထက်မြက်သောကလောင်ရှင်ပေါင်းများစွာကို စင်တင်မွေးထုတ်ပေးနိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့သည်။ ယခုလည်း ၎င်းအစဉ်အလာကိုထိန်းသိမ်းသောအားဖြင့်လည်းကောင်း၊ ရသစာပေဖွံ့ဖြိုးရေး အခန်းကဏ္ဍအတွက်လည်းကောင်း တစ်တပ်တစ်အားပါဝင်လိုသဖြင့် စာပေဝါသနာရှင်များ၏ ရသပေးစွမ်းနိုင်သော 'ဝတ္ထုတို'များကို ပေးပို့ ကလောင်သွေးနိုင်ကြပါသည်။ စာမူပေးပို့ရာတွင် အောက်ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) ပင်ကိုရေးဖြစ်ရမည်။ သူတစ်ပါး၏စာမူများအား ထပ်တူပြုခြင်း၊ ကူးယူခြင်း၊ ဆင်တူယိုးမှားရေးသားခြင်း လုံးဝမပြုလုပ်ရ။

(ခ) ကွန်ပျူတာစာစီလျှင် (A4) ၄ မျက်နှာ၊ လက်ရေးမူဖြစ်ပါက (A4) ၆ မျက်နှာထက် မပိုစေရ။

(ဂ) 'အသစ်ငွေတာရီကဏ္ဍ'ဟု သိသာထင်ရှားစွာဖော်ပြရမည်။

(ဃ) တိုက်ပြိုင်ပေးပို့ခြင်းမပြုရ။ စာမူပေးပို့ပြီး အနည်းဆုံး ၆ လအတွင်း တခြားတိုက်သို့ ထပ်မံပေးပို့ခြင်းမပြုရ။

(င) အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက် ပြည့်စုံစွာပါရှိရမည်။

စာမူများကို အောက်ပါလိပ်စာ၊ သို့မဟုတ် အီးမေးလ်သို့လည်း ပေးပို့နိုင်ပါသည်။

**တာဝန်ခံစာတည်း**
**ငွေတာရီမဂ္ဂဇင်း**
**မြဝတီစာပေတိုက်**
**အမှတ် (၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊**
**ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ ၄၀၃၂၅၈၄၅၀**
**Email : ngwetaryeemagazine@gmail.com**

www.burmeseclassic.com

www.burmeseclassic.com

# အမှတ်(၁)တပ်မတော်အသံလွှင့်တပ် နေ့အလိုက် ထုတ်လွှင့်မည့်အစီအစဉ်များ

| ထုတ်လွှင့်မည့် နေ့နှင့်အချိန် | အစီအစဉ်အမည် | ထုတ်လွှင့်ချိန် | အစီအစဉ်အမည် |
|---|---|---|---|
| တနင်္လာနေ့ | | | |
| ၀၉း၀၀ | အမှတ်တရနေ့ | ၁၂း၁၅ | Music Time(Special) |
| ၁၃း၀၀ | အချစ်ဆိုတဲ့အရသာ | ၁၅း၃၀ | တော်ဝင်ပန်းလေးသဇင် |
| ၁၆း၅၀ | သူ့ခေတ်ကိုယ့်ခေတ် | ၁၈း၂၀ | ဂုဏ်ယူအလွမ်း |
| ၂၀း၃၀ | မြန်မာသံစဉ်ချစ်သူများ | | |
| အင်္ဂါနေ့ | | | |
| ၀၈း၀၀ | ရင်ခုန်သံထပ်တူ | ၁၁း၃၀ | Album Choice |
| ၁၃း၃၀ | Live For You | ၁၅း၃၀ | Memory Box |
| ၁၆း၃၀ | The Health For Public | ၁၈း၂၀ | Online Request Song |
| ၂၀း၃၀ | ကြွေသောပန်းများလွမ်းစရာ | | |
| ဗုဒ္ဓဟူးနေ့ | | | |
| ၁၀း၄၅ | Star Chat Time | ၁၁း၃၀ | အနာဂတ်ရဲ့ကြယ်ပွင့်လေးများ |
| ၁၃း၀၀ | ဆန္ဒတစ်စုံ | ၁၅း၀၀ | Doctor Heart |
| ၁၅း၃၀ | Lasted Song | ၁၉း၀၀ | စစ်သည့်ကဏ္ဍ |
| ၂၀း၃၀ | ဇာတ်လမ်းအသွင်တေးသံစဉ် | | |
| ကြာသပတေးနေ့ | | | |
| ၀၈း၀၀ | Cute Babies World | ၁၀း၀၀ | Music Time(Live) |
| ၁၃း၀၀ | ရသစုံလင်အနုပညာလွှင်ပြင်(Live) | ၁၅း၃၀ | Gentlemen Life |
| ၁၆း၀၀ | Celebrity Life | ၁၆း၅၀ | Let's Play |
| ၂၀း၃၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ | | |
| သောကြာနေ့ | | | |
| ၀၉း၀၀ | Sport News & Market News | ၁၀း၄၅ | For Lady |
| ၁၅း၃၀ | ဖျော်ရွှင်တင်ဆက်လေလှိုင်းထက် | ၂၀း၃၀ | လွမ်းရယ်မပြေ |
| ၂၀း၃၀ | Love Dictionary | ၂၂း၀၀ | Good Night Listeners |
| စနေနေ့ | | | |
| ၁၀း၄၅ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၁၃း၀၀ | နှလုံးသားထက်က စာမျက်နှာများ |
| ၁၃း၃၀ | သဇင် FM ချစ်သူများဆုံစည်းရာ | ၁၅း၃၀ | Lady Talk |
| ၁၈း၂၀ | Thazin Request Song | ၂၀း၃၀ | ရင်မှဖြစ်သော |
| ၂၀း၃၀ | Cupid Arrow | | |
| တနင်္ဂနွေနေ့ | | | |
| ၀၈း၀၀ | နှလုံးသားဝယ်ဘုရားတည် | ၁၀း၄၀ | Star Chat Time |
| ၁၃း၀၀ | စိတ်ဝင်စားစရာ ပုံပြင်တမ္ဘာ | ၁၅း၀၀ | သဇင် FM မင်္ဂလာပါ |
| ၁၆း၀၀ | အမြဲညီစရာ ပဟေဠိတမ္ဘာ | ၁၇း၀၀ | Hello |
| ၂၀း၀၀ | I Music For To Night | | |

www.burmeseclassic.com

www.burmeseclassic.com

ဝန်ဇင်း
Read on the move

စတင်ထုတ်ဝေစဉ်ကတည်းက ယနေ့အထိ ထုတ်ဝေနေဆဲဖြစ်သည့်

မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ သုတအလင်းမဂ္ဂဇင်းများနှင့် တေဇရုပ်စုံစာစောင်၊
မိုးသောက်ပန်းဂျာနယ်၊ အားကစားမြင်ကွင်းဂျာနယ်၊ သုတကမ္ဘာဂျာနယ်၊
မြဝတီနေ့စဉ်သတင်းစာ၊ ရတနာပုံနေ့စဉ်သတင်းစာ အပါအဝင်

အမျိုးအစားစုံ စာအုပ်ပေါင်း (၆၀၀၀) ကျော်
တို့ကို




ဝန်ဇင်းအက်ပလီကေးရှင်းတွင် အလွယ်တကူ
ရှာဖွေဖတ်ရှုနိုင်ပါပြီ...

www.burmeseclassic.com

www.burmeseclassic.com



# လမ်းပျောက်တဲ့ငှက်ကလေး

စလင်းဘုန်းကျော်

နွေရုံပီပီ ပန်းညှာမွှေးသလိုပဲ
ရွှေတိဂုံဆီ လှမ်းကွာမဝေးပါဘု
မြေဝသုန်မဟီ ဆန်းကဗျာရေးသည်သို့
လွမ်းစရာတေး သံစဉ်ချို။

နွမ်းပူဟန် ခွန်းခြွေစကားကိုဖြင့်
ကျွမ်းသူထံ ညွှန်းစေပါးချင်သလော့
ကျွန်းမြေတစ်လျှား သုတ်လေနှောစဉ်မို့
နှုတ်ကဝေ ထုတ်ဖွေအပြောကလည်းချိုပါဘိ
အိုကွယ်. . . ဥဩပျို။



မောမဆုံးအခြေ မြောင်ဓွေတစ်လျှောက်မှာဖြင့်
တောပြုန်းကြေ တောင်တွေပျောက်ပြီမို့
မြို့ရောက်လာ ဇောရတက်မအေးနိုင်တဲ့
တောငှက်ကလေး စိတ်ညစ်သကို
အရိပ်စစ်ခိုချင်ပါလျက် သူ့ခမျာပန်း။
ကြော်. . .
အတိတ်ခေတ်လို စိုလွင်မဖြာတဲ့ လူ့ရွာစခန်း။

မြို့ပေါ်တွင် တို့ပျော်ရွှင် အထင်ကြီးခဲ့သော်လည်း
လေ့အသွင် နေ့စဉ် အဆင်မပြေခရိုတွေနဲ့
ကြော်. . .
မတွေ့ချင် မြင်နေပြီးသကာလ
ရင်တွေမှာ မီးလိုပူလောင်ပန်းပါဘိ
နွမ်းရော်စရာ အစားအနေမနိုပ်တဲ့မြင်
လမ်းပေါ်မှာ ကားတွေပိတ်ပါလို့
စိတ်ပျက်ကာ နယ်ဟိုအဆုံးဆီသို့
သိပ်ခက်ဗျာ ဘယ်လိုပုန်းရပဲ
ဟိုတုန်းလို ရွှင်ကဗျာနွဲ့မစွမ်းနိုင်ဘု
ချိုမြိုးကပိုကရို အလက်ာဖွဲ့မလွမ်းသာမို့
(ကိုဘုန်းဆိုသူရေ. . .)
ကျုပ်အဖြစ်ကို မြင်ပါလှည့်စမ်း။ ။

www.burmeseclassic.com

www.burmeseclassic.com



## ရွှေဘုံသာစေတီဦး

မောင်ဟေမာ

သထုံအကျော်၊ ရှေ့တစ်ခေါ်တည့်
မျှော်ကြည့်လေရာ၊ မဆုံးပါသော
လယ်ယာရှုခင်း၊ ကြာနှံ့သင်းသည့်
လေညင်းတဝ၊ ရှုလိုက်ရ၍
တက်ကြွလန်းဆန်း၊ မပင်ပန်းဘဲ
ကားလမ်းညီညီ၊ စိတ်ရွှင်ကြည်စွာ
ရွာဆီရောက်ခဲ့ ပြီတကား. . . ။

ရင်းငြိမ်ဟူ၍၊ ဆိုင်းဘုတ်တွေ့ပြီ
အဖေမွေးရာ၊ ဇာတိရွာတည့်
အမေမွေးရာ၊ ကိုယ့်မွေးရာတည့်
တစ်ခါတစ်ခေါက်၊ ပြန်ပြန်ရောက်၏
ရောက်တိုင်းမှာပင်၊ ရွာအသွင်သည်
အမြင်တိုးတက်၊ စည်ကားလျက်တည့်
ကျေးလက်ဓလေ့၊ မပယ်မွေ့ဆဲ
မြို့ငွေ့ပုံဆန်း၊ တိုက်အိမ်လွှမ်းလည်း
ငြိမ်းချမ်းပုံသွင်၊ ဟိုး. . . ငယ်စဉ်လို
နေဝင်ပုန်းအိပ်၊ စိုးထိတ်ထိတ်လည်း
အတိတ်ဖြစ်သွား ပြီတကား။



စစ်တောင်းတံတား၊ ဖြတ်သည်များ၌
ဤကားစသည်၊ မွန်ဌာနီဟု
စေတီစုံစုံ၊ ဖူးမကုန်တည့်
အာရုံညွှတ်တွား၊ ကုသိုလ်ပွား၏
တရားသံဝေ၊ ကျောင်းကြီးတွေနှင့်
မြို့မြေစိုစိမ်း၊ မြင်ရငြိမ်း၏
ယိမ်းနွဲ့ကောက်ပင်၊ မြရောင်ဆင်၍
ကန်တွင်ကြာပွင့်၊ ပန်းသင့်သည့်
ရှုချင့်ချစ်ဖွယ်၊ ရင်ငြိတွယ်သည်
မပြယ်ပန်းချီကား ပါတကား. . . ။

ဩော်. . . စီးပွားဖြောင့်တန်း၊ ဖြောသံလွှမ်း၍
လှူဒါန်းမပြတ်၊ ကိုယ့်ရွာရပ်တည့်
ထွတ်မြတ်ကြည်ယုံ၊ အေးရိပ်လှုံသည့်
ရွှေဘုံသာမှူး၊ စေတီဦးလည်း
ကွန့်မြူးရွှေတောင်၊ ဘုန်းတော်ရောင်ကြောင့်
ပြောင်ပြောင်ရွှန်းရွှန်း၊ နေ့မှာထွန်းသို့
ညစွန်းအချိန်၊ လျှပ်ရောင်ထိန်၏
ဦးနှိမ်ဆုတောင်း၊ ရွာသာကြောင်းဟု
ကောင်းမြတ်စိတ်ရည်၊ မနသိနှင့်
ရွာဆီမှပြန်၊ ချီးကူသံလေး
တောင်ယံမှကျူး၊ တကူးကူးတဲ့
ကြည်နူးမဆုံး တော့တကား. . . ။ ။

www.burmeseclassic.com

www.burmeseclassic.com



# ခြောက်ဆယ်ကျော် အလွမ်းသီချင်း

ခက်လှိုင်းကျော်




မီးစာလည်းကျွမ်း၊ ဆီလည်းခန်းပျက်
ရော်နွမ်းညှိုးမှိန်၊ ဖန်မီးအိမ်လေး
ငါ့အိမ်ဘေး။

အိမ်ရှေ့ပန်းရုံ၊ အပွင့်ကုန်ပေါ့
ခြံအုံဖွဲ့ဆောက်၊ အမြစ်ခြောက်သွေ့
ငုတ်တုတ်မေ့။

ငါ့အိမ်နောက်ဆောင်၊ မီးဖိုချောင်လည်း
ယခေါင်ရှေးလို၊ တေးမဆိုတတ်
ခြောက်ကပ်ကပ်။

အိမ်ပေါ်ထပ်က၊ တံခါးမကြီး
ဖွင့်ရပိတ်ရ၊ ဟန်မကျပြီ
သံစုံမြည်။

အောက်ထပ်ပြတင်း၊ မှန်အလင်းတို့
အဆင်းမှုန်မွဲ၊ ကျပ်ခိုးစွဲကပ်
ကြေးထပ်ထပ်။

ခြံကြီးဝင်းကြီး၊ သီးပင်စားပင်
ရာသီပင်များ၊ ကိုင်းဖျားဆတ်ဆတ်
သောက်ရေငတ်။

သြော်. . .
သည်အိမ်ကြီးမှာ၊ ငါနဲ့ငါလေ
သည်အိမ်ကြီးမှာ၊ ငါနဲ့ဇရာပေါ့
မာယာပြိုင်နွှဲ၊ ကြိုးလွန်ဆွဲကြ
ဒိုင်ပွဲဘယ်ခါ ရပ်ပါလိမ့်။ ။

(ပင်စင်စားများအားလုံးသို့)

www.burmeseclassic.com

www.burmeseclassic.com



# ဆည်းဆာထဲက စာဆိုရှင်

မောင်ကာဠု(ပုသိမ်ကြီး)



ဖျိုင်းတစ်အုပ်လည်း
ကသုတ်ကရက်၊ အိပ်တန်းတက်ဖို့
ရွာထက်ဆီက ပျံသန်းကြ။

နွားကျောင်းသားလည်း
စားကျက်မှဖြုတ်၊ နွားတစ်အုပ်နဲ့
တက်သုတ်မောင်းနှင် ရွာထဲဝင်။

ကန်ပေါင်လမ်းမှာ
တောပန်းမေပျို၊ လှလွန်းပိုတို့
ရေကိုခပ်ကြ ရွှင်ရွှင်ပျ။

လှည်းသမားတို့
မြောက်ထားနှင်တံ၊ နွားငေါက်သံနဲ့
ရွာပြန်လာကြ လှုပ်လှုပ်ရွ။

လူပျိုသင်းလည်း
သီချင်းသီဆို၊ ပလွေတိုနဲ့
မြူးရှိုးသံပေး ရွှေရင်အေး။

မင်းဝံပုံး
နေလုံးမေးတင်၊ တစ်နေ့ဝင်ဖို့
ရွှေမှုင်ရွှေစ ရုပ်သိမ်းကြ။

လေတစ်ကျော့လျှင်
နော့ကာနော့ကာ၊ ဖော့ဖော့လာ၍
ဖြန့်ကာကွန့်မြူး သုန်သုန်ဖြူး။

ဆည်းဆာကြောလျှင်
သာမောအလှ၊ ညွှန်၍ပြဖို့
ရင်တစ်ခုန်လျှင်၊ အတွေးဝင်၍
ငါလျှင်သည်ခါ၊ ဝါသနာရ
ကဗျာကုန်ကြမ်း၊ တစ်ပွေ့ထမ်းလို့
လှည်းလမ်းထက်တွင်၊ တစ်ပြုံးရွှင်နဲ့
နေဝင်ဖိုးရီ တိမ်နီနီတွင်
ရွာဆီပြန်တော့ ခပ်ကြော့ကြော့။ ။

www.burmeseclassic.com

www.burmeseclassic.com



## သီတင်းကျွတ်လ ပုံရိပ်များ

ညောင်ရွှေ-ခင်မောင်မြ

တူရာသီ ကျွတ်သီတင်း
လွတ်ကင်းတဲ့ လမြတ်ဝါ။
ကျိုးတာရာ ယှက်ဖြာလင်းလို့
အသဝနီ ငွေကြယ်မင်း
ဝင်းလက်လက်ဖြာ။
နတ်ပြည်မှ ကြွဆင်းလာ
ရှင်ဗုဒ္ဓါ မြတ်ဘုရား။
ဖြူနီဝါ ရောင်စုံမွန်းတဲ့
မီးပုံးတွေ စီရီထွန်းကာပ
ရွှန်းပ ရောင်ဝါနဲ့
ပူဇော်ကာ ဂါရဝ
ပြုကြတကား။

မိုးနှောင်းချိန် ဆောင်းရိပ်ပြ
သာပေစွ လမြတ်ခါ။
ရှင်ဗုဒ္ဓါ မြတ်စွာက
အဘိဓမ္မာ ခုနစ်ကျမ်းကိုဖြင့်
ဝတီသာ နတ်ပြည်နန်းမှာလ
စီးဖြန်းကာ ဟောမြွက်ကြား
တရားဒေသနာ။
မြန်မာ့ဓလေ့ရိုးရာ
ဖော်ဆောင်ကာ စဉ်အမြဲ။
'ပဝါရဏာ' မြတ်သံဃာပွဲရယ်နဲ့
မြိုင်သဲ ညီညာဖြပါလို့
မိဘဆရာ ပုဂ္ဂိုလ်များကိုလ
လေးစား လက်အုပ်မိုးကာပ
ရှိခိုး ဝန္ဒနာပေါ့
ပူဇော်ကာ ရင်မှာတိန်း
ထိန်းသိမ်းလျက်ပဲ။ ။




www.burmeseclassic.com

www.burmeseclassic.com



# မြန်းလှည့်ပါ့ရှင်

မောင်ရွှေနှယ်(အင်းလေး)



ချစ်တဲ့သူငယ်လေ. . .။
သူငယ်ချင်းကောင်း ယောက်မတို့လေ. . .။
ကြေးမုံမှန်သား၊ အလားပမာ၊ ရေသီတာနှင့်၊ ဘယ်ညာယှဉ်ပြေး၊
တောင်ညိုမှိုင်းနှင့်၊ ရစ်ဝိုင်းညို့ညို့၊ ပိတ်ဆို့ထွေး
အင်းလေးကို ရောက်ဖူးပါစရှင်။

အင်းလေးငယ်ဒေသ၊ ရောက်လိုလှမူ၊ အင်းဝထိပ်စွန်၊
ညောင်ရွှေမည်ထ၊ တွင်နာမနှင့် မြို့လှမွန်မှ
တစ်ဖန်စက်လှေ၊ စီးလာချေမူ၊ မသွေအင်းသို့ ရောက်တော့တယ်. . .။

အင်းသို့ရောက်၍၊ တစ်ခေါက်တစ်ခါ၊ မယ်တို့ရွာကို
လာလိုချင်မူ၊ ဖေဒါပန်းနှင့်၊ ဆိပ်ကမ်းနှင့်။
ရွာတောင်ကမူ၊ ကျူပင်တောနှင့်၊ ကျွန်းမျောနှင့်။
ရွာမြောက်ကမူ၊ လူဆူသံနှင့်၊ ရေခြံနှင့်။
ရွာနောက်ကမူ၊ ဝန္နမာပန်းနှင့်၊ ကျွန်းတန်းနှင့်။

သီတင်းငယ်မှ ဝါကျွတ်၊ လခေါင်ထွတ်မှာ၊ မပြတ်ကျင်းမြဲ
နိုင်ငံ့တစ်ခွင်၊ ကျော်ကြားထင်သည့်၊ မြတ်ရှင်ဘုရားပွဲကို မျော်ခွဲလိုမူ၊
ဝါဆိုငယ်မှ ဝါကျွတ် လက်မလွတ်တမ်း၊
မြန်းလှည့်ပါ့ရှင်။
အလို. . .
အပျိုမြို့ ကြိုကာလှမ်း၊ တမ်းဆင့်လွှာလေး။ ။

www.burmeseclassic.com

www.burmeseclassic.com



# အရှုံးကင်းဖို့ ကြိုးစားစို့

မောင်နီမှိုင်း(ကျောက်တန်း)



မတည်မြဲခြင်း၊ တည်မြဲရင်းနဲ့
ရိုးရှင်းလောက၊ ဒီဘဝမှာ
ဒါကငါ့ဟာ၊ ငါ့ဥစ္စာဟု
ပိုင်စွာမှတ်ထင်၊ ငါစွဲဝင်လျက်
ရင်မှာမြတ်နိုး၊ ငါ့တန်ဖိုးဟု
ငါကျိုးထင်နေ၊ ရက်လတွေထဲ
သွေလွဲခဲ့ရ၊ နေ့နဲ့ညတွေ. . .။

ငါ့အိုးငါ့အိမ်၊ ငါ့စည်းစိမ်တို့
အချိန်တိုင်းမှာ၊ ငါထင်ပါရင်း
ဇရာတံခါး၊ ခေါက်သံကြားမှ
ရှိထားဥစ္စာ၊ ငါလိုရာသို့
သယ်ပါယူပါ၊ မစွမ်းသာပြီ
ဘယ်မှာ ငါပိုင်ခဲ့ပါလိမ့်. . .။

ငါပိုင်ခဲ့ရာ၊ ငါ့နောက်ပါမည့်
ဥစ္စာမှန်ကား၊ ငါပြုထားသည့်
တရားနှင့်ယှဉ်၊ အသိဝင်သော
ရင်မှကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုကျင့်ရာ၊ ဘာဝနာနှင့်
ဒါနသီလ၊ ထိုနှစ်ဝနှင့်
လက်ပြုနှုတ်ဆက်၊ ခွဲခွာထွက်ဖို့
မင်္ဂလမ်းကိုရှုယ်၊ သတိဆွယ်လျက်
လက်ဝယ်ပိုင်သ၊ ရှိနေကြသည့်
မနေစည်းစိမ်၊ ငါ့စိတ်အိမ်ကို
အချိန်မနှောင်း၊ အခါကောင်းစဉ်
အကြောင်းအကျိုး၊ ဆက်စပ်နှိုး၍
တန်ဖိုးထုဆစ်၊ မြတ်နိုးချစ်မည်
အသစ်သံသရာ၊ မရှည်ကြာဖို့
ခုခါဘဝ အကောင်းဆုံး. . .။
တရားအမြိုက် သောက်လို့သုံး. . .။
ဘယ်တော့မှ မရှုံး. . .။ ။

www.burmeseclassic.com

www.burmeseclassic.com



# ခဏ . . . ရွာ

မိုးနေ



ရွာထိပ်က ပင်ကုက္ကို
စိမ်းညို့ညို့ ကြိုလင့်၊
ရွာအဝင် မြေနီလမ်း
ဖုန်ပန်းတွေ ပွင့်။

အိမ်တိုင်းစေ့ အလင်းပြော
ဆိုလာနဲ့ အရောင်ထွက်၊
ဟယ်လို ဟယ်လို လှိုင်လှိုင်ပြော
ဆိုင်ကယ် ပေါချက်။

ခေတ်ဆက်ဆက် ဘိုးဘွားအမွေ
နွားတွေ မရှိတော့ဘူး၊
စက်မျိုးစုံ ယာတစ်ရိုး
မီးခိုးလွှန့်လူး။

စပါးတစ်ခါ ပဲတစ်လှည့်
ဖရဲကိုဖဲ့ စိုက်ကြတစ်လီ၊
မြတ်တစ်ကြိမ် ရှူးတစ်ရစ်
သုံးနှစ်ရှိပြီ၊
လယ်သမား ဘဝဟူသည်
လည်ပြီးလည် သံသရာဝဲ။
ကြွေးကျေကာ
ချေးငွေကျရင်တော့
မြေးအလှ ရှင်ပြုပွဲပေမို့
အားခဲကာ ဆည်ရေထည့်စဉ်
တိမ်စွယ်တောင် နေရောင်နဲ့ရယ်က
ကွယ်ခဲ့ပြီပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com



## မိုးထွန်းချိန်

မဟူရာစောလွင်(ပခုက္ကူ)

မောင်လာချင်သည်
အိမ်အဝင်ဝ၊ တိမ်စင်လနှင့်
နှမပြုံးချို ကြိုမည်လား။

မောင်လာမည်ဆို
စကားပိုလှ၊ ပျားချိုမြနှင့်
နှုတ်စထိုထို ဆိုမည်လား။



မောင်လာပါလျှင်
ရေစင်တစ်ခွက်၊ မေခဝ်လက်ဖြင့်
ခွန်းဆက်ပျူငှာ သာမည်လား။

ကြော်. . .
ဆည်းဆာမှိန်မှိန်၊ သည်အချိန်ဆို
မေ့အိမ်မှန်းဆ၊ တွေ့ချင်လှလည်း
နှမသက်ဝေ၊ ရှက်ပါလေ၍
အနေခက်နိုး၊ မြေခက်နိုးနှင့်
အမေပူနိုး၊ ဖေဆူနိုးနှင့်
တိတ်မိုးလှည့်ကာ၊ ပြန်ခဲ့ပါပြီ
သည်းလွှာမငြိမ် သည်အချိန်၊
ဆည်းဆာမှိန်မှိန် မိုးထွန်းချိန်။ ။

www.burmeseclassic.com

www.burmeseclassic.com



# လမ်းပေါ်ကအသံ

ရှုပါ(ဘိုကလေး)

ကြားလော့. . . အဆွေ
ရှိုက်သံတွေ တိုးသဲ့သဲ့၊
သတင်းစာ မွေ့ရာပါးတွေ
ညည်းတွားနေရဲ့၊

ကြားလော့. . . အဆွေ
အမှိုက်ပုံတွေ တွက်ခြေမကိုက်၊
မြင့်တက်လာ တံဆိပ်သစ်တွေကြား
အော်ဟစ်ငိုရှိုက်၊

ကြားလော့. . . အဆွေ
အောက်ခေါ်နေ လမ်းဘေးနား၊
ရမ္မက်တွေ အဆိပ်သင့်တဲ့
ပန်းပွင့်ငယ်များ၊

ချော့လော့. . . အဆွေ
တို့အိမ်နေ တို့မွေးချင်း၊
တို့မေတ္တာ တို့ကမ်းလက်နဲ့
ပွေ့ဖက်ပါ မင်း။ ။




www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



CARTOON




OCTOBER

www.burmeseclassic.com

www.burmeseclassic.com

# CARTOON






OCTOBER

www.burmeseclassic.com

www.burmeseclassic.com



CARTOON




OCTOBER

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com







# မောင်သန်းဆွေ (ထားဝယ်)

## ကင်းဝန်မင်းကြီး၏ သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့ ဘိလပ်သို့ သွားတော်မူရန် အစီအစဉ်

မင်းတုန်းမင်းတရားကြီး
နာမကျန်းဖြစ်တော်မူ၍
ရောဂါသည်းနေချိန်တွင်
ဓားထက်လာသူမှာ ဆင်ဖြူမရှင်
မိဖုရားကြီးဖြစ်သည်။ ဆင်ဖြူမရှင်သည်
မိဖုရားခေါင်ကြီး စကြာဒေဝီမရှိသောအခါ
သူပင် မိဖုရားခေါင်ကြီးဖြစ်လာမည်ဟု
တထစ်ချတွက်ခဲ့သည်။ သို့သော်
မင်းတုန်းမင်းသည်
အကြောင်းကြောင်းကြောင့် သူ့အား
မိဖုရားခေါင်ကြီးမမြှောက်ဘဲ
ဆင်ဖြူမတစ်ကောင်ကိုသာပေး၍
ဆင်ဖြူမရှင်ဘွဲ့ခံစေခြင်းဖြင့်
နှစ်သိမ့်ခဲ့သည်။
သို့ကြောင့် ဆင်ဖြူမရှင်သည်
"ငါ မိဖုရားခေါင်ကြီးမဖြစ်လျှင်
ငါ့သမီးတွေဖြစ်ရမည်"ဟု
စိတ်ပိုင်းဖြတ်ကာ
သမီးလတ်(စုဖုရားလတ်)နှင့်
ရည်ငံနေသော သီပေါမင်းသားကို
နန်းတင်ရန်ကြံပမ်းခဲ့သည်။
ဝန်ကြီးများကိုလည်း
သူ့ဘက်ပါအောင်သိမ်းသွင်းခဲ့သည်။
ထို့ကြောင့် ခရစ်နှစ် ၁၈၇၈ ခုနှစ်၊
စက်တင်ဘာလ ၁၉ ရက်တွင်
သီပေါမင်းသားကို အိမ်ရှေ့အရာ
အပ်နှင်းကြောင်း၊ အမိန့်ထုတ်ပြန်ခဲ့သည့်
အခြေသို့ ရောက်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူမရှင်၏ ဘုရင့်ယောက္ခမတော်အနေနှင့် ဘုရင့်အပေါ် အာဏာချုပ်ကိုင်လိုစိတ်ကို ကင်းဝန်မင်းကြီးက ဘက်လိုက်၍ ထောက်ခံခဲ့ခြင်းမှာ အနောက်တိုင်းပုံစံဘုရင်စနစ်ကျင့်သုံးကာ အုပ်ချုပ်ရေးအာဏာ အရပ်ရပ်ကို ချုပ်ကိုင်လိုသောကြောင့်ဖြစ်သည်။ ကင်းဝန်မင်းကြီးသည် သီပေါမင်းနန်းတင်ရေးကို မဲမပေးလိုသော ယောအတွင်းဝန်ကိုပါ ဖျောင်းဖျနားချခဲ့ရသည်။ ထိုသို့ သီပေါမင်းသားကို ရာဇပလ္လင်ပေါ်သို့ သူတို့၏ တွက်ကိန်းနှင့်သူတို့ ဆွဲတင်ခဲ့ကြသည်။ ၁၈၇၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် သီပေါမင်းသားသည် ကုန်းဘောင် ၁၁ ဆက်မင်းအဖြစ် ထီးနန်းအရိုက်အရာကို ရရှိခဲ့လေသည်။ သို့သော် သီပေါမင်းနန်းရပြီးနောက် ကင်းဝန်မင်းကြီးနှင့် ဆင်ဖြူမရှင်တို့၏ မျှော်လင့်ချက်များသည် မျှော်လင့်သကဲ့သို့ မဖြစ်ခဲ့ချေ။ သီပေါမင်းအပေါ် သြဇာညောင်းလွန်းသော မိဖုရားခေါင်ကြီး စုဖုရားလတ်ကြောင့်ဖြစ်သည်။

ပင်ကိုအရည်အချင်းနှင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းမရှိသော သီပေါမင်းသားသည် ကင်းဝန်မင်းကြီးနှင့် ဆင်ဖြူမရှင်တို့ကြောင့် ဘုရင်ဖြစ်လာခဲ့သော်လည်း မိဖုရား၏ကြိုးဆွဲရာကခဲ့ရသော မင်းညံ့တစ်ပါးသာဖြစ်သည်။ သီပေါမင်း မင်းဖြစ်ပြီးနောက် ကင်းဝန်မင်းကြီး ဦးကောင်းနှင့် တိုင်တားမြို့စားမင်းကြီးဦးဖိုးတို့သည် အတွင်းကျိတ် စိတ်ဝမ်းကွဲလျက်ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ ကင်းဝန်မင်းကြီးသည် ပြည်ပတော်တော်များများသို့ သွားရောက်ခဲ့ဖူးပြီး တိုင်တားမင်းကြီးသည် ပြည်ပသို့မထွက်ဖူးချေ။ ထို့ကြောင့် ကိုယ်တွေ့ အမြင်၊ အကြားချင်း မတူညီကြပေ။ အင်္ဂလိပ်တို့၏ တိုးတက်ခေတ်မီပုံနှင့် စစ်လက်နက်အင်အားများကို သူတွေ့မြင်ခဲ့သလို ပြောပြသည်ကို တိုင်တားမင်းကြီးက လက်ခံယုံကြည်ခြင်းမရှိပေ။ ထို့ပြင် ကွယ်ရာ၌ ကင်းဝန်မင်းကြီးကို အင်္ဂလိပ်လူဟူ၍ တံဆိပ်ကပ်လိုက်သေးသည်။ ဤသို့ဖြင့် အနောက်နိုင်ငံများသို့လှည့်လည်ခဲ့သူ ကင်းဝန်မင်းကြီးအမှူးပြုသော ပေါက်မြိုင်အတွင်းဝန်၊ ဖန်ချက်အတွင်းဝန်တို့အုပ်စုနှင့် အင်္ဂလိပ်မုန်းတီးနေသော တိုင်တားမင်းကြီးတို့အုပ်စုသည် အလိုလိုဂိုဏ်းကွဲလာလေသည်။ လွှတ်တော်၌ ဣန္ဒြေမပျက် အလုပ်အတူတူလုပ်နေသေးသော်လည်း အတွင်းသဘောမှာ တစ်နေ့ထက်တစ်နေ့ဆန့်ကျင်လာကြသည်။

တိုင်တားမင်းကြီးသည် မူလက သီပေါမင်းနှင့် ရင်းနှီးသူဖြစ်သော်လည်း နန်းတက်ပြီးမကြာမီမှာပင် နိုင်ငံတော်နံပါတ်(၁)အာဏာရှင်သည် မိဖုရားခေါင်ကြီးဖြစ်ကြောင်း ကောင်းကောင်းသဘောပေါက်၍ မိဖုရားခေါင်ကြီးအလိုဆန္ဒကို သင့်မသင့် ဘယ်သောအခါမှ စောဒကမတက်ဘဲ ဘွင်းဘွင်းကြီး 'ဗောင်းတော်ညိတ် စိတ်တော်သိ'အကျိုးဆောင်ခဲ့လေသည်။

ထိုသို့ မာန်ကြီးသူမိဖုရားခေါင်ကြီးနှင့် ပြားပြားဝပ်အကျိုးတော်ဆောင် တိုင်တားမင်းကြီးတို့အားကြည့်ကာ ကင်းဝန်မင်းကြီးသည် စိုးရိမ်ထိတ်လန့်လာခဲ့သည်။ နိုင်ငံ၏ရန်သူမျိုးခြား ပြင်သစ်နှင့် အင်္ဂလိပ်တို့ နှစ်ဦးရှိသည့်အနက် ကင်းဝန်မင်းကြီးသည် အင်္ဂလိပ်တို့အား ပထမဆင့်ရန်သူအဖြစ် သတ်မှတ်ထားသည်။ အကြောင်းမှာ အင်္ဂလိပ်ပိုင်နက် အိန္ဒိယသည် မြန်မာနိုင်ငံနှင့် အလွန်နီးကပ်နေသောကြောင့်ဖြစ်သည်။ တစ်ဖန် မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့လက်အောက်သို့ သုံးပုံနှစ်ပုံရောက်ရှိနေပြီး ကျန်သုံးပုံတစ်ပုံကို မည်သည့်နည်းနှင့်မျှ ပြင်သစ်တို့ကို အဝင်ခံလိမ့်မည်မဟုတ်မှန်း ကောင်းကောင်းကြီးသိရှိပြီးဖြစ်သည်။ ပြင်သစ်နိုင်ငံကိုမူ မြန်မာနိုင်ငံနှင့်ဝေးလွန်းသောကြောင့် ဒုတိယရန်သူဟုသာ သတ်မှတ်ထားသည်။

ကင်းဝန်မင်းကြီးသည် မင်းတုန်းမင်းကြီးလက်ထက်တော်ကအတိုင်း အနီးကပ်ဆုံးရန်သူ အင်္ဂလိပ်ကို ရင်းနှီးစွာ မဟာမိတ်အဖြစ်ဆက်ဆံသွားရသော် အသင့်တော်ဆုံးအဖြစ်ခံယူထားသည်။ ထို့နောက်တွင်မှ နိုင်ငံတော်၏အင်အားကိုတိုးချဲ့ရန် ဆုံးဖြတ်ထားသည်ဆိုသည်။

ထို့ကြောင့် ပထမဆုံးခြေလှမ်းအဖြစ် သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့ အရှင်နှစ်ပါးကို အင်္ဂလန်ပြည်သို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်ဖို့ လျှောက်ထားရန် ပြင်ဆင်ထားပြီးဖြစ်သည်။ ဤသို့ခရီးထွက်လျှင် အင်္ဂလိပ်တို့၏စစ်အင်အားနှင့်တကွ ခေတ်မီကြီးကျယ်ခမ်းနားသော အခြေအနေအရပ်ရပ်ကို မျက်မြင်ကိုယ်တွေ့သိရှိလာသောအခါ မိဖုရား

www.burmeseclassic.com

www.burmeseclassic.com





ခေါင်ကြီးသည် မာန်မာနကျသွားမည်၊ ရန်သူ့အင်အားနှင့် မိမိအင်အားကို နှိုင်းယှဉ်ကြည့်တတ်သောအမြင်ရှိလာလိမ့်မည်ဟု တွက်ဆထားသည်။

ထို့နောက် ကင်းဝန်မင်းကြီးသည် သူ့အစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် မိမိ၏အုပ်စုကို သိမ်းသွင်း၍ မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီးကိုလည်း ဖျောင်းဖျနားသွင်းလျှောက်ထားသည်။ ဤအဆင့်အထိ အားလုံးအဆင်ချောမောခဲ့သည်။ အင်္ဂလိပ်သံရုံးကိုလည်း အမြွက်မျှ တီးခေါက်ထားရာ ယင်းတို့ကလိုလားပါကြောင်း ပြသသည်။ စင်စစ် အင်္ဂလိပ်ဘက်က မြန်မာနိုင်ငံကိုသိမ်းယူရန် အစီအစဉ်မရှိသေးသောကြောင့် ပြင်သစ်ကို အခွင့်အရေးမပေးဘဲ မိမိတို့လူဖြစ်နေလျှင်ပြီးသည်သာဟုသာ သဘောထားခဲ့သည်။ ကင်းဝန်မင်းကြီးသည် မကြာမီပင် သူ့စီမံကိန်းကို စတင်တော့သည်။ သူနှင့် သူ့အပေါင်းအပါများက ပြည်ပမှ ကြည့်လောက်ရှုလောက်သော ဒေသန္တရဗဟုသုတများကို အရှင်နှစ်ပါး စိတ်ပါလာအောင် တက်ညီလက်ညီဆွဲဆောင်လျှောက်တင်ကြသည်။ အရှင်နှစ်ပါးတို့ကလည်း အားကျ စိတ်ပါတော်မူလာကြပြီး ခရီးလှည့်လည်ရန် သဘောတူတော်မူလေပြီ။ "ကင်းဝန်ဘိုးဘိုးပင် အရာရာစီစဉ်ပါတော့"ဟု အမိန့်တော်ချမှတ်တော်မူလေသည်။

တိုင်တားမင်းကြီးအလိုကား မူလကပင် အင်္ဂလိပ်ကို မုန်းတီးပြီးသားအပေါ်တွင် ဤအစီအစဉ်သည် ကင်းဝန်မင်းကြီး၏အစီအစဉ်ဖြစ်ခြင်းတည်းဟူသောအကြောင်းတစ်ခုတည်းနှင့်ပင် ဆန့်ကျင်ပြီးဖြစ်သည်။ သို့သော် အရှင်နှစ်ပါးကိုယ်တိုင် ကင်းဝန်မင်းကြီး၏စကားနားဝင်ပြီးဖြစ်နေခြင်းကြောင့် ရုတ်တရက် မိမိကြားဝင်ရန် လမ်းစရှာမရသေးဘဲ ဖြစ်နေလေသည်။

အရှင်နှစ်ပါး အင်္ဂလန်သို့ ခရီးစဉ်လှည့်လည်စဉ်အတွင်း မယ်တော်ဆင်ဖြူမရှင်မိဖုရားကြီးအား ယာယီဘုရင်မကြီးအဖြစ် နန်းစောင့်ထားခဲ့ရန် အစိုးရအဖွဲ့နှင့်တကွ စီမံထားပြီးဖြစ်သည်။

ဗြိတိသျှဝိတိုရိယဘုရင်မကြီးထံ ချစ်ကြည်ရေးအမိကထားပြီး သွားရောက်မည့်အခိုက်အတန့်ကာလအတွင်း သူပုန်သူကန်ဘေးရန်ခပ်သိမ်းအား စိုးစဉ်းမျှကြောင့်ကြရန်မလို၊ အားလုံးကိုတာဝန်ယူစောင့်ရှောက်ပါမည်ဟူ၍ အင်္ဂလိပ်သံရုံးက အလေးအနက်ကတိပြုထားပြီးဖြစ်သည်။

ထို့ကြောင့် အနောက်ဥရောပတစ်ခွင်သို့ အဘေးသက်သာသော နွေဦးရာသီအရောက် မြန်မာသင်္ဘောတော်ဖြင့် သွားရောက်ရန် ရက်သတ်မှတ်ထားပြီးဖြစ်သည်။ ကမ်းခရီး၌ အဖွဲ့သားအားလုံး လုံလုံလောက်လောက်စားသောက်နိုင်ရန်အတွက်လည်း လိုလေသေးမရှိ အသင့်စီမံထားပြီးဖြစ်သည်။

သို့သော် မိဖုရားခေါင်ကြီး၏အတွင်းလူယုံတော် တိုင်တားမင်းကြီးက မိဖုရားခေါင်ကြီးအား -

"နားဆင်တော်မူပါဘုရား၊ ကိုယ့်အရှင်နှစ်ပါးအတွက် ကြောင့်ကြရလွန်းလို့ပါဘုရား၊ မိဖုရားခေါင်ကြီးက ငယ်တော်မူပါသေးသည်၊ ဆင်ခြင်တော်မူပါ၊ အရှင်နှစ်ပါး ဘိလပ်ထွက်တော်မူပြီး ဝိတိုရိယဘုရင်မကြီးနှင့် မဟာမိတ်ပြုတော်မူလို့ ဗဟုသုတရှာမှီးမယ်ဆိုတာ ဝမ်းမြောက်ကြောင်းပါ၊ သို့ပေမယ့် ရင်တမမနှင့် ဘဝင်မကျကြောင်းပါဘုရား၊ မိန်းမသားလည်းဖြစ်လေတော့ ရန်သူဆိုတာလည်း မဝေးပါဘုရား၊ ဟိုဆိုင်ဂုံ (ယခု ဟိုချီမင်းမြို့တော်)မှာ ပြင်ကွန်းနဲ့ ပြင်းခုံ တိုင်မင်းသားများရှိပြီး ဟိုအနောက်အိန္ဒိယမှာလည်း အင်္ဂလိပ်မွေးထားတဲ့ ညောင်ရမ်းနှင့် ညောင်အုပ်ညီနောင်တို့က အနီးလေးပါဘုရား၊ အခုလို အရှင်နှစ်ပါး ထွက်တော်မူခိုက် သူတို့ကျွန်တွေက မယ်တော်ကြီးကို

www.burmeseclassic.com

လုပ်ကြံပြီး ဒီမင်းသားတွေ နန်းပေါ် ရောက်သွားရင် ရွှေနန်းရှင်တို့သည် သောင်ပြင်မှာလွှတ်ထားသူကဲ့သို့ ဘီလပ်မှာငတ်၍သေရပေလိမ့်မည်၊ မသေသည့်တိုင် မိဖုရားကြီးတို့ပြန်လာတော့ ထီးလွှတ်နန်းလွှတ်ဖြစ် တော့မှာ ပူလွန်းလို့ပါဘုရား၊ ဘေးလောင်းတော် စဥ့်ကူးမင်း ဘုရားဖူးအသွားကောင်းလို့ ဒုက္ခကြုံရပုံ ကို ဆင်ခြင်တော်မူပါဘုရား" ဟု လျှောက်တင်ခဲ့လေ သည်။

ထိုစဥ်က ဝန်ကြီးများအားလုံးတွင် တိုင်တားမင်း ကြီးလောက် စုဖုရားလတ်အကြောင်းကို သိသူမရှိချေ။ ဘယ်အညာကိုကိုင်ပြီး ဘယ်သို့လျှောက်တင်လိုက် လျှင် ဘယ်သို့အဖြေထွက်မည်ကို သိပြီးဖြစ်သည်။

တိုင်တားမင်းကြီး၏လျှောက်တင်ချက်ကြောင့် စုဖုရားလတ်သည် ခေတ္တခဏတွေဝေသွားသည်။ ထို့နောက် -



"ဟာ. . . ဘိုးဘိုးပြောတာ ဟုတ်ပေသားပဲ၊ စုဖုရား ဒါကိုမေ့နေတယ်၊ မဖြစ်ဘူး မဖြစ်ဘူး၊ သွားလို့ ကဲ. . . ကဲ. . . ကင်းဝန်မင်းကြီးကို ရှေ့တော်သွင်း စမ်း"ဟု အမိန့်ပေးလိုက်လေသည်။

ကင်းဝန်မင်းကြီးနှင့် မှူးမတ်တို့ရောက်ရှိလာပြီး နောက် အစီအစဥ်ဖျက်ကြောင်း သိရလေသော် -

"နန်းမတော်စုဖုရား ဒီအတွက်ကြောင့်ကြရန် မရှိပါ၊ အရာရာလုံခြုံအောင်စီမံပြီးဖြစ်ကြောင်းပါ၊ အင်္ဂလိပ်ကလည်း သူတို့ပြည်ချစ်ကြည်ရေးခရီးထွက် ခိုက်မှာ ဘယ်ရန်သူကမှ အထိအပါးမခံပါဘူးဘုရား"

ဤတွင် တိုင်တားမင်းကြီးက ကင်းဝန်မင်းကြီး ဘက်လှည့်၍-

"တန်ပါကိုယ်တော်. . . တန်ပါတော့၊ အင်္ဂလိပ် စကားကိုယုံပြီး အာမခံလျှောက်တင်မနေပါနဲ့၊ ကိုယ် တော့်အင်္ဂလိပ်ကို ကိုယ်တော်သာယုံနေ၊ ကျွန်တော် မျိုးတို့တော့ မယုံပါဘူး၊ မြွေနဲ့ဖား မိတ်ဖြစ်ရိုးရှိလို့လား၊ မျက်မွေးတစ်ဆုံးမကြည့်ဘဲ မျက်စိတစ်ဆုံးကြည့်မှပ"

ဤတွင် စုဖုရားလတ်က ဝင်ပြီး -

"တော်. . . တော်. . . ကင်းဝန်ဘိုးဘိုး၊ သူထင် တာ မှန်တယ်၊ စုဖုရားတို့ မသွားရလို့ ဘာမှမဖြစ်ဘူး၊ တော်ကြာ ထီးလွှတ်နန်းလွှတ်အဖြစ်မခံနိုင်ဘူး"

ထို့နောက် ကင်းဝန်မင်းကြီးသည် ရှေ့တော်သို့ဝင် ရန် အခွင့်မသာတော့ဘဲ နောက်ဆုတ်နေရတော့ သည်။ မိဖုရားခေါင်ကြီးသည် ပြောပြောဆိုဆိုနှင့် မောင်တော်ရွှေနန်းရှင်ကို လျှောက်တင်မည်ဟုဆိုကာ သီပေါမင်းစံနေရာအဆောင်သို့ ကြွသွားလေသည်။

မိဖုရားခေါင်ကြီး၏လျှောက်တင်မှုအပြီး သီပေါ မင်းသည် နဂိုကမှ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ဆုံးဖြတ်မှု အားနည်းကာ မပြတ်မသားမှုကြောင့် မိဖုရားခေါင်ကြီး အလိုဆန္ဒအတိုင်း အင်္ဂလန်သို့ ချစ်ကြည်ရေးခရီး သွား ရောက်မည့်အစီအစဥ် ပျက်ပြားသွားခဲ့ရလေသည်။

သို့ဖြင့် ကင်းဝန်မင်းကြီး၏ သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့ ဘီလပ်သို့သွားတော်မူရန်အစီ အစဥ်မှာ ပျက်သွားရလေတော့သည်။ ။

**မောင်သန်းဆွေ(ထားဝယ်)**

www.burmeseclassic.com

www.burmeseclassic.com

ငွေတာရီ မဂ္ဂဇင်း၊ ၂၈ ၊

# မဟာရာဇာသိရိအနိရုဒ္ဓဒေဝ၏ ရာဇဝင်အချစ်ဇာတ်လမ်းများ

ဒေါက်တာစိန်မြင့်




www.burmeseclassic.com

www.burmeseclassic.com



အရိမဒ္ဒနပူရပုဂံပြည်၏ အုပ်ချုပ်သူဘုရင်မင်းကြီး ဘဝသို့မရောက်မီ အနော်ရထာမင်းစောသည် ငယ်စဉ်က ချစ်ခဲ့ရသော သူ၏မဟေသီမိဖုရားကြီးအား ပုဂံပြည်၏ဘုရင်ဖြစ်လာသည့်နောက်တွင် ထိုက်ထိုက်တန်တန်နေရာပေးခဲ့သည်။ အဆောင်အယောင်ပြည့်ပြည့်စုံစုံဖြင့်၊ မောင်းမမိဿံများစွာဖြင့် ခြံရံစေလျက် မဟေသီအဆောင်တော်တွင် စံစားနေစေခဲ့သည်။ အနော်ရထာမင်းစောသည်လည်း ပဒေသရာဇ်တို့၏ လုပ်ရိုးလုပ်စဉ်ဖြစ်သော မိမိတို့ဘုန်းတန်ခိုးဩဇာအာဏာကြီးမားမှုအား သိစေလိုသည်ကြောင့် တိုင်းတစ်ပါးအခြားမြို့ပြနိုင်ငံများဆီသို့ မိမိ၏အင်အား၊ အာဏာ၊ တန်ခိုး၊ အရှိန်အဝါကိုပြသသည့်လုပ်ရပ်များပါသည့် ဩဇာခံနယ်မြေများသိမ်းသွင်းခြင်းကိုလည်း လုပ်ဆောင်ခဲ့ပေသည်။ အနော်ရထာမင်းစောသည် စစ်အင်အား၊ လက်နက်အင်အားလည်း များပြားခဲ့ပြီဖြစ်သဖြင့် မိမိ၏ဩဇာခံနယ်မြေများသိမ်းသွင်းရယူရာတွင် နယ်မြေများကဆက်သသည့် လက်ဆောင်ပဏ္ဏာတော်များကိုလက်ခံလျက် မိမိ၏လက်အောက်ခံနယ်များအဖြစ် အသိအမှတ်ပြုတတ်ပေသည်။

ထိုသို့လက်ဆောင်ပဏ္ဏာများဆက်သရာတွင် စစ်နိုင်၍ ဩဇာခံနယ်မြေနှင့်မိတ်ဖက်နယ်မြေများဆီမှ ပေးပို့လာသော လက်ဆောင်တော်များကိုလက်ခံခဲ့ရာ၌ နယ်ပိုင်၊ နယ်စား၊ မြို့ပြ၊ တိုင်းနိုင်ငံဘုရင်များ၏ သမီးကညာများသည်လည်း လက်ဆောင်တော်အဖြစ် ပါဝင်ခဲ့ပေသည်။ မဟာရာဇာသီရိအနိရုဒ္ဓဒေဝထံသို့ တစ်တိုင်းတစ်ပြည်မှ သမီးကညာဆက်သရသည့် ရာဇဝင်ဇာတ်လမ်းသုံးပုဒ်ကိုဖတ်ရပေသည်။ ရာဇဝင်ဆရာတို့ရေးပြခဲ့သည့်ဇာတ်လမ်းသုံးပုဒ်တွင် ယနေ့ခေတ်တိုင် ရာဇဝင်အချစ်ဇာတ်လမ်းအဖြစ်မှတ်သားခဲ့ကြရသောဇာတ်လမ်းများတွင် အနော်ရထာမင်းစောနှင့် ပဉ္စကလျာဏီမင်းသမီးတို့၏အချစ်ဇာတ်လမ်းသည် အနော်ရထာမင်းစောကယုံကြည်စွာဖြင့် တာဝန်ပေး အမှုတော်ထမ်းစေခဲ့သည့် ရာဇတမန်အား မင်းသမီးကိုသွားရောက်ခေါ်ယူစေခဲ့ရာ ဝေသာလီပြည်မှ နေပြည်တော်ပုဂံ လမ်းခရီးတစ်လျှောက်တွင် ရာဇတမန်နှင့် ပဉ္စကလျာဏီတို့ ချစ်ကျွမ်းဝင်ခဲ့သည်။ ရာဇတမန်၏ပရိယာယ်လှည့်စားမှုကြား အနော်ရထာမင်းစော ခံစားခဲ့ရသည့် ဇာတ်လမ်းတစ်ပုဒ်ပင်ဖြစ်သည်။ ဤဇာတ်လမ်းတည်ဆောက်ရခြင်း၏ ဦးတည်ချက်သည် အနော်ရထာမင်းစော၏ ဘုန်းတန်ခိုးကြီးမားမှုကိုပြသလိုခြင်းဖြစ်ပေသည်။ သို့သော် အနော်ရထာမင်းစောအနေဖြင့် ရာဇဝင်အချစ်ဇာတ်လမ်းတွင် အချစ်ကံမကောင်းသူတစ်ဦးအဖြစ် ရှုမြင်မည်ဆိုလျှင် ရနိုင်ပေမည်။

ဥဿာပဲခူးအား ဖွမ်း(ခမာ)များ လာရောက်တိုက်ခိုက်ရာ စစ်ကူပေးခဲ့ရသော အနော်ရထာမင်းစောသည် မိမိ၏စစ်သည်အင်အားနှင့် သူရဲကောင်းလေးဦးတို့၏စွမ်းအားကို ထင်ထင်ရှားရှားပြသနိုင်ခဲ့ကာ တိုင်းတစ်ပါးပြည်ထောင်တစ်ခုမှ ခံညားရှိသေ ကျိုးနွံဝင်ရောက်လာခဲ့ပြီး ပဲခူးမင်းတို့အဆက်ဆက်ကိုးကွယ်နေခဲ့သည့်ဓာတ်တော်အား ရွှေကြုတ်တွင်ထည့်လျက် အနော်ရထာမင်းစောထံသို့ ဆက်သစေခဲ့သည်။ ထိုအဖြစ်နှင့်အတူ သမီးကညာ မဏိစန္ဒာအား ဆက်သပို့ဆောင်စေခဲ့သည့် ရာဇဝင်ဇာတ်လမ်းတစ်ပုဒ်ဖြစ်လာပေသည်။ ထိုအဖြစ်အပျက်ကို ရေးသားပြသည်မှာ "ဥဿာမင်းလည်း လွန်စွာအားရတော်မူသည်ဖြစ်၍ ကြီးစွာသောဆုလာဘ်သပ်ပကာပေး၍ အနော်ရထာမင်းစောအားလည်း ဥဿာမင်းအဆက်ဆက်တို့သည် ရွှေကြုတ်တွင်ထည့်၍ကိုးကွယ်သော ဓာတ်တော်နှင့်တကွ ချစ်လှစွာသော ရွှေအဆင်းကဲ့သို့အဆင်းရှိသော၊ ခြသေ့ံရုပ်အလေးမှုသာရှိသော မဏိစန္ဒာအမည်ရှိသော သမီးတော်ကိုလည်းဆက်၏"ဟု ဖတ်ရပေသည်။ မဏိစန္ဒာဟူသော ရွှေအဆင်းတမျှချောမောလှပသောသူ၊ ဘုရင့်သမီးတော်လည်းဖြစ်သူအား ပို့ဆောင်ဆက်သရာတွင် လုံခြုံစေရန် အနော်ရထာမင်းစော၏ စစ်သူရဲလေးဦးဖြစ်သည့် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့အား အလှည့်ကျစောင့်ရှောက်စေလျက် ခေါ်ယူခဲ့စေသည်။ ပဲခူးမှ အရိမဒ္ဒနပူရပုဂံပြည်အထိ ခေါ်ယူခဲ့ရမည်ဖြစ်သဖြင့် ခရီးရှည်သည်။ ခရီးရှည်သမျှ တာဝန်ယူခေါ်ယူခဲ့ရမည်မှာလည်း အရေးပါလှသောတာဝန်တစ်ရပ်ဖြစ်ပေသည်။ မဏိစန္ဒာမင်းသမီးအား အန္တရာယ်မကျရောက်စေရေး

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်ပေသည်။ အနော်ရထာမင်းစောအား ကိုးစားယုံကြည်သည်ကို ပဲခူးမင်းကိုယ်တိုင်ဆက်သလိုက်ခြင်းဖြင့် မိမိ၏ယုံကြည်ကိုးစားမှုအား အနော်ရထာမင်းစောအပေါ် လှစ်ဟပြသလိုက်ခြင်းပင်။ မဏိစန္ဒာမင်းသမီးအား အလှည့်ကျစောင့်ရှောက်ခေါ်ယူလာခဲ့ကြရာ ခရီးရက်ရှည်ကြာသဖြင့် လမ်းခရီးအကြား၌ စစ်သူရဲကောင်း ကျန်စစ်သားနှင့် မဏိစန္ဒာမင်းသမီးတို့ ချစ်ကျွမ်းဝင်ခဲ့ကြသည်။ ထိုအကြောင်းကို ရာဇဝင်ဆရာတို့က "နတ်မြင်းသည်လေးယောက်တို့လည်း မဏိစန္ဒာမင်းသမီးကို အလှည့်အလည် အလဲအလှယ်ဆောင်ယူခဲ့ကုန်၏၊ တစ်နေ့သ၌ ကျန်စစ်သားစောင့်လှည့်တွင် မင်းသမီးနှင့် သံဝါသဖြစ်ဘိ၏" ဟု ရေးပြလေသည်။

အနော်ရထာမင်းစော၏ ရာဇဝင်အချစ်ဇာတ်လမ်းတွင် ကျော်ရိုးတူဇာတ်လမ်းကွဲသည့် ရာဇတမန်နှင့် ပဉ္စကလျာဏီမင်းသမီးတို့ဇာတ်လမ်းတွင်လည်း လမ်းခရီးရှည်ခရီးရက်ကြာခဲ့ပြီး စောင့်ရှောက်ခေါ်ဆောင်လာသည့်အခါ အမတ်ရာဇတမန်နှင့် ပဉ္စကလျာဏီမင်းသမီးတို့ ချစ်ကျွမ်းဝင်ခဲ့ပုံကိုလည်း - "ဝေသာလီမင်းလည်း အနော်ရထာမင်းက ပန်လာသည်ကို မပေးမနေသာဟူ၍ အခြွေအရံကိုယ်လုပ်ရှစ်ကျိပ်နှင့်တကွ ပဉ္စကလျာဏီမင်းသမီးကို ဝေါတွင်တင်၍ပေးလိုက်၏၊ အမတ်ရာဇတမန်လည်း ထိုမင်းသမီးကိုယူ၍လာခဲ့၏၊ ထိုမင်းသမီး၏အဆင်းကား အပြစ်ခြောက်ပါးလွတ်၍ ကောင်းခြင်းငါးပါးနှင့်လည်း ပြည့်စုံ၏၊ ဦးသစ်သောရွှေအဆင်းနှင့်လည်း တူသည်၊ နူးညံ့သိမ်မွေ့၏၊ အမတ်ရာဇတမန်လည်း ထိုမင်းသမီး အဆင်းကိုမြင်လျှင် မရပ်မတည်နိုင်သော စိတ်ရှိသည်ဖြစ်၍ တစ်နေ့သ၌ ရောနှောကြလေ၏"ဟု ရေးပြသည်ကို ဖတ်ရပေသည်။

သို့ဖြင့် ရာဇတမန်၊ ကျန်စစ်သား၊ ပဉ္စကလျာဏီ၊ မဏိစန္ဒာတို့၏ဇာတ်လမ်းသည် အနော်ရထာမင်းစောအား မကျိုင်ထားသည့် ရာဇဝင်အချစ်ဇာတ်လမ်းဖြစ်၍ မြန်မာရာဇဝင်ဖတ်ရှုသူများ အလွန်ပင်ကြိုက်နှစ်သက်ခဲ့ကြသည်။ ယနေ့တိုင် ဤအချစ်ဇာတ်လမ်းသည် မရိုးမအီနိုင်သေးပေ။ သို့သော် မဏိစန္ဒာဇာတ်လမ်းအားပြောကြမည်ဆိုလျှင် ကျန်စစ်သားအား ပစားပေးလျက် လူစွမ်းကောင်းသရုပ်ပီပြင်အောင် ပြောတတ်၊ ရေးတတ်ကြပေသည်။ စဉ်းစားစရာအချက်များ များစွာရှိနေသော ဤရာဇဝင်အချစ်ဇာတ်လမ်းနှစ်ပုဒ်၏ဆက်စပ်မှုသည် အမတ်တစ်ဦးနှင့် အနော်ရထာမင်းစော၏ အချစ်ဇာတ်လမ်းဟုပြောရမည်ဖြစ်လျက် ရာဇတမန်နှင့် ပဉ္စကလျာဏီမင်းသမီး၊ သုံးဦးသက်ဆိုင်သည့် အချစ်ဇာတ်လမ်းတစ်ပုဒ်ပင်ဖြစ်သည်။

အနော်ရထာမင်းစောသည် ပဉ္စကလျာဏီမင်းသမီးအား မိဖုရားအရာတွင်ထားခဲ့သော်လည်း သံသယရှိလျက် နန်းတော်မှနှင်ထုတ်ခဲ့ပြီး မင်းသမီးသည် ပရိမ္မအရပ်တွင် သားရင်သွေးတစ်ဦးအားမွေးဖွားပေးခဲ့လေသည်။ ထိုသို့ ကျန်စစ်သားမွေးဖွားခဲ့သည့်အကြောင်းအား "မင်းသမီးကို အနောက်ရုံးတော်တွင်ထားပြီးမှ ပရိမ္မအမတ်ကိုအပ်၍ ပရိမ္မအရပ်သို့ရောက်လျှင် အနော်ရထာမင်းစောနှင့်ယှဉ်သော ပဋိသန္ဓေ ရင့်မာခြင်းသို့ရောက်လေသော အခါ မြေကြီး



www.burmeseclassic.com

www.burmeseclassic.com



လျှောင် ပြင်းစွာလှုပ်၏"ဟုရေးပြခဲ့သည်။ ကျွန်စစ်သားသည် အနော်ရထာမင်းစော၏ရင်သွေးဖြစ်သည်ကို ရာဇဝင်ဆရာတို့ကဖော်ပြထားခဲ့ပေသည်။

အနော်ရထာမင်းစောအား မဏ္ဍိုင်ထားလျက် မဏိစန္ဒာမင်းသမီးနှင့် ကျွန်စစ်သား သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းတွင် အဖေနှင့်သားတို့အကြားရောက်လာခဲ့ရသော မဏိစန္ဒာမင်းသမီး၏အချစ်ခံစားမှုကို စဉ်းစားကြည့်မည်ဆိုလျှင် အသက်အရွယ်ချင်းတူညီသော ချစ်ခြင်းမေတ္တာတရားကို ရေးသားခဲ့ခြင်းသာဖြစ်ပေမည်။ တစ်ဖက်မှမြင်ကြည့်ရမည်ဆိုလျှင် အရွယ်မတူသော၊ အသက်ချင်းပင်အလွန်ကွာသော အဖေနှင့်သမီးအရွယ်ရှိနေသည့် အချစ်ဇာတ်လမ်းမျိုးကိုလည်း ရာဇဝင်ဆရာတို့ကဖော်ပြခဲ့ပေသည်။ ပဒေသရာဇ်တို့အစဉ်အလာအတိုင်းပင် ဆက်သသည့် လက်ဆောင်သမီးကညာများအားလက်ခံရသည်မှာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကိုရှေးရှုလျက် လုပ်ဆောင်ရခြင်းလည်း တစ်ရပ်အပါအဝင်ဖြစ်ပေသည်။ သို့ဖြင့် အင်ပါယာချဲ့ထွင်နိုင်လျက် အင်အားကြီးမားသောဘုရင်မင်းများသည် ရာဇ၊ ဓမ္မ ဟူသော လိုက်နာကျင့်သုံးရသည့် ကျင့်ဝတ်များကိုလည်း မေ့လျော့၍မဖြစ်နိုင်ကြောင်းကိုပါ တစ်ပါတည်းရေးပြသည်သို့ရှိနေပေသည်။

မဏိစန္ဒာမင်းသမီးအား လမ်းခရီးတစ်လျှောက်ခေါ်ဆောင်ယူလာခဲ့ကြရာတွင် မင်းသမီး၏ ကိုယ်အလေးချိန်ကိုတိုင်းတာထားခဲ့သည်။ ကျွန်စစ်သားနှင့်ချစ်ကျွမ်းဝင်ခဲ့ကြပြီးနောက် ကိုယ်အလေးချိန်မှာတိုင်းတာထားသည်ထက်ပိုလာခဲ့တော့သည်။ ကျွန်စစ်သားနှင့်ချစ်ခင်နေပြီးဖြစ်ကြောင်းအား အလှည့်ကျစောင့်ရှောက်သယ်ယူလာခဲ့ကြသည့် စစ်သူရဲသုံးဦးတို့က အနော်ရထာမင်းစောအား အကြောင်းစုံတင်လျှောက်ပြောကြားလိုက်ရာတွင် အနော်ရထာမင်းစော၏ ပြင်းပြစွာသောခံစားချက်တစ်ရပ်သည် အချစ်ခံစားမှုနှင့်သာ လုံးလုံးပတ်သက်နေသည်လော၊ သို့မဟုတ် ရာဇ၊ ဓမ္မကျင့်ဝတ်အရခံစားခဲ့သည်လောဟု ခွဲခြားမြင်ရပေမည်။

ထိုအကြောင်းအား ရာဇဝင်ဆရာတို့က "ထိုသို့ သံဝါသဖြစ်လေသော် မင်းသမီးကိုချိန်သော် ခြေသုံ့ရှပ်အလေးသည် ပေါ့၍ မင်းသမီးကိုယ်တော် လေးဘိ၏၊ ထိုအကြောင်းကို စစ်သူကြီးသုံးယောက်တို့သိမြင်သော် ကျွန်စစ်သားစောင့်လှည့်တွင်ဖြစ်သောအကြောင်းကို အနော်ရထာမင်းစောအားလျှောက်လေ၏၊ အနော်ရထာမင်းစောလည်း ငါသို့သောမင်းကို မခံ့မရည်းပြုကျင့်သည်မဟုတ်လောဟူ၍ ကြီးစွာသောအမျက်တော်ရှိသောအားဖြင့် မျက်မှောင်ကြိုးဖြင့်တည်း၍ အရိန္ဒမာလှံဖြင့်ထိုးတော်မူ၏၊ ကျွန်စစ်သားလည်း မိမိကံသည် အပြီးသို့မရောက်သေးသည်ဖြစ်၍ နှောင်သော ကြိုးကိုထိုးမိ၍ ကြိုးပြတ်လျှင် လွတ်လေ၏၊ ကျွန်စစ်သားလည်း လွတ်ပြီးသော် အရိန္ဒမာလှံကို ကောက်၍ပြေးလေ၏"ဟု အနော်ရထာမင်းစောနှင့် ကျွန်စစ်သားတို့ပဋိပက္ခအား ဖော်ပြရေးသားပြခဲ့သည်။

ရာဇဝင်ဆရာတို့၏ ရေးသားဖော်ပြချက်သည် အနော်ရထာမင်းစော၏ ပြင်းပြစွာသောခံစားချက်တစ်ရပ်အပေါ်တွင် ရှင်းလင်းစွာရေးသားဖော်ပြထားသည်ကိုမတွေ့မမြင်ရ။ ကျွန်စစ်သားက အနော်ရထာမင်းစောအား မလေးမစားပြုသည့်သဘောမျိုးကို ရေးသားဖော်ပြလေသည်လော၊ သို့မဟုတ် အနော်ရထာမင်းစောသည်လည်း အမှန်တကယ်ပင် အချစ်ခံစားမှုကြောင့် နှစ်ဦးသား ပဋိပက္ခအသွင်ပြောင်းခဲ့ရသည်လောဆိုသည်ကို ဆန်းစစ်သင့်ပေသည်။ မည်သို့ပင်ဖြစ်စေကာမူ ဘုရင်ဖြစ်သူ၏ ဤအဖြစ်အပျက်အပေါ် ရှုမြင်သုံးသပ်ခြင်းနှင့် ကျွန်စစ်သား၏ ခံစားချက်တို့မှာ ကွာခြားပေမည်။ သို့သော် ရာဇဝင်ဆရာတို့ရေးပြခဲ့သော ကျွန်စစ်သား၊ မဏိစန္ဒာနှင့် အနော်ရထာမင်းစောတို့၏ သုံးပွင့်ဆိုင်ဇာတ်လမ်းအား ရာဇဝင်အချစ်ဇာတ်လမ်းအဖြစ် လူကြိုက်များခဲ့သည်ကိုတော့ မငြင်းသာ။ သို့သော် ထိုအချိန်ကာလ ပုဂံပြည့်ရှင်ဖြစ်သည့် အနော်ရထာမင်းစော၏ ရာဇ၊ ဓမ္မကိုအခြေခံလျက် ကျွန်စစ်သားနှင့် မဏိစန္ဒာမင်းသမီးတို့အပေါ် ရှုမြင်သုံးသပ်မှုမှာကား အချစ်ဇာတ်လမ်းတစ်ပုဒ်ထက် ပြည်နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်မဟာမိတ်နှစ်ပြည်ထောင် ဆက်လက်တည်မြဲရေးကို ရှေးရှုခံစားခြင်းဖြစ်နိုင်သည်ဟုသာ ဆိုရပေမည်။ ။

**ဖေါက်တာစိန်မြင့်**

www.burmeseclassic.com

www.burmeseclassic.com

ငွေတာရီ မဂ္ဂဇင်း၊ ၇၂ ၊

# ကိုးကားဖွယ်ရာ ထိုထိုကဗျာ(၁၄)

မောင်ခင်မင်(ဓနုဖြူ)



www.burmeseclassic.com

www.burmeseclassic.com



(၁)

၁။ တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သကြိန်မိုး။

၂။ ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့။

၃။ နယုန်မိုးသေး၊ မြက်သားမွေး။

၄။ ဝါဆိုတစ်ကြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး။

၅။ ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်း။

၆။ တော်သလင်းတိမ်ညို၊ စားဖို့သည်ဆင်းရဲ၊ မိုးမစဲ။

၇။ သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။

၈။ တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်။

၉။ နတ်တော်ရောက်ပြာ၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်၊ နတ်အိမ်မြောက်ချီး၊ မုန့်ခါးလှီး။

၁၀။ ပြာသိုအတွင်း၊ မိုးညင်းညင်း၊ ဆီးနှင်းရောယှက်၊ နှမ်းတောင်ပျက်။

၁၁။ တပို့တွဲ၊ နွဲ၍ရွာခြင်း၊ သန်မိုးကြွင်း။

၁၂။ တပေါင်းလည်းကူး၊ မိုးသားကျူး။

**ရှေးရေး မိုး ၁၂ မျိုးတွဲ့ အမည်မသိစာဆို**

လတိုင်း မိုးရွာတတ်သည့်အတွက် လအလိုက်ရွာသောမိုး၏ သဘာဝကို လိုရင်းရေးဖွဲ့ထားသော ကဗျာကလေးဖြစ်သည်။ ကဗျာစာဆို၏အမည်ကို မသိရပါ။ ၁၂ လမိုးအကြောင်း အလွယ်တကူကိုးကားပြောဆိုနိုင်သော ကဗျာကလေးဖြစ်သည့်အတွက် အာဂုံဆောင်ထားလေ့ရှိကြပါသည်။

အစဉ်အတိုင်းဖော်ပြရလျှင် -

(၁) တန်ခူးလတွင် ရွာသောမိုးသည် သစ်ပင်မှ ရွက်ဟောင်းရွက်ဝါများကို ဆွတ်ခြွေချသောမိုးဖြစ်၍ ဖက်ဆွတ်မိုးဟုခေါ်သည်။ ဖက်ခြွေမိုးဟုလည်းခေါ်သည်။ သကြိန်ကျသောလတွင်ရွာသည့်အတွက် သကြိန်မိုးဟုလည်းခေါ်သည်။ (သကြိန်မတိုင်မီရွာလျှင် သကြိန်ကြိုမိုး၊ သကြိန်ပြီးမှရွာလျှင် သကြိန်လက်ဆေးမိုးဟုခေါ်သည်။)

(၂) ကဆုန်လတွင် မိုးအနည်းငယ်သာရွာပြီး မြေသင်းနံ့ကလေးများ သင်းပျံ့နေပါသည်။ မြေကို မိုးအနည်းငယ်ပက်ဖျန်းလိုက်သည့်အတွက် မြေသင်းနံ့ထွက်လာခြင်းဖြစ်သည်။

(၃) နယုန်လတွင် မိုးသေးမိုးဖွဲရွာပြီး မြက်နုမြက်သစ်ကလေးများထွက်ကာ မြက်သားမွေးသည့်အချိန်ဖြစ်သည်။

(၄) ဝါဆိုလတွင် မိကျောင်းပန်းများပွင့်ပြီး မိုးအေးအေးခံစားရသောလဖြစ်သည်။

(၅) ဝါခေါင်လတွင် ထနောင်း၊ ကြောင်ကျစ်၊ ဆူးရစ်ပန်းများပွင့်သည်။ မိုးကောင်းကောင်းမရွာ၊ ရွာလျှင်လည်း သဲသဲမဲမဲမရွာပါ။

**လတိုင်း မိုးရွာတတ်သည့်အတွက် လအလိုက်ရွာသောမိုး၏ သဘာဝကို လိုရင်းရေးဖွဲ့ထားသော ကဗျာကလေးဖြစ်သည်။ ကဗျာစာဆို၏ အမည်ကိုမသိရပါ။ ၁၂ လမိုးအကြောင်း အလွယ်တကူကိုးကားပြောဆိုနိုင်သော ကဗျာကလေးဖြစ်သည့်အတွက် အာဂုံဆောင်ထားလေ့ရှိကြပါသည်။**

(၆) တော်သလင်းလတွင် တိမ်ညိုများတက်လာပြီး မိုးကမစဲအောင်ရွာသဖြင့် ချက်ပြုတ်သည့်စားဖို့မှာ ခြောက်ခြောက်သွေ့သွေ့မရှိဘဲ ထင်းဖြင့် မီးမွေးလျှင်လည်း ခက်ခက်ခဲခဲမွေးရသဖြင့် ချက်ပြုတ်သည့် စားဖို့သည်တို့ ဒုက္ခရောက်ကြသည်။

(၇) သီတင်းကျွတ်ရွာသောမိုးသည် ဆွမ်းများလှူဒါန်းရာ သင်ပုတ်ပလ္လင်ကို သန့်ရှင်းအောင် ဆေးကြောပေးသော ပလ္လင်ဆေးမိုးဖြစ်သည်။

(၈) တန်ဆောင်မုန်းလတွင် ဆောင်းရာသီဝင်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့်အတွက် ဆီးနှင်းတစ်ပြိုက်ကျလိုက်၊ မိုးတစ်ပြိုက်ရွာလိုက်ဖြစ်နေသည်။

(၉) နတ်တော်လတွင် မိုးသားများမငြိမ်ဘဲ ရွေ့လျားနေသည်။ မိုးမသည်းသည့်အတွက် ဆင်ခြေရာ တိမ်တိမ်ကလေးသာထင်သဖြင့် 'ဆင်ရာတိမ်မိုး'ဟု



ခေါ်သည်။ ထိုလတွင် နတ်ပွဲကျင်းပသည့်အတွက် မုန့်များကို ဓားဖြင့်လှီး၍ ပူဇော်ပသသည်။

(၁၀) ပြာသိုလတွင် ရွာသောမိုးမှာ ဆီးနှင်းနှင့်ရောယှက်ပြီး ဖြည်းဖြည်းညင်းညင်းရွာသော်လည်း နှမ်းခင်းများပျက်ရသည်။

(၁၁) တပို့တွဲလတွင် မိုးကြွင်းမိုးကျန်သာရွာသည်။

(၁၂) တပေါင်းလကူးသောအခါ မိုးသားများတက်နေပြီး မိုးရွာတတ်ပါသည်။

(၂)

ဆိုပါတဲ့ဆိုပါ၊ မအဲသယ်အသံများ၊ ကြားချင်လို့ပါ။
ဆိုလိုက်ပါကွဲ့ သူငယ်ချင်းရယ်၊ ငြင်းပါနဲ့လေး။
အဲတိုက်လို့ အဲမဆို၊ ဘာပျိုတဲ့လဲ။
ခင်လူပျိုမုတ္တာဆွဲရယ်၊ အဲမှသင်ပဲ။
ပုလဲညိုရယ်၊ အဲဆိုအင်မတန်ကောင်းတယ်လို့
အပေါင်းရယ်က ပြောကြတယ်။
သို့မို့ကြောင့်အမိရယ်၊ မယ့်ထံမောင်တို့ဆိုက်ပါလို့
အဲတိုက်ရပါတော့တယ်။
ဆိုလိုက်ပါကွဲ့ သူငယ်ချင်းရယ်၊ ငြင်းပါနဲ့လေး။
ရွှေဗုံတီးမောင်ကြီးတို့လေ။
မောင်လည်းဗုံသယ် ဗုံသင်စမို့လက်မလည်။
မယ်လည်းအဲသယ်၊ အဲသင်စမို့နှုတ်မလည်။
ဆိုပါဆိုလို့ ဆိုရချေတော့မယ်။ ။

**အဲတိုင်အဲခေါ်ချင်း**
**အမည်မသိစာဆို**

အဲ(အဲချင်း)သည် စုပေါင်းသီဆိုရသောသီချင်းဖြစ်ကြောင်း အဘိဓာန်တွင်ဖွင့်ဆိုသည်။ 'အဲ'သည် အများစုရုပ်တန့်သည့်အဓိပ္ပာယ်ရှိ၍ တစ်နေရာတွင် ရုပ်တန့်စုဝေး၊ ရုပ်တန့်သီဆိုသောသီချင်းဖြစ်သည်ဟု မှတ်ယူရသည်။ ဤ'အဲတိုင်အဲခေါ်ချင်း'ဆိုသော ကဗျာသည် အဲဆိုသည့်ဓလေ့ကိုသရုပ်ဖော်ထားသော ကဗျာကလေးဖြစ်သည်။ အဲဆိုသော အဲသယ်(အဲသည်) လုံမလေးနှင့် ဗုံတီးသော ဗုံသယ်(ဗုံသည်) လုလင်ပျိုကလေးတို့ စုဝေးမိကြချိန်တွင် အဲသည်မိန်းကလေးကို 'ဆိုပါတဲ့ဆိုပါ'ဟူ၍ အဲဆိုရန်တိုက်တွန်းကြသည်။ ယင်းကို 'အဲတိုက်သည်'ဟုခေါ်သည်။ အဲထူးရန်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည့်အတွက် 'အဲခေါ်သည်'ဟုလည်းခေါ်သည်။

အဲသည်လုံမပျိုမှာ ရှက်နေသည့်အတွက် အဲမဆိုဘဲ ငြိမ်နေသောအခါ သူငယ်ချင်းတွေက ဝိုင်းတိုက်တွန်းကြသည်။ အဲတိုက်သည်ကို အဲမဆိုဘဲနေသည့်အပျိုမှာ ဘာအပျိုပါလိမ့်ဟု ဗုံသည်လုလင်ပျိုများက ကျီစယ်ကြသည်။ အဲဆိုသင်မထားသည့်အတွက် မဆိုခြင်းလားဟုလည်း စူးစမ်းကြသည်။ ထိုအခါ အဲသည်ကလေးက 'ရွှေဗုံတီးမောင်ကြီးတို့လေ'ဟုခေါ်လိုက်ပြီး မောင်တို့လည်း ဗုံသင်စဖြစ်၍ လက်မလည်သေးပါ။ မယ်လည်း အဲသင်စဖြစ်၍ နှုတ်မလည်သေးပါ။ သို့သော်လည်း အဲဆိုရန်တိုက်တွန်းသည့်အတွက် ဆိုရပါတော့မည်ဟု စကားပလ္လင်ခံပြီမှ အဲစဆိုပုံကို သရုပ်ဖော်ထားခြင်းဖြစ်ပါသည်။ ပျော်ရွှင်စရာမြန်မာ့ခလေ့တစ်ခုဖြစ်သော 'အဲတိုင်အဲခေါ်'ဓလေ့ကို ပုံဖော်ထားခြင်းဖြစ်ပါသည်။

(၃)

အကျွန်မျှော်ကော်တစ်ပိုင်းငယ်နှင့်၊ လူပျိုဟိုင်းငယ်တဲ့ လာလိမ့်မယ်၊ နွားနီရွှေဝါ ခွာသံပြင်းတယ်၊ မင်းလာလိမ့်မယ်၊ ညနေကြီးငယ်က မျှော်မိတယ်၊ တောလည်ရာမှာတဲ့ကြာထင့်လေး။ ချုံနွယ်တန်းပါလို့ လမ်းမမြင်၊ အကျွန်ကြင်ပါတဲ့၊ မင်ကော်ရစ်ကယ်၊ တောဆစ်လို့ဝေး။

မြိုင်တန်းကန္တာ၊ စုံတစ်ကြောမှာတဲ့၊ တစ္ဆေကပေါ်တယ်နှင့်၊ တောမသာ၊ မကြိုလာလျှင်ဖြင့်၊ ငါမသွား၊ နွားနီပါးကိုတဲ့ ရွေ့ဖျားနှင်၊ ရွာအဝင်မှာတဲ့၊ တစ္ဆေကြီးငယ်၊ ဆီးလိုက်လိမ့်ထင်။

စပါးရှစ်ပြည်၊ ချောင်ပလိုင်းငယ်နှင့်၊ နဖူးမှာသိုင်းပါလို့၊ လွယ်ပြီးသော်၊ တောင်ဇေးထောက်ကာ တောင်တော်ဖျားမှာ သွားချည်စို့နော်။

**ရွှေခေတ်ဘောလယ်သီချင်း**
**အမည်မသိစာဆို**

ကုန်းဘောင်ခေတ်တွင် လှိုင်ထိပ်ခေါင်တင်ရေးဖွဲ့သော 'စိန်ခြူးကြာညောင်'ချီ ဘောလယ် စသည့်ဘောလယ်များ၏အရင်းခံရာကို ဖော်ညွှန်းသည့်အခါတွင် ယခုဖော်ပြထားသော 'အကျွန်မျှော်ကော်တစ်ပိုင်းငယ်နှင့်'အစချီဘောလယ်ကို ရှေးကျသောဘောလယ်အဖြစ် ရည်ညွှန်းဖော်ပြကြသည်။ ထိုဘောလယ်တွင် ရေးဖွဲ့ပုံမှာ ပုံစံတကျမဖြစ်သေးကြောင်း၊ လှိုင်ထိပ်ခေါင်တင်က ဘောလယ်များရေးဖွဲ့သောအခါကျမှ ဘောလယ်ကဗျာသည် ပုံစံတကျဖြစ်လာကြောင်း၊ ဘောလယ်အရပ်တွင် စတင်ထင်ရှားလာသည့်အတွက် ဘောလယ်သံဟုခေါ်ခြင်းဖြစ်ကြောင်း အဆိုအမိန့်များရှိပါသည်။

ဤဘောလယ်တွင် နွားများကိုသိမ်းပြီးပြန်လာမည့်ချစ်သူ 'လူပျိုဟိုင်း'ကိုမျှော်နေမိသော မိန်းမပျိုက

**မြိုင်တန်းကန္တာ၊ စုံတစ်ကြောမှာတဲ့၊**
**တစ္ဆေကပေါ်တယ်နှင့်၊ တောမသာ၊**
**မကြိုလာလျှင်ဖြင့်၊ ငါမသွား၊ နွားနီပါးကိုတဲ့**
**ရွေ့ဖျားနှင်၊ ရွာအဝင်မှာတဲ့၊**
**တစ္ဆေကြီးငယ်၊ ဆီးလိုက်လိမ့်ထင်။**

မိမိခံစားမှုကိုဖော်ထုတ်ပြောပြရန် ရေးဖွဲ့ထားသည်။ 'အကျွန်မျှော်ကော်တစ်ပိုင်း၊ အကျွန်ကြင်ပါတဲ့ မင်းကော်ရစ်'ဟူသော အဖွဲ့များက ပေါင်မှာ ကော်ရစ် (ထိုးကွင်းမင်ကြောင်)ထိုးထားကာ ခါးတောင်းကျိုက်ကျားကျားနှင့် တင့်တယ်ခံ့ညားနေသော ချစ်သူမောင်၏အသွင်ကို ဖော်ညွှန်းနေပါသည်။ လမ်းမှာတစ္ဆေပေါ်သည့်အတွက် တစ္ဆေကြီးလိုက်လာလိမ့်မည်ထင်ပုံအတွေးကိုလည်း ခပ်ရွှင်ရွှင်ထည့်သွင်းရေးဖွဲ့ထားသည်။ ။

**မောင်ခင်မင်(ဓနုဖြူ)**


www.burmeseclassic.com

www.burmeseclassic.com



# ပြဇာတ်နှင့် နှယ်သာကီသံပြွတ်

ကို(တက္ကသိုလ်)



နှယ်သာကီသံပြွတ်သည် လက်ာ၊ အချိုး၊ အချင်းတို့နှင့် မတူဘဲ တစ်မူကွဲသည့် ကဗျာဖြစ်၏။ ထီးဟန်နန်းဟန်ကင်းသည်၊ ပြည်သူထဲမှာရှိသည်။ ရွတ်ဆိုရန်ထက် သီဆိုရန် ဂီတဘက်နွယ်သည်။ အဘယ်ကြောင့်ဆိုသော် ပြဇာတ်ခုံပေါ်မှမွေးဖွားလာသော ကဗျာဖြစ်သောကြောင့်ပင်။

ကိုလိုနီခေတ်တွင် ပြဇာတ်များစွာပေါ်ခဲ့၏။ ပြဇာတ်ပေါင်းလေးရာကျော် ငါးရာခန့်ရှိကြောင်း ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)က ဆိုသည်။ ပြဇာတ်ရေးဆရာ ၁၀၀ ကျော်ရှိကြောင်း သရုပ်ပြကြေးမုံ မြန်မာ့ပြဇာတ်ခေတ်ဦးဆောင်းပါးတွင် ရဲမွန်က ဖော်ပြခဲ့သည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



အချိန်အခါက မော်လမြိုင်ဆရာယော၊ ဆတိုင်မှူတ် ဦးကူး၊ ပုဇွန်တောင်ဆရာခ၊ ပဲခူးဦးဆုသာ၊ ရွှေနေ ဦးပုတ်နီ၊ ဒါးပိန်ဆရာမောင်ကြီး၊ ဆင်ဖြူကျွန်းဆရာသင်၊ ရွှေတောင်ဆရာလွှမ်း (သခင်ကိုယ်တော်မှိုင်း)၊ ဆရာခင်၊ ဝက်ပါမောင်ဖိုးခင်တို့မှာ ကျော်ကြားသောပြဇာတ်ဆရာတွေဖြစ်ကြသည်။

ပုံနှိပ်ပြဇာတ်များ၏ အရေးအသားနှင့်ပတ်သက်၍ စကားပြေအရေးအသား အထူးနည်းပါးကြောင်း၊ ပြဇာတ်စကားမှန်သမျှကို လင်္ကာသွားကာရန်များနှင့် ရေးသားလေ့ရှိကြောင်း၊ ကြေးမုံဦးသောင်း(အောင်ဗလ)က ဆိုသည်။ ထိုခေတ်ပြဇာတ်များ၏ သရုပ်ဆောင်တို့ သီဆိုသော သီချင်း၊ ငိုချင်းများမှာ တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ လေးဆစ်၊ သဖြန် စသည့်ကဗျာများသာဖြစ်သည်။ ထို့ကြောင့် ကိုလိုနီခေတ်ဦး ပြဇာတ်ဆရာတို့သည် ကဗျာလင်္ကာ၊ အထူးသဖြင့် အချိုးကဗျာကို ကျွမ်းကျင်ပိုင်နိုင်စွာရေးစပ်နိုင်ကြကြောင်း၊ သူရဇော် (အမျိုးသားစာပေဆုရှင်)၏ အချိုးကဗျာလေ့လာချက်စာတမ်းတွင်တွေ့ရှိရသည်။ ထိုကဗျာသီချင်းများသည် ဇာတ်ကောင်၏စရိုက်ကို ပီပြင်စေသည်သာမက ဇာတ်လမ်းဇာတ်ကွက်ကိုလည်း အထောက်အကူပြုပေသည်။

အထက်ပါပြဇာတ်ဆရာများအနက် ၁၂၅၃ ခုနှစ်က ပေါ်ထွက်ကျော်ကြားခဲ့သော ပုဇွန်တောင်ဆရာခသည် ထူးခြားသောပြဇာတ်ဆရာဖြစ်သည်ဟု ဆရာဆန်းထွန်း(မန်းတက္ကသိုလ်)က စာပေဘဏ်စာအုပ်တွင် ရေးသားခဲ့သည်။ ဦးခသည် အခြားပြဇာတ်ဆရာတွေထက် ထူးခြားသည်ဟုဆိုရခြင်းမှာ (၁) ပါဠိ ယွန်းပဏ္ဍာသကျမ်းမှ ဘာသာပြန်၍ ပြဇာတ်ရေးလေ့ရှိသော ဝန်ကြီးပဒေသရာဇာနှင့်လည်းမတူ၊ (၂) နိပါတ်တော်များကို ထိုးဇာတ်သဖွယ် ဆီလျော်အောင်ပြင်ဆင်၍ ပြဇာတ်ရေးလေ့ရှိသော ဦးကြင်ဥနှင့်လည်းမတူ၊ (၃) ယိုးဒယားဘာသာ စသော နိုင်ငံခြားဘာသာများမှ မြန်မာပြန်၍ ပြဇာတ်ရေးလေ့ရှိသော မြဝတီမင်းကြီး ဦးစနှင့်လည်းမတူ၊ (၄) ဘုရားဟောဇာတ်နိပါတ်လာသောအတိုင်း ပုံမပျက်စေဘဲ ပြဇာတ်ရေးလေ့ရှိသော စလေဆရာကြီးဦးပုညနှင့်လည်းမတူစေဘဲ ပုဂံရာဇဝင်မှ သူစိတ်ဝင်စားသော ဇာတ်ကောင်ကိုထုတ်နုတ်၍ ပြဇာတ်ရေးသားသောကြောင့်ဖြစ်သည်။ ဥပမာ - ပုဂံခေတ်က သိင်္ခပေါက် ရှင်အဇ္ဇဂေါဏကို စိတ်ဝင်စားသည်။ ထို့ကြောင့် မယ်သော်တာပြဇာတ်သုံးတွဲကို ရေးသည်။ လေ့ထိုးသား စလေငခွေးကို စိတ်ဝင်စားပြန်သဖြင့် စလေငခွေးပြဇာတ်ကိုရေးသည်။ သို့ဖြင့် ဦးခရေးသောပြဇာတ်များ၌ ဇာတ်လိုက်များသည် ပုဂံခေတ်ရာဇဝင်ဝယ် ထင်ရှားခဲ့သူတွေဖြစ်သည်။

ဦးခသည် စလေငခွေးပြဇာတ်ကိုရေးရာတွင် စာဖတ်သူတွေစိတ်ဝင်စားပြီး ပျော်ရွှင်မြူးကြွစေရန် ငခွေးကို 'အဘု'ဆိုသော မိန်းမပျိုကလေးနှင့်တွဲဖက်၍ ဇာတ်သက်သွင်းပေးခဲ့သည်။ ပြဇာတ်တွင် အားပြိုင်ထားပုံမှာ အဘုရည်းစားကား လေ့ထိုးသားဖြစ်ပြီး အဘု၏မိဘများကို ကြေးရတတ်များအဖြစ် ဇာတ်ရုပ်ပေးထားခြင်းဖြစ်သည်။ ဆင်စီး၍ မြင်းရံစေချင်မည်ဖြစ်သော အဘုမိဘများက ကျောမွဲ စလေငခွေးနှင့် သမီးချောအဘုကို အဘယ်မှာသဘောတူနိုင်ပါအံ့နည်း။

သမီးချောအဘုကလည်း ကံကြမ္မာဖန်လာရော သလားမသိ၊ မတူမတန်လေ့ထိုးသားကိုမှ ကြိုက်မိပြန်သည်။ မိဘသဘောမတူဘဲ ရည်းစားထားမိသော မိန်းကလေးတို့၏ထုံးစံအတိုင်း ဇာတ်ပို့လိုလာသည်။ နှစ်ယောက်တွေ့နိုင်မည့်နေရာ လိုလာသည်။ ထိုလိုအပ်ချက်များအတွက် ဦးခက အောင်သွယ်အမျိုးသမီး တစ်ယောက်၊ ရင်းမာပင်ခြေရင်း လုံခြုံသောနေရာနှင့် သောက်ရေခပ်သော ရေချိုတွင်းတစ်တွင်းတို့ကို ဖန်တီးပေးလေသည်။

အောင်သွယ်အမျိုးသမီးက ရေခပ်သွားသလိုလို၊ ဟင်းရွက်ခူးသွားသလိုလိုနှင့် အဘုကိုခေါ်ထုတ်လေ့ရှိ၏။ မိဘများက မှိုရှိုသားသားမှတ်၍ ခွင့်ပြု၏။ အမှန်ကား အဘုနှင့် သူ့ရည်းစားငခွေးတို့သည် ရင်းမာပင်အောက်တွင်လည်းကောင်း၊ ရေချိုတွင်းတွင်လည်းကောင်း ချိန်းချက်တွေ့ဆုံကြခြင်းပေတည်း။

တစ်ခါသော် တွေ့ဆုံနေကျ ရင်းမာပင်သို့ ကိုခွေးပေါ်မလာချေ။ အဘုက အတန်ကြာမျှော်သည့်တိုင် ချစ်ရသူရောက်မလာသောကြောင့် အဘု ဆွေးရလေသည်။ ခံစားရလေသည်။ ဤတွင် ဆရာခသည် အဘု သီဆိုရန်တေးသွားကို စဉ်းစားရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာခစဉ်းစားပုံမှာ ဤသို့ဖြစ်၏။ "အမျှော်စိုက် တေးထပ်ကလည်း ရေးစပ်ကြလှလေပြီ၊ ဒွေးချိုး လေးချိုးကလည်း ရှေးရိုးကျလွန်းသည်၊ သဖြန် ပုလဲ ကလည်း အသံရွဲလွန်းသည်၊ အဘုသည် ဇာတ်ရုပ်အရ ဆတ်ကော့လတ်ကော့ ကြော့ကြော့ကလေးကြွနေသော အပျိုပေါက်မကလေးတစ်ယောက် မဟုတ်ပါလော"

ဤသို့စဉ်းစားကာ ဦးခသည် ငယ်သူနှင့်ဆီလျော်သော 'နွယ်သာကီသံဖြတ်' ကို တီထွင်ရေးဖွဲ့၍ တေး သွားသံဆန်းအသစ်တစ်ခု ဖန်တီးလိုက်သည်။

အဘုကိုယ်တိုင်သီဆိုသော 'ရင်းမာပင်' နှင့် 'တွင်း ရေချို' နွယ်သာကီသံဖြတ်နှစ်ပုဒ်ကို ထောက်ရှုလျှင် အဘုကား ခေသူမဟုတ်၊ အတော်ကလေး နောကျေ ခဲ့ပြီဖြစ်ကြောင်း ဇာတ်ကောင်စရိုက်ပီပြင်လှပေသည်။ 'ရင်းမာပင်' ကို ဖော်ပြလိုက်ပါသည်။

အသည်းချမ်းခဲ့ ချင်းလာအင်
ငနဲဖမ်းတဲ့ ရင်းမာပင်တော်။
ပွေ့ငြီစေဖွဲ့ ပြင်းစွာဝင်
'ကေနိကော'တဲ့ ရင်းမာပင်တော်။
သက်သက်ဆွဲလို့ ပြင်းစွာရှင်
ပက်လက်လဲတဲ့ ရင်းမာပင်တော်။



ဦးလှုံ့ချရဲ့ ဖြေတင်းပါ
ဒူးတုန်ရတဲ့ ရွှေရင်းမာတော်။
လော်လည်နည်းနှင့် ပွေခင်းဖြာ
ဖော်လီ(ဒီ)ပြတဲ့ ရွှေရင်းမာ။
အတော်ရွံ့ရဲ့ လေညင်းစွာ
မအော်ဝံ့တဲ့ ရွှေရင်းမာ။
အကြောတွန့်ခဲ့ သေခင်းဖြာ
မပြောဝံ့တဲ့ ရွှေရင်းမာ။
အတင်းလွန့်ရဲ့ ခြေဆင်းကာ
မငြင်းဝံ့တဲ့ ရွှေရင်းမာ။
အမယ်မင်းငယ်မှ
ရင်းမာပိတောက်၊ တောတစ်လျှောက်မှာ၊
မောစလောက်ပဲ
အပွေတစ်မျိုး အခြေညှိုး၊ ရေအိုးကွဲအောင်
ငနဲပြုချက်
တွေးလိုက်တိုင်း အမှုလှိုင်လို့
ယခုတိုင် ရှက်ပါရဲ့
ကုန်းထက်က တွင်းရေချို
ရင်းမာပိတောက်၊ သစ်ပင်အောက်မှာ
မယ်လျှောက်ပါလို့ ငိုလေ။ ။

'တွင်းရေချို'ကို "အထူးကြောက်ခဲ့ ခင်းပွေပို၊ နဖူး ပေါက်တဲ့ တွင်းရေချို။ သက်သက်လွဲခဲ့ ယွင်းသွေလို၊ ဟက်တက်ကွဲတဲ့ တွင်းရေချို။ ကြင်သူခင်သူရောက် ကြောင်းတ၊ ကျောက်စောင်းရှုတဲ့ တွင်းရေချိုရှင်။ နေ ဝင်လုကာ၊ အချိန်နည်းမှ၊ အိုးမပင့်နိုင် တစ်ကြိမ်ကွဲ၊ ထတီရွဲတဲ့ တွင်းရေချိုရှင်. . ." စသည်ဖြင့် ရေးဖွဲ့ခဲ့ သည်။ မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်းမြင်စေသော ကဗျာအမျိုးအစားဖြစ်သည်။


စလေငခွေးပြဇာတ်တွင် ဇာတ်လမ်းသဘောအရ ရေးဖွဲ့ထားသည့် 'စောင်းတော်ပိုက်'၊ 'ဆံမြိတ်ရှည်'၊ 'လက်တံတိုနှင့် လက်တံရှည်'၊ 'ဘော်ငွေဖြူ' စသော ဇာတ်ဝင်သီချင်း (၆၊) နွယ်သာကီသံဖြတ်ကဗျာများ ပါရှိပါသေးသည်။ ထို့ကြောင့် နွယ်သာကီသံဖြတ်သည် ပြဇာတ်စာပေ၊ ပြဇာတ်ခုံပေါ် မှမွေးဖွားပေးလိုက်သော ကဗျာတေးအဖြစ် မှတ်တမ်းပြုလိုက်ရပါသည်။ ။

ကို(တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com





## ကိုလေးဖြူ

# ကျုပ်တို့ဆီကသရေစာများ

သရေစာဆိုတာ
အဆာပြေစားသောက်တဲ့
အစားအစာကိုပြောတာပါ။
ကျွန်တော်တို့ဆီမှာ ရာသီမရွေး
နံနက်ခင်းသရေစာအဖြစ်
အကြော်စုံရှိတယ်။ ဗယာကြော်၊
အဖြုန်းကြော်၊ ပဲငါးပေါင်းကြော်၊
ကြက်သွန်ကြော်၊ ဘူးသီးကြော်
စသည်ဖြင့်။ ဗယာကြော်ဆိုတာ
ခင်ဗျားတို့ရန်ကုန်မှာခေါ်တဲ့
'မတ်ပဲကြော်'ပေါ့။
ရန်ကုန်အခေါ်
ဗယာကြော်ကိုတော့
ကျွန်တော်တို့ဆီက 'အဖြုန်းကြော်'
လို့ခေါ်တယ်။ ဘူးသီးကြော်ကလည်း
ဘူးသီးစိတ်ဖတ်လေးငါးဖတ်ကို
မုန့်နှစ်နဲ့တွယ်ဆက်ပြီး
ကြော်ထားတယ်။
ဘူးသီးစိတ်ဖတ် တစ်ဖတ်ချင်း
ကြော်ထားတာမဟုတ်ဘူး။
အဲဒီလို ဘူးသီးစိတ်ဖတ်
တစ်ဖတ်ချင်းခွဲကြော်ထားရင်
ဘူးသီးကြော်လို့မခေါ်တော့ဘူး။
ဖြူးကြော်လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ငါးချဉ်မို့ ချဉ်တာမဟုတ်ရပေါင်ဗျာ။ ဆီသန့်သန့်နဲ့ ဒယ်အိုးထဲ ဆီတစ်ပိဿာလောက်ထည့်ပြီးကြော်ထားတဲ့ ဗယာကြော်၊ အမြှုန်းကြော်တို့ဆိုတာ ရန်ကုန်နဲ့ တခြားစီ။ ပူမှကြွပ်ရွနေတာမဟုတ်ဘူး။ အေးသွားလည်း ကြွပ်ရွနေတတ်တယ်။ မြို့ကြီးပြကြီးတွေမှာ စီးပွားရေးအခွင့်အလမ်းပေါများလို့သာ နေထိုင်နေရတယ်၊ အစားအသောက်နဲ့ပတ်သက်လာရင် တယ်ဖျင်း။ ဈေးကလည်း ကြီးပါဘိသနဲ့။ အခုချိန်ထိ ရွာက တစ်ခု ၅၀ ကျပ်တန် ဗယာကြော်ဟာ ရန်ကုန်က တစ်ခု ၁၀၀ ကျပ်တန် ဗယာကြော်ထက် ကြီးသေး။ ကောင်းသေး။

> ကိုယ့်ငါးချဉ်မို့ ချဉ်တာမဟုတ်ရပေါင်ဗျာ။
> ဆီသန့်သန့်နဲ့ ဒယ်အိုးထဲ ဆီတစ်ပိဿာလောက်ထည့်ပြီး
> ကြော်ထားတဲ့ ဗယာကြော်၊ အမြှုန်းကြော်တို့ဆိုတာ
> ရန်ကုန်နဲ့ တခြားစီ။ ပူမှကြွပ်ရွနေတာမဟုတ်ဘူး။
> အေးသွားလည်း ကြွပ်ရွနေတတ်တယ်။
> မြို့ကြီးပြကြီးတွေမှာ စီးပွားရေးအခွင့်အလမ်း
> ပေါများလို့သာ နေထိုင်နေရတယ်၊ အစားအသောက်နဲ့
> ပတ်သက်လာရင် တယ်ဖျင်း။
> ဈေးကလည်းကြီးပါဘိသနဲ့။

ကျွန်တော်ဖြင့် ငယ်ငယ်က ညောင်ဖြူပင်ရွာသွားခဲ့ရတာကို အမြဲတမ်းသတိရနေမိတယ်။ ညောင်ဖြူပင်ရွာက ကျွန်တော်တို့ရွာအနောက်အရပ် လေးမိုင်အကွာလောက် ရှိမှာပါ။ နံနက် ၅ နာရီလောက် လှည်းနဲ့သွားကြတယ်။ အဖေရယ်၊ အစ်မရယ်(အမေ)၊ ကျွန်တော်တို့မောင်နှမသုံးယောက်ရယ်ပေါ့။ အစ်မက ထမင်းပူပူနွေးနွေးကို နှမ်းဆီမွှေးမွှေးလေးဆမ်းပြီး ဒန်အိုးလေးထဲထည့်ကာ ပုဆိုးစုတ်လေးနဲ့ထုပ်ပြီးယူလာတတ်တယ်။ နံနက် ၇ နာရီလောက်မှာ တောပုရွာရောက်တယ်။ ရွာအပြင်မှာကြော်နေတဲ့ အကြော်တဲလေးရောက်ရင် ဗယာကြော်နှစ်ကျပ်ဖိုးလောက်ဝယ်။ တစ်ခု ၁၀ ပြားဆိုတော့ အခု ၂၀ ရတယ်။ ဗယာကြော်နဲ့ အိမ်ကယူလာတဲ့ထမင်းဆီဆမ်းနဲ့ စားရတာ ကောင်းမှကောင်း။ ဗယာကြော်က အလယ်မှာ အပေါက်လေးလုပ်ထားလို့ 'ဗယာကြော်ကွင်း'လို့ခေါ်ကြသေးတယ်။ ဘယ်မေ့နိုင်မလဲနော်။

အကြော်ဖိုက အမြဲတမ်းညှော်နံ့သင်းနေတတ်တော့ ရွာအပြင်မှာ တဲလေးဆောက်ပြီး ကြော်တတ်ကြတယ်။ အဲဒီအစဉ်အလာလေးကတော့ အခုချိန်ထိ ရှိနေဆဲ။ ရွာရောက်ရင် နံနက်လင်းတိုင်း တူမတွေက "ဦးလေး ဘာစားမလဲ"မေးရင် ကျွန်တော်ကတော့ ထမင်းပူပူနွေးနွေးဆီဆမ်းနဲ့ အကြော်ပဲ။ ပြီးမှ လက်ဖက်ရည်သောက်မယ်။ လက်ဖက်ရည်ဆိုင်မှာ ပလာတာ၊ ထပ်တစ်ရာ၊ အီကြာကွေးတွေတော့ ရှိပါရဲ့။ အဲဒါတွေက ရန်ကုန်မှာလည်း ရွာလောက် မကောင်းပေမယ့် အာသာပြေစားလို့ရတယ်။ ဂျုံနဲ့လုပ်တာချင်းအတူတူ ဆီသန့်၊ မသန့် ကွာသွားလို့ အရသာကွာသွားဟန်တူရဲ့။ အခုတော့ ရွာမှာလည်း အသင့်ဖျော်သောက် လက်ဖက်ရည်၊ ကော်ဖီ၊ အသင့်စားမုန့်ထုပ်တွေ နေရာယူလာတော့ မိုးရာအစားအစာတွေ ကွယ်လုခမန်း ရှိနေပြီ။ ခေတ်ရေစီးကြောင်းပေပ။

'နန်းကထိ'ဆိုတော့ တူမတွေက ကြားတောင်မကြားဖူးဘူးတဲ့။ ကောက်ညှင်းကိုချက်၊ အဲဒီအထဲကို ထန်းလျက်ကျိုရည်လောင်းထည့်ထားတာကို 'နန်းကထိ'

www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်တယ်။ ချိုချိုအီအီအရသာရှိတယ်။ ဒယ်ကြီးပေါင်းလည်း မကြားဖူးဘူးတဲ့။ ဆန်မှုန့်ထဲကို ထန်းလျက်ရည်နည်းနည်းလောင်းထည့်ပြီး နယ်ပေးရတယ်။ ပြီးရင် ဆန်ခါထဲကို အဝတ်ပါးပါးခင်းပြီး လောင်းထည့်၊ အပေါ်က အုန်းသီးဆန်စိတ်ပါးပါးလေးတွေ လိုက်ဖြူး၊ ဒယ်ကြီးပေါ်တင်ပြီးပေါင်းထားလို့ ဒယ်ကြီးပေါင်းလို့ခေါ်တယ်။ စားရတာ ထန်းသီးမုန့်နဲ့ သဏ္ဍာန်တူတယ်။ အရသာကချိုချိုမွှမွှလေး။ အုန်းသီးဆန်စိတ်လေးဝါးမိရင် ဆိမ့်သွားတယ်။ ထုတစ်လက်မ၊ သုံးလက်မ ပတ်လည်လောက်ရှိတဲ့ ဒယ်ကြီးပေါင်း တစ်ခုစားလိုက်ရင် ဝမ်းအတော်ဆို့တယ်။ ဝမ်း ဆို့ တယ် ဆို တာ အဆာပြေတာကို ပြောတာ။ အတော်ဆို့တယ်ဆိုတာ အဆာအလွန်ပြေစေတာကိုပြောတာ။



ပဲမုန့်ဆုပ်ကိုတော့ ကြားဖူးတယ်။ မစားဖူးဘူးတဲ့။ ဆန်မှုန့်နဲ့ ကောက်ညှင်းမှုန့် ဆတူရော ထား တာ ထဲ ကို နတ်တော်ပဲပြုတ်ထည့်၊ ထွေးထွေးလေးဖြစ်သွားအောင် ရေနည်းနည်းချင်းထည့်ပြီး နယ်ပေးရတယ်။ ပြီးရင် လက်ထဲထည့်ပြီး အဆုပ်(အလုံး)လေးတွေ ဖြစ်အောင် လုပ်ကြရတယ်။ ပြီးတော့ ရေနွေးနဲ့ပေါင်းရတယ်။ ပဲမုန့်ဆုပ်ဖြစ်ရော။ အဲဒီပဲမုန့်ဆုပ်ကို ကတ်ကြေးလေးနဲ့ကိုက်ပြီး ဆီရွှဲရွှဲဆမ်း၊ ဆားဖြူးစားရင် အရသာရှိလှတယ်။

နေ့လယ်ခင်းအဆာပြေ ရေနွေးနဲ့မြည်းစရာတွေကတော့ ပြောင်းဖူးစေ့ပြုတ်၊ ဆန်လှော်၊ ပဲလှော်တွေပဲပေါ့။ ပြောင်းဖူးစေ့ပြုတ်က ပြောင်းဖူးအခြောက်စေ့ကို အိနေအောင်ပြုတ်ထားတာ။ ဆီရွှဲရွှဲဆမ်း၊ ဆားအနေတော်ဖြူးစားရင် ရေနွေးနဲ့လိုက်ဖက်ပါရဲ့။ ပြောင်းဖူးအရသာကိုခံစားရတယ်။ ဒါပေမဲ့ ပြောင်းဖူးအစိုလောက်တော့ မချိုဘူး။ ဆိမ့်တော့ဆိမ့်ပါရဲ့။ ဆန်လှော်ဆိုတာက ထမင်းခြောက်ကို ဆားနဲ့လှော်ထားတာကို ပြောတာ။ ထမင်းခြောက်က ဘုန်းကြီးကျောင်းဆွမ်းဘုဉ်းပေးပြီး၊ စည်ပရိသတ်ကိုကျွေးပြီး၊ ခွေးစာ၊ ငှက်စာကျွေးပြီး ပိုလျှံတဲ့ဆွမ်းတွေကို ဖျာကြမ်းသန့်သန့်ပေါ်ခင်းပြီး နေလှန်းထားတတ်ကြတယ်။ မြည်းခြင်နဲ့ရောင်းစားလို့ရတယ်။ တစ်ပြည်ဘယ်လောက်ပေါ့။

ဆန်လှော်ထဲကို ကုလားပဲဖြူလုံးလှော် နည်းနည်းထည့်ထားတတ်တယ်။ ကုလားပဲဖြူလုံးဆိုတာ ပဲခြမ်းခွဲတဲ့ ကုလားပဲမဟုတ်ဘူး။ ပဲခြမ်းခွဲလို့ရတဲ့ ကုလားပဲကို 'ကုလားပဲနီ'လို့ခေါ်ကြတယ်။ ကုလားပဲဖြူလုံးကို ကျွန်တော်တို့ဒေသမှာ စိုက်ပျိုးလေ့မရှိဘူး။ ကလေး၊ ကလေးဝဘက်က ထွက်တယ်။ ဆန်လှော်က ရွရွလေး၊ ကုလားပဲဖြူလုံးက ဆိမ့်ဆိမ့်လေး၊ ဆီရွှဲရွှဲဆမ်းပြီး ရေနွေးနဲ့မြည်းရင် အင်မတန်လိုက်ဖက်တယ်။ ပဲလှော်ဆိုတာက စွန်တာနီပဲကို ဆားနဲ့လှော်ထားတာကိုပြောတာ။ ပဲလှော်ကို ကြက်သွန်နီလှီးထည့်၊ နှမ်းလှော်လေးထည့်၊ ပူဒီနာရွက်လေးကိုက်ထည့်၊ ဆီရွှဲရွှဲဆမ်းပြီး နယ်၊ ရေနွေးနဲ့မြည်းရင် အရသာရှိလှတယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



သွားကောင်းဖို့တော့လိုတယ်။ ဆန်လှော်၊ ပဲလှော်၊ ပြောင်းဖူးပြုတ်တွေကို ခင်မွန်ရွာကနေ လာရောင်းတယ်။ အဲဒီမိန်းမကြီးရဲ့နာမည်ကို မှတ်မိပါသေးရဲ့။ ဒေါ်သိန်းခင်တဲ့။ ရှိရှာသေးလားမသိဘူး။ ရှိသေးရင်လည်း ဈေးတော့ရောင်းနိုင်တော့မယ်မထင်ဘူး။ အိုရှာရောပေါ့။

ကျွန်တော်တို့ဒေသမှာ သရေစာပေါတာကတော့ ဆောင်းရာသီပါပဲ။ ပဲစိမ်းစားဥ၊ ပဲမြစ်၊ ပိန်းဥ၊ထန်းပင်မြစ်၊ မုန့်ပေါင်း၊ စသည်ဖြင့်။ မုန့်ပေါင်း။ မုန့်ဦးနှောက်တို့က ဆောင်းရာသီမှလုပ်ပြီးရောင်းကြတယ်။ မုန့်ပေါင်း ဆိုတာ ငှက်ပျောရွက်နဲ့ထုပ်ထားတာလေ။ တွေ့ဖူးရဲ့မဟုတ်လား။ မုန့်ပေါင်းပူပူနွေးနွေးကို ဆီလေးဆွတ်၊ ဘူးသီးကြော်နဲ့စားရင် ဘယ်လိုလိုက်ဖက်မှန်းမသိဘူး။ ကောင်းမှကောင်း။ ထန်းပင်မြစ်ကိုတော့ ကျွန်တော်တို့က အလွယ်တကူ 'ထပေမြစ်'လို့ ခေါ်တတ်တယ်။ နံနက်ခင်းမီးလှုံရင်း ထန်းပင်မြစ်မီးဖုတ်စားကြတယ်။ ရုက္ခစိုးထန်းပင်မြစ်ဆိုတာရှိတယ်။ သူက ဖော်ရမယ့်ရက်ထက် ပိုထားတော့ ပိုလည်းရင့်တယ်၊ ပိုလည်းစေးတယ်။ ထန်းပင်မြစ်ဖုတ်ကို ဆားနဲ့ဆီရောထားတာနဲ့ တို့ပြီးစားရင် အရသာရှိတယ်။

ပိန်းဥကို အောက်ပြည်အောက်ရပ်နဲ့ ရန်ကုန်က ဟင်းချိုလုပ်ပြီး ဟင်းအဖြစ်စားတတ်ကြတယ်။ ကျွန်တော်တို့အရပ်က ပြုတ်သီးသရေစာအဖြစ် စားကြတယ်။ ဟင်းအဖြစ် စားလေ့စားထမရှိဘူး။ ပဲမြစ်ကိုတော့ ပြုတ်ရင် ကောက်ရိုးလေးနည်းနည်းထည့်ပြုတ်ရတယ်။ အဆိပ်အတောက်ပြေအောင်လို့တဲ့။ ပဲမြစ်က စားတာများရင် မူးမော်တတ်တယ်။ ရင်ပြည့်ရင်ကယ်ဖြစ်တတ်တယ်။ ပဲစိမ်းစားဥက ဥဥတဲ့ပဲပင်ပါပဲ။ အရွက်က စွန်တာနီပဲပင်၊ ထောပတ်ပဲပင်အရွက်နဲ့ တူတယ်။ ပဲစိမ်းစားဥကို ထယ်ထိုးဖော်ရတယ်။ ပိဿာချိန် ချိန်ပြီးရောင်းချတယ်။ သရေစာအဖြစ်ပဲ ရောင်းချတာပါ။

ပဲပြားကြော်၊ ညာတရာကြော်၊ မုန့်ဆီကြော်၊ မုန့်ဩဇာကြော်တို့ကတော့ ဘုရားပွဲရှိမှ၊ ဒါမှမဟုတ် နတ်ပွဲရောက်မှ စားကြရတယ်။ ပဲပြားကြော်ဆိုတာ ခင်ဗျားတို့ရန်ကုန်က မန္တလေးပဲကြော်လို့ ခေါ်ဝေါ်တဲ့အကြော်ကို ပြောတာ။ ဒါပေမဲ့ မန္တလေးပဲကြော်က ဆန်မှုန့်များလို့တောင့်ပြီးနေတယ်။ ကျွန်တော်တို့ဆီက ပဲပြားကြော်က ကောက်ညှင်းမှုန့်များတော့ ပျော့ပြီးအိနေတယ်။ လိပ်ပြီး စားလို့ရတယ်။ လက်ကြားမှာလည်း ဆီတွေယိုစီးလာလိမ့်မယ်။ ညာတရာကြော်ဆိုတာက ထန်းလျက်နဲ့ ဆန်မှုန့်ရောထောင်းတာကို ရေလေးနည်းနည်းချင်းထည့်ပြီး နယ်ရတယ်၊ နယ်တာနာလေ မုန့်ကောင်းလေပဲ။ ဆန်မှုန့်တစ်ပြည်ဆို ထန်းလျက် ဘယ်နှပိဿာထည့်ရမယ်ဆိုတဲ့ အချိုးအစားကရှိပြီးသား။

ထန်းလျက်ကလည်း ခင်ဗျားတို့စားနေတဲ့ ဖြူဖြူလုံးလုံး သေးသေးမဟုတ်ဘူး။ မုန့်လုပ်တဲ့ထန်းလျက်ဆိုပြီး လက်သီးဆုပ်လောက်ရှိတဲ့ မည်းမည်းအလုံးကြီးတွေ။ အရာတော်မြို့နယ်၊ ဝါးတောမရွာကထွက်တယ်။

> ညာတရာကြော်ရင် ရွာအပြင်သစ်ရိပ်ကောင်းကောင်းမှာ ထွက်ပြီးကြော်ကြတယ်။ ညှော်နံ့ညှော်မှာစိုးလို့။ မုန့်လုံးတဲ့သူက တစ်ယောက်၊ မုန့်ပြားပြီး ဆီထဲထည့်တာက တစ်ယောက်၊ မုန့်ဆယ်တဲ့သူကတစ်ယောက်၊ သုံးယောက်ဆိုရပြီ။ မုန့်လုံးလေးတွေကို နှမ်းလှော်လေးတို့ပြီး ငှက်ပျောရွက်ပေါ် ပြားရတယ်။ ပြီးရင် ဆီအိုးထဲလျှောထည့်လိုက်တယ်။ နယ်သားကောင်းရင် မုန့်က ဖောင်းနေတတ်တယ်။ ဘုရားပွဲ မုန့်ပေါက် ဖို့၊ နတ်ပွဲလာတဲ့သူတွေကျွေးဖို့၊ လက်ဆောင်ပေးဖို့ ညာတရာကိုကြော်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မုံ့ရှာပွဲရုံတင်ရင် သံစည်ပိုင်းထဲထည့်ပြီး တင်ပို့တတ်တယ်။ မငိုအောင်ထင်ပါရဲ့၊ ထန်းလျက်က ရာသီဥတု စိုထိုင်းရင် အစိုပြန်ပြီး အရည်ပျော်တတ်တယ်။ အဲဒီလို အစိုပြန်ပြီး အရည်ပျော်တာကို 'ငိုတယ်'လို့ သုံးနှုန်းပြောဆိုတယ်။ ထန်းလျက်နဲ့ဆန်မှုန့်ထောင်းပြီးနယ်ပြီးရင် ဇလုံထဲထည့် တစ်ညသိပ်၊ နှစ်ညသိပ်နှပ်ထားရတယ်။ ဗလုံစီလေးတွေ တက်လာလိမ့်မယ်။ ဗလုံစီလေးတွေ များများတက်လေ ကောင်းလေပဲ။ နယ်တာကောင်းလို့ ဗလုံစီတက်တာ။ အဲဒါကို 'ပေါက်'တယ်လို့ သုံးနှုန်းတယ်။

ညာတရာကြော်ရင် ရွာအပြင်သစ်ရိပ်ကောင်းကောင်းမှာ ထွက်ပြီးကြော်ကြတယ်။ ညှော်နံ့ညှော်မှာစိုးလို့။ မုန့်လုံးတဲ့သူက တစ်ယောက်၊ မုန့်ပြားပြီး ဆီထဲထည့်တာက တစ်ယောက်၊ မုန့်ဆယ်တဲ့သူကတစ်ယောက်၊ သုံးယောက်ဆိုရပြီ။ မုန့်လုံးလေးတွေကို နှမ်းလှော်လေးတို့ပြီး ငှက်ပျောရွက်ပေါ် ပြားရတယ်။ ပြီးရင် ဆီအိုးထဲလျှောထည့်လိုက်တယ်။ နယ်သားကောင်းရင် မုန့်က ဖောင်းနေတတ်တယ်။ ဘုရားပွဲ မုန့်ပေါက်ဖို့၊ နတ်ပွဲလာတဲ့သူတွေကျွေးဖို့၊ လက်ဆောင်ပေးဖို့ ညာတရာကိုကြော်ကြတယ်။ ညာတရာကြော်က အိုးလုံလုံထဲထည့်ပြီးထားရင် နှစ်ပေါက်ခံတယ်။ အရသာမပျက်ဘူး။ ရွတာမပျက်ဘူး။ ညာတရာကြော်ကို လုပ်ပြီးရောင်းတဲ့သူလည်းမရှိဘူး။ ကျွန်တော်တို့အရပ်ဒေသနယ်ရဲ့ ကိုယ်ပိုင်မုန့်လို့ပြောရမယ်ထင်တယ်။ အချိုမကြိုက်တဲ့သူတွေကတော့ ညာတရာကြော်ကို နှစ်သက်လိမ့်မယ်မဟုတ်ပေဘူး။

မုန့်ဆီကြော်က ကောက်ညှင်းမှုန့်စွက်ရတယ်။ 'စွက်'ရတယ်ဆိုတာ ရောနှောတာကိုပြောတာ။ ဆန်မှုန့်ထဲ စွက်ရတယ်။ ညာတရာအကြီးစားလို့ပြောရင်ရမယ်ထင်တယ်။ ညာတရာက ရေနွေးပန်းကန်ဝလောက်ပဲရှိတယ်။ မုန့်ဆီကြော်က ထမင်းစားပန်းကန်တစ်ချပ်စာလောက်ရှိတယ်။ မုန့်ဆီကြော်မှာ နှမ်းမဖြူးဘူး။ မြေပဲလှော်ခြမ်းနဲ့ အုန်းသီးစိတ်ပါးပါးဖြူးတယ်။ ကောက်ညှင်းပါတော့ ပျော့အိနေတယ်။ ဆီလည်းပိုကုန်တယ်။ မြို့သူတွေကတော့ လက်ချောင်းလေးတွေကြား ဆီတွေယိုစီးပြီး အလှပျက်မှာမို့ စားကြလိမ့်မယ်မထင်ဘူး။ စားဖူးရင်တော့ ထပ်စားချင်မှာအမှန်ပါပဲ။

မုန့်ဩဇာဆိုတာက ရန်ကုန်က စာကလေးခွေကြော်လိုဟာမျိုးကိုပြောတာပါ။ ဒါပေမဲ့ နန်းလည်းပိုတုတ်တယ်။ အရွယ်လည်းပိုကြီးတယ်။ ထမင်းစားပန်းကန်တစ်ချပ်ဆို မုန့်ဩဇာတစ်ခုပဲထည့်လို့ရမယ်။ သူက ကုလားပဲမှုန့်ကိုအရည်ဖျော်ပြီး အပေါက်ဖောက်ထားတဲ့ ခွက်ထဲထည့်ပြီး ခွက်နဲ့အံကိုက် သစ်သားလုံးနဲ့ ဆီဒယ်ထဲထည့်ကြော်ရတယ်။ ကုလားပဲမှုန့်အရည်ဖျော်တာက အဓိကပဲ။ ပျော့လွန်းမနေရဘူး။ မာလွန်းမနေရဘူး။ မုန့်ဩဇာကြော်တာကိုတော့ ငှားရမ်းရတယ်။ ကုလားပဲမှုန့်တစ်ပိဿာကြော်ရင် ဘယ်လောက်စသည်ဖြင့်။ ကုလားပဲမှုန့်ကိုကြော်ထားတော့ ဆိမ့်ဆိမ့်၊ ရွရွလေး စားရတာကောင်းတာပေါ့။ မုန့်ဩဇာကို ကျွန်တော်တို့ရွာက တပေါင်းလပြည့် ဘိုးတော်မြင်းဖြူရှင်နတ်ပွဲမှာ ဧည့်ကျွေးဖို့၊ လက်ဆောင်ပေးဖို့ တစ်နှစ်တစ်ခါပဲ ကြော်တတ်ကြတယ်။

မုန့်ဩဇာကိုချိုးခြေပြီး ကြက်သွန်နီလှီးထည့်၊ ဆီရွှဲရွှဲဆမ်း၊ ရေနွေးနဲ့မြည်းရင်လည်း 'သူကြီးမရှိတော့ ရွာဆူ၊ အမြည်းမရှိတော့အာပူ' မဖြစ်တော့ဘူးပေါ့။ တချို့က မုန့်ဩဇာကို ဟင်းအဖြစ်ချက်စားကြတယ်။ ကုလားပဲဆန်ချက်အတိုင်း အရသာရှိတယ်လေ။ ညာတရာနဲ့ မုန့်ဩဇာစားချင်ရင်တော့ ရွာနတ်ပွဲတပေါင်းလပြည့်နေ့ပြန်ရင် သေချာပေါက်စားရပေလိမ့်မယ်။ ကျွန်တော်တို့ရွာနတ်ပွဲက ရွာခံလူတွေနဲ့နတ်နဲ့တော့မဆိုင်လှပေဘူး။ ဒါပေမဲ့ တစ်ရွာတစ်ပြည်ရောက်နေတဲ့ ဆွေမျိုးတွေက နတ်ပွဲကျမှ ရွာရောက်လာတတ်ကြတယ်။ ကျွန်တော်တို့ရွာနတ်ပွဲကလည်းခရစ်ယာန်တွေ ခရစ္စမတ်ပွဲကျ ဆွေမျိုးတွေဆုံကြသလိုဆွေမျိုးတွေ အစုံတွေ့ချင်ရင် နတ်ပွဲမှာတွေ့နိုင်တယ်။ ကျွန်တော်က နတ်ကိုမယုံကြည်ပေမယ့် ရွာနတ်ပွဲကိုတော့ နှစ်စဉ်လိုလိုရောက်နေဖြစ်တယ်။ မုန့်ဩဇာ၊ ညာတရာစားရင်း၊ ဆွေမျိုးတွေတွေ့ဆုံရင်း ဆိုပါတော့. . ။ ။

**ကိုလေးမြင့်**

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ

➤ ဦးတင်မြင့်(စစ်ငြိမ်းပန်း) မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ အကဲဖြတ်အဖွဲ့ဝင်



ပထမ - သန့်ဇင်

လစဉ်
ပြင်ပရိုက်ကူးရေး
အစီအစဉ်(အကြီးတန်း)
ဆိုးစဉ် - ဖဲဒူး
ပြိုင်ပွဲဝင်ပုံပေါင်း - ၆၄ ပုံ

ဆုရပုံသည် မြန်မာနိုင်ငံဓာတ်ပုံအသင်း Outing ထွက်တိုင်း မကြာခဏတွေ့မြင်ရိုက်ကူးယှဉ်ပြိုင်ကြပြီး ဆုများ မကြာခဏရရှိထားသောပုံမျိုးဖြစ်ပါသည်။ ပုံသည် တဲပြတင်းပေါက်ဖရိုဖရဲကြားမှ မောင်နှမနှစ်ဦး အပြင်သို့လှမ်းကြည့်စဉ် ရိုက်ကူးထားသောပုံဖြစ်ပါသည်။ သဘာဝကျပြီး ကျေးလက်လူနေမှုဘဝသရုပ်ဖော်ပုံပင်ဖြစ်ပါသည်။ အဖြတ်အတောက်ကောင်းမွန်ပါသည်။ Exposure မှန်ကန်မှုရှိပြီး အမှောင်တွင်းမှ အနုစိတ်လက္ခဏာများပေါ်လွင်နေပါသည်။ ကလေးငယ်၏သမ်းဝေနေပုံကို အမိအရရိုက်ကူးထားနိုင်သဖြင့် ပုံမှာ ပိုမိုဆွဲဆောင်မှုဖြစ်ပေါ်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယ - သွယ်သွယ်တွန်း



ဆုရပုံသည် ပဲခူးခရိုင်စဉ့်တွင်မြင်တွေ့နေကျ ဘုရားလိုဏ်ဂူအတွင်း ဘုရားဖူးအမျိုးသမီးငယ်တစ်ဦး ဘုရားဖူးနေဟန်ကို အနီးအဝေးအမြင် (Perspective View)ဖြင့် ရိုက်ကူးထားပါသည်။ Exposure ကို နိုင်နိုင်နင်းနင်း ဖမ်းယူထားသောပုံဖြစ်ပါသည်။ နံရံမှ ဖယောင်းတိုင်မီးများက သမားရိုးကျမြင်နေကျမြင်ကွင်းကို ဆန်းသစ်ထားနိုင်သည်ကို တွေ့ရပါသည်။ ဂူဝင်ပေါက်မှ အလင်းအနည်းငယ်များသည်ဟု ခံစားမိပါသည်။ အဖြစ်အတောက် ကောင်းမွန်ပါသည်။

## တတိယ - ကျော်မြင့်သန်း



ဆုရပုံသည် ပဲခူးမြို့အဝင် ကျိုက်ပွန်ဘုရားကြီးပေါ်တွင် ကိုရင်ငယ်တစ်ပါး စာဖတ်နေဟန် စီစဉ်ဖန်တီးရိုက်ကူးထားကြောင်း တွေ့ရသည်။ ဘုရားကြီး၏သင်္ကန်းတော် လှိုင်းအတွန့်များကို လုံးကြွအောင် ဖမ်းယူထားပါသည်။ သင်္ကန်းတော်လှိုင်းအတွန့်များကို ခတ်ပုံဖွဲ့စည်းမှုရယူထားသည်ကို တွေ့ရပါသည်။ မကြာခဏရိုက်ကူးယှဉ်ပြိုင်ကြသော်လည်း အဖြစ်အတောက်၊ အယူအဆ မတူကွဲပြားသောပုံကြောင့် ဆုကြီးရရှိခြင်းပင်ဖြစ်ပါသည်။ အဖြစ်အတောက် ကောင်းမွန်ပါသည်။



ပထမ – အောင်မြင့်ထွေး

အကြီးတန်း
စံပြအလှမယ်
ရောင်စုံဓာတ်ပုံပြိုင်ပွဲ
ပြိုင်ပွဲဝင်ပုံပေါင်း – ၆၉ ပုံ
စံပြမယ် – မှုန့်သဇင်မောင်

ဆုရပုံသည် စံပြမယ်၏မျက်နှာကို အနီးကပ်ဖြတ်ယူရိုက်ကူးထားပါသည်။ စံပြမယ်၏အလှကို ရှုထောင့်အမျိုးမျိုးမှလှည့်ပတ်ကြည့်ပြီး အလှဆုံးဟု ထင်မှတ်သည့်နေရာကို ပညာသားပါပါဖြတ်တောက်ရိုက်ကူးထားသည်ကို တွေ့ရသည်။ ရိုက်ကူးသူ၏စိတ်ကူးကောင်းမှုကြောင့် သာမန်လှပသော စံပြမယ်သည် နှစ်လိုဖွယ်ပုံရရှိခြင်းဖြစ်သည်။ အလင်းပြေပြေတွင် ရုပ်လုံးကြွအောင် ရိုက်ကူးထားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ – နိုင်လင်းထွန်း



ဆုရပုံသည် စံပြမယ်၏ကိုယ်ဟန်သုံးပုံနှစ်ပုံခန့်ကို ဖြတ်တောက်ရိုက်ကူးထားပါသည်။ စံပြမယ်ကို ကိုယ်နေဟန်ထားလုပ်ခိုင်းပြီး မိမိလိုချင်သည့်ရိုက်ထောင့်ရစဉ် အလျင်အမြန်ခလုတ်နှိပ်နိုင်ဖို့လိုပါသည်။ ယခုပုံသည် စံပြမယ် ပို့စ်ယူစဉ် အနည်းငယ်အီသွားချိန်ရိုက်မိလိုက်သဖြင့် စံပြမယ်၏စိတ်ခံစားမှု (Emotion) ပေါ်လွင်မှု လျော့နည်းနေသည်ကို တွေ့ရပါသည်။ စိတ်ခံစားမှုအမြင့်ဆုံးအမှတ်ရောက်ရှိချိန် ဖမ်းယူရိုက်ကူးနိုင်ပါက ယခုထက်မက ဆုကြီးရနိုင်ပါသည်။



တတိယ – မြတ်မင်းဇော်

ဆုရပုံသည် စံပြမယ်၏တစ်ကိုယ်လုံးပုံဖြစ်ပါသည်။ စံပြမယ်သည် ကျောက်ခုံစွန်းတွင် ထိုင်လျက်အနေအထားဖြစ်သည်။ အလင်းရောင်ပြေပြေတွင် အနုစိတ်များပေါ်လွင်အောင် ရိုက်ထားနိုင်ပါသည်။ နောက်ခံအိမ်ခေါင်မိုးတစ်ဝက်တစ်ပျက်က မြင်ကွင်းကို အနှောင့်အယှက်ဖြစ်စေသည်။ စံပြမယ်၏ ကိုယ်ဟန်အနည်းငယ်တောင့်တင်းနေပုံရသည်။ စံပြမယ် Mood သွင်းထားစဉ် ကြာမြင့်ချိန်တွင် ရိုက်လိုက်သဖြင့် တစ်ဝက်တစ်ပျက်အပြုံးကိုဖြစ်ပေါ်စေပါသည်။ စံပြမယ်၏ Mood သွင်းချိန် စိတ်ခံစားမှု (Emotion) အမြင့်ဆုံးအချိန်တွင်ရိုက်နိုင်ပါက သက်ဝင်လှုပ်ရှားသောပုံကိုရရှိမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





ပထမ - ဝင်းစန္ဒာအောင်

သင်တန်းသား
**Outing**
ပဲခူးခရီးစဉ်
အဖြူ အမည်း ဓာတ်ပုံပြိုင်ပွဲ
ပြိုင်ပွဲဝင်ပုံပေါင်း – ၁၃၂ ပုံ

ဆုရပုံသည် ပဲခူးမြို့အဝင် ကျိုက်ပွန်ဘုရားကြီး၏ ရင်ပြင်တွင် ရဟန်းတစ်ပါး ဘုရားရှိခိုးပူဇော်နေဟန်ကို ရုံထားသောသက်န်းတော်၏ လှိုင်းအတွန့်နှင့် လက်တော်သက်န်းမှ အရစ်များအကြားတွင် ထားရှိရိုက်ကူးထားပါသည်။ ရင်ဘတ်တော်တွင်ချထားသော သင်္ကန်းလှိုင်းအတွန့်များပေါ်လွင်ပြီး ဓာတ်ပုံအထားအသိုနေရာချထားမှုမှန်ကန်ကြောင်း တွေ့ရသည်။ အဖြူအမည်းဖြစ်၍သာ ပုံမှာ သာမန်မြင်တွေ့ရသော်လည်း ရောင်စုံဖြစ်ပါက ပိုမိုကောင်းမွန်သောပုံကို ရရှိမည်ဖြစ်ပါသည်။ ဓာတ်ပုံနေရာချထားမှု(Placing) မှန်ကန်ခြင်းကြောင့် ပုံကို ဆွဲဆောင်မှုဖြစ်ပေါ်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ - နေခြည်သွင်

ဆုရပုံသည် ပဲခူးမြို့ ရွှေဂူလေးဘုရားလိုဏ်ဂူအတွင်း ရှင်သာမဏေနှစ်ပါး ဘုရားရှေ့တွင် ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် ပူဇော်ရှိခိုးနေဟန်ကို စီစဉ်ရိုက်ကူးထားကြောင်း တွေ့ရပါသည်။ ဘုရားဂူဝင်ပေါက်မှဝင်ရောက်လာသောအလင်းရောင်နှင့် ထွန်းညှိထားသော ဖယောင်းတိုင်မီးများကြောင့် ပုံကို လုံးကြွမှုဖြစ်ပေါ်စေပါသည်။ အမှောင်တွင်းမှ ရုပ်ပွားတော်များ ပေါ်လွင်မှုရှိပါသည်။



ကူးရဲ့စဉ် အလယ်တွင် Burning Tool ကို အသုံးပြုပေးပါက မျက်နှာမူထားသော ကိုရင်၏မျက်နှာ ပိုမိုပေါ်လွင်မည်ဖြစ်ပါသည်။

တတိယ - မိုးဇော်ဦး



ဆုရပုံသည် ပဲခူးမြို့သို့ မကြာခဏ Outing ထွက်စဉ် ရိုက်ကူးယူဉ်ပြိုင်နေကျနေရာဖြစ်သည်။ ရုပ်တော်မှုဘုရားများရှေ့တွင် ရှင်သာမဏေသုံးပါး အပြေးအလွှားလာစဉ် Mood ကို အမိအရဖမ်းယူရိုက်ထားနိုင်ပါသည်။ ရုပ်တော်မှုဘုရားများကို ပုံ၏ထောင့်ဖြတ် Composition ရယူထားပြီး ရှေ့မြင်ကွင်း ညာဘက်ထောင့်ကွက်လပ်ကို ရှင်သာမဏေများဖြင့် ဖြည့်စွက်ထားတာ လေထဲဝဲပျံနေစဉ် အမိအရဖမ်းယူထားပါသည်။ ပြတ်သားမှုရှိပြီး အဖြတ်အတောက်ကောင်းမွန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသား
စံပြအလှမယ်
ရောင်စုံဓာတ်ပုံပြိုင်ပွဲ
ပြိုင်ပွဲဝင်ပုံပေါင်း - ၁၃၅ ပုံ



ပထမ - နုနုဆန်း

ပထမဆုရပုံမှာ စံပြမယ် သော်သော်လမင်း၏ပုံ ဖြစ်ပါသည်။ စံပြမယ်၏ကိုယ်ဟန် သုံးပုံနှစ်ပုံကို ဒူးအထက်မှ ဖြတ်တောက်ရိုက်ကူးထားပါသည်။ အလင်းရောင်ပြေပြေတွင် နောက်ခံ (background) လုံလုံနှင့် ရိုက်ကူးနိုင်သဖြင့် ပုံမှာ ပြေပြစ်လှပနေပါသည်။ အရိပ်ပိုင်းတွင်ပင် အနုစိတ်လက္ခဏာများ ပေါ်လွင်နေပါသည်။ ကိုယ်ဟန်အချိုးကျနမှုကို အမိအရဖမ်းယူနိုင်ပါသည်။ စံပြမယ်မှာ သာမန်အနေအထားကိုယ်ဟန်ဖြစ်သော်လည်း စံပြမယ်၏ Mood ကို ဖမ်းယူနိုင်သည်ကို တွေ့ရပါသည်။ နှစ်လို့ဖွယ်ပြုံးနေစဉ် Emotion ကို ရယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### ဒုတိယ - မင်းသိန်းကျော်



စံပြမယ် နန်းသန်းသန်းစိုး၏ ကိုယ်တစ်ပိုင်းပုံဖြစ်ပါသည်။ အရိပ်ထဲတွင် နောက်ခံလုံလုံရယူပြီး ရှေ့တည့်တည့်မှရိုက်ကူးထားပါသည်။ အဖြည့်အလင်းပေးနိုင်ပါက ပိုမိုအောင်မြင်ပါမည်။ ပင်မ Main Subject တွင် ပန်းချုံပင်နှင့် စံပြမယ်ကိုထားပြီး နောက်ခံအား ဝေးဝေးသို့ထား၍ ရိုက်ကူးထားခြင်းကြောင့် ရှေ့နောက်ကွဲပြားမှုရှိသည်။ စံပြမယ်၏ နှစ်လိုဖွယ် အပြုံးရရှိချိန်တွင် အမိအရရိုက်ကူးနိုင်သဖြင့် သက်ဝင်လှုပ်ရှားသောပုံကိုရရှိခြင်းဖြစ်သည်။ ပန်းချုံပေါ်တွင်တင်ထားသော ညာဘက်လက်သည်ငုံးတိတိသာပေါ်လွင်နေသည်ကို သတိထားသင့်ပါသည်။ ညာလက်ဖျံတစ်ဝက်တစ်ပျက် ပေါ်လွင်ဖို့လိုပါသည်။



### တတိယ - ထိုက်လင်းအောင်

ထိုက်လင်းအောင်၏ပုံမှာ စံပြမယ် သော်သော်လမင်း၏ ကိုယ်တစ်ပိုင်းကို ရိုက်ထားပါသည်။ စံပြမယ်၏ ပခုံးတချို့တစ်ဝက်သာ ပေါ်လွင်နေသည်ကို ရှောင်ရှားသင့်ပါသည်။ လက်တစ်ဖက်က ပခုံးပေါ်တင်ထားဟန်မျိုး၊ လက်နှစ်ဖက်မေးထောက်သည့်ဟန်မျိုး ရိုက်သင့်ပါသည်။ အလင်းရောင်ကျဆင်းမှုနှင့် ကူးရှဲ့မှုကောင်းမွန်ပြီး စံပြမယ်၏အပြုံးကို အမိအရဖမ်းယူနိုင်၍သာ ဆုရရှိခြင်းဖြစ်သည်။ ယခုလို လိုင်စင်ဓာတ်ပုံနှင့်သဏ္ဍာန်တူ ရိုက်ကူးဖြတ်တောက်မှုကို ရှောင်ရှားသင့်ပါသည်။ ။

**ဦးတင်မြင့်(စစ်ငြိမ်းဝန်း)**
**မြန်မာနိုင်ငံဓာတ်ပုံအသင်း**
**အတဲဖြတ်အဖွဲ့ဝင်**

www.burmeseclassic.com

www.burmeseclassic.com





အာဂရာခံတပ်မှမြင်တွေ့ရသော ယမုန်နာမြစ်ကူးတံတား

➤ မောင်မိုးယံ

# ဧရာဝတီမှ နေရဉ္ဇရာသို့(၁၈)

**အာဂရာမှ သက်သာနဝိုရ်သို့**

ကျွန်တော်တို့ခရီးသွားအဖွဲ့ မွန်းလွဲ ၂ နာရီတွင် အာဂရာမြို့ခံတပ်အဆောက်အအုံကြီးမှ ထွက်ခဲ့ကြသည်။ ခံတပ်ရှေ့ အပေါက်ဝမှ ကားထွက်ပြီး ခံတပ်ကြီးကို လှေလာ၍ အားမရသောစိတ်ဖြင့် ကြည့်လာခဲ့ရာ အနီရောင်အာဂရာခံတပ်(Red Fort)ကြီးသည် ထုထည်ကြီးမားစွာ၊ အတားအဆီးများစွာက ရန်သူကို ကောင်းစွာ ဟန့်တားနိုင်သလို မိမိလုံခြုံမှုကို အကာအကွယ်ပေးနိုင်သည့်ခံတပ်ကြီးအဖြစ် မြင်မိသည်။ အနီရောင်သဲကျောက်တို့ဖြင့်ဆောက်လုပ်ထားသော ခံတပ်ကြီးမှာ အမြင့်ပေ ၇၀ ခန့်ရှိပြီး ယမုန်နာမြစ်ကို ကျောပေးလျက် သုံးမြောင့်ပုံသဏ္ဌာန်ဆောက်လုပ်ထားကြောင်း တွေ့ခဲ့ရသည်။ သို့သော် ဘယ်လိုပင် ခံတပ်ကြီးတွေကကြီးမားပြီး အခက်အခဲ အတားအဆီးတွေ ဆောင်ရွက်ထားပါစေ၊ မြန်မာနိုင်ငံက မင်းလှခံတပ်၊ အင်းဝခံတပ်၊ ဓွေးချောင်းခံတပ်တွေ ဧရာဝတီကို ရှေ့ကာလုပ်ပေမယ့်လည်း စည်းလုံးညီညွတ်မှုမရှိသဖြင့် စစ်ရှုံး၊ တိုင်းပြည်ဆုံးကာ ကျွန်ဘဝရောက်ရသောသာဓကကို မျက်မြင်ကိုယ်တွေ့ မြန်မာနိုင်ငံဖြစ်သည်။ ထို့အတူ အိန္ဒိယနိုင်ငံသည်လည်း သူ့ကျွန်ဘဝရောက်ခဲ့ရသည်။

ကျွန်တော်တို့ အာဂရာမြို့ကိုဖြတ်စဉ် ကားလမ်းမှကြည့်လာခဲ့ရာ အလွန်သန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ဘောလမ်းနှင့် အိမ်ရာများ၊ ခရစ်ယာန်ဘုရားကျောင်း၊ ဗလီ၊ ဟိန္ဒူဝတ်ကျောင်းတို့ကိုတွေ့ခဲ့ရသည်။ ထူးခြားတာက ဗုဒ္ဓဘာသာ သမိုင်းအမွေတစ်ခုမျှမတွေ့ခဲ့ရပေ။ အခြားသော ရှေးဟောင်းသမိုင်းဝင်ထင်ရှားသော အဆောက်အအုံများဖြစ်သည့် အီမတ်ဦဒါလာ (Itmad-ud-Daulah)၊ စင်ကန်ဒရာ (Sikandra)၊ ဖာတက်ပါစီကရီ (Fatehpur Sikri) စသည့် မူဂါအင်ပါယာခေတ်ဦးပိုင်း၊ ၁၆ ရာစုကာလ မှတ်စလင်အဆောက်အအုံများသည် အာဂရာမြို့တစ်ဖက်ကမ်းနှင့် မြို့ပြင်၌ရှိနေ၍မရောက်ခဲ့ရပေ။ အာဂရာ


အာဂရာခံတပ်သို့လာရောက်ကြသော နိုင်ငံခြားသား ခရီးသွားများ


အာဂရာခံတပ်သို့ လာရောက်လေ့လာကြသူများ

မြို့သည် အိန္ဒိယနိုင်ငံတွင် ခရီးသွားဧည့်သည်များ နေ့စဉ် သိန်းနှင့်ချီကာဝင်ရောက်နေသောမြို့ကြီးဖြစ်၍ ဒေါ်လာနှင့် ယူရိုငွေများစွာရရှိနေသောမြို့ဖြစ်သည်။

ကျွန်တော် အာဂရာနှင့် နယူးဒေလီမြို့ကြီးများကို ဖြတ်သန်းလည်ပတ်စဉ် မတွေ့ရသောအဆောက်အအုံမှာ ဗုဒ္ဓဘာသာစေတီပုထိုးနှင့် ဘုန်းတော်ကြီးကျောင်းများဖြစ်သည်။ အသောကမင်းတရားကြီးသည် စစ်ဘုရင်တစ်ဦး၊ ရက်စက်သူတစ်ဦးအဖြစ် ရန်သူမှန်သမျှကို ရှင်းလင်းသုတ်သင်ပြီး ဗုဒ္ဓခေတ်ထွန်းလင်းစေခဲ့သော်လည်း ဤဒေသတွင် ဗုဒ္ဓခြေရာမှမပြခဲ့၍လည်း သမိုင်းအမွေမထားခဲ့ခြင်းဖြစ်ပေမည်။ အသောကမင်းတရားသည် ဘာသာပေါင်းစုံကိုးကွယ်ခွင့်ပြုခဲ့သော မင်းဖြစ်၍လည်း ဟိန္ဒူနှင့် ဗြာဟ္မဏ၊ ရှိဝတို့ မပျောက်မပျက်ကျန်ရှိနေခြင်းဖြစ်သည်ဟုလည်း တွေးမိလိုက်သည်။ အမြစ်ပါမကျန်အောင် ဆွဲမနုတ်ခဲ့သော ဗြာဟ္မဏဝါဒ၊ အတ္တဝါဒဂိုဏ်းများသည် ပြန်လည်ကြီးထွားရှင်သန်လာချိန်တွင် ဗုဒ္ဓဝါဒထွန်းကားသောနေရာများစွာကို ဖျက်ဆီးခြင်း၊ သတ်ဖြတ်ခြင်းများက မူလဘူတအတ္တဝါဒဂိုဏ်းတို့ ပြန်လည်လက်စားချေခြင်းဖြစ်ပေလိမ့်မည်ဟု တွေးမိပြန်သည်။ သမိုင်းဆိုသည်ကား ကလဲ့စားချေတတ်သော သံသရာဇာတ်ထုပ်ကြီးပါလားဟုလည်း စဉ်းစားမိသည်။

အိန္ဒိယနိုင်ငံခရီးစဉ်တွင် နယူးဒေလီနှင့် အာဂရာမြို့များ၌လည်းကောင်း၊ မြို့ငယ်များ၌လည်းကောင်း ဖြတ်သန်းသွားစဉ် ထူးခြားမှုမှာ အရက်ဆိုင်၊ ဘီယာဆိုင်များ၊ လက်ဖက်ရည်ဆိုင်ကြီးများမတွေ့ရခြင်းပင်ဖြစ်သည်။ တစ်ချိန်က အရက်ကြောင့် အိန္ဒိယနိုင်ငံတွင် အလုပ်တာဝန်ပျက်ကွက်မှု၊ လူသတ်မှု၊ မုဒိမ်းမှုများဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပွားကာ ထောင်မဆံ့အောင် ဖြစ်မှုများ ခဲ့သည်။ ယခုတိုင် မွမ်ဘိုင်း၊ ကိုးလ်ကတ္တားတို့တွင် အရက်ဆိုင်များရှိနေသေးသည်ဟုဆိုသည်။ သို့သော် နယူးဒေလီ၊ အာဂရာနှင့် မြောက်ပိုင်းဒေသမြို့များတွင် အရက်ရောင်းချခွင့်ကို တားမြစ်ချက်ရှိပြီး သတ်မှတ်ထားသော ညနေအချိန်တွင် ခွင့်ပြုသောဆိုင်၌ ပက်ချိန်ဖြင့်သာ ဝယ်ယူရသည်ဟုဆိုသည်။

ကျွန်တော် နယူးဒေလီတွင် ညနေပိုင်း လမ်းလျှောက်ရင်း ဘီယာ၊ အရက်ဆိုင်ရှာကြည့်ရာ မတွေ့ခဲ့ရပေ။ ဟိုတယ်ပိုင်ရှင်ကတော့ သောက်လိုလျှင် ဟိုတယ်အတွင်းပိုင်းမှာ ခွက်ဖြင့်သာ အနည်းငယ်ရနိုင်သည်။ ပုလင်းလိုက်မရောင်းပါဟု ဆိုသည်။ ကျွန်တော်တို့နိုင်ငံနှင့်တော့ ကွာလှသည်။ လေဆိပ်တွင် duty free alcohol အရက်ပုလင်းမျိုးစုံကို ဝယ်နိုင်သလို မြို့ရွာနေရာအနှံ့၊ လမ်းအတော်များများတွင် ဘီယာဆိုင်ကြီးများ၊ အရက်ဆိုင်ကြီးများ၊ ကာရာအိုကေဆိုင်၊ စင်တင်တေးဂီတဆိုင်၊ ဂေါက်ကွင်းများ၌ လိုသလိုကြိုက်သလို သောက်သုံးနိုင်သောအခွင့်အရေးရရှိနေသည်။ အဆိုးဆုံးက အသက်အရွယ်မရွေး ဘီယာ၊ အရက်ဝယ်ယူခွင့်ရရှိနေခြင်း၊ သောက်သုံးနေကြခြင်းကို တားမြစ်ထားသော ဥပဒေမရှိခြင်းဖြစ်သည်။ Under 18 No Admission ဆိုသောစာတန်းများ အချို့သောနိုင်ငံအတော်များများတွင် ချိတ်ဆွဲထားသော်လည်း မြန်မာနိုင်ငံတွင်မူ ကျေးရွာမလေ့ ထန်းတောကအစ အရက်ဖြူချက်သောလုပ်ငန်း၊ စက်ရုံကြီးများအထိ ကြီးမားသည်ထက် ကြီးမား



အာဂရာခံတပ်ကြီးကို လမ်းပေါ်မှ မြင်တွေ့ရစဉ်



အာဂရာခံတပ်မှမြင်တွေ့ရသော တာ့ဂျ်မဟာဂူဗိမာန်

လာသည်မှာ တိုင်းပြည်၏ကျရှုံးလက္ခဏာဟု သုံးသပ်မိသည်။

မြန်မာနိုင်ငံတစ်ဝန်း အရက်၊ ဘီယာကို လွတ်လပ်စွာရောင်းချခွင့်မပြုဘဲ လိုင်စင်လျှောက်ထားရသည်ဆိုသော်လည်း လွတ်လပ်စွာလိုင်စင်ရသောအဆင့်အထိ ခွင့်ပြုနေခြင်းကလည်း လူငယ်များစွာအတွက် အရက်ကျေးကျွန်ဖြစ်စရာ လမ်းစရောက်နေကြသည်။ ရုံးဆင်းလျှင် စည့်ခံမည့်သူရှိလျှင်ရှိ မရှိလျှင် စုဖွဲ့စားသောက်တတ်သော ရုံးဝန်ထမ်းများ၊ အလုပ်သမားများက ဘဝအပန်းဖြေရာအဖြစ် အခွင့်အရေးရကာ စုဖွဲ့စားသောက်နေကြသည်။ ထိုသို့သောလွတ်လပ်ခွင့်သည် တိုင်းပြည်ဆုတ်ယုတ်ခြင်းလက္ခဏာဖြစ်သည်။ တိုင်းပြည်ထူထောင်ရေးတွင် လူငယ်များသည် အဓိကအခန်းကမှပါဝင်ရန် လိုအပ်သည်ဖြစ်ရာ လူငယ်များကိုဒုက္ခပေးနေသော မူးယစ်ဆေးဝါး၊ အရက်နှင့်ဘီယာများက အမှိုက်ကစ ပြာသာဒ်မီးလောင် တိုင်းပြည်အတွက်နစ်နာနေပြီဖြစ်သည်။ ဥပဒေမဲ့လုပ်ရပ်များက အရက်နှင့်မူးယစ်ဆေးကြောင့် ကြီးထွားလာနေပြီး လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှုများ ထောင်နှင့်မဆံ့အောင်များပြားလာသည်က အုပ်ချုပ်သူအဖွဲ့အစည်း အစိုးရမှာတာဝန်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

အရက်နှင့်ဘီယာများ လမ်းဘေးဆိုင်များတွင် လွတ်လပ်စွာဝယ်ယူသောက်ခွင့်ရနေသလို လက်ဖက်ရည်ဆိုင်များကလည်း စာကြည့်တိုက်ထက်ပင်ကြီးမား များပြားလာကာ လူငယ်များစွာ အလုပ်လက်မဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝဖြင့် စုဝေးရာ၊ အပုပ်ချပြောဆိုရာ၊ မကောင်းမှုကို တိုင်ပင်နှီးနှောရာ နေရာအဖြစ် အခွင့်အရေးရနေကြသည်။ အိန္ဒိယနိုင်ငံတွင် လက်ဖက်ရည်ဆိုင်များ နေရာအနှံ့မတွေ့ရသလို တွန်းလှည်းဖြင့်သာရောင်းသဖြင့် အများစုမှာ မတ်တတ်ရပ်ပြီးသောက်ကြရသောမြင်ကွင်းက ဒီနေရာတွင် အချိန်ကုန်ပြီး လူပိုတွေမရှိစေလိုသောသဘောဟု ယူဆရမည်ဖြစ်သည်။ ထို့ကြောင့်လည်း၊ အိန္ဒိယနိုင်ငံသည် ကုန်ထုတ်စွမ်းအားစုများမြင့်တက်လာကာ ပြည်ပပို့ကုန်များကြောင့် နိုင်ငံခြားဝင်ငွေရပြီး လူ့စွမ်းအားအရင်းအမြစ်ကို ကောင်းစွာအသုံးချနေနိုင်ခြင်းဖြစ်သည်။ နိုင်ငံတကာမြင်ကွင်းတွင် မြန်မာနိုင်ငံမှာကဲ့သို့ အရက်ဆိုင်၊ ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင်



အာဂရာခံတပ်မှအထွက် ဒေသခံများနှင့်စာရေးသူ

များ၌ လူငယ်များစုဝေးကာ အချိန်ပြည့်ထိုင်ခွင့်ရနေသော အခြေအနေမျိုးမပေးဘဲ စာသင်ကျောင်းမှသည် လုပ်ငန်းခွင်ဆီသို့ ရောက်ရှိနိုင်မည့်အခွင့်အရေးကိုသာ ဖန်တီးပေးနေကြပြီဖြစ်သည်။

အရက်ဆိုင်၊ ဘီယာဆိုင်များနှင့် အရက်ချက်စက်ရုံများဖွင့်ခွင့်ရနေခြင်းကလည်း၊ အတ္တအကျိုးစီးပွားကိုရှေ့တန်းတင်ကာ လွယ်လွယ်ပိုက်ဆံရသောအလုပ်ဖြင့် လူမျိုးတုံး၊ အညွန့်တုံးစေရေးလုပ်ငန်းအဖြစ် အစိုးရမှာ တာဝန်အပြည့်အဝရှိနေပေပြီ။ တိုင်းပြည်နှင့်လူမျိုး၊ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ကို ပျက်စီးဆုတ်ယုတ်စေသော အရက်၊ ဘီယာ၊ ကွမ်း၊ ဆေးအစရှိသော မူးယစ်စေတတ်သည့်အစားအသောက်များကို တင်းကြပ်သော ဥပဒေစည်းကမ်းဖြင့် တားမြစ်ဆောင်ရွက်ခြင်းမပြုပါက နတ်ရှင်နောင်လိုစာပေသမား ဘုရင်တစ်ပါးတောင် အရက်ကျေးကျွန်အဖြစ် ပျက်စီးခဲ့ရသောအဖြစ်က တိုင်းပြည်ပါပျက်စီးခဲ့ရကြောင်း သင်ခန်းစာယူသင့်ပေသည်။

ကျွန်တော် အာဂရာမြို့ကိုဖြတ်သန်းစဉ် စားသောက်ဆိုင်၊ ဘီယာ၊ အရက်ဆိုင်များအကြောင်းတွေးမိရာ မြန်မာနိုင်ငံ၏အနာဂတ်အရေးကို စိတ်ပူမိ၊ စိုးရိမ်မိနေစဉ် မြို့မှအထွက် ၃ မိုင်ကျော်ခရီးကွင်းခေါင်ခေါင်

ထဲသို့ ဖြတ်သန်းနေပြီဖြစ်သည်။ အာဂရာမြို့သည် ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင်ရှိပြီး သဲသောင်ထူထပ်သောနေရာကို မြို့တည်ထားခြင်းဖြစ်သည်။ ကျွန်တော် ဗုဒ္ဓဂယာဘုရားဖူးပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ မေလ ၃ ရက်တွင် ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် အိန္ဒိယနိုင်ငံ၊ အာဂရာမြို့တစ်ဝိုက်နှင့် ဥတ္တရပရာဒေ့ရှ်ပြည်နယ်၊ ရာဂျစ်စသန်ပြည်နယ်တို့တွင် ပြင်းထန်သောသဲမုန်တိုင်းကြီးတိုက်ခတ်ပြီး မိုးသက်လေပြင်းကျရောက်သဖြင့် လူ ၉၅ ဦးထက်မနည်းသေဆုံးပြီး လူ ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ကြေညာသည်။ တိရစ္ဆာန်များစွာ သေဆုံး၊ မြို့ရွာများစွာ ပျက်စီး၊ လျှပ်စစ်မီးများပြတ်တောက်ကာ သစ်ပင်၊ လူနေအိမ်များ ပြိုလဲခဲ့သည်ဟု ကြေညာရာ ကျွန်တော်တို့ များစွာ ကံကောင်းခဲ့ကြသည်။ အာဂရာခရိုင်၊ တာ့ဂျ်မဟာတစ်ဝိုက် စာသင်ကျောင်းများ ပြိုကျပျက်စီးသဖြင့် ကျောင်းများပိတ်ထားရသည်ဟုဆိုရာ ကျွန်တော်တို့ ကားလမ်းပေါ်မှာ သဲမုန်တိုင်းဒုက္ခသည်များအဖြစ် မတွေ့ခဲ့ရသည်မှာ ကံကောင်းခဲ့ရာပင်ဖြစ်သည်။

မြန်မာနိုင်ငံမှ ဗုဒ္ဓဂယာဘုရားဖူးခရီးသည်များသည် အိန္ဒိယနိုင်ငံအတွင်း လှည့်လည်သွားလာကြစဉ် ကံအကြောင်းမလှစွာ ဒုက္ခအမျိုးမျိုးကြုံတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com





အာဂရာမြို့မှ အမှတ်တရပစ္စည်းအရောင်းဆိုင်

ကြောင်း ကြားသိရသည်။ တချို့ ကားမကောင်း၍ လမ်း၌ကားပျက်ပြီး လမ်းဘေး၌ ၁ ရက်တာ အချိန် ကုန်ရသလို ကားမှောက်၊ ကားတိုက်ကြသောဒုက္ခလည်း ကြုံရသည်။ အချို့သောခရီးသည်တို့ လမ်းခရီးမှာ အလုပ်သမား၊ လယ်သမား ဆန္ဒပြသောအုပ်စုနှင့်တိုးပြီး ကားသွားခွင့်မရ၍ လမ်းခရီးကြန့်ကြာသောအဖြစ် လည်းကြုံရသည်။ အချိန်အခါမဟုတ်မိုးကြီးပြီး ချောင်း မကူးနိုင်သောအဖြစ်လည်း ကြုံရသည်။ ကျွန်တော် တို့လွတ်ခဲ့သော သဲမုန်တိုင်းကား အိန္ဒိယမှာ မကြာခဏ တိုက်တတ်သည်။ ခရီးတစ်လျှောက် အိမ်သာမရှိသော ဒေသတွင်း လမ်းဘေး၌ တပိုတပါးသွားနေတုန်း သဲ မုန်တိုင်းတိုက်လိုက်ပါက သဲဖုံးပြီး မရဏခရီးသည် ဖြစ်သွားနိုင်သည်ဟု တွေးလိုက်မိသည်။ အိန္ဒိယသည် သဘာဝဘေးဒုက္ခအလွန်ခံရသောနိုင်ငံဖြစ်သည်။

ကျွန်တော်တို့ အာဂရာမှ ၂ နာရီခရီးတွင် ဗိန္ဒြာဘတ်မြို့လေးကိုဖြတ်ပါသည်။ လူဦးရေထူထပ် ပြီး မသန့်ရှင်းသောစားသောက်ဆိုင်နှင့် လူနေမှုအဆင့် ကိုတွေ့ခဲ့ရခြင်းမှာ မြို့ကိုအုပ်ချုပ်သူတို့တွင် တာဝန် ရှိသည်ဟုထင်မိသည်။ အိန္ဒိယသည် ဖက်ဒရယ်ပြည် ထောင်စုစနစ်ဖြစ်သဖြင့် ပြည်နယ်ကိုအုပ်ချုပ်သော သူတို့မှာ လုပ်ပိုင်ခွင့်အာဏာအပြည့်အဝရှိသည်။ ဒေသဖွံ့ဖြိုးရေးကို မိမိကိုယ်ပိုင်အုပ်ချုပ်မှုအရ ဆောင် ရွက်ခွင့်ရှိသည်။ သို့သော် အိန္ဒိယလူမျိုးတို့၏စေလှ စရိုက်လား၊ အုပ်ချုပ်သူညံ့ဖျင်းမှုလားဟုတွေးရင်း အိန္ဒိယသမိုင်းကိုစဉ်းစားမိသည်။

အိန္ဒိယနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီကျွန်ဘဝဖြင့် ၁၇၆၁ ခုနှစ်တွင် အပြီးပိုင်သိမ်းပိုက်ခံရပြီး နယ်ချဲ့တို့ ဖြိုသမှုကို တွန်းလှန်ကြရင်း နှစ်ပေါင်း ၂၀၀ ခန့် လွတ်လပ်ရေးနှင့် ဒီမိုကရေစီတိုက်ပွဲ ဆင်နွှဲခဲ့ကြရ သည်။ အိန္ဒိယနိုင်ငံသည် ဗုဒ္ဓဘုရားရှင်လက်ထက်အခါ ကပင် ပြည်နယ် ၁၆ ပြည်နယ်အနက် ဝဇ္ဇီပြည်နယ် ကြီးသည် အင်အားကြီးမားပြီး ဒီမိုကရေစီစနစ် အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် ပထမဆုံးဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံဟုပင် ပြော၍ရသည်။ ဝဇ္ဇီနိုင်ငံ၏နေပြည်တော် ဝေသာလီမြို့ သည် နိုင်ငံအသီးသီးကလေးစားရသော စုပေါင်း အုပ်ချုပ်သည့်စနစ်ဖြင့် ရွေးကောက်ခံရသောပုဂ္ဂိုလ်ကို ရာဇာဟုခေါ်ပြီး တင်မြှောက်ခဲ့ကြသည်။ ဂေါတမဗုဒ္ဓ ဘုရားကပင် ဝဇ္ဇီတို့၏ စည်းလုံးမှု သတိဝီရိယကောင်း မှုတို့ကို ချီးမွမ်းခဲ့သည်ဟုဆိုသည်။ ယနေ့ ကမ္ဘာ့နိုင်ငံ များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်ဖြစ် သလို ဝဇ္ဇီနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ် (ပဝေဏိပေါတ္ထက)ဖြင့် စနစ်တကျ စီမံအုပ်ချုပ်ခဲ့ကြ ကြောင်းသိရသည်။ သို့သော် နိုင်ငံတစ်နိုင်ငံသည် စည်းကမ်းပျက်ပြီး စည်းလုံးညီညွတ်မှုပျက်ပြားသော အခါ ကျဆုံးခန်းရောက်ပြီး နိုင်ငံပျက်သုဉ်းခဲ့ရကြောင်း သမိုင်းကြောင်းက သင်ခန်းစာပေးလေသည်။

ကျွန်တော် အတိတ်သမိုင်းကြောင်းကိုတွေးနေစဉ် ညနေ ၅ နာရီတွင် ပန်နီပါရွာကို ဖြတ်သန်းပါသည်။ ရေသွင်းစိုက်ပျိုးသောဆည်ရေဖြင့် စိမ်းစိုနေသော စိုက် ခင်းများတွေ့ရပြန်သည်။ နာရီဝက်ခရီးတွင် မန်ဆူရီ မြို့ကိုဖြတ်ပြီး နေလုံးကြီး နောက်ကျောမှအဝင် မှောင် ရီဖျိုးဖျတွင် သက်သနဂိုရ်သို့ရောက်ရှိပါတော့သည်။

သက်သနဂိုရ်သည် မှောင်ရီဖျိုးဖျတွင် တာဝတိံ သာနတ်ပြည်မှ မြတ်စွာဘုရားကြွစဉ်က ခုနစ်ဆောင် တိုက်ခန်း မီးမထွန်းဘဲလင်းသလို မဟုတ်တော့ပါ။ ပိုးစုန်းကြူးတို့သာအလင်းပြနေသည်။ ကျွန်တော်တို့ တည်းခိုခဲ့သောဘုန်းကြီးကျောင်းသို့အဝင်တွင် မီးစက် သံကိုကြားနေရသည်။ တည်းခိုမည့်ဘုန်းကြီးကျောင်းမှာ ခရီးသွားများ၊ ကားများဖြင့် ပြည့်နေလေရာ ကျွန်တော် တို့အုပ်စု ကျောင်းနှင့်မနီးမဝေးမှ ဂျိန်းဘာသာကျောင်း အနီးရှိ မဟာယာနဘုန်းကြီးကျောင်းတစ်ကျောင်းတွင် သွားရောက်တည်းခိုရလေတော့သည်။ ။

**မောင်မိုးယံ**

www.burmeseclassic.com

www.burmeseclassic.com



# ရွှေဘုံနန်းက နတ်ပန်းချီ

➤ ဝေမွန်လင်း





သည်တစ်လ ငွေတာရီမဂ္ဂဇင်းစာဖတ်ပရိသတ် ပန်းချီချစ်မြတ်နိုးသူများအတွက်ပြောပြမယ့် ပန်းချီ ပြပွဲကတော့ ပခုက္ကူမြို့နယ်၊ ပန်းချီ၊ ပန်းပုအစည်း အရုံးက (၇) ကြိမ်မြောက်ပြသသွားတဲ့ 'တမာရနံ့' ပန်းချီပြပွဲအကြောင်းပဲဖြစ်ပါတယ်။

သည်ပြပွဲကိုတော့ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို)ပြခန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသ ကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းမှာ ၂၀-၈-၂၀၁၉ ရက်ကနေ ၂၅-၈-၂၀၁၉ ရက်အထိ မနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ ၅ ရက်တိုင်တိုင်ပြသခဲ့တာပါ။

ပခုက္ကူသားပန်းချီဆရာများဖြစ်ကြတဲ့ ဆရာ ကြီး ဦးတင်လှိုင်၊ ဆရာကြီးဖိုးသန်းဝင်း၊ ဆရာ ဟန်ထွန်းဦး၊ ဆရာဝမ်းတစ်ဦး၊ ဆရာတင်ရွှေ၊ ဆရာဝင်းနိုင်၊ ဆရာဇော်ဇော်လင်း၊ ဆရာအောင် နိုင်တိုး၊ ဆရာလင်းသျှိုလ၊ ဆရာကျော်ဦး၊ ဆရာ စိုးသူ၊ ဆရာလီယိုနိုင်၊ ဆရာဆေဝင်းနဲ့ ဆရာ သောင်းလင်းတို့ ၁၄ ဦးရဲ့ မင်ခြစ်၊ ခဲပန်းချီ၊ ရေဆေး (အပါး)အကြည်ရောင်စုံနဲ့ အခရိုင်းလစ်တို့နဲ့ရေး ဆွဲထားတဲ့ ပန်းချီကားတွေပါ။

ဈေးနှုန်းတွေအနေနဲ့ကတော့ ပန်းချီချစ် မြတ်နိုးသူများ၊ ဝယ်ယူစုဆောင်းလိုသူများအတွက် သင့်တင့်မျှတတဲ့ဈေး အနိမ့်ဆုံး US75 နဲ့ အမြင့်ဆုံး US 400 ပဲ သတ်မှတ်ထားပါတယ်။

သည်ပြပွဲမှာတွေ့မြင်ကြည့်ရှုခွင့်ရတဲ့ ပန်းချီ ကားတွေအားလုံးက သဘာဝရဲ့အလှအပတွေကို ပေါ်လွင်အောင် ရေးဆွဲတင်ပြနိုင်တာကိုက ကြည့်ရ သူတွေအဖို့ တကယ်ကိုအားရကျေနပ်စရာပါ။

တမာရနံ့ပန်းချီပြပွဲဆိုတဲ့ ခေါင်းစဉ်အောက် မှာ တကယ့်ကိုပဲ အညာဒေသကို ရောက်ရှိသွားသည့် နှယ်. . . ။

ထနောင်းပင်တွေ၊ တမာတန်းတွေ၊ ရဲရဲနီစွေး

www.burmeseclassic.com







နေတဲ့ လက်ပံပင်တွေက မြခန်းတစ်ခုလုံးကို စိုးမိုး လွှမ်းခြုံထားတာမို့ အညာဒေသကို ကိုယ်တိုင်ရောက် သွားရသည့်နှယ် ရင်ကိုထိမှန်စေခဲ့ပါတယ်။

ပထမဆုံးပြောပြချင်တဲ့ ပန်းချီကားကတော့-

ဆရာဝမ်းတစ်ဦးရဲ့ ပန်းချီကားအကြောင်းနဲ့ပဲ စတင်မိတ်ဆက်ပြီး ပြောပြချင်ပါတယ်။ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်းတွေ များစွာရှိကြတဲ့ အထဲက ဆရာက အင်းဝဗားကရာကျောင်းကြီးရဲ့ အနုပညာဆန်လှတဲ့ လက်ရာအမွမ်းအပြောက်တွေကို ပေါ်လွင်အောင်ရေးဆွဲထားပါတယ်။

ကျောင်းကြီးရဲ့အဝင်ဝရှေ့မှာ ဘုန်းတော်ကြီး များ ခရီးတစ်ခုကပြန်ပြီးကြွလာတဲ့ဟန်ကို ပေါ်ပေါ် ထင်ထင်ရေးပြထားပါတယ်။ ရဟန်းတော်ကြီးတစ်ပါး ရဲ့ လက်ထဲမှာ ရဟန်းဆောင်းထီးကိုကိုင်လျက်၊ တံခါး ဘောင်ကြီးက ကနုတ်ပန်းခက်ပန်းပွင့်ကြီးတွေက ကြွကြွ ရွရွ။ သက်ငြိမ်ဗားကရာကျောင်းတိုက်ကြီးနဲ့ သက်ရှိ ရဟန်းတွေ အားပြိုင်နေသလို ကျေးလက်အညာ ဘုန်းတော်ကြီးကျောင်းရဲ့မြင်ကွင်းက အတော်လေး ရှားပါးတဲ့မြင်ကွင်းမျိုးမို့ ပြပွဲလာသူတွေ အထူးပြု ဂရုတစိုက်ကြည့်ရတဲ့ ပန်းချီကားကောင်းတစ်ကားပါ။ ရေးချက်အနေနဲ့ အထူးပြောစရာမရှိပေမယ့် တင်ပြပုံ က ထူးခြားနေတာကိုတော့ ပန်းချီဝါသနာရှင်တွေ ခွဲခြားပြီး မြင်တတ်အောင်ကြည့်သင့်တဲ့ ပန်းချီကား ကောင်းတစ်ကားပါ။ အခုပြောပြတဲ့ပန်းချီကားကို တော့ ဆရာဝမ်းတစ်ဦးက အခရိုင်းလစ်မီဒီယံနဲ့ ရေးဆွဲသရုပ်ဖော်ထားတာပါ။

နောက်တစ်ကားကတော့-



www.burmeseclassic.com

www.burmeseclassic.com



ဆရာတင်ဌေးရဲ့လက်ပံပွင့်ကောက်ပန်းချီကားပါ။ ပန်းချီအရွယ်အစားက ၂ ပေ × ၃ ပေအရွယ်ပါ။ ကျေးလက်ရဲ့သမီးပျိုလေးတွေ တစုတဝေး တပျော်တပါးနဲ့ လက်ပံပင်ကြီးအောက်မှာ လက်ပံပွင့်တွေ ကောက်နေကြဟန်ပါ။ ကျေးလက်သမီးပျိုလေးတွေ အားလုံးက ဆံရစ်ဝိုင်းလေးတွေနဲ့ မြန်မာဆန်လိုက်ပုံများ။ လုံမပျိုလေးတွေရဲ့ဝတ်စားဆင်ယင်ပုံကို ပန်းချီဆရာက ဂရုတစိုက်ရေးဆွဲတင်ပြထားပါတယ်။ အသေအချာကြည့်မယ်ဆိုရင်တော့ ပြည်တွင်းဖြစ်လက်ရက်ချည်ထည်လေးတွေ အဆင်စုံအသွေးစုံကို တွေ့ရမှာဖြစ်ပါတယ်။

လက်ပံပင်ကြီးတွေရဲ့ ဟိုးအဝေးခပ်လှမ်းလှမ်းမှာတော့ နွားလှည်းလေးတစ်စီးက မှုန်ပျပျ၊ အညာကျေးလက်ရဲ့ရသကိုပေါ်လွင်အောင် ရေးပြနိုင်တာမို့ အင်မတန်သဘာဝကျလွန်းလှပါတယ်။ အညာဒေသကိုလည်း လွမ်းမိပါတယ်။

နောက်ထပ်ပြောပြချင်တဲ့ ပန်းချီကားကတော့ ဆရာဖိုးသန်းဝင်းရဲ့ မြန်မာ့သုခုမဇာတ်သဘင်ရဲ့ နှစ်ပါးသွားကဟန်ကို နုသွယ်လှပလွန်းစွာ ရေးဆွဲပြထားတာပါ။ မင်းသား၊ မင်းသမီးတို့ရဲ့ အဝတ်အစားတွေကို အသေးစိတ်ခြယ်မှုန်းထားပါတယ်။ နောက်ခံကတ္တီပါကားလိပ်ကြီးက ကြက်သွေးရောင်ရင့်ရင့်၊ မင်းသားနဲ့မင်းသမီးကို ပေါ်လွင်ထင်ရှားအောင် ဆလိုက်မီးဝိုင်း မီးမောင်းထိုးပြထားတာမို့ အရုပ်တွေကို ပိုပြီးကြွရွစေတာပါ။

သည်ပန်းချီကားမှာ နောက်ခံကတ္တီပါကားလိပ်က မှုန်းမတ်အထောင်တွေ၊ မင်းသားနဲ့ မင်းသမီးက မှုန်းပျော့၊ မှုန်းကွေး၊ နောက်ခံကားရဲ့အောက်ခြေမှာ ရွှေရောင်အတွန့်တွေက မှုန်းလဲဆိုတော့ သည်ပန်းချီကားမှာ မှုန်းသဘောအရဖွဲ့စည်းထားပုံက ပြည့်စုံလို့နေပါတယ်။

ပန်းချီဆရာ ပြောချင်တဲ့ အကြောင်းအရာကို တစ်ဖက်လူရဲ့ ရင်ထဲရောက်အောင်ပို့နိုင်ခဲ့တဲ့ ပန်းချီကားကောင်းတစ်ကားဖြစ်သလို သည်ပန်းချီကားမှာ ထူးခြားချက်က ရွှေမှုန်ငွေမှုန်လေးတွေ ပက်ဖျန်းထားတဲ့ အထူးပြုချက်က ပန်းချီကားကို အသက်ဝင်အောင် ပံ့ပိုးထားပါတယ်။

မင်ခြစ်ပန်းချီကားတွေကလည်း ကောင်းလှပေမယ့် အကျယ်မချဲ့လိုတော့ပြီ။ ပန်းချီကားတချို့တလေ





www.burmeseclassic.com

www.burmeseclassic.com







ကလည်း ဝါသနာရှင်အဆင့်သာသာမို့ ကောင်းလွန်းလှတယ်လို့တော့မဆိုသာ။ ဘာပဲပြောပြော ခြုံငုံပြီးပြောရမယ်ဆိုရင်တော့ ကောင်းတဲ့ဘက်က ပိုအားသာလွန်းလှပါတယ်။

ဈေးပြချင်ပေမယ့် ဈေးလို့မရဘဲ ချန်လှပ်ထားခဲ့ရတဲ့ ရေဆေးအကြည်ဆေးရောင်စုံတွေအတွက်တော့ အားမလိုအားမရဖြစ်ရပါတယ်။ ရေဆေးကားတွေအားလုံးကို မှန်ဘောင်သွင်းထားတဲ့အတွက် ဓာတ်ပုံရိုက်ရာမှာ အခက်အခဲဖြစ်ရတာမို့ ချန်လှပ်ထားခဲ့ရပါတယ်။

အခုပြောပြတဲ့ပြပွဲမှာ ရေဆေးကားအကြည်က ၄၂ ကား၊ အခရိုင်းလစ်ကားက ၂၇ ကားနဲ့ မင်ခြစ်ခဲပန်းချီကားက ၇ ကား၊ စုစုပေါင်း ၇၆ ကား ပြသနိုင်တဲ့ ပခုက္ကူတမာရန်နဲ့ရဲ့အားက မနည်းလှပါဘူး။ စာရေးသူရဲ့စိတ်ခံစားချက်အရပြောရရင် ရွှေဘုံရွှေနန်းမှာ တင့်တယ်လှပနေတဲ့ နတ်ပန်းချီရယ်လို့တောင် တင်စားရမလိုပါပဲ။

တကယ်တမ်းဆိုပါမူ-

အခက်အခဲများစွာကိုရင်ဆိုင်ကျော်ဖြတ်ပြီး မိမိယုံကြည်ရာအနုပညာအပေါ် တစိုက်မတ်မတ်အားထုတ်ပြီး တင်ပြလာခဲ့ရာ အခုပွဲဟာ သတ္တမအကြိမ်မြောက်ဆိုတာသိရတော့ အလွန်ပဲဂုဏ်ယူမိပါတယ်။

တမာရန်နဲ့သင်းတဲ့ အညာကျေးလက်ရဲ့အဖိုးတန်အလှအပလက်ရာမွန်တွေကို နောက်လာမယ့်နှစ်တွေမှာလည်း ကြည့်ခွင့်ကြုံချင်ပါသေးတယ်ဆရာတို့ရေ ။

**ဝေမွန်လင်း**

www.burmeseclassic.com

www.burmeseclassic.com



# ငွေတာရီကဗျာပန်းဥယျာဉ်(၁၁)

ဦးသစ္စာ

ကဗျာချစ်သူများ၊
ရေးစကလောင်ရှင်များအားလုံး
မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ၊ ယခုလသည်
သီတင်းကျွတ်အခါလည်းရောက်ပြီဖြစ်၍
ကျွတ်မည့်သူများ (အပျို၊ လူပျိုဘဝမှ)
အတွက် ပျော်စရာလလည်းဖြစ်ပါလိမ့်မည်၊
သီတင်းကျွတ်သည်နှင့် ကထိန်ပွဲများက
လည်း ဆက်ကာဆက်ကာလာပါတော့မည်၊
ဆိုရလျှင် ဗုဒ္ဓဘာသာဆိုင်ရာ
ကထိန်ပွဲများ အနယ်နယ်အရပ်ရပ်တွင်
ကျင်းပနေကြပါလိမ့်မည်၊ မင်္ဂလာရှိသော
အခါကာလပါပေ၊
ဦးသစ္စာ စဉ်းစားမိတာတစ်ခုရှိသည်၊
ဤကဏ္ဍကိုရောက်လာသောကဗျာများမှာ
မေလ၊ ဇွန်လက ရောက်လာသော
စာများဖြစ်ပြီး ဖော်ပြမည့်လမှာ
အောက်တိုဘာလဖြစ်နေသည်၊
ဝါဝင်စ မိုးဦးကာလသာဖြစ်သော်လည်း
သီတင်းကျွတ်ကိုရေးသားနေရသည်၊
ဦးသစ္စာတို့ ကလောင်သွေးခါစက
ရာသီစာကဗျာများရေးပြီဆိုလျှင်
အနည်းဆုံး လေးလ၊ ငါးလခွာပြီး
ရေးသည်၊ စာတိုက်ကသွားမည့်အချိန်၊
အယ်ဒီတာ၏စားပွဲပေါ်ရောက်မည့်အချိန်၊
မဂ္ဂဇင်းတိုက်များကလည်း နှစ်လ၊
သုံးလကြိုတင်ပြင်ဆင်နေချိန် စသည်ဖြင့်
ဘက်စုံစဉ်းစားရပါသည်၊
ဆိုလိုသည်မှာ ဤကဏ္ဍကို
ရောက်လာသောကဗျာအချို့သည်
မိုးဦးကဗျာများ၊ ဝါဆိုလကဗျာ
များဖြစ်နေသဖြင့် ထည့်သွင်းဖော်ပြရန်
မဖြစ်နိုင်တော့သဖြင့်
ရာသီစာကဗျာများဖြစ်ပါက
အနည်းဆုံးလေးလခန့်ခွာ၍
ရေးပါရန် အကြံပေးရပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



ယခုလအတွက် သွန်းမိုးစက်(ပခုက္ကူ)၏ ရန်ကုန်တက္ကသိုလ်ကိုလွမ်းဆွတ်တမ်းတသည့် ကဗျာလေးတစ်ပုဒ်ဖြင့်စတင်လိုက်ပါမည်။ ကလောင်ရှင်၏ကဗျာကို ငွေတာရီမဂ္ဂဇင်း၏ ပုံမှန်ကဗျာကဏ္ဍ သင့်လျော်ရာလတွင်ဖော်ပြဖို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သော်လည်း ကဗျာများထပ်မံပေးပို့ကာ ငွေတာရီကဗျာပန်းဥယျာဉ်တွင် ပါဝင်လိုပုံရသည်ဟုလည်း တွေးမိပါသည်။ မည်သို့ပင်ဖြစ်စေ သူ့ကဗျာလေးက ချစ်စရာကောင်းနေသည်။ လေးချိုးကဗျာလေးဖြစ်ပြီး မြကျွန်းသာဟု ခေါင်းစဉ်ပေးထားပါသည်။ မူရင်းကဗျာကို အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

အထင်ကရတွေနဲ့
အစဉ်လှနေမယ့် မြကျွန်းသာ။

သစ်ပုပ်ပင် ရေတမာတန်းနဲ့
စိန်ပန်းနီ ကံ့ကော်ရိပ်က
သိပ်လှတဲ့ကဗျာ။

အဓိပတိလမ်းနဲ့ ခုံတန်းပြာ
'တက္ကသိုလ်'က ရည်းစားဦး။

သူငယ်ချင်းတွေနဲ့
ကင်န်တင်းမှာ အတူထိုင်
အကြော်ဆိုင် အတူသွား
တစ်သားတည်း အတူပျော်ရင်း
ကော်ရစ်ဒါ ပြတင်းပေါက်ဘေး
လေးထပ်ဆောင် ဂျပ်ဆင်အောက်မှာ
ရောက်ခဲ့တာ မနေ့တစ်နေ့ကလိုပေါ့
(ခုထိလေ. . )
မေ့မရဘူး။

ကဗျာရှင်သည် တစ်ချိန်ကပညာဆည်းပူးခဲ့သည့် တက္ကသိုလ်နှင့် တက္ကသိုလ်ဝန်းကျင်က အထင်ကရနေရာများသာမက ရည်းစားဦးကိုပါ လွမ်းလွမ်းဆွတ်ဆွတ်ရှိနေပုံရသည်။ ကဗျာတစ်ပုဒ်လုံးကိုခြုံကြည့်လျှင် အပြစ်ကြီးကြီးမားမားမရှိလှပေ။ ရှေ့သုံးပိုဒ်စလုံး မပြုမပြင်ဘဲ သူ့မူလအတိုင်း လှပပြီးသားဖြစ်ပေသည်။ သို့ရာတွင် ကဗျာလေ့လာသူတို့ ရှင်းလင်းစွာသိနိုင်ရန်အတွက် အနည်းငယ်စီရှင်းပြပါမည်။

ပထမပိုဒ်တွင် အထင်ကရမှ အဆုံးသတ်အသံ(ကာရန်)သည် 'ရ'တွင်ရှိပြီး သူ့အသံ 'အ' ကာရန်ယူရပါလိမ့်မည်။ အခြားလေ့လာသူများပါ လေးချိုးကဗျာလေ့လာရာတွင် ပိုမိုရှင်းလင်းစွာသိစေလို၍ ရှင်းပြခြင်းဖြစ်ပါသည်။ 'တွေနဲ့' သည် နောက်ဆက် (ဝိဘတ်)သာဖြစ်ပြီး ကာရန်ယူ၍မရပါ။ ယခုကဗျာတွင် ကဗျာရှင်က အထင်ကရတွေနဲ့ အစဉ်လှနေမယ့်ဟု ဖွဲ့ဆိုထားရာ မှားသလားဟု လေ့လာသူတို့ မေးဖွယ်ရှိပါသည်။ အဓိကကာရန်များကို မလွတ်တမ်းယူကာ ဖွဲ့ဆိုထားသဖြင့် မမှားပါ။ ဥပမာစပ်ဆိုပြပါမည်။ 'အထင်ကရတွေနဲ့ ယခင်ကတက္ကသိုလ်'၊ 'အထင်ကရတွေနဲ့ ဟိုအရင်ကတက္ကသိုလ်' ဟူ၍ 'အ' ကာရန်မလွတ်လျှင် နှစ်သက်သလိုဖွဲ့ဆိုနိုင်ပါသည်။

ဒုတိယပိုဒ်တွင်လည်း ပြောစရာအနည်းငယ်ရှိနေသည်။ လေးချိုးတွင် ယင်းအပိုဒ်ကို ပထမအအုပ်ပိုဒ်ဟုခေါ်သည်။ အအုပ်ပိုဒ်ဟူသည် အသံဖြတ်ရသည့်အပိုဒ်ဖြစ်သည်။ အသံဖြတ်ရမည်ဖြစ်၍ လေးလုံးဖြင့်သာ ဖွဲ့ရမည်ဖြစ်သည်။ သို့သော်လည်း ယခုကဗျာတွင် လေးလုံးမဟုတ်ဘဲ ငါးလုံးဖြစ်နေသည့်တိုင် ကဗျာသည် တစ်သံခွဲသာရှိသဖြင့် လေးလုံးကဲ့သို့ဆိုနိုင်ရကား မမှားပေ။ ရှေးဆရာကြီးများ ဤနှယ်ဖွဲ့လေ့ရှိခဲ့သလို ခေတ်စမ်းကာလမှ ယနေ့တိုင်လည်း ကဗျာဆရာအသီးသီးတို့ ရေးလေ့ရှိကြသည်။ သို့ဖြစ်၍ ဒုတိယအပိုဒ်သည်လည်း ပြင်ဆင်ရန်မလိုကြောင်း ပြောလိုပါသည်။

တတိယပိုဒ်တွင် လေးချိုးကဗျာ၏စည်းစနစ်အတိုင်း ခွာထောက်ကာရန်ယူပုံမှာလည်းမှန်သည်။ ဒုတိယပိုဒ်တွင်ဖော်ပြခဲ့သည့် သစ်ပုပ်ပင်၊ ရေတမာပင်တန်း၊ စိန်ပန်းနီ၊ ကံ့ကော်ပင်ရိပ်လေးများသာမက အဓိပတိလမ်းနှင့် ခုံတန်းပြာလေးတွေကိုဖွဲ့ရင်း တက္ကသိုလ်တက်ခဲ့စဉ်က ရည်းစားဦးကိုပါသတိရနေသည်။ တစ်ခုတော့စဉ်းစားမိသည်။ ရန်ကုန်တက္ကသိုလ်ကဗျာတော်တော်များများတွင် စိန်ပန်းပြာကိုအဖွဲ့များသည်ကို သတိထားမိသည်။ သီချင်းများတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူဖြစ်သည်။ အချို့စာကဗျာများတွင်မူ စိန်ပန်းဟုသာ ထည့်သွင်းဖွဲ့ဆိုပြီး နီသည်၊ ပြာသည် မပါရှိပေ။ ကဗျာရှင်ကမူ စိန်ပန်းနီဟု တိတိကျကျထည့်ဖွဲ့လိုက်သည်။ မည်သို့ဆိုစေ စနစ်ကျမှန်ကန်ပြီး နှစ်သက်စဖွယ်ဖြစ်သည်ကို တွေ့ရပါသည်။

နောက်ဆုံးပိုဒ်(ဒုတိယအချပိုဒ်)တွင်မူ ပြင်စရာလေးတွေရှိနေသည်။ စတုတ္ထပါဒတွင် မူလစာသားတစ်သားတည်း အတူပျော်ရင်းအစား တစ်သားတည်းအတူပျော်လို့ဟု ပြင်လိုက်လျှင် ဆို၍ကောင်းသွားပြီးအသံပြေသွားသည်ကို တွေ့ရပါမည်။ ကော်ရစ်ဒါပြတင်းပေါက်ဘေးကို 'နဲ့'တစ်လုံးနောက်ကဆက်ကာကော်ရစ်ဒါပြတင်းပေါက်ဘေးနဲ့ဆိုလျှင် ကဗျာမှာအသံအတက်အကျမှန်သွားပြီး ပိုကောင်းသွားသည်ကိုတွေ့နိုင်ပါသည်။ ဒုတိယနောက်ဆုံးပါဒတွင် ရောက်ခဲ့တာ မနေ့တစ်နေ့ကလိုပေါ့ဟု ဖွဲ့ထားပြီး ကာရန်ယူရမည့် က မှ အ ကာရန်ကို နောက်ဆုံးအချပါဒတွင်တတိယစာလုံးတွင်ယူထားရာ မှားသည်ဟုဆိုရပါမည်။ အချို့ကဗျာဆရာများဖွဲ့လေ့ရှိသော်လည်း အတော်များများက ဖွဲ့လေ့မရှိကြပါ။ အချပါဒသည် လေးလုံးသာရှိရမည်ဖြစ်ပြီး ဒုတိယနောက်ဆုံးပါဒကကာရန်ကို ပထမ၊ ဒုတိယနှင့် နောက်ဆုံးစာလုံးများနှင့်သာယူလေ့ရှိကြသည်။ သို့ဖြစ်၍ နောက်ဆုံးပါဒတွင်ကာရန်ကို ဒုတိယနေရာတွင်ယူ၍ မူလအဓိပ္ပာယ်မပျက် မေ့ရနိုင်ဘူးဟု ပြင်လိုက်ပါသည်။

ကဗျာတွင် နောက်ဆုံးတစ်ပိုဒ်သာပြင်ရသဖြင့်ပြင်ထားသည့် နောက်ဆုံးတစ်ပိုဒ်သာ မူလနောက်ဆုံးအပိုဒ်နှင့်နှိုင်းယှဉ်ဖတ်ကြည့်ရန် ပြန်လည်ဖော်ပြလိုက်ပါသည်။

သူငယ်ချင်းတွေနဲ့
ကင်န်တင်းမှာ အတူထိုင်
အကြော်ဆိုင် အတူသွား
တစ်သားတည်း အတူပျော်လို့
ကော်ရစ်ဒါ ပြတင်းပေါက်ဘေးနဲ့
လေးထပ်ဆောင် ဂျပ်ဆင်အောက်မှာ
ရောက်ခဲ့တာ မနေ့ကလိုပေါ့
(အခုထိလေ. . .)
မေ့ရနိုင်ဘူး။

ဒုတိယတစ်ပုဒ်အနေဖြင့် သန့်ဇင်ဦး(တောင်တွင်း)၏ 'တို့ဆရာ'ဟူသော လေးဆစ်ကဗျာလေးကိုဖော်ပြသွားပါမည်။ ဆရာ့ကျေးဇူးကြီးမားပုံကို ဖွဲ့ထားခြင်းဖြစ်သည်။ မူရင်းကဗျာလေးကို ဖော်ပြလိုက်ပါသည်။

ကျေးဇူးဂုဏ် အနန္တ
ကြီးမြတ်လှ တို့ပေါ်မှာ။

ဝမ်းမှာပင် လွယ်မထားလည်း
သားရင်းပမာ။

လမ်းမှန်သို့ ပြည့်ညွှန်ရှာ
သွန်သင်ကာ ပြုပေး။

တပည့်သားကို
အသိပွားလို မေတ္တာများနှင့်
ပီတိစားကာ ပြုံးပန်းခက်တို့
လန်းလျက်ပုံ့မွေး။

ခေါင်းစဉ်က စရပါလိမ့်မည်။ တို့ဆရာသည်ဘောင်ကျဉ်းသကဲ့သို့ဖြစ်နေသည်။ အားလုံးနှင့် သက်ဆိုင်အောင် မြတ်ဆရာဟုပြင်လိုက်ကာ ပထမပိုဒ်မှာပင် တို့ဆရာအစား မြတ်ဆရာဟု တစ်ပါတည်းပြင်လိုက်ပါသည်။ ဒုတိယပိုဒ်တွင်လည်း ဝမ်းမှာပင်လွယ်မထားလည်းသည် ကဗျာမဆန်ဘဲ အရပ်ထဲကစကားပြောဟန်နှင့်တူနေသည်။ သို့ဖြစ်၍ ဝမ်းမလွယ်မမွေးဖွားလည်းဟု ပြင်လိုက်ပါသည်။ ပိုကောင်းသွားသည်ကို တွေ့နိုင်ပါသည်။

တတိယပိုဒ်တွင် သွန်သင်ကာပြုပေးဟုဖွဲ့ထားရာ သွန်သင်ပြုပြင်ပေးသည်ဟု ဆိုရာမရောက်သကဲ့သို့ဖြစ်နေသည်။ သို့ဖြစ်၍ သွန်သင်ကာပြုပြင်ပေးဟုပြင်တစ်လုံးဖြည့်လိုက်ပါသည်။ လေးဆစ်နှင့် လေးချိုးတို့တွင် တစ်ပါဒတွင် စာလုံးရေ ငါးလုံး၊ သို့မဟုတ်ခြောက်လုံးရှိရမည်ဖြစ်၍ ယခု ငါးလုံးမှ ခြောက်လုံးဖြစ်သွားသော်လည်း စနစ်အတွင်းမှဖြည့်ခြင်းဖြစ်ပြီးအဓိပ္ပာယ်ပိုပြည့်စုံရုံမက ရွတ်ဆိုရာတွင်လည်း ပိုချော

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ပါလိမ့်မည်။

နောက်ဆုံးအပိုဒ်တွင် တပည့်သားကိုနှင့် အသိပွားလိုကို နဘောကာရန်ယူထားသော်လည်း အသိပွားစေလိုခြင်းကသာ ပိုမိုအဓိပ္ပာယ်ရှိသည်ကို သိနိုင်ပေသည်။ ထို့အပြင် တပည့်သားကိုသည် အနည်းဖြစ်နေသဖြင့် တပည့်သားတွေနှင့် အသိပွားစေဟု ပြင်လိုက်လျှင် ကလောင်ရှင်ဖြစ်ချင်သော နဘောလည်းရ အဓိပ္ပာယ်လည်းရှိဖြစ်လာပေသည်။ ဒုတိယနောက်ဆုံးပါဒမှ ပြုံးပန်းခက်တို့ကို အပြုံးပန်းတို့ဟုပြင်လိုက်ပြီး နောက်ဆုံးပါဒမှ လန်းလျက်ပုံ့မွှေးကို လန်းစွင့်ကြူမွှေးဟု ပြင်လိုက်ပါသည်။ အဓိကပြင်လိုသည်မှာ လန်းလျက်ကြူမွှေးဖြစ်သော်လည်း ကာရန်အချိတ်အဆက်မလွတ်အောင် အပေါ်ပိုဒ်ပါပြင်လိုက်ရပေသည်။ ကဗျာဖွဲ့ရာတွင် ဤသို့ပင် နောက်နှင့်ရှေ့ညှိ၍ ပြင်ဆင်ရသည်များရှိတတ်ပါသည်။ ပြင်ဆင်ဖြည့်စွက်ထားသော သန့်ဇင်ဦး(တောင်တွင်း)၏ မြတ်ဆရာကဗျာလေးကို မူရင်းနှင့်ယှဉ်ကာ နမူနာယူကြစေလိုပါသည်။

ကျေးဇူးဂုဏ် အနန္တ
ကြီးမြတ်လှ မြတ်ဆရာ။

ဝမ်းမလွယ် မမွေးဖွားလည်း
သားရင်းပမာ။

လမ်းမှန်သို့ ပြညွှန်ရှာ
သွန်သင်ကာ ပြုပြင်ပေး။

တပည့်သားတွေ
အသိပွားစေ မေတ္တာများနှင့်
ပီတိစားကာ အပြုံးပန်းတို့
လန်းစွင့်ကြူမွှေး။

ကဗျာပေးပို့ကြသော အိအိကျော်၊ လမင်းလေး (အညာမြေစလင်း)၊ ဝင်းကျော်ကျော်(ပုဇွန်းမနား)၊ မြတ်ဦး၊ မောင်လှိုင်မိုရ်၊ စိမ်းရောင်လွင်ပြင်၊ သွန်းလက်ရှာ(တောင်ငူ)တို့ကို ကျေးဇူးတင်ပါသည်။ ယခုလ ဤမျှနှင့်နှုတ်ဆက်ခွင့်ပြုပါ... ကဗျာလှလှများ ဖွဲ့သီနိုင်ကြပါစေ။ ။

**ဦးသစ္စာ**

## မြန်မာကဗျာမြတ်နိုးသူ ဝါသနာရှင်များအတွက် သတင်းကောင်း

မြန်မာကဗျာ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ထူးချွန်သောကဗျာဆရာများပေါ်ထွန်းလာရေးတို့ကို ရှေးရှု၍ မြန်မာကဗျာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားသူ ကလောင်သစ်ကဗျာရှင်များအတွက် ငွေတာရီမဂ္ဂဇင်းတွင် **'ငွေတာရီကဗျာပန်းဥယျာဉ်'**ဟူသော ကဏ္ဍတစ်ရပ်ဖွင့်လှစ်ပေးလျက်ရှိပါသည်။ အဆိုပါကဏ္ဍအတွက် မိမိတို့ ရေးဖွဲ့ထားသောကဗျာများကို ပေးပို့ရန်ဖြစ်ပါသည်။ ပေးပို့ရောက်ရှိလာသောကဗျာများကို ဝါရင့်ကဗျာဆရာကြီးတစ်ဦးကစိစစ်ဖတ်ရှု၍ လိုအပ်သည်များပြင်ဆင်ဖြည့်စွက်ခြင်း၊ ပိုမိုကောင်းမွန်သောကဗျာဖြစ်လာရေး အကြံပြုသုံးသပ်ပေးခြင်းတို့နှင့်အတူ ပြင်ဆင်ပြီးကဗျာများကိုပါ ထိုကဏ္ဍတွင် ထည့်သွင်းဖော်ပြသွားပါမည်။ ကလောင်သစ်ဝါသနာရှင်များအနေဖြင့် ကဗျာများ ရေးဖွဲ့ပေးပို့နိုင်ကြပြီဖြစ်ပါသည်။ ကဗျာကို သုံးကြောင်းကဗျာမှစ၍ မဂ္ဂဇင်းတစ်မျက်နှာစာခန့်အထိ ပေးပို့နိုင်ပါသည်။ ကာရန်ပြည့်စုံသောကဗျာများ၊ အဓိပ္ပာယ်ကောင်းမွန်၍ အနည်းငယ်သာပြုပြင်ရသောကဗျာများကို ဤ**'ငွေတာရီကဗျာပန်းဥယျာဉ်'**ကဏ္ဍတွင် မဖော်ပြတော့ဘဲ မဂ္ဂဇင်းတွင် တိုက်ရိုက်ဖော်ပြသွားမည်ဖြစ်ပါသည်။ ကဗျာများပေးပို့လိုပါက **'ငွေတာရီမဂ္ဂဇင်း (ငွေတာရီကဗျာပန်းဥယျာဉ်ကဏ္ဍ)၊ အမှတ် ၁၅၊ မိုးကောင်းလမ်း၊ အောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် Email လိပ်စာ - ngwetaryeemagazine@gmail.com'** တို့တွင် ပေးပို့သောကဏ္ဍကို ပြည့်စုံစွာဖော်ပြ၍ ပါဝင်နိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အယ်ဒီတာအဖွဲ့၊ ငွေတာရီမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com


ဖျံ-၅-ကောင်
အမှတ်တံဆိပ်

LONDON
QUALITY CROWN
QC 100

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့ မန္တလေးမြို့နှင့် တောင်ကြီးမြို့ရှိ
မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့်
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။






ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၁

ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉၊ မြေညီထပ်(ယာ)၊ ၄၂လမ်း(ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၃၉၈၀၁၇၅၊ ၃၉၂၅၉၄၊ ၀၉၄၂၀၀၇၈၀၆၉



Dictionary for All

သာလွန်

THALUN
Bookstore
Yangon

အင်္ဂလိပ်-မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်

- ၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈
- ၁၇၇/၁၇၉ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၀
- ၁၆၅/၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈၊ ၃၉၈၈၄၂
- အမှတ် ၁၀၆/B၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေကျော်မီးပွိုင့်အနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၂၄၉၂၊ ၀၉၅၁၅၅၇၇၁၈


www.burmeseclassic.com

www.burmeseclassic.com

# ငွေတာရီ
မဂ္ဂဇင်း

## ရွေးချယ်သောကဗျာများ

၁.၈.၂၀၁၉ ရက်မှ ၃၁.၈.၂၀၁၉ ရက်အထိ ရောက်ရှိလာသောကဗျာများမှ အောက်ဖော်ပြပါကဗျာများကို ငွေတာရီမဂ္ဂဇင်းတွင်အသုံးပြုရန် ရွေးချယ်ထားပါသည် -

၁။ တောနတ်သမီး (စောချိုသာ)၊ ၂။ အလှကင်းသောရင် (ကျော်စွာသူ-သာယာဝတီ)၊ ၃။ ယဉ်ကျေးမှုမွေအနှစ် ပြည်သူချစ်တဲ့တို့ပုဂံ (တင့်ထွန်း-ချောက်)၊ ၄။ တစ်ပါးကျေးဇူး အထူးတုံ့ပြန် မေတ္တာမှန် (ဖိုးရန်နိုင်-ကျောက်ကြီး)၊ ၅။ ငါတို့လှေ (ဘုံတောင်မြေနေဦးခက်)၊ ၆။ နှစ်ကိုယ်တူလမ်း (ရွှေဒါးမောင်လေးရည်)။

ငွေတာရီ
မဂ္ဂဇင်း

ငွေတာရီမဂ္ဂဇင်းသို့ စာမူများပေးပို့လိုပါက

'တာဝန်ခံစာတည်း၊ ငွေတာရီမဂ္ဂဇင်း၊

အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉၄၀၃၂၅၈၄၅၁'

နှင့်

ngwetaryeemagazine@gmail.com

သို့လည်း ပေးပို့နိုင်ပါသည်။

www.burmeseclassic.com


www.burmeseclassic.com

| ၆၅ | ငွေတာရီ မဂ္ဂဇင်း

# ဘဝပုစ္ဆာအဖြေရှာ(၁၁၂)

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

စူးရှတောက်ပြောင်သော
မျက်လုံးအစုံနှင့် အကြည့်ချင်းဆုံမိကြ
သောကြောင့်ဖြစ်၏။ လှလိုက်သည့်
မျက်နှာပေါက်ပိုင်ရှင်
အမျိုးသမီးတစ်ဦး၊
ကိုယ်လုံးကိုယ်ပေါက်ကလည်း
အလွန်ပင်အချိုးပြေ၏။
အသက်အရွယ်အားဖြင့်
သုံးဆယ်မကျော်သေးဟု
ခန့်မှန်းမိရ၏။




www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦးစိုက်ကြည့်နေမိကြရာမှ သူက အရင်စ၍မျက်လွှာချပြီး တစ်ဖက်သို့လှည့်သွား၏။ ကိုကျော်ဝင်းကမူ သူ့ကိုဆက်၍ စိုက်ကြည့်နေမိဆဲဖြစ်သည်။

"အလို. . . ဆရာဦးကျော်ဝင်း ဘာကိုငေးကြည့်နေသလဲလို့ စိတ်ဝင်စားမိတာ လက်စသတ်တော့ မပြုံးယဉ်ရဲ့ အလှကွန်ရက်မှာ အညို့ခံနေရတာကိုးခင်ဗျ၊ ဟဲ. . . ဟဲ၊ သူနဲ့တွေ့လိုက်တဲ့ယောကျ်ားတိုင်းလိုလိုဟာ ဒီလိုပဲဖြစ်ကြရတာ မဆန်းတော့ပါဘူး"

မိမိဘေးနားတွင် ဘယ်အချိန်ကရောက်နေမှန်းမသိရသော ဦးဂျိုးဇက်က ရယ်ရယ်မောမောဖြင့်ပြောဆိုလိုက်ခြင်းဖြစ်၏။

"ဩော် . . . သူ့နာမည်က မပြုံးယဉ်တဲ့လား၊ နာမည်နဲ့လိုက်ပါပေတယ်ဗျာ"

"ဟုတ်ပါတယ်ဆရာ၊ ချင်းအမျိုးသမီးပါ၊ မြင်နေရတဲ့ လက်ဖက်ရည်ဆိုင်ရဲ့ပိုင်ရှင်ဖြစ်ပါတယ်၊ လူသိပ်စည်တဲ့လက်ဖက်ရည်ဆိုင်ပေါ့၊ မနက်ခင်းဆိုရင် ထိုင်စရာခုံမလောက်လို့ မတ်တတ်ရပ်ပြီးသောက်ကြရတဲ့လူတွေရှိတယ်၊ ညနေခင်းဆိုရင်လည်း ည ၈ နာရီဆိုင်ပိတ်ချိန်အထိ လူမစဲဘူး"

"သူဖျော်တဲ့လက်ဖက်ရည်က သိပ်ကောင်းလို့လား၊ ဒါမှမဟုတ် ချောမောလှပတဲ့သူ့ကို လာရစ်ကြတာလား"

"နှစ်ခုစလုံးပါပဲဆရာ၊ တကယ်တော့ မပြုံးယဉ်ရဲ့ဘဝဟာ သနားစရာကောင်းပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က လူမှုရေးပြဿနာတစ်ခုကြောင့် အိမ်ထောင်ပျက်ပြီး သူ့ယောကျ်ားနဲ့ကွာရှင်းခဲ့ကြတယ်၊ သူ့ယောကျ်ားကတော့ နောက်အိမ်ထောင်ပြုသွားပြီ၊ သူကသာ တစ်ခုလပ်ဘဝနဲ့ ဘဝကိုဆက်ပြီးရုန်းကန်နေရရှာတယ်၊ သားသမီးမရှိလို့ တော်သေးတာပေါ့ဗျာ၊ ဒါပေမဲ့လည်း အရွယ်ကောင်းတုန်းမှာ တစ်ခုလပ်ဖြစ်နေရတော့ အန္တရာယ်များတာပေါ့ဆရာ၊ သူ့ကို အချောင်ကြံချင်တဲ့လူတွေက အများသားခင်ဗျ"

ဦးဂျိုးဇက်ထံမှကြားရသောစကားကြောင့် ကိုကျော်ဝင်းသည် မပြုံးယဉ်အပေါ်တွင် အတော်ပင်ကရုဏာသက်သွားမိ၏။ သို့ရာတွင် အချောင်ကြံချင်သူများထဲတွင် မိမိမပါဝင်ချင်၊ အတည်ယူဖို့ကလည်း မိမိသည် လူလွတ်တစ်ယောက်မဟုတ်။ သားတစ်ယောက်၏ဖခင် အိမ်ထောင်ရှင်၊ ဘယ်လိုမှမဖြစ်နိုင်၊ သို့ရာတွင် မပြုံးယဉ်၏အလှကွန်ရက်တွင် ငြိချင်သလိုဖြစ်နေသည်ကတော့ မငြင်းနိုင်ပါ။ သူ့လက်ဖက်ရည်ဆိုင်သို့သွား၍ လက်ဖက်ရည်သောက်ချင်နေသည့်ဆန္ဒက တစ်စတစ်စနှင့်ပြင်းထန်လာသည်၊ ထိုစဉ် ဦးဂျိုးဇက်က -

"သူဖျော်တဲ့လက်ဖက်ရည် ကောင်း၊ မကောင်း အခုသွားသောက်ကြည့်ကြရအောင်လေ"ဟု ငိုချင်ရက်လက်တို့ဆိုသလို ပြောလိုက်သောအခါ ရုတ်တရက်ချက်ချင်းပင်ထရပ်လိုက်မိ၏၊ သို့ရာတွင် မသင့်တော်သေးကြောင်း စဉ်းစားမိသဖြင့် -

"အခုတော့ပင်ပန်းနေတာမို့ အိပ်ရာပေါ်မှာ ခဏလဲလျောင်းနေချင်တယ်၊ မနက်ဖြန်မနက် Breakfast ကို သူ့ဆိုင်မှာစားကြတာပေါ့ဗျာ၊ အဲဒီအခါကျမှ မပြုံးယဉ်ရဲ့အလှကိုလည်း တဝကြီးရှုစားမယ်၊ သူ့ လက်ဖက်ရည် ကောင်း၊ မကောင်းကိုလည်း အကဲဖြတ်မယ်၊ ဟုတ်ပြီလား ဦးဂျိုးဇက်"

နောက်တစ်နေ့နံနက် ၈ နာရီခန့်တွင် ဦးဂျိုးဇက်ရောက်လာ၏။ မိမိရော ဦးလိုင်လင်းကိုပါ လက်ဖက်ရည်သောက်ရန် ဖိတ်ခေါ်၏။ မပြုံးယဉ်ဆိုင်အနား၌ လူတွေကြိတ်ကြိတ်တိုးဖြစ်နေပြီ၊ ထိုင်ရန် ခုံလွတ်ပင်မရှိတော့၊

"ကျွန်တော်တို့နေရာလွတ်ရှိအောင် ခဏစောင့်ကြရင်ကောင်းမယ်၊ ဒီကြားထဲမှာ ကျွန်တော်က သူ့လက်ဖက်ရည်ဆိုင်ကိုကြည့်ပြီး လက်တန်းကဗျာတစ်ပုဒ်စပ်မယ်၊ နားထောင်ကြမှာလား"

မိမိ၏စကားကြောင့် ဦးဂျိုးဇက်က အံ့ဩသွားပြီး-

"အလို. . . ဆရာက ကဗျာလည်းစပ်တတ်သလား၊ ကဗျာတွေဘာတွေရေးဖူးသလား"ဟု အံ့ဩစွာ မေးလိုက်၏။

"ကျွန်တော် ကဗျာဆရာမဟုတ်ပါဘူးခင်ဗျာ၊ ဒါပေမဲ့ ကဗျာကိုတော့ချစ်မြတ်နိုးတယ်၊ ဖတ်တယ်၊ မှတ်တယ်၊ သိပ်ပြီးကြိုက်တဲ့ကဗျာမျိုးဆိုရင် အလွတ်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင် ကျက်ထားလိုက်တယ်၊ အထူးသဖြင့် လက်တန်းကဗျာမျိုးတွေဆိုရင် သိပ်ပြီးသဘောကျတယ်"

"လက်တန်းကဗျာဆိုတာ ဘယ်လိုဟာမျိုးလဲ ဆရာ" ဦးလိုင်လင်းက မေးလိုက်ခြင်းဖြစ်၏။

"အင်္ဂလိပ်လို Impromptu poem လို့ခေါ်တယ်၊ စာရွက်ပေါ်မှာ အချိန်ယူပြီးရေးစပ်တဲ့ကဗျာမျိုး မဟုတ်ဘူး၊ ရုတ်တရက်မြင်တွေ့ရတဲ့မြင်ကွင်း၊ ဒါမှမဟုတ် ကြုံတွေ့ရတဲ့ဖြစ်ရပ်အကြောင်းကို ချက်ချင်းနှုတ်နဲ့ရေးဖွဲ့ရွတ်ဆိုတာမျိုးပေါ့ခင်ဗျာ၊ စပ်တာနဲ့ ရွတ်ဆိုတာကို တစ်ပြိုင်တည်းပြုလုပ်ရတာမျိုးပါ။

ကျွန်တော်ဟာ ကမ္ဘာ့နိုင်ငံအတော်များများကို စာပေရေးရာကိစ္စနဲ့ရောက်ဖူးခဲ့တယ်၊ ရောက်သမျှနိုင်ငံတွေမှာတော့ လက်တန်းကဗျာဖွဲ့ဆိုတဲ့အလေ့အထမျိုး မတွေ့ရသလောက်ပါဘဲ၊ အဲ. . . ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ လက်တန်းကဗျာစပ်ဆိုတာဟာ သမိုင်းနဲ့ချီပြီးရှိခဲ့တယ်၊ ပြည်ထောင်စုဖွားတိုင်းရင်းသားမျိုးနွယ်တချို့မှာ လက်တန်းကဗျာစပ်တဲ့ဓလေ့ဟာ ယနေ့အထိရှိနေသေးတယ်"

"ဟာ. . . စိတ်ဝင်စားစရာပဲဆရာ၊ ပြောပြပေးပါအုံး" ဦးဂျိုးဇက်က တောင်းဆိုလိုက်ခြင်းဖြစ်၏။

"မြန်မာနိုင်ငံမှာ လက်တန်းကဗျာစပ်တဲ့ဓလေ့ဟာ သမိုင်းနဲ့ချီပြီးသက်တမ်းရှိလာခဲ့တဲ့ နှုတ်မှုအနုပညာစွမ်းရည်တစ်ရပ်ပဲခင်ဗျ၊ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင် ပုဂံခေတ်ကာလကတည်းကစခဲ့တယ်ဆိုပါစို့၊ ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်မှာ ရှင်ဘုရင်ရဲ့ အထင်လွဲခံရမှုကြောင့် ပညာရှိအမတ်ကြီးအနန္တသူရိယဟာ ကွပ်မျက်ခံခဲ့ရတယ်၊ အနန္တသူရိယဟာ အသတ်မခံရခင် အချိန်တိုလေးအတွင်းမှာပဲ ပေရွက်ပေါ် လက်တန်းကဗျာတစ်ပုဒ်စပ်ဆိုပြီး ဘုရင်ကိုဆက်သဖို့ သူသတ်သမားတွေရဲ့လက်ထဲမှာအပ်ထားခဲ့တယ်၊ ပေရွက်ပေါ်ရေးစရာမလိုဘဲ သူကိုယ်တိုင်နှုတ်နဲ့ရွတ်ဆိုပြနိုင်ပေမယ့် အဲဒီလိုအခွင့်အရေးမျိုးမရနိုင်ခဲ့တာကြောင့် အခုလိုရေးခဲ့ရတာပါ။ သူ့ကိုကွပ်မျက်ပြီးတဲ့အခါ သူသတ်သမားတွေက အဲဒီကဗျာကို ဘုရင့်ထံသွားဆက်တယ်၊ အနှစ်သာရပြည့်ဝပြီးတရားသဘောတွေပါဝင်တာကြောင့် ရှင်ဘုရင်ဟာ ဖတ်ပြီးပြီးချင်း နောင်တရတယ်၊ သံဝေဂရတယ်၊ စိတ်သဘောထားပြည့်ဝပြီး သည်းခံခွင့်လွှတ်တတ်တဲ့ ပညာရှိကြီးတစ်ယောက်ကိုမှ သတ်မိန့်ပေးမိလေခြင်းလို့ နောင်တရတာကြောင့် ချက်ချင်းပြန်ပြီးလွှတ်ငြိမ်းခွင့်ပေးတယ်၊ ဒါပေမဲ့ သူသတ်သမားတွေက လက်လွန်သွားပြီ၊ နရပတိစည်သူမင်းဟာ အမျက်ဒေါသထွက်ပြီး နင်တို့ အမတ်ကြီးကိုမသတ်ခင် ဒီကဗျာ ငါ့ကိုဘာဖြစ်လို့အရင်လာမပြရသလဲဆိုပြီး သူသတ်သမားတွေကို ကွပ်မျက်စေပြန်တယ်၊ နောင်တရသွားတဲ့ နရပတိစည်သူမင်းဟာ အနန္တသူရိယအမတ်ကြီးသေဆုံးပြီးချိန်မှာ အမိန့်တော်တစ်ရပ်ပြဋ္ဌာန်းလိုက်တာက 'နောင်ကို ငါက သတ်ဆိုတိုင်း ချက်ချင်းမသတ်လေနှင့်၊ တစ်လတန်သည် ဆိုင်းထားအုံး။ ပြီးမှ ငါ့ကိုပြန်တင်ပြ၊ အဲဒီတော့မှ ငါက သတ်ဆိုရင် သတ်လေဆိုတဲ့အမိန့်တော်ပါပဲ'၊ ဒီအမိန့်ဟာ မြန်မာမင်းဆက်နောက်ဆုံးဘုရင် သီပေါမင်းအထိ အစွန့်ရှည်သွားခဲ့ရတယ်၊ ပညာရှိအနန္တသူရိယအမတ်ကြီး ကွပ်မျက်မခံရခင် အချိန်တိုအတွင်းမှာ လက်တန်းဖွဲ့ဆိုရေးသားသွားတာကတော့ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်းလို့ အစချီတဲ့ အမျက်ဖြေလကာ လေးပိုဒ်ပါပဲ၊ တိုပေမယ့် အနှစ်သာရပြည့်ဝတယ်၊ တရားသဘောပါတယ်၊ ပညာရှိတစ်ဦးရဲ့ ဘယ်တော့မှမရိုးနိုင်တဲ့ ဒဿနမို့ ယနေ့တိုင်အောင်ရှင်သန်နေရတယ်။

လက်တန်းကဗျာဆိုတာ မြန်မာစာပေသမိုင်းမှာ ကြီးကြီးကျယ်ကျယ်ထွန်းကားခဲ့တဲ့အကြောင်း မတွေ့ရပေမယ့် ခေတ်အလိုက်ပေါ်ထွန်းခဲ့တဲ့ လက်တန်းကဗျာတွေကတော့ ထင်ရှားခဲ့တယ်၊ ယနေ့တိုင်အောင်ရှင်သန်နေဆဲဖြစ်တယ်၊ သာဓကအနေနဲ့ပြရရင် မင်းတုန်းမင်းတရားလက်ထက်မှာ ရှင်ဘုရင်က ကင်းဝန်မင်းကြီးနဲ့ ရွှေတိုက်ဝန်ကြီးကိုခေါ်ပြီး မင်းကြီးတို့ ဆန်တစ်စေ့ရဲ့အပြန်သုံးဆယ်ကို စားနိုင်သလား၊ စားနိုင်ရင် မြင်းကောင်းတစ်စီးနဲ့ ပုဆိုးကောင်းတစ်ထည် ဆုချတော်မူမယ်၊ စားနိုင်တယ်လို့ပြောပြီး တကယ်မစားနိုင်ရင်တော့ ဥယျာဉ်တော်တစ်ခွင်လုံးကို ရေလောင်းရမယ်လို့ အမိန့်ရှိတယ်၊ ဝန်ကြီးနှစ်ပါးက

www.burmeseclassic.com

www.burmeseclassic.com



စားနိုင်ပါတယ်ဘုရားဆိုပြီး ဖြေကြားလျှောက်ထားကြတယ်။

အဲ. . . တကယ်တမ်းစားမယ်လုပ်တော့ ဆန်တစ်စေ့ရဲ့ အပြန်သုံးဆယ်ရအောင် မြှောက်လို့တောင် မဆုံးနိုင်ဘူးဖြစ်နေရတယ် (မျက်မှောက်ခေတ်တွင် ကျီးသဲလေးထပ်ဆရာတော်က တွက်ချက်ကြည့်ရာ ဆန်စေ့ပေါင်း ၇၀၄ ကုဋေရှိကြောင်း သိရ၏)။ ဒါ့ကြောင့် နောက်ဆုံးမှာ မစားနိုင်တော့ပါဘူးဘုရားဆိုပြီး အရှုံးပေးလိုက်ကြရတယ်၊ ဒီတော့ ဝန်ခံကတိအတိုင်း ဥယျာဉ်တော်တစ်ခွင်လုံးကို ရေလောင်းဖို့ ပြင်ဆင်ကြရတယ်၊ အဲဒီအချိန်မှာ မင်းတုန်းမင်းကြီးက ခြွင်းချက်တစ်ခုပေးတယ်၊ အခုဖြစ်ခဲ့ရတဲ့ဖြစ်စဉ်ဖြစ်ရပ်အကြောင်း ပြည့်ပြည့်စုံစုံ လက်တန်းကဗျာစပ်နိုင်ရင် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပြုမယ်လို့ မိန့်တော်မူတယ်၊ လက်တန်းကဗျာမစပ်နိုင်တဲ့ ရွှေတိုက်ဝန်ကြီးကတော့ မိမိ မစပ်နိုင်ကြောင်းလျှောက်ထားပြီး ဥယျာဉ်တော်ကို ရေသွားလောင်းတယ်၊ ကင်းဝန်မင်းကြီးကတော့ - 'ပုဆိုးနှင့်မြင်းပါ ဆုတော်ခံမယ်လို့၊ ပြန်သုံးဆယ်ဆန်ကိုစားတယ်၊ မှားချက်ကနှာ၊ နောက်တစ်ခါ ကြောက်ပါပေ့၊ သက်ဆုံး၊ ဒီတစ်ပွဲမှာဖြင့်၊ အလွဲကံချော်လို့၊ ဥယျာဉ်တော်မှာ ရေလောင်းမယ်၊ ငယ်ရင်းဟန်ကြွယ်တဲ့၊ ဆင်ကြွန်မယ် ဖြူပြာနွဲ့ရယ်၊ မင်းကူလှည့်အုံး'လို့ ချက်ချင်းပဲလက်တန်းစပ်ဆိုလိုက်တယ်။

ကင်းဝန်မင်းကြီးရဲ့ကဗျာဟာ ကာရန်နဲ့စပ်တဲ့ အချိုးကဗျာဖြစ်တယ်၊ အကြောင်းအချက်နဲ့ပြည့်စုံတယ်၊ အချိုးလည်းမှန်တယ်၊ မင်းတုန်းမင်းတရားကြီးက နှစ်မြို့က်လက်ခံတဲ့အတွက် ပြစ်ဒဏ်ကကင်းလွတ်ခွင့်ရသွားတယ်။

လယ်တီဆရာတော်ဘုရားကြီးနဲ့ ခေတ်ပြိုင်ဖြစ်တဲ့ မန်လည်ဆရာတော်ဘုရားကြီးဟာ လက်တန်းကဗျာစပ်ဆိုတဲ့နေရာမှာ သိပ်ပြီးတော်တယ်၊ တစ်ခါက ဖောင်းကွဲသားတစ်ယောက်ဟာ ဆရာတော်ကြီးထံလာပြီး ပညာစမ်းတယ်၊ အရှင်ဘုရားဟာ လက်တန်းကဗျာစပ်တဲ့နေရာမှာ သိပ်ပြီးတော်တယ်လို့ နာမည်ကြီးနေပါတယ်၊ တပည့်တော်ဟာ ဖောင်းကွဲသားတစ်ယောက်ဖြစ်ပြီး တပည့်တော်တို့အမျိုးတွေဟာ သိပ်ပြီးအသားမည်းပါတယ်၊ တပည့်တော်ငယ်ငယ်က သိပ်ဆော့တယ်၊ ဆိတ်ပေါ်တက်စီးလို့လိမ့်ကျပြီး လက်တစ်ချောင်းကျိုးသွားခဲ့ရတယ်၊ အဲဒီအကြောင်းအချက်တွေအားလုံးပါဝင်အောင် လက်တန်းကဗျာစပ်ပြပါဘုရားလို့ လျှောက်ထားလိုက်တယ်၊ သူ့စကားလည်းဆုံးရော မန်လည်ဆရာတော်ဘုရားက ဆိတ်စီးလို့ လက်ကျိုး၊ အနက်မျိုးဖောင်းကွဲ၊ တစ်ချောင်းပဲကျန်တော့တယ်လို့ စပ်ပြလိုက်တယ်၊ ဖောင်းကွဲသားဟာ အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားနဲ့ ဆရာတော်ကို ငေးကြည့်နေမိခဲ့ရတယ်။

၁၉၅၈ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စုက စာရေးဆရာအဖွဲ့တစ်ဖွဲ့ဟာ မြန်မာပြည်ကိုလာရောက်ပြီး မြန်မာစာရေးဆရာအဖွဲ့နဲ့ ဆန်းကဖေးမှာတွေ့ဆုံကြတယ်၊ စာပေရေးရာကိစ္စတွေကို ဆွေးနွေးကြတယ်၊ မြန်မာစာရေးဆရာအဖွဲ့က တက္ကသိုလ်နန္ဒမိတ်ကခင်ဗျားတို့အဖွဲ့ထဲမှာ ကဗျာဆရာပါသလားလို့မေးတယ်၊ မုတ်ဆိတ်ရှည်ကြီးနဲ့လူက သူဟာ ကဗျာဆရာဖြစ်တဲ့အကြောင်းဖြေတယ်၊ ဆရာနန္ဒမိတ်က ခင်ဗျားဟာ ကျွန်တော်တို့ အခုလိုတွေ့ဆုံကြတဲ့ဖြစ်ရပ်အကြောင်း အခုအချက်ချင်း လက်တန်းကဗျာဖွဲ့ဆိုနိုင်သလားလို့ မေးတယ်၊ ရုရှားကဗျာဆရာက ခေါင်းခါပြီး ကဗျာဆိုတာ အင်မတန်လှတဲ့နတ်သမီးကလေးနဲ့တူတယ်၊ အဲဒီနတ်သမီးကလေး ကျွန်တော့်ဆီကိုလာမှ ကဗျာစပ်လို့ရတယ်၊ သူမလာရင် စပ်လို့မရဘူး၊ အခု သူမလာတာကြောင့် ကဗျာမစပ်နိုင်ဘူးဆိုပြီး ပြောတယ်၊ ဆိုလိုတာက ဗျာန်ဝင်မှ ကဗျာစပ်လို့ရတယ်၊ ဗျာန်မဝင်ရင် စပ်လို့မရဘူးဆိုတဲ့ သဘောပေါ့ဗျာ၊ ဆရာနန္ဒမိတ်က ကျွန်တော်တို့ မြန်မာကဗျာဆရာတွေကတော့ အချိန်မရွေးကဗျာစပ်နိုင်တယ်ဗျလို့ပြောပြီး ဆရာကြီးဦးရန်အောင်ကို လက်တန်းကဗျာစပ်ဆိုပြဖို့ မေတ္တာရပ်ခံလိုက်တယ်။

ဆရာကြီးဦးရန်အောင်က မတ်တတ်ထရပ်ပြီး ဆိုဗီယက်ကစာရေးဆရာအဖွဲ့ကို အကဲခတ်လေ့လာလိုက်တယ်၊ ခေါင်းဆောင်လုပ်သူက စတိုင်ခပ်တင်း

www.burmeseclassic.com

www.burmeseclassic.com



တင်၊ ကဗျာဆရာက မုတ်ဆိတ်ရှည်ကြီးနဲ့ဖြစ်ပြီး ပါလာတဲ့အမျိုးသမီးတစ်ယောက်က အာရှတိုက်သူနဲ့တူနေတယ်၊ ဆရာကြီးက အဲဒီလိုထူးခြားသူတွေအားလုံးပါဝင်အောင်-

'ဆိုဗီယက်က မိတ်ဆက်ဖို့လာ၊ မာပါစ ဆွေတစ်သင်း၊ ကလေးမရယ်နဲ့ နံ့ဘေးကထိုင်၊ စတိုင်ခေါင်းဆောင်ကြီးရဲ့အပြင်၊ မုတ်ဆိတ်ကြီးကဗျာဆရာနဲ့၊ ဟောဟိုကညာအာရှသွေးကိုလှ၊ မနောဖိုစရာ နှစ်ခါမျှမွှေးချင်ရဲ့၊ ဗမာသွေးလူညီညီက၊ ပြုံးချိုချိုမျက်နှာထားရယ်နဲ့၊ ဘာမထီဇာနည်ဘွားပေမို့၊ ကမ္ဘာတည်အောင်စာစီလို့သွားကြပါစို့၊ မြန်မာပြည်ကို ကာလာအနီသားမယ်လား၊ မိတ်ဆွေများရယ်၊ ထားသတိသွင်း'ဆိုပြီးစပ်ဆိုလိုက်တယ်။

ဆရာဦးတင်မြက ရုရှားလိုဘာသာပြန်ဆိုပေးလိုက်တဲ့အခါမှာ ဆိုဗီယက်စာရေးဆရာအဖွဲ့ကနှစ်သက်သဘောကျလွန်းလို့ လက်ခုပ်သြဘာပေးကြတယ်လေ။

ပြည်ထောင်စုဖွားသွေးချင်း အင်းသားလူမျိုးတွေမှာလည်း လက်တန်းကဗျာဖွဲ့ဆိုတဲ့ဓလေ့ဟာ တစ်ချိန်က အတော်လေးရေပန်းစားခဲ့တယ်၊ အမျိုးသားအုပ်စုနဲ့ အမျိုးသမီးအုပ်စုတွေဟာ လသာတဲ့ညမျိုးမှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ စကားစစ်ထိုးတဲ့သဘောမျိုးနဲ့ လက်တန်းကဗျာတွေစပ်ဆိုပြီး သံစဉ်ထည့် သီဆိုလေ့ရှိကြတယ်၊ တိုက်တေးသီဆိုတဲ့ဓလေ့လို့ခေါ်တဲ့ အဲဒီဓလေ့ဟာအခုတော့ တိမ်ကောသလောက်ဖြစ်နေပါပြီ။

အပျိုအိမ်ကိုလာပြီး လူပျိုလှည့်ကြတဲ့ ကာလသားတစ်သိုက်နဲ့ အိမ်ရှင်လုံမပျိုဟာ စကားထာတွေကိုလက်တန်းကဗျာဖွဲ့ပြီး သံစဉ်နဲ့သီဆိုရင်း စကားထာဝှက်လေ့ရှိကြတယ်၊ သာဓကအနေနဲ့ ရေမှာနေ၊ ကုန်းမှာဥ၊ ခြေလေးခုသတ္တဝါ၊ မေးသည့်ပုစ္ဆာ၊ ဖြေနိုင်ရင်ဖြေပါကြ၊ ငွေအသပြာတစ်သောင်း၊ လောင်းမယ်ခုည၊ . . . ဆိုတဲ့ စကားထာကိုဖြေနိုင်သူက လက်တန်းကဗျာဖွဲ့ သံစဉ်ထည့်ဆိုပြီး လိပ်ဖြစ်တယ်ဆိုတဲ့အကြောင်းပြန်ဖြေတယ်၊ အိမ်ရှင်လုံမပျိုဟာ လက်တန်းကဗျာအဖွဲ့တော်တဲ့လူပျိုကာလသားကို ချစ်သူအဖြစ်ရွေးချယ်လေ့ရှိတယ်။

ရခိုင်သွေးချင်းတွေကတော့ လက်တန်းကဗျာဖွဲ့ဆိုတာကို ဇမ်းချင်းလို့ခေါ်ကြတယ်၊ ဇမ်းချင်းဆိုတာစမ်းခြင်းဆိုတဲ့စကားကနေ ပြောင်းလဲလာတာပါ၊ အမျိုးသားနဲ့အမျိုးသမီး တစ်ယောက်နဲ့တစ်ယောက်လက်တန်းကဗျာဉာဏ်ရည်ဘယ်လောက်ရှိသလဲဆိုတာ အပြန်အလှန်စမ်းသပ်ကြည့်ကြတဲ့သဘောဖြစ်ပါတယ်၊ သာဓကအားဖြင့် ရေကန်ကြီးနားမှာ နေ့လယ်နေ့ခင်း မိန်းမပျိုတစ်ယောက်ကို အမှတ်မထင်တွေ့မြင်ရတဲ့ ယောက်ျားပျိုက သူ့ရဲ့နေရပ်ကိုစူးစမ်းတဲ့အနေနဲ့ 'နိခင်းကြောင်တောင် ကမ်းနားယောင်မ ချေဇာဂရောင်'လို့ ဇမ်းချင်းနဲ့မေးတယ်၊ နေ့ခင်း ကမ်းနားမှာတွေ့မြင်ရတဲ့ မငယ် ဘယ်အရပ်ကလဲလို့ မြန်မာလိုအနက်အဓိပ္ပာယ်ရပါတယ်၊ အဲဒီအခါ မိန်းမပျိုက'ကျေးသန္တာပျံ့ကာဝဲ၊ ရွာကျတဲကပဲ'လို့ ဇမ်းချင်းနဲ့ ပြန်ဖြေတယ်၊ အဓိပ္ပာယ်ကတော့ သန္တာကျေးငှက်တွေဝဲပျံ့နေတဲ့ ကျတဲရွာကဖြစ်ပါတယ်လို့ ဖြေတာပါ၊ အဲဒီကဗျာတွေဟာ ကြိုတင်စပ်လာတဲ့ကဗျာတွေမဟုတ်ပါဘူး၊ တစ်ဦးနဲ့တစ်ဦးတွေ့တော့မှ လက်တန်းစပ်ကြတဲ့ကဗျာတွေဖြစ်ပါတယ်၊ ရမ်းဗြဲဘက်ကကျေးရွာတွေမှာ အပျို လူပျိုတွေ တစ်ဦးနဲ့တစ်ဦး ဇမ်းချင်းအပြန်အလှန်သီဆိုကြရင်း ဉာဏ်ရည်တူသူချင်းဟာ သမီးရည်းစားဖြစ်သွားကြရတယ်"

မိမိ၏စကားဆုံးသည်နှင့် ဦးဂျိုးဇက်က -

"လက်တန်းကဗျာနဲ့ပတ်သက်ပြီး ဆရာဦးကျော်ဝင်းက သမိုင်းနဲ့ချီပြီးရှင်းပြပေးခဲ့တာ ကျေးဇူးတင်ပါတယ်၊ ဆရာကိုယ်တိုင်ကော လက်တန်းကဗျာစပ်တတ်သလား"

"ဟာ. . ကျွန်တော် လက်တန်းကဗျာကို ဝါသနာပါတယ်ဗျ၊ အဲ. . . ဟိုမှာမြင်နေရတဲ့ မပြုံးယဉ်ရဲ့လက်ဖက်ရည်ဆိုင်ကိုကြည့်ပြီး အခုပဲ လက်တန်းကဗျာတစ်ပုဒ်စပ်ပြမယ်၊ နားထောင်"။ ။

**မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)**

www.burmeseclassic.com

www.burmeseclassic.com






# ချစ်စဖွယ် မိုင်းတုံမြေ

➤ မြင်းမူမောင်နိုင်မိုး




လွန်ခဲ့သောနှစ်ပေါင်း ၄၃ နှစ်ကျော်က မိုင်းတုံမြို့ကိုစတင်ရောက်ရှိခဲ့ဖူးသည်။ အသက်နှစ်ဆယ်ကျော်ခါစ နုပျိုတက်ကြွသောအရွယ်ပင်ဖြစ်လေသည်။ တောင်ကြီးမြို့ကိုလည်း ထိုနှစ် ၁၉၇၆ ခုနှစ်၊ ဧပြီလမှာ စတင်ရောက်ဖူးသည်။ နွေဦးကာလမို့ ခရမ်းပြာရင့်စိန်ပန်းပွင့်တွေတလွင့်လွင့်ကြွေကျနေတာကို ကြည့်ရှုလို့မဝနိုင်။ မြင့်မားသောတောင်တန်းပြာကြီးတွေ ပတ်လည်ဝန်းရံထားသော ရှမ်းပြည်နယ်၏အလှရှုခင်းများသည် ငယ်နုသောနှလုံးသားနှင့် စိတ်သားကဗျာဆရာအတွက်တော့ ကဗျာပန်းတွေအစီအရီဖူးပွင့်ခဲ့လေသည်။

တာဝန်ကျရာမိုင်းတုံမြို့သို့ သွားရောက်သတင်းပို့ရန် ယာဉ်တန်းထွက်ခွာရတော့ ဧပြီလ ၂၀ ရက်ကျော်ခဲ့လေပြီ။ တောင်ကြီးမှ ဟိုပုံး၊ မိုင်းပွန်၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန်မြို့များကို တစ်မြို့ပြီးတစ်မြို့ ဖြတ်ရသည်။ မိုင်းပန်မြို့မှတစ်ဖန် သံလွင်မြစ်ကမ်းနံဘေး တာဆန်းကူးတို့ဆိပ်မှာ သံလွင်တစ်ဖက်ကမ်းမှ လာရောက်ကြိုဆိုမည့် လုံခြုံရေးယာဉ်တန်းကို စောင့်ဆိုင်းရသည်။

www.burmeseclassic.com



ကျွန်တော်တို့ယာဉ်တန်းတွင် ကျွန်တော်တို့ သတင်းပို့ရမည့် မိခင်တပ်ရင်းမှ တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးဂျေဟန်ရှိန်နှင့် သူ၏ဇနီး ဒေါ်စန်းစန်းတို့ လိုက်ပါလာသဖြင့် အစစအရာရာအဆင်ပြေပါသည်။ မိခင်တပ်ကိုသတင်းပို့ရမည့် ကျွန်တော်နှင့် ကိုစိန်လှိုင် (ဒုတိယဗိုလ်စိန်လှိုင်)တို့ကို ဗိုလ်ကြီးဂျေတို့ဇနီးမောင်နှံက တပ်အကြောင်း၊ စစ်ဆင်ရေးအကြောင်း၊ အခြားသော သိသင့်သိထိုက်သည့်အခြေအနေအရပ်ရပ်တို့အကြောင်းကို ရှင်းလင်းပြောကြားကြပါ၏။ ထမင်းဟင်းလည်း သူတို့ကပဲကျွေးပါသည်။

သို့နှင့် တာဆန်းကူးတို့ဆိပ်မှာ ၅ ရက်ကြာနေခဲ့ရသည်။ လုံမြို့ရေးယာဉ်တန်းရောက်လာမှ ကျွန်တော်တို့ သံလွင်အရှေ့ကမ်းသို့ ဇက်ရေယာဉ်ဖြင့်ကူးခဲ့ကြရသည်။ မိုင်းတုံမြို့ကိုရောက်အောင် ၅ နာရီခန့်ကားမောင်းရပါသည်။ မြင့်မားမတ်စောက်လှသော လွယ်ပွတ်တောင်ကြောကိုဖြတ်သန်းရတော့ အသည်းတယားယားရှိလှသည်။ လမ်းတွေကလည်းကောင်းလှသည်မဟုတ်။ မိုးတွင်းဆိုလျှင် အတော်ပင်အခြေအနေဆိုးကြောင်း သိရသည်။ မိုင်းတုံမြို့ကိုရောက်တော့ တောင်တန်းတွေဝန်းရံထားသော မြို့ကလေးသည် အညာဒေသလောက်နီးပါး အပူချိန်မြင့်မားလှသည်ကို တွေ့ရ၏။ တောင်ကြီးမှ မိုင်းတုံအရောက် လမ်းခရီးမှာ အိပ်စက်ခဲ့ရတာရော၊ တာဆန်းကူးတို့ဆိပ်မှာ ယာဉ်တန်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထပ်မံစောင့်ဆိုင်းရတာရော ဆိုလျှင် ၁၀ ရက်ကျော်ကြာခဲ့သည်ကို မှတ်မိနေပါသေး၏။

ယခုအခါ တောင်ကြီးမှ မိုင်းတုံမြို့သို့သွားလျှင် မနက် ၆ နာရီထွက်ပါက ညနေ ၅ နာရီထိုးလောက် မိုင်းတုံသို့ရောက်နိုင်သည်။ ကားလမ်းတွေချောမွေ့ကောင်းမွန်သည့်အပြင် သံလွင်မြစ်ကိုလည်း ဖက်ရေယာဉ်ဖြင့် ဖြတ်ကူးစရာမလိုတော့ပေ။ တာဆန်းတံတားပေါ်ကဖြတ်၍မောင်းရသဖြင့် အချိန်ကုန်သက်သာလှပေသည်။ ဤသည်မှာ တပ်မတော်အစိုးရလက်ထက်က လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ခြင်း၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။ ငြိမ်းချမ်းရေးကိုလည်း အတတ်နိုင်ဆုံးတည်ဆောက် လမ်းဖွင့်ပေးခဲ့သဖြင့် ခရီးလမ်းအသီးသီးမှာ လုံခြုံရေးယာဉ်တန်းမပါလည်း ခရီးသည်များ စိတ်အေးချမ်းသာစွာသွားရောက်နိုင်ကြပေသည်။

မိုင်းတုံမြို့၏ထူးခြားချက်မှာ ကျွန်းပင်များအလွန်တရာထူထပ်စွာပေါက်ရောက်နေခြင်းဖြစ်ပါသည်။ မိခင်တပ်ရင်း၏ လူပျိုရိပ်သာအမည်မှာ 'သံလွင်ရိပ်သာ'ဟူ၍ဖြစ်၏။ သံလွင်ရိပ်သာနံဘေးမှာ အလေ့ကျပေါက်နေသော ကျွန်းပင်များစွာရှိသည်။ ကျွန်တော်မိုင်းတုံတပ်မှပြောင်းရတော့ ထိုကျွန်းပင်ကလေးများကို လွမ်းစွာသတိရမိပါသည်။ ကြက်ဟင်းခါးသီးတောင်နှင့် ပုံပါကျင်တပ်စခန်းများကိုလည်း လွမ်းဆွတ်မိပါသည်။ ရှေ့တန်းတာဝန်ကို သွားရောက်ထမ်းဆောင်ရသည်ကတော့ မိုင်းပြင်း၊ ကျိုင်းတုံဒေသများဖြစ်ပါ၏။ ထို့ပြင် မိုင်းဖြတ်၊ မိုင်းခတ်၊ မိုင်းပုကြီးဒေသများကိုလည်း ရောက်ရသေးသည်။

မိုင်းတုံမြို့ရောက်ရောက်ချင်း ဟိုပန်ဟိုရွက်ဒေသသို့ နယ်မြေစိုးမိုးရေးလှုပ်ရှားရသည်။ ထို့နောက် မိုင်းဟန်စခန်းမှူးတာဝန်ယူရသည်။ မိုင်းတုံမြို့မှာ ၃ နှစ်ကျော်နေထိုင်ခဲ့ရတော့ အညာဆန်လှသော ရှမ်းပြည်နယ်မြို့ကလေးကို ချစ်မြတ်နိုးစွာ ကဗျာရေးဖွဲ့ခဲ့ဖူးသည်။ အလောင်းမင်းတရားကြီးဦးအောင်ဇေယျလက်ထက်က ယိုးဒယားကိုစစ်ချီသွားတော့ ဤအရပ်ဤဒေသကိုရောက်ခဲ့ဖူးသည်၊ စစ်ကြောင်းရှိ ဖြတ်သန်းခဲ့ဖူးသည်ဟု အချို့ကဆိုကြသည်။ မိုင်းတုံမြို့အဝင်တောင်ကုန်းမြင့်မြင့်ကလေးပေါ်တွင် မြို့ဦးစေတီတစ်ဆူရှိသည်။ ထိုစေတီလေးကို ဦးအောင်ဇေယျဘုရားဟု အစဉ်အလာအရ ဘွဲ့အမည်သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။ နမ့်တုံချောင်းက မိုင်းတုံမြို့ကို ဖွေ့ဝိုက်ဖြတ်သန်းစီးဆင်းသည်။ အခါ၊ လားဟူ၊ ရှမ်း၊ ဗမာ တိုင်းရင်းသားများ ပျော်ရွှင်စွာနေထိုင်ကြသည်။ မိုင်းတုံမြို့ကို ဤကဲ့သို့ ကဗျာလေးတစ်ပုဒ်ဖွဲ့ဆိုဂုဏ်ပြုခဲ့ဖူးသည် -

**ချစ်စဖွယ် မိုင်းတုံမြေ**

'ပုံပါကျင်' စေတီဦးက
ကြည်နူးဖွယ် ဆည်းလည်းသံ
လွမ်းစေဖို့ ဖန်။
'မဲကင်'နဲ့ 'မိုင်းဟန်'
သီးနှံစုံ ပွင့်လန်း။
အိမ်တန်းရှည် ရွာကလေးတို့
အေးမြမြ ချမ်း။

နီအပြာ ကြည်စွာလန်းတဲ့
စိန်ပန်းက ငုံ့တငုံ့
ညင်းလေက သုန်။
ငွေနှင်းရယ် မှုန်
လင်းအရုဏ် ဖြန့်ကျင်း။
လန်းသွယ်စီ ချယ်ရီဦးနဲ့
ထင်းရှူးနဲ့သင်း။

အဖျက်ရန် မှန်သမျှ
တွန်းလှန်ကြ ထာဝစဉ်၊
တပ်မတော် ပြည်သူ့ရဲ
လက်တွဲလို့ပင်။
ခေတ်ဟောင်းက ဘိန်းပင်
ခုတ်ထွင်လို့ ဖယ်ရှား။
အတွေးအမြင် မှန်တော့
ရှင်သန်တာ နေကြာတောရယ်နဲ့
တို့တောင်ယာ သည်တစ်ကြောမှာ
ပေါ်တဲ့ စပါး။

www.burmeseclassic.com

www.burmeseclassic.com



မြစ်သံလွင် အရှေ့ကမ်းက
တို့ရှမ်းအလှ ဌာနေ၊
လားဟူခေါ် မူဆေးနဲ့
သွေးချင်းတို့မြေ၊
ချောင်းတွေက ခွေ
ရေတွေက ဝိုင်း၊၊
ကျွန်းရွှေဝါ ဝေဆာလှတယ်
စိမ်းမြမြ မှိုင်း၊၊

ခေတ်ကုန်းဘောင် သမိုင်းကြောင်းက
အလောင်းဘုရား အောင်မြေ၊
ဘာမထီ စစ်ချီသွားစဉ်က
နားခိုခဲ့ပေ၊
တန်ခိုးကြီး စေတီတွေ
တည်ပေခဲ့ ရွှေဘိုမင်း၊၊
မိုင်းတုံမြို့ သာနယ်ဘွေ
အောင်သပြေ လှံဝင်း၊၊
နှစ်ပေါင်း ကြာပေမယ့်
မဟောင်းပါ ချစ်ကြည်မှုရယ်က
ရှမ်းဗမာ တည်ထောင်ပြု
ခုထိ ပုံ့သင်း၊၊

ချစ်စရာကောင်းသောမိုင်းတုံမြေမှ ၁၉၇၉ ခုနှစ်တွင် ခွဲခွာခဲ့ရသည်။ ယခုဆိုလျှင် နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီ။ နှစ်ပေါင်း ၄၀ ကျော်ကြာခဲ့ပြီးမှပင် မိုင်းတုံမြို့သို့ တစ်ခေါက်ပြန်လည်ရောက်ရှိရန် အခွင့်အရေးကြုံကြိုက်ခဲ့လေသည်။



အမှန်တကယ်ကျေးဇူးတင်ရမည်မှာ မိုင်းဆတ်မြို့နယ်က စာပေချစ်သူများပင်ဖြစ်လေသည်။ မိုင်းဆတ်မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးသန်းဇော်ဦး၊ အဖြူရောင်လူငယ်အသင်း၊ စာပေချစ်မြတ်နိုးသူများအသင်းနှင့် နယ်မြေခံတပ်မတော်သားများ၊ ရပ်မိရပ်ဖများဦးစီး၍ စာပေဟောပြောပွဲတစ်ပွဲဖြစ်မြောက်အောင်ကြိုးပမ်းဆောင်ရွက်ကြ၏။ ဟောပြောမည့်စာရေးဆရာများကတော့ ကျွန်တော်၊ ဆရာမမိုးပန်းမွှန်(ရာမည)နှင့် ကာတွန်းအောင်ပီကျယ်တို့ဖြစ်ပါ၏။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စတင်ထွက်ခွာ၏။ မိုင်းဆတ်မြို့သို့ ညနေ ၃ နာရီ ၃၀ မိနစ်အချိန် ရောက်ရှိခဲ့သည်။ မိုင်းဆတ်မြို့တွင် ပြီးခဲ့သော ၆ လခန့်ကမှဖွင့်လှစ်ခဲ့သည့် ဇီအုန်ဟိုတယ်(ZION Hotel)တွင် တည်းခိုခွင့်ရရှိခဲ့သည်။

၁၉-၈-၂၀၁၉ ရက်တွင် မြို့နယ်၏ မိုးလုံလေလုံခန်းမကြီးတွင် ဟောပြောရသည်။ မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ကျော် လာရောက်နားထောင်သည်။ ခန်းမတွင်းအပြည့်။ မြို့နယ်ဥက္ကဋ္ဌဦးငြိမ်းထွေးက အမှာစကားပြောကြားသည်။ ဤမျှများပြားသော ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေဖို့ နယ်မြေခံတပ်မတော်ဌာနအသီးသီးက ကူညီကြသည်ဟု သိရပါ၏။

မှတ်မှတ်ရရ မိမိအား မိဘသဖွယ်ခင်မင်လေးစားသော သားငယ်ကိုအောင်သူ (ဒုတိယဗိုလ်မှူးကြီးအောင်သူ-သံချပ်ကာတပ်ရင်း)က တည်းခိုရာဟိုတယ်သို့ နှစ်ကြိမ်တိုင်တိုင်လာရောက်တွေ့ဆုံသည်။ အခြားမိတ်ဟောင်းဆွေဟောင်းများနှင့်တွေ့ဆုံရသဖြင့်လည်း ဝမ်းသာကြည်နူးရသည်။ ဩဂုတ်လ ၂၀ ရက်၊ ည ၇ နာရီအချိန်တွင် ဒုတိယမြောက်ဟောပြောပွဲကျင်းပသည်။ ညပရိသတ်ကတော့ လူကြီးပရိသတ်ဖြစ်၏။ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ စာပေချစ်မြတ်နိုးသူများ စုစုပေါင်းအင်အား ၅၀၀ ခန့်ရှိမည်။ ခင်းထား

www.burmeseclassic.com

www.burmeseclassic.com



သော ခုံများအပြည့်ဖြစ်၏။ နောက်တစ်နေ့နံနက် မိုင်းတုံမြို့သို့ခရီးဆက်ကြသည်။ မိုင်းတုံနှင့်မိုင်းဆတ်သည် ၄၂ မိုင်ကွာဝေး၏။ ယခင်က ထို ၄၂ မိုင်ကို မနက် ၆ နာရီထွက်လာသော်လည်း ညနေ ၆ နာရီ ရောက်ဖို့မလွယ်ပေ။ တစ်ခါတစ်ရံ လမ်းခရီးတစ်ဝက်လောက်မှာ ညအိပ်ရသေး၏။

ယခုတော့ ထိုသို့မဟုတ်ပါပြီ။ မိုင်းဆတ်မှ မိုင်းတုံ ၄၂ မိုင်ခရီးကို ၁ နာရီသာသာ၊ တစ်နာရီခွဲလောက် မောင်းရုံနှင့်ရောက်ရှိခဲ့ပေပြီ။ လမ်းကချောမွေ့ကောင်းမွန်ပါ၏။ သို့ရာတွင် အကွေ့အကောက်တွေကများလှသည်။ အသည်းတအေးအေး၊ ရင်တနွေးနွေးဖြင့် လမ်းဘေးပတ်ဝန်းကျင်မှ စိမ်းစိုသောသစ်ပင်များကို တမေ့တမြောကြည့်ရှုလိုက်ပါရသည်မှာ ကော်ဖီချိုပေါ့ ခါးခါး သောက်ရသလို အရသာရှိလှသည်။

မိုင်းတုံမြို့အဝင် ကျွန်းတောနံဘေးမှာ ဓာတ်ပုံရိုက်ကြသည်။ မိုင်းတုံအထက်တန်းကျောင်းဝင်းကြီးထဲမှာ အသင့်ကြိုဆိုနေကြသည့် စာပေဟောပြောပွဲဖြစ်မြောက်အောင်ဦးဆောင်သူ ကိုမင်းမင်းဇော်(သတင်းစာဆရာ မင်းဇော်မင်း) (သူသည် တောင်ကြီးမြို့တွင် ခရီးလွန်နေရာမှ စာပေဟောပြောပွဲကိစ္စစီစဉ်ရန်ရှိသဖြင့် မိုင်းတုံသို့အမြန်ဆုံးပြန်လာခဲ့ရခြင်းဖြစ်သည်)နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဦးဦးမာတို့က လှိုက်လှဲနွေးထွေးစွာကြိုဆိုကြသည်။ ဆရာ၊ ဆရာမများက စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံကြသည်။

ဟောပြောပွဲမစမီ မိမိနေထိုင်ခဲ့ဖူးရာတပ်ရင်းဌာနချုပ်နေရာ (တပ်ရင်းရုံး၊ လူပျိုအိပ်ဆောင်၊ စားရိပ်သာလေးများ)သို့ အလွမ်းပြေ အမှတ်တရသွားရောက်ကြည့်ရှုသည်။ မိမိလူပျိုဘဝက အသက်နှစ်ဆယ်ကျော်မှာ နှစ်နှင့်ချီကာအိပ်စက်ခဲ့သောသစ်သားအိပ်ဆောင်ကလေး (အိပ်ခန်းထဲအထိ)ကို သွားရောက်ဝင်ကြည့်ရင်း ယခင်အတိုင်းမပြောင်းလဲတဲ့အဆောင်အဖြစ်မြင်ရတော့ လွမ်းဆွတ်သလိုလိုဘာလိုလိုနှင့် အမည်မဖော်ပြတတ်သော ဝေဒနာကိုခံစားရသည်။ ဟိုးငယ်ငယ်က သူငယ်ချင်း လူပျိုအရာရှိတွေနှင့်အတူနေထိုင်ခဲ့ကြရတာ သတိရမိသည်။ ကိုရန်နိုင်ဦး (တေဇ-၅)၊ ကိုတင်သိန်း(DSA 19)၊ ကိုအုန်းမြင့် (DSA 18)၊ ကိုသိန်းလွင် (DSA 17)၊ ကိုတင်မြင့် (DSA 20)၊ ကိုအောင်ဝင်း (တေဇ ၄)နှင့် အခြားအခြား အားလုံးကိုပါပဲ။

ယခုတော့ဖြင့် အချို့သည် အရွယ်ရင့်၍အနားယူခဲ့ကြပြီ။ မိမိလည်း ထို့နည်းတူ။ အချို့မှာတော့ ဘဝကြွေညောင်း၍ တစ်ဘဝပြောင်းခဲ့ကြပြီ။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အတွက် အမှန်ဆုံးကတော့ မမြဲတာဟာ မြဲတဲ့တရား ပါပဲဟု၍ပင်။

နေ့လယ် ၁၂ နာရီ ၃၀ မိနစ်မှာ စာပေဟော ပြောပွဲစသည်။ မိမိက အရင်ဆုံးဟောပြောသည်။ ဆရာအော်ပီကျယ်၊ ဆရာမမိုးပန်းမွှန်တို့ အစဉ် အတိုင်း ဟောပြောကြသည်။ ပရိသတ်လည်း ကောင်း၊ ဟောရတာလည်း အရသာတွေ့လှသည်။ ဟောပြောပွဲ ပြီးတော့ နုနယ်သစ်လွင်လှသော ကျောင်းသား၊ ကျောင်းသူလေးတွေက အမှတ်တရ အော်တိုရေးပေးပါ၊ လက်မှတ်ထိုးပေးပါဟု ဆိုလာကြသည်။ နာရီဝက်ခန့် ထိုင်၍ တစ်ယောက်မကျန် လက်မှတ်ထိုးပေးခဲ့ပါသည်။ ညနေ ၄ နာရီကျော်ကျော်မှာ မိုင်းတုံကိုနှုတ်ဆက်၍ မိုင်းဆတ်သို့ပြန်ခဲ့ကြသည်။ တောင်တို့၏ကြား မြို့ တည်ထားသည်ဟုဆိုရမည့် ရှမ်းမြို့ကလေးကတော့ ကျန်ရစ်ခဲ့လေပြီ။ ၁၉၇၉ ခုနှစ်က ဤမြို့လေးကို တစ် ကြိမ်ခွဲခွာခဲ့ရ၏။ ထိုစဉ်က 'မိုင်းတုံမြို့အလွမ်းပြေ' ဟူသည့်ကဗျာလေး ရေးခဲ့ဖူးသည်။ ယခုလည်း လွမ်းနေရပေဦးမည်။ သို့ဖြစ်၍ ထိုကဗျာလေးကိုပင် ထပ်ကာထပ်ကာရွတ်ဆိုမိတော့သည်။

### မိုင်းတုံမြို့အလွမ်းပြေ

ရီပြာတဲ့ ရီပြာ။
တောင်ခိုးဝေ မြူခြေဆိုင်း
မှိုင်းရီလို့ ပြာ။
ချစ်စရာ့ ပန်းနေကြာ
လန်းဝေဆာ ပျံ့သင်း။
ဘိန်းခင်း ဖယ်ကြဉ်လို့
စိမ်းလွင်လွင် အလှသစ်
မြနှစ်ကယ်ဝင်း။

နီလာတဲ့ နီလာ။
ချစ်စဖွယ် တောင်ပြာတန်း
သန်းတဲ့ နီလာ။
ထင်းရှူးနဲ့ စိန်ပန်းပြာ
ထိန်လျှမ်းစွာ အလှဆန်း။
မွှေးကြူကြူ ယူကလစ်
ရှန်းသစ်လို့ လန်း။

ကြည်စွာတဲ့ ကြည်စွာ။
ကော် ရှမ်း တောင်သူနဲ့
လားဟူ ညီနောင်ရင်း
မှိုင်းပင်းလို့သာ။
'တွေကြြ'နဲ့ 'မိုင်းဟန်ရွာ'
ချစ်စရာ 'ပန်ကျိုင်း'၊
လှသော 'ပုံပါကျင်'နဲ့
'ဝမ်မဲကင်' 'နောင်ယာဆိုင်း' တို့မှာ
မှိုင်းပြာပြာ လွန်သာမောတယ်
ကျွန်းတောက ပိုင်း။

ညီညာတဲ့ ညီညာ။
အဖျက်ရန် မှန်သမျှကိုဖြင့်
လက်မခံ တော်လှန်ကြ
ဖြဖြ ညီညာ။
တိုင်းရင်းသား စုံလင်စွာ
ပါဝင်ကာ လက်တွဲ။
တပ်မတော် ပြည်ချစ်သားရယ်လို့
ဝင့်ကြွားကာ အောင်လံလွှင့်
ဆင့်ဆင့် အောင်ပွဲ။

ဇည့်သည်လို ခါတစ်ခေါက်
ရောက်ခဲ့ရ မိုင်းတုံမြေ၊
ပြည်ချစ်မောင် ဇာနည်ဘွား
စစ်သားမို့လေ။
ခွဲခဲ့ရ ပြန်ပါပေ
တာဝန်တွေ ကျန်ပါသေး။
မမေ့ အစဉ်သာပေါ့
အကြင်နာ မေတ္တာပေါ်လေတဲ့
ချစ်သောမြေ တောင်ပြာတန်းဆီသို့
အလွမ်းပြေ ကဗျာဖွဲ့ရတယ်
အန္တမ်းပြေ ခါတစ်လှည့်
လာခဲ့ချင်သေး။ ။

မြင်းမူမောင်နိုင်မိုး

www.burmeseclassic.com

www.burmeseclassic.com



ရသစာတမ်း

# မောင်ရင့်မာ (ကျောင်းကုန်း)

# မိုးရွာထဲလမ်းလျှောက်ခြင်း

မိုး. . . ရွာချေပြီ၊
မိုးရွာပြီဆိုသည်နှင့်
တစ်လျှောက်လုံးပူပြင်းခဲ့သည့်
နွေမီးလျှံကို လွယ်လွယ်နှင့်
မေ့ပစ်လိုက်သည်၊
ကောင်းကင်က မှိုင်းပျနေသည်၊
မိုးသက်လေ ဝေ့လာသည်၊
သစ်ပင်တွေ စိမ်းဖန့်နေသည်၊
သစ်ရွက်များ၌ခိုသီးနေသည့်
မိုးရေစက်ကလေးတွေကို
တိမ်လွှာကြားမှ
ဖြာခနဲပြူထွက်လာသည့်
နေရောင်နုက ရိုက်သည့်အခါ
စိန်ပွင့်ကလေးများနှယ်
တဖျပ်ဖျပ်တောက်
လက်သွားသည်၊
ဟောကြည့်. . . ကျွန်တော်၏
မျက်နှာပေါ်သို့
မိုးမှုန်ဖွဲဖွဲကလေးတွေ
ကျဝဲလာချေပြီ၊
ကျွန်တော်က မိုးကိုချစ်သည်၊
နှင်းကိုချစ်သည်၊
နှင်းက ရင်ခုန်စေ၍
မိုးက လွမ်းဆွတ်စေသည်၊
မိုးတွေအုံ့ပျလာတိုင်း
ဘယ်ဆီလွမ်းမိ
တပ်မသိဖြစ်ရသည်၊
အချို့သူတို့အဖို့ရာမူ



www.burmeseclassic.com

www.burmeseclassic.com



မိုးသည် ဆင်းရဲခြင်းဖြစ်သည်။
မိုးသည် ကြမ္မာဆိုးဖြစ်သည်။
ဘဝမှာ ဘာတစ်ခုမှ
အသင့်မဖြစ်နိုင်သူတို့သည်
မိုးတွေရွာတိုင်း မျက်ရည်ဝိုင်းရသည်။
ဟိုတုန်းအခါက ကျွန်တော်တို့ရွာကလေး၌
မိုးရွာပြီဆိုမှ အိမ်မိုးဖို့
အမောတကောခနိရှာရသူများရှိသည်။
မိုးကိုစိုးရွံ့နေသူများရှိသည်။
ခနိယနွားကျောင်းသားမှုကား
မိုးကိုချစ်သူမဟုတ်၊ မိုးကို
လွမ်းဖွဲ့သူလည်းမဟုတ်။ သူက
မိုးကို မကြောက်သူဖြစ်သည်။
မိုးကိုမစိုးရွံ့သူ၊ ဂရုမစိုက်သူဖြစ်သည်။
နွားကျောင်းသားဆိုပေမယ့်
ကောသမ္ဘီမြို့မှ သူဌေးသားဖြစ်သည်။
နွားတွေ ရာပေါင်းများစွာမွေးမြူထားပြီး
နွားနို့နှင့် နွားမျိုးကောင်းတွေကို
စီးပွားဖြစ် ရောင်းစားနေသူဖြစ်သည်။
သူ၏နွားအုပ်ကြီးနှင့် အနိုင်းအစေ၊
ခြွေရံသင်းပင်းတို့မှာ ရွာတစ်ရွာမျှရှိ၏။
မဟီမြစ်ကမ်းတစ်လျှောက်
စားကျက်ကောင်းမည့်နေရာများ၌
နွားအုပ်ကြီးနှင့်အတူရွှေ့ပြောင်းနေထိုင်၏။
သူ့တွင် အလွန်ကြီးမားတောင့်တင်းသော
မိသားစုကြီးလည်းရှိ၏။
မိုး. . . ရောက်ပြီ။ မိုးသား
တိမ်လိပ်တွေ ညို့တက်လာပြီ။
မိုးထစ်ချုန်းသံတွေကြားရပြီ။
စားစရာ၊ နေစရာ မပြည့်စုံသူတို့က
ပူပင်ကြောင့်ကြမှုဖြင့် 'ဗျာသင့်'နေချိန်တွင်
ဘာတစ်ခုမှုကြောင့်ကြဖို့မလိုသည့်
ခနိယကား မဟီမြစ်ကမ်းပါးမှာ
လမ်းသလားနေသည်။ ထို့ကြောင့် သူက
ကမ္ဘာလောကတစ်ခုလုံးကို
အားပါးတရဟစ်ကြွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါသည် ထမင်းချက်ပြီးသူဖြစ်၏၊ နွားနို့ညှစ်ပြီးသူဖြစ်၏၊ မဟီမြစ်၏ကမ်းပါး၌ အခြွေအရံနှင့်တကွ နေသူဖြစ်၏၊ ငါ၏အိမ်ကိုမိုးပြီးခဲ့ပြီ၊ မီးကိုလည်းထွန်းညှိပြီးပြီ၊ အို. . မိုးနတ်သား၊ သင်သည် ကြိုက်သလောက် ရွာပါလော့"

ထိုအချိန် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေသော ဗုဒ္ဓသည် မဟီမြစ်သို့ တစ်ပါးတည်းရောက်ရှိလာလေ၏။ အားပါးတရကြီးကိုပဲကြွေးဝါးနေသော ဓနိယ၏အသံကိုကြားလိုက်ရ၏။ ဗုဒ္ဓသည် ဂါထာတစ်ပုဒ်ကိုသီကျူးလိုက်လေ၏။

"ငါသည် အမျက်မထွက်သူဖြစ်၏၊ စိတ်၌ရှုးဝင်တတ်သော ခြောင့်တံသင်း ကင်းသူဖြစ်၏၊ မဟီမြစ်၏ကမ်းနား၌ တစ်ညဉ့်မျှသာနေသူဖြစ်၏၊ ငါ၏အိမ်ကို အမိုးဖွင့်ထားပြီ၊ မီးကိုလည်းငြိမ်းသတ်ပြီ၊ အို. . . မိုးနတ်သား၊သင်ကြိုက်သလောက် ရွာပါလော့"

**"ငါသည် အမျက်မထွက်သူဖြစ်၏၊**
**စိတ်၌ရှုးဝင်တတ်သော**
**ခြောင့်တံသင်းကင်းသူဖြစ်၏၊**
**မဟီမြစ်၏ကမ်းနား၌**
**တစ်ညဉ့်မျှသာနေသူဖြစ်၏၊**
**ငါ၏အိမ်ကို အမိုးဖွင့်ထားပြီ၊**
**မီးကိုလည်းငြိမ်းသတ်ပြီ၊**
**အို မိုးနတ်သား၊**
**သင်ကြိုက်သလောက်ရွာပါလော့"**

ဓနိယနှင့်ဗုဒ္ဓတို့ အပြန်အလှန်ဟစ်ကြွေးကျူးရင့်ခဲ့သည်များကို ဆရာမင်းသုဝဏ်က ကဗျာဖွဲ့၏။ ချစ်နှစ်သက်စရာ၊ အံ့သြကြည်ညိုစရာ ဓမ္မရသကဗျာကြီးကို ကျွန်တော်တို့ငယ်စဉ် ဘာမှန်းမသိခင်ကတည်းကပင် စွဲလမ်းခဲ့ပါသည်။

**ဓနိယနွားကျောင်းသားဆို၏**
ငါသည် ထမင်းချက်ပြီးပြီ။
နွားနို့ညှစ်ပြီးပြီ။
ဤမဟီ မြစ်ကမ်းပါး၌
အပေါင်းအသင်းတို့နှင့် ငါနေ၏။
တင်းကုပ်ကိုမိုးပြီးပြီ၊ မီးကိုညှိပြီးပြီ။
ရွာလိုရွာလော့ မိုးနတ်သား။

**ဘုရားသခင် ဆိုတော်မူ၏**
ငါ့တွင် အမျက်မရှိ ခြောင့်တံသင်းလည်းကင်း၏။
ဤ မဟီမြစ်ကမ်းပါး၌ တစ်ညတာမျှ ငါနေသည်။
ငါ့တင်းကုပ်သည် အမိုးဟင်းလင်းဖြစ်၏။
ငါ့မီးသည် ငြိမ်းသတ်ပြီးဖြစ်၏။
ရွာလိုရွာလော့ မိုးနတ်သား။

**ဓနိယနွားကျောင်းသားဆို၏**
ဤအရပ်၌ မှက်၊ ခြင်၊ ယင်ရဲတို့မရှိ၊
ရေကြည်ရာ မြက်နုရာ၌
ငါ့နွားများ ကျက်စားကြသည်။
မိုးကြီးရွာလည်း သူတို့ခံနိုင်ရည်ရှိကြပါ၏။
ရွာလိုရွာလော့ မိုးနတ်သား။

**ဘုရားသခင် ဆိုတော်မူ၏**
ငါသည် ဖောင်ကိုကောင်းစွာဖွဲ့၍
ဝဲသြဃကို ဖြတ်ကူးကာ
တစ်ဖက်ကမ်းသို့ ရောက်ခဲ့ပြီ။
ငါ၏အဖို့ ဖောင်ကူးတို့သည် မလိုတော့၊
ရွာလိုရွာလော့ မိုးနတ်သား။

**ဓနိယနွားကျောင်းသားဆို၏**
ငါ့မယားသည် ငါ့အလိုသို့လိုက်၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်၏၊ ငယ်ပေါင်းကြင်ဆွေဖြစ်၏၊
သူ၏အကြောင်း၊ မကောင်းသတင်း ငါမကြားရ၊
ရွာလို့ရွာလော့ မိုးနတ်သား။

**ဘုရားသခင် ဆိုတော်မူ၏**
ငါ့စိတ်သည် ငါ့အလိုသို့လိုက်၏၊
ကိလေသာမှ လွတ်မြောက်ခဲ့၍
ကြာရှည်စွာ ပွားများအပ်သည်၊
ကောင်းမွန်စွာဆုံးမအပ်သည် ဖြစ်သောကြောင့်
ငါ့အားမကောင်းမှု၊ မရှိတော့ပြီ၊
ရွာလို့ရွာလော့ မိုးနတ်သား။

**ဓနိယနွားကျောင်းသားဆို၏**
ငါသည် ကိုယ်ပိုင်အလုပ်ဖြင့် အသက်မွေး၏၊
ငါ့သားသမီးတို့သည်
ငါနှင့်အတူနေကြ၏၊ ကျန်းမာသန်စွမ်းကြ၏၊
သူတို့အကြောင်း၊ မကောင်းသတင်းငါမကြားရ၊
ရွာလို့ရွာလော့ မိုးနတ်သား။

**ဘုရားသခင်ဆိုတော်မူ၏**
ငါသည် သူ့ခစားမဟုတ်၊
ရအပ်သောအစွမ်းဖြင့်၊ ခပ်သိမ်းသောလောကတွင်
ငါလှည့်လည်၏၊ ငါ့အဖို့ အခကြေးငွေမလိုတော့၊
ရွာလို့ရွာလော့ မိုးနတ်သား။

ဓနိယနွားကျောင်းသားက နေဥစ္စာ၊ ခြွေရံသင်းပင်း၊ လောကီ၏ပြည့်စုံခြင်း၌ အားရကျေနပ်နေသူဖြစ်သည်၊ ဘုရားရှင်ကမူ ခန္ဓာအိမ်တည်းဟူသည့် အမိုးအကာကိုဖျက်ဆီးပြီး၍လည်းကောင်း၊ ကိလေသာမီးကိုငြိမ်းသတ်ပြီး၍လည်းကောင်း၊ ဂါထာသီကျူး၍ ဓနိယကို ကျိုးကြောင်းပြ ဆုံးမနေခြင်းဖြစ်သည်။ သို့သော် ဓနိယသည် တော်တော်နှင့်သဘောမပေါက်ခဲ့ပါချေ။

**"ငါ့မှာ သင်းကွပ်ခြင်းမပြုရသေးသောနွားပေါက်များလည်းရှိ၏၊ နို့စို့နွားငယ်များလည်းရှိ၏၊ ကိုယ်ဝန်ဆောင်နွားမများလည်းရှိ၏၊ အရွယ်ရောက်သော နွားမများလည်းရှိ၏၊ နွားလားဥသဘကြီးများလည်းရှိ၏၊ ဆို. . . မိုးနတ်သား၊ ကြိုက်သလောက်သာရွာသွန်းပါလော့"**

**"ငါ့မှာ နွားပေါက်နှင့်တူသည့် ပရိယုဋ္ဌာနကိလေသာလည်းမရှိ၊ နို့စို့နွားငယ်နှင့်တူသည့် အနုသယကိလေသာလည်းမရှိ၊ ကိုယ်ဝန်ဆောင်နွားမနှင့်တူသည့် အတိသင်္ခါရလည်းမရှိ၊ အရွယ်ရောက်သောနွားမနှင့်တူသည့် တဏှာလည်းမရှိ၊ နွားလားဥသဘနှင့်တူသည့် ဝိညာဉ်လည်းမရှိ၊ ဆို. . မိုးနတ်သား၊ သင်ကြိုက်သလောက်သာ ရွာသွန်းပါလော့"**

ကျွန်တော် သံသယဖြစ်မိပါသည်။ ဓနိယနှင့်ဘုရားရှင်တို့၏စကားမှာ စကားပြေမှဟုတ်ရဲ့လားဟု သံသယဖြစ်မိပါသည်။ သူ့အလိုအလျောက် ကဗျာမြောက်သည်ဟု ခံစားမိခြင်းကြောင့်ဖြစ်ပါသည်။ ဆရာမင်းသုဝဏ်၏ 'ရွာလို့ရွာလော့ မိုးနတ်သား'သည် ကျော်ကြားသောကဗျာတစ်ပုဒ်ဖြစ်ပါသည်။ အချို့က 'စကားပြေကဗျာ'ဖြစ်သည်ဟုဆို၏။ ကျွန်တော့်အဖို့မူ ဆရာ၏ကဗျာသည် စကားပြေလည်းဖြစ်၏၊ ကဗျာလည်းဖြစ်၏၊ အက်ဆေးလည်းဖြစ်၏။ ဆရာ့ကဗျာကိုဖတ်တိုင်း ဓနိယသုတ်ကိုဖတ်ကြည့်ချင်ခဲ့မိသည်။ ဓမ္မာစရိယဦးမောင်မောင်လေး၏ 'ပိဋကတ်အနှစ်ချုပ်၊ သုတ္တနိပါတ်မြန်မာပြန်'ကို ဆရာမြဝင်း(ဒေသန)က ပြည်မြို့မှနေ၍ပို့ပေးလိုက်သဖြင့် ဖတ်ခွင့်ရသည့်အခါ အက်ဆေးရေးကြည့်ချင်စိတ်ပေါ်မိပါသည်။

**ဓနိယနွားကျောင်းသားဆို၏**
ချည်တိုင်ငုတ်တို့ကို ခိုင်မြဲစွာစိုက်ပြီးပြီ၊
မြုံဆံမြက် ကြိုးသစ်တို့ကိုကောင်းစွာကျစ်ပြီးပြီ၊
ကြိုးသစ်တို့ကို နွားငယ်တို့သည်လည်း
မဖြတ်နိုင်ကုန်၊
ရွာလို့ရွာလော့ မိုးနတ်သား။

**ဘုရားသခင်ဆိုတော်မူ၏**
နှောင်ကြိုးကိုဖြတ်၍ လွတ်မြောက်သောနွားကဲ့သို့
နွယ်ကြိုးကိုဖြတ်၍ လွတ်မြောက်သောဆင်ကဲ့သို့
ပဋိသန္ဓေနေခြင်းမှ ငါ လွတ်မြောက်ခဲ့ပြီ၊
ရွာလို့ရွာလော့ မိုးနတ်သား။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမာသော၊ ပြည့်စုံချမ်းသာခြင်း၌မွေ့ပျော်နေသော ခနိယကို ဘုရားရှင်သည် သံသရာ၏ဟိုမှာဘက်သို့ ညွှန်ပြတော်မူခဲ့သည်။ ဂါထာ ၆ ပုဒ် ကျူးရင့်ပြီးသောအခါမှ ခနိယ၏ယခင်အသိအမြင်များ လုံးဝဥဿုံပြောင်းသွားသည်။ လောကီစည်းစိမ်ဟူသမျှ အချည်းနှီးပါတကားဟု သဘောပေါက်သွားသည်။ ဘုရားရှင်ကို သူ ဦးခိုက်လိုက်သည်။

"အို . . . မျက်စိသခင်၊ အကျွန်ုပ်တို့၏ဆရာဖြစ်တော်မူပါလော့၊ မြတ်သောအကျင့်ကိုကျင့်လိုပါ၏၊ တစ်ဖက်ကမ်းသို့ကူးမြောက်ကာ ဆင်းရဲ၏အဆုံးကို ပြုလိုပါ၏ အရှင်မြတ်ဘုရား"



ထိုစဉ် မိုးကြီးသည်းစွာရွာ၏။ ကုန်း၊ ကျင်း၊ ချိုင့်ဝှမ်းမကျန် ပြည့်လျှံအောင်ရွာသွန်းလိုက်သဖြင့် လောကအလုံး အေးမြခြင်းသို့ရောက်၏။

နေဝင်ရိုးရီ ဆည်းဆာချိန်ပဲဖြစ်ပါ၏။ မျက်နှာပေါ်သို့ မိုးပေါက်ကလေးတွေဖိတ်စဉ်နေဆဲ၊ ကွင်းဖြတ်လေနှင့်ပါလာသော မိုးသက်နံ့က မွှေးမြနေသည်။ လေပြည်ထဲ ရေငွေ့တို့စိုစွတ်နေသည်။ မိုးကို ကျွန်တော်ချစ်သည်။ မိုးဥတု၏စိမ်းလဲ့လတ်ဆတ်သည့် ရှုမျှော်ခင်းတွေကို ကျွန်တော်တပ်မက်သည်။ မိုးသည် ဖွဲရာမှ တဖြည်းဖြည်းသည်းလာသည်။ ကျွန်တော် အိမ်ပြန်ရောက်တော့ တစ်ကိုယ်လုံးတုတ်တုတ်ရွှဲနေသည်။ "ဒါက ဘယ်လိုဖြစ်လာတာတုံး"ဟု ထိုမိန်းမကမေးသည်။

"ဪ . . . ဟိုတုန်းကလို မိုးရေထဲလမ်းလျှောက်ချင်လို့ပါကွာ"

"တော့်နှယ် . . . မကြီးမငယ်နဲ့ မိုးရွာလည်းလွမ်း၊ နေသာလည်းလွမ်း၊ ကိလေသာထဲကကိုမလွတ်မြောက်နိုင်ဘူး"

ခတ်ပြားဟောင်းကြီးဖြစ်ပါ၏။ စိုရွှဲနေသည့် ဆံပင်တွေကို တဘက်နှင့်သုတ်ပေးရင်း သူက မြည်တွန်တောက်တီးနေသည်။ လွတ်မြောက်မှုဆိုတာ သူပြောသလောက်လွယ်သလားဟု ဖျတ်ခနဲတွေးမိသည်။

ရှင်တော်ဗုဒ္ဓသည်ပင် ခေါင်းမာသောခနိယကို ဂါထာမျိုးစုံသီ၍ ဆိုဆုံးမခဲ့ရသည်။ ကျွန်တော်တို့က တွယ်ငြိတတ်သည်၊ မေ့လျော့တတ်သည်၊ အမှတ်သည်းခြေနည်းသည်။ မိုးရွာပြီဆိုသည်နှင့် တစ်ချိန်လုံးပူပြင်းနေခဲ့သည့်နွေမီးလျှံကို လွယ်လွယ်နှင့်မေ့ပစ်လိုက်သည်။ ကျွန်တော်တို့သည် ဖလံကောင်များဖြစ်သည်။

သည်လိုနှင့်ပဲ မဟီမြစ်ကမ်းပါး၌ပျော်ပိုက်ကာ မိုးထဲရေထဲ အဖန်တလဲလဲလျှောက်ရဦးမည်ထင်ပါသည်။ ။

**မောင်ရင့်မာ(ကျောင်းကုန်း)**

www.burmeseclassic.com

www.burmeseclassic.com



# ကြယ်ပွင့်များရဲ့စကားသံ

➤ ကေကေ





## Single Mom တစ်ယောက်ရဲ့အားမာန်တွေနဲ့ရှင်သန်နေတဲ့ အေသင်ချိုဆွေ

Single Mom တစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် ခံယူထားတဲ့ အေသင်ချိုဆွေဟာ အခုဆိုရင် Ivy လေးက သူ့အတွက် အရာရာပါပဲလို့ ဆိုလာပါတယ်။ သမီးလေး အတွက်ပဲ အမြဲတမ်းရှေ့တန်းတင်လေ့ရှိတဲ့ အေသင်ချိုဆွေ က သမီးလေးက သူ့ဘဝအတွက် အရေးကြီးဆုံးဖြစ်ပြီး သမီး လေးအတွက်ပဲစဉ်းစားနေတဲ့အချိန်မှာ သူ့စိမ်းယောကျ်ား တစ်ယောက်အတွက် သူ့ရဲ့အချိန်တွေမပေးနိုင်တော့ဘူးလို့ ရင်ဖွင့်လာပါတယ်။ သမီးလေးရောက်လာတာက သူ့ရဲ့ဘဝ ကို အများကြီးပြောင်းလဲသွားစေခဲ့ပြီး သမီးလေး ၁၈ နှစ် မပြည့်မချင်း နောက်အိမ်ထောင်ထပ်မပြုသလို ရည်းစားထား ဖို့လည်း လုံးဝစိတ်မကူးဘူးလို့ ပြောလာပါတယ်။

Photo: Athen Cho Swe




www.burmeseclassic.com

www.burmeseclassic.com







## ကိုယ့်အကြောင်းစာအုပ်ထုတ်မယ့် ဥက္ကာမင်းမောင်



အမေရိကန်မှာ ၁၀ နှစ်တာနေထိုင်ဖြတ်သန်းခဲ့ရတဲ့ အကြောင်းတွေကို စုစည်းရေးသားပြီး စာအုပ်ထုတ်တော့မယ့်အကြောင်း ဥက္ကာမင်းမောင်ကပြောပါတယ်။ ပြည်ပမှာနေထိုင်ရင်း သူရင်ဆိုင်ခဲ့ရတဲ့အကြောင်းတွေကို ရေးသားထုတ်ဝေမှာဖြစ်ပါတယ်။ သူ့ဘဝရဲ့ ၃ ပုံ ၁ ပုံနီးပါးဟာ အမေရိကန်မှာဖြတ်သန်းလာခဲ့တာဖြစ်ပြီး ဘဝရဲ့အခက်အခဲပေါင်းများစွာ၊ ဘဝအတွေ့အကြုံ အနိမ့်အမြင့်၊ အတက်အကျများစွာ၊ LGBT တစ်ယောက်အနေနဲ့ ကြုံတွေ့ခဲ့ရတာတွေ၊ အိမ်ထောင်ပြုခဲ့ပေမယ့် ဆုံးပါးသွားခဲ့တာတွေ စတဲ့ ဒီလိုရှုပ်ထွေးတဲ့ ဘဝဇာတ်ခုံအကြောင်းကို စာအုပ်အဖြစ် ရေးသားထုတ်ဝေသွားမယ်လို့ သတင်းရရှိပါတယ်။

Photo: Okkar Min Maung

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းနှစ်ခုရဲ့သံတမန် စိုင်းစိုင်းခမ်းလှိုင်





မြန်မာနိုင်ငံရဲ့ နာမည်ကြီး လေကြောင်းလိုင်းနှစ်ခုဖြစ်တဲ့ MAI နဲ့ Air KBZ ရဲ့ သံတမန်အဖြစ် နှုတ်ခမ်းနီမလေးတွေရဲ့အသည်းကျော် အဆိုတော်စိုင်းစိုင်းခမ်းလှိုင်ကို ခန့်အပ်လိုက်ပါတယ်။ စိုင်းစိုင်းရဲ့တာဝန်ကတော့ MAI နဲ့ Air KBZ လေကြောင်းလိုင်းနှစ်ခုရဲ့ ဂုဏ်သတင်းတွေနဲ့ လုပ်ငန်းစဉ်တွေကို ခရီးသည်တွေသိအောင် ပေါင်းကူးပေးရမယ့်တာဝန်လို့ သူကဆိုပါတယ်။ လေကြောင်းလိုင်းရဲ့သံတမန်ဖြစ်လာတဲ့အတွက် ပရိသတ်တွေနဲ့ နေ့ချင်းပြန် ပုဂံဘုရားဖူးထွက်ဖို့တောင် စိတ်ကူးယဉ်နေတယ်လို့ စိုင်းစိုင်းက ဆိုလာပါတယ်။

Photo: Sai Sai Kham Leng

www.burmeseclassic.com

www.burmeseclassic.com





# လူမျိုးရေးအတွက် အချိန်ပေးလုပ်ဆောင်နေတဲ့ မာရီကိုးလ်



နာဂတိုင်းရင်းသူ မာရီကိုးလ်ကတော့ အနုပညာအလုပ်တွေနဲ့ဝေးနေတဲ့အချိန်မှာ သူ့ရဲ့တိုင်းရင်းသားမျိုးနွယ်ဖြစ်တဲ့ နာဂတိုင်းရင်းသားတွေ လိုအပ်နေတဲ့အရာတွေကို ဦးစားပေးလုပ်ဆောင်နေပါတယ်၊ ဒီလိုလူမျိုးရေးအတွက် လုပ်ဆောင်နေရင်းက အနုပညာဘက်ကိုလည်း မကြာခင် အချိန်ပေးလုပ်ဆောင်တော့မှာဖြစ်တယ်လို့ သိရပါတယ်။ အခုချိန်မှာတော့ သီချင်းတွေအတွက် ပြင်ဆင်နေပြီး သီချင်းခွေထွက်လာခဲ့ရင် သရုပ်ဆောင်လုပ်ဖို့ပြင်ဆင်နေတယ်လို့ သူကပြောပါတယ်။ နာဂတိုင်းရင်းသားတွေအတွက် အထောက်အပံ့ဖြစ်စေမယ့် ဇာတ်လမ်းရိုက်ဖို့ စီစဥ်နေပြီး အခုချိန်မှာတော့ အချက်အလက်တွေစုဆောင်းနေတယ်လို့ ပြောသွားပါတယ်။

Photo: မာရီကိုးလ် နာဂ

www.burmeseclassic.com

www.burmeseclassic.com



# သီချင်းသစ်ထွက်ဖို့စီစဉ်နေတဲ့ ဩရသ





သံစဉ်ချိုချိုလေးတွေနဲ့ ပရိသတ်လက်ခံအားပေးမှုကို သက်တမ်း ၁၀ နှစ်ကျော်သည်ထိ ရရှိခဲ့တဲ့ အဆိုတော်ဩရသက အခုအခါမှာ ပရိသတ်လက်ထဲကို သီချင်းအသစ်ထည့်နိုင်ဖို့ ကြိုးစားနေတယ်လို့ သိရပါတယ်။ ဒီသီချင်းခွေအတွက် အချိန်အားဖြင့် ၃၊ ၄ နှစ်လောက် ကြန့်ကြာသွားခဲ့ပြီး စိတ်တိုင်းအကျဆုံး တေးသီချင်း ၁၃ ပုဒ်ရွေးချယ်ထားတယ်လို့ သိရပါတယ်။ အရင်သီချင်းတွေနဲ့ ပုံစံမတူအောင်ပြင်ဆင်ထားပြီး သီချင်းပုံစံအသစ်တွေခံစားရမှာဖြစ်တယ်လို့ ဩရသက သူ့သီချင်းခွေအတွက် ပရိသတ်ကို သတင်းစကားပါးလိုက်ပါတယ်။

Photo: Aww Ratha

ကေကေ

www.burmeseclassic.com

www.burmeseclassic.com





# ပရဟိတ အကူအညီအတွက် လက်မနှေးတဲ့ ဗစ်ကီကျောက်ဝေ

➤ ရဲဦး

ပျံလွှားလေးလို့ပြောလိုက်ရင် တရုတ်ဇာတ်လမ်းတွဲပရိသတ်တွေအားလုံးသိကြပါလိမ့်မယ်။ 'ရွှေမင်းသမီး' ဇာတ်လမ်းတွဲမှာ ရှောင်ယန့်ဇီ(ပျံလွှားလေး)အနေနဲ့ သရုပ်ဆောင်ခဲ့တဲ့ မင်းသမီးကျောက်ဝေပဲဖြစ်ပါတယ်။ ဗစ်ကီကျောက်ဝေလို့လည်း လူသိများကြပါတယ်။ ဗစ်ကီက ရွှေမင်းသမီးဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ရင်း နေ့ချင်းညချင်း နာမည်ကြီးသွားတဲ့ တရုတ်မင်းသမီးတစ်လက်ဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းတွဲနဲ့ Golden Eagle Award ဆုကိုရရှိခဲ့ပါတယ်။ ဒီဇာတ်လမ်းတွဲနဲ့ပဲ ဗစ်ကီဟာ တရုတ်ပြည်မကြီးရဲ့ ပထမဆုံး National Idol အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။

ဗစ်ကီက ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်သလို သက်သတ်လွတ်စားသူလည်းဖြစ်ပါတယ်။ ဗစ်ကီဟာ တရုတ်လက်ရေးလှပညာရှင်တွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ကြောင်း China Daily က ပြောထားပါသေးတယ်။ ဗစ်ကီနဲ့အင်တာဗျူးလုပ်တိုင်း သူ့အပေါ် လွှမ်းမိုးမှုရှိတဲ့ လူသုံးယောက်အကြောင်းကို အမြဲတစေထည့်ပြောလေ့ရှိပါတယ်။ အဲဒီသုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကတော့ ကျောင်းဆရာ ရှဲကျင်း၊ သူငယ်ချင်း ဟွမ်ရှောင်းမိန်နဲ့ ခင်ပွန်းဖြစ်သူ ဟုန်ယိုလောင်တို့ဖြစ်ပါတယ်။

အထက်တန်းကျောင်းအောင်ပြီးနောက်မှာ Shanghai Normal University ရဲ့ Xie Jin Film & Television Art College မှာ တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာပဲ Penitentiary Angel ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ပြီး ကျောင်းရဲ့ ဥက္ကဋ္ဌ ကျောင်းဆရာရှဲကျင်းက ထောက်ခံပေးခဲ့ပါတယ်။

ဟွမ်ရှောင်းမိန်ကတော့ သူ့ရဲ့အခင်ဆုံးသူငယ်ချင်းတစ်ယောက်ပါ။ ဘယ်လောက်ပဲ အလုပ်များနေပါစေ၊ ဗစ်ကီရဲ့မွေးနေ့ပွဲကို အမြဲတက်ရောက်ခဲ့သူတစ်ယောက်ဖြစ်ပါတယ်။





ဘယ်လောက်ပဲ စိတ်ဓာတ်ကျအားငယ်နေပါစေ၊ ဗစ်ကီ့ကို အမြဲကူညီအားပေးတတ်သူတစ်ယောက်ဖြစ်တဲ့အတွက် ဗစ်ကီက အင်တာဗျူးတိုင်းမှာ သူ့အကြောင်းထည့်ပြောလေ့ရှိပါတယ်။

ခင်ပွန်းဖြစ်သူ ဟုန်ယိုလောင်ကတော့ ဗစ်ကီ့ကို အိမ်ထောင်ပြုပြီးချိန်ကစပြီး အနုပညာအလုပ်တွေကိုရပ်တန့်လိုက်စေချင်ပေမယ့် ဗစ်ကီဘာလုပ်လုပ် ဘေးကနေကူညီပံ့ပိုးပေးသူတစ်ယောက်ဖြစ်တဲ့အတွက် ဗစ်ကီက သူ့ကိုအမြဲကျေးဇူးတင်နေကြောင်း ထည့်ပြောပါတယ်။

ဗစ်ကီကျောက်ဝေ (Vicki Zhao Wei)ကို ၁၉၇၆ ခုနှစ်၊ မတ်လ ၁၂ ရက်မှာ မွေးဖွားခဲ့ပြီး သရုပ်ဆောင်မင်းသမီး၊ လုပ်ငန်းရှင်၊ ရုပ်ရှင်ဒါရိုက်တာ၊ ထုတ်လုပ်သူ၊ ပေါ့ပ်အဆိုတော်အဖြစ် သိကြပါတယ်။ တရုတ်စကားပြောတဲ့နိုင်ငံတွေမှာ သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com





ကျော်စောသတင်းကိုသိကြပြီး သရုပ်ဆောင်ကြေး အမြင့်ဆုံးရရှိသူလည်းဖြစ်ပါတယ်။ သူပါဝင်သရုပ် ဆောင်ခဲ့ပြီး ထင်ရှားတဲ့ဇာတ်ကားတွေကတော့- Shaolin Soccer (2001), Red Cliff (2008–2009), Painted Skin (2008), Painted Skin: The Resurrection (2012), Dearest (2014) and Lost in Hong Kong (2015)တို့ ဖြစ်ကြပါတယ်။ ၁၉၉၉ ခုနှစ်တုန်းက Swallow အမည်နဲ့ တေးသီချင်းအယ်လ်ဘမ်စတင်ထုတ်ခဲ့ဖူးပြီး နောက်ထပ် အယ်လ်ဘမ် ၇ ခု ထုတ်လုပ်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာ MTV ဆုကို ရခဲ့သူဖြစ်ပါတယ်။

သူ့ကို ဝူဟူမြို့လေးမှာဖွားမြင်ခဲ့တာ သူ့ရဲ့ဖခင်ဖြစ်သူ Zhao Jiahai က အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး မိခင် Wei Qiying က မူလတန်းပြကျောင်းဆရာမဖြစ်ပါတယ်။ သူ့ရဲ့အထက်မှာ အစ်ကိုတစ်ယောက်ရှိပြီး သူက ဒုတိယမြောက်သမီးဖြစ်ပါတယ်။

ဇစ်ကီဟာ ၂၀၁၂ ခုနှစ်မှာ ဘေဂျင်းရုပ်ရှင်အကယ်ဒမီကျောင်းက ရုပ်ရှင်ဒါရိုက်တာမဟာဘွဲ့ရခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ သူကိုယ်တိုင်ရိုက်ကူးတဲ့ So Young ရုပ်ရှင်ဟာ ၂၀၁၂ ခုနှစ်မှာ ဝက်ဝက်ကွဲ အောင်မြင်ခဲ့ပါတယ်။

ရုပ်ရှင်နဲ့ပတ်သက်ပြီး ရွေးကြက်ဖဆု၊ ပန်းပွင့်တစ်ရာဆုတွေကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ (၇၃) ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ ဂျူရီလူကြီးအဖြစ်ခန့်အပ်ခံခဲ့ရပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှာကျင်းပတဲ့ အကြိမ် (၃၀)မြောက် တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော်မှာလည်း အကဲဖြတ်အဖွဲ့ဝင်အဖြစ် ခန့်အပ်ခံခဲ့ရပါတယ်။

၁၉၉၃ ခုနှစ် ကျောင်းတက်နေတုန်း သူနေထိုင်ရာ ဝူဟူမှာ မင်းသမီးဝေါင်းလီပါဝင်တဲ့ A Soul Haunted by Painting ရုပ်ရှင်ဇာတ်ကားလာရိုက်ပါတယ်။ အဲဒီဇာတ်ကားမှာ စကားတစ်ခွန်းမှမပြောရတဲ့ ဇာတ်ဝင်ခန်းတစ်ခုကို သူသရုပ်ဆောင်ခွင့်ရခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ ဝူဟူကျောင်းတက်ဖွဲ့ရပြီးတဲ့အခါ သရုပ်ဆောင်မင်းသမီးလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီး ဝူဟူကနေ ရှန်ဟိုင်းမြို့ကို ပြောင်းရွှေ့ခဲ့ပါတယ်။

ပြီးတော့ ဒါရိုက်တာဇီကျွင်းတည်ထောင်ထားတဲ့ သရုပ်ဆောင်ဖြစ်သင်တန်းကျောင်းမှာ စာရင်းသွင်းလိုက်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ ဘေဂျင်းရုပ်ရှင်အကယ်ဒမီကျောင်းကို တစ်နိုင်ငံလုံးမှာ အမှတ်အများဆုံးနဲ့ ဝင်ရောက်ခွင့်ရခဲ့ပြီး ၄ နှစ် တက်ခဲ့ပါတယ်။ သူတင်သွင်းတဲ့ ဘွဲ့ယူစာတမ်းဟာ အမှတ် ၁၀၀ ပေးတဲ့အနက် အမှတ် ၉၀ ရခဲ့ပြီး အကောင်းဆုံးအောင်မြင်ခဲ့သူဖြစ်ပါတယ်။

၂၀၀၁ ခုနှစ်မှာ ဟောင်ကောင်ရုပ်ရှင်သရုပ်ဆောင်နဲ့ ဒါရိုက်တာ စတီဖင်ချောင်နဲ့ တွဲဖက်ပြီး Shaolin Soccer ဟာသဇာတ်မြူးကိုရိုက်ကူးခဲ့တယ်။ အဲဒီဇာတ်ကားမှာ သူကရုပ်ဆိုးဆိုး၊ ထိုက်ချိကစားတဲ့ ပေါက်စီရောင်း



www.burmeseclassic.com

www.burmeseclassic.com



သူအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်မှာ သရုပ်ဆောင် ရှုကြည်၊ ကီရန်မော့တို့နဲ့အတူ So Close ဇာတ်ကားမှာ သရုပ်ဆောင်ခဲ့ပါတယ်။



သူ့ရဲ့အချစ်ရေးကိုတင်ပြရရင် ဒါရိုက်တာတစ်ယောက်က သူ့ကိုချစ်ရေးဆိုခဲ့ပေမယ့် ငြင်းပယ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ စီးပွားရေးလုပ်ငန်းရှင် ဟုန်ယိုလောင်နဲ့ စင်ကာပူနိုင်ငံမှာလက်ထပ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၊ ဧပြီလမှာ သမီးလေးကို ဖွားမြင်ခဲ့ပါတယ်။

ဗစ်ကီကျောက်ဝေဟာ အတင်းအဖျင်းစာစောင်တွေရဲ့ မျက်နှာဖုံးသတင်းဖြစ်ခဲ့ဖူးပါတယ်။ ၂၀၀၁ ခုနှစ် ဖက်ရှင်ပြပွဲတစ်ခုမှာ သူဝတ်ဆင်ပြခဲ့တဲ့ဝတ်စုံတစ်စုံဟာ ဒုတိယကမ္ဘာစစ်အတွင်းအသုံးပြုခဲ့တဲ့ ဂျပန်စစ်အလံနဲ့တူနေတာကို ဝေဖန်ခံခဲ့ရပါတယ်။ သူဟာ မီဒီယာအများအပြားရဲ့ ဝေဖန်ပုတ်ခတ်မှုတွေခံရတာကြောင့် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်ထုတ် ဘေဂျင်းညနေခင်းသတင်းစာထဲက တရားဝင်တောင်းပန်စာ ဖော်ပြပေးခဲ့ရပါတယ်။ တစ်ဖန် ဒီဇင်ဘာလ ၁၇ ရက်မှာ တရုတ်နိုင်ငံက တီဗွီချန်နယ်ပေါင်း ၂၀၀ နဲ့ ရေဒီယိုလိုင်းပေါင်း ၁၀၀ ကနေပြီး သူ့ရဲ့တောင်းပန်မှုကို ထုတ်လွှင့်ပေးခဲ့ရပါတယ်။

ဗစ်ကီဟာ လူမှုရေးရာကူညီထောက်ပံ့မှုတွေ အများအပြားပြုလုပ်ခဲ့သူဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်၊ ထိုင်ဝမ်ငလျင်ဘေးအတွက် ယွမ်ငွေတစ်သိန်း၊ ၂၀၀၄ ခုနှစ်မှာ သူ့ရဲ့ဇာတိ ဝူဟူမြို့၊ ပညာရေးဌာနကို ငွေကြေးအခက်အခဲရှိတဲ့ကျောင်းသားတွေအတွက် ထောက်ပံ့ပေးဖို့ ငွေပဒေသာပင်တစ်ရုပ်ထူထောင်ပေးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် စီချွမ်ငလျင်ဘေးအတွက် တရုတ်ကြက်ခြေနီအသင်းကို ယွမ်ငွေတစ်သိန်း၊ ပြီးတော့ တရုတ်ကလေးများနဲ့ ဆယ်ကျော်သက်များ ရန်ပုံငွေအတွက် ယွမ်ငွေ ၅ သိန်း လှူဒါန်းခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်မှာ ယူနန်ပြည်နယ်အစိုးရကို ယွမ် ၂ သိန်းလှူဒါန်းပြီး မကြာခင် ဧပြီလထဲမှာ ဆင်းရဲမှုတိုက်ဖျက်ရေးဖောင်ဒေးရှင်းကို ယွမ် ၂ သိန်း ထပ်မံလှူခဲ့ပါတယ်။



၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှာ စီချွမ်ငလျင်ကြောင့် ဘေးဒဏ်သင့်သူတွေအတွက် ယွမ် ၅ သိန်းလှူခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇွန်လထဲမှာ ရေဘေးသင့်ပြည်သူတွေအတွက် ယွမ်တစ်သန်းလှူခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်မှာ UNDP ချစ်ကြည်ရေးသံတမန်အဖြစ်ခန့်အပ်ခံရပြီး သွေးကင်ဆာခံစားနေရတဲ့ ကလေးငယ်တွေအတွက် ရန်ပုံငွေရှာဖွေရေးပွဲတော်ကျင်းပခဲ့တာ ယွမ်ငွေ ၁၆ သန်း ရရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှာတော့ ဗစ်ကီကျောက်ဝေနဲ့ သူ့ရဲ့ခင်ပွန်း ဟုန်ယိုလောင်တို့ဟာ ဟူနန်ပြည်နယ်ရေဘေးအတွက် ဟောင်ကောင်ဒေါ်လာတစ်သန်း လှူဒါန်းခဲ့ပါတယ်။ ။

ရဲဦး

Ref; https://en.wikipedia.org/wiki/Zhao_Wei
https://www.imdb.com/name/nm0955505/

www.burmeseclassic.com

www.burmeseclassic.com

CARTOON






OCTOBER

www.burmeseclassic.com

www.burmeseclassic.com






## ရသစာတမ်း

ဒီနေ့မှ ပြတင်းတံခါးပေါက်ကနေ ပြာလဲ့လဲ့ ကောင်းကင်ကို ကျွန်မ ထူးထူးခြားခြားမော့ကြည့်နေမိသည်။ တိမ်တွေက တရွေ့ရွေ့လွင့်ပါးနေလိုက်တာ။ ကျွန်မ တွေးလိုက်မိသည်။ ဘဝဆိုတာ ကောင်းကင်ပေါ်က တိမ်စိုင်တိမ်လိပ်တွေလိုပဲ ရွေ့လျားနေတာမျိုးလား။ ပြီးတော့ အချိန်ဆိုတာကလည်း ထိုနည်းနှင်နှင်လိုများလား။

အချိန်နှင့်အတူ သက္ကရာဇ်တွေ၊ ခေတ်တွေ၊ စနစ်တွေ၊ အဖြစ်တွေ ပြောင်းလဲခဲ့တာတွေကို ကျွန်မတို့ ကြုံဆုံရတာ ဘဝရဲ့အမှတ်တရတွေပါပဲ။ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ အထူးသဖြင့် လွမ်းဆွတ်တသနေရဆဲ ဖြတ်သန်းမှုတွေကလည်း မမေ့နိုင်စရာ။ ထိုသို့ဖြတ်သန်းခဲ့ရသည့် လွမ်းစရာအဖြစ်ကလေးတွေက ကျွန်မ၏ရင်ထဲသို့ တမ်းတမ်းတတတိုးဝှေ့ဝင်ရောက်လာသည်။

❑

ကျွန်မတို့၏ မြန်မာ့ဆယ့်နှစ်လရာသီပွဲများက ချစ်စရာမိုးရာသီဥတုကျေးမှုလေ့များဖြင့် ကျစ်လျစ်စွာဖွဲ့စည်းထားသည်။ ထိုအထဲတွင် အခါကြီးရက်ကြီးများမှ ရက်ရက်ရောရောအလှူအတန်းများက ထင်ရှားလှသည်။ ဝါတွင်းကာလ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ ဘုံကထိန်ပွဲတော်၊ သင်္ကြန်ရိုးရာရေသဘင်ပွဲတော်တို့ကတော့ အထူးခြားဆုံးသောပွဲတော်များဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





# မေဌှန်ခြား

ဖုန်းမိုး

"

အချိန်နှင့်အတူ သက္ကရာဇ်တွေ၊ ခေတ်တွေ၊
စနစ်တွေ၊ အဖြစ်တွေ ပြောင်းလဲခဲ့တာတွေကို
ကျွန်မတို့ ကြုံဆုံရတာ ဘဝရဲ့အမှတ်တရတွေပါပဲ။
ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ အထူးသဖြင့်
လွမ်းဆွတ်တသနေရသဲ့ ဖြတ်သန်းမှုတွေကလည်း
မမေ့နိုင်စရာ။ ထိုသို့ဖြတ်သန်းခဲ့ရသည့်
လွမ်းစရာအဖြစ်ကလေးတွေက
ကျွန်မ၏ရင်ထဲသို့
တမ်းတမ်းတတတိုးဝှေ့ဝင်ရောက်လာသည်။

"

ကျွန်မ မှတ်မိနေပါသေးသည်။

အဘိုး၊ အဘွားတို့ခေတ်မှ အမေတို့၊ အဖေတို့ ခေတ်အထိ လက်ဆင့်ကမ်းသယ်ဆောင်လာသော ရိုးရာယဉ်ကျေးမှုလေးအကြောင်းပါ။

ဝါဆိုပွဲတော်ဆိုပါစို့။ ဝါမဝင်မီအဖိတ်နေ့မှာ အမေက ကျွန်မတို့ကို မုန့်ဖက်ထုပ်များဖြင့် အိမ်ပေါက်စေ့ ဝေမျှလှူဒါန်းစေခြင်းပါပဲ။ အမေသည် ကရိကထ များသော မုန့်ဖက်ထုပ်ကို မမောမပန်း နှစ်စဉ်မပျက်

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်လှူဒါန်းလေ့ရှိသည်။ မိသားစုအားလုံးပါဝင်ရသည်။ ငှက်ပျောဖက်ရှာရ မုန့်ကြိတ်ရ အုန်းသီးခြစ်ရပြီးတော့ အမေထုပ်ထားသော မုန့်ဖက်ထုပ်အထုပ်လေးများကို မပေါက်ထွက်အောင် အုန်းလက်ရိုးဖြင့် ထိုးကြရသည်။ ထို့နောက် အမေက ပေါင်းအိုးကြီးထဲ စိတ်ရှည်လက်ရှည်ထည့်ပေါင်းသည်။ ထိုအဖိတ်နေ့မှာပဲ ကျွန်မတို့ ဝတ်ကောင်းစားလှဝတ်ပြီး ရပ်ကွက်ထဲဝေပေတော့။

အခြားအိမ်တိုင်းအိမ်တိုင်းကလည်း မိမိတို့စိတ်ကြိုက် သန်ရာသန်ရာ မုန့်များပြုလုပ်ကာ အိမ်အားလုံးဆီ သဒ္ဓါထက်သန်စွာ လိုက်လံဝေကြငှသည်။ ချစ်စရာကောင်းသော မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုပါပဲ။ ကျွန်မတို့ကလေးများကလည်း မုန့်လိုက်ပို့ရခြင်းကို တက်ကြွပျော်ရွှင်စွာပို့ရန် ဝန်မလေးခဲ့ကြပါ။ အဲဒါကလည်း အကြောင်းရှိပါသည်။

အိမ်တိုင်းနီးပါးက မုန့်လာပို့သောကလေးများကို မုန့်ဖိုးပြန်ပေးတတ်ခြင်းကြောင့်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများကိုကန်တော့ပါကလည်း မုန့်ဖိုးရတတ်သေး၏။ ရရှိသည့်မုန့်ဖိုးသည် ခေတ်ကာလအလျောက် ငွေကြေးပမာဏသည် ငါးပြား၊ ဆယ်ပြား၊ အလွန်ဆုံး တစ်မတ်မျှသာ။

ဝါလကင်းလွတ်သီတင်းကျွတ်အခါ၌လည်း အမေက အစဉ်အလာမပျက်မုန့်လုပ်ကာ ပို့ဝေဆဲ။ ကျွန်မတို့ကလည်း မျှော်လင့်ချက်ဖြင့် မုန့်ဖိုးမျှော်ကာပို့ဆောင်ဆဲ။

ဤသို့ဖြင့် ရာသီစက်ဝန်းအတိုင်း အမေနှင့်တကွ အခြားလူကြီးမိဘများက မုန့်များကို ဖွယ်ဖွယ်ရာရာ ပြုလုပ်ကာ ဝေငှလေ့ရှိသည့် ယဉ်ကျေးမှုတစ်ရပ်ထွန်းကားခဲ့သည်။ မုန့်ဖိုးဖောဖောသီသီရသည့် ထိုအချိန်အခါကိုလည်း ကျွန်မတို့ကလေးတွေက မမောမပန်း စောင့်မျှော်နေတတ်ကြတာကို ကျွန်မကောင်းကောင်းကြီး မှတ်မိနေပါသေးသည်။

ရက်ရက်ရောရော၊ ပေါပေါများများရသော မုန့်ဖိုးနှင့်ပတ်သက်သည့် မမေ့နိုင်စရာအမှတ်တရကလည်း ဘဝမှာ ရှိခဲ့ဖူးပါသည်။ အံ့ဩစရာကောင်းသလို ရယ်စရာလည်းကောင်းလှပါသည်။ ထိုဖြစ်စဉ်ကို သယ်ဆောင်လာသူကတော့ အမေ၏တူမောင်ဖြစ်သူ တပ်မတော်(လေ)အရာရှိတစ်ဦးဖြစ်သည့် ကျွန်မတို့၏အစ်ကို 'ကိုဘ' ဆိုသူဖြစ်ပါသည်။ ကိုဘသည် လေယာဉ်မှူးတစ်ဦးဖြစ်ပြီး အခါအားလျော်စွာ ကျွန်မတို့မြို့သို့ တာဝန်ဖြင့် လာရောက်လေ့ရှိသည်။

ကြိုတုန်းပြောရလျှင်
ကျွန်မတို့အိမ်သည် ချောင်းကလေးပေါ်
မေးတင်ထားသည့် ကြီးမားသည့်
ရှေးလက်ရာသစ်သားအိမ်ကြီး။
အိမ်နောက်ဖေးတွင် ကျယ်ဝန်းသော
အမိုးအကာမဲ့ ဝရန်တာတစ်ခုလည်း
ရှိသည်။ လသာညများတွင်
ကလေးတွေ ဖန်ခုန်တမ်းကစားကြသလို
ချောင်းမှ ရေတက်လာလျှင်လည်း
ကလေးများ ရေဆော့ကစားရန်
လူကြီးများက စီစဉ်ထားပုံရသည်။

ကြိုတုန်းပြောရလျှင် ကျွန်မတို့အိမ်သည် ချောင်းကလေးပေါ် မေးတင်ထားသည့် ကြီးမားသည့် ရှေးလက်ရာသစ်သားအိမ်ကြီး။ အိမ်နောက်ဖေးတွင် ကျယ်ဝန်းသော အမိုးအကာမဲ့ ဝရန်တာတစ်ခုလည်းရှိသည်။ လသာညများတွင် ကလေးတွေ ဖန်ခုန်တမ်းကစားကြသလို ချောင်းမှ ရေတက်လာလျှင်လည်း ကလေးများ ရေဆော့ကစားရန် လူကြီးများက စီစဉ်ထားပုံရသည်။

ဆက်ပြောရလျှင် ကိုဘသည် ကျွန်မတို့မြို့ဆီ တာဝန်ဖြင့်လာရာတွင် 'ဟယ်လီကော်ပတာ' ခေါ် တပ်မတော်ရဟတ်ယာဉ်ကို မောင်းနှင်လာလေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com





သည်၊ ကိုဘလာတိုင်း လမ်းကြောင်းသင့်သည့် ကျွန်မတို့အိမ်တည်ရှိရာ ကောင်းကင်ပေါ် ပျံဝဲကာ သူရောက်ရှိပြီ ဖြစ်ကြောင်း အချက်ပေးသည်၊ အိမ်ခေါင်မိုးနှင့် နီးကပ်စွာဝဲပျံနေသော 'ဟယ်လီကော်ပတာ' အသံကြောင့် ကျွန်မတို့မောင်နှမများက အိမ်နောက်ဖေးဝရန်တာသို့ပြေးထွက်လာကြသည်။

ထိုအခါ ကိုဘက အိမ်ခေါင်မိုးနှင့်အနီးကပ်ဆုံး နိမ့်ချပျံဝဲပြီး လေယာဉ်မှ အဝတ်စတစ်ခုဖြင့်ဝှေ့ယမ်းကာ အချက်ပြနှုတ်ဆက်သည်၊ ကျွန်မတို့မောင်နှမများကလည်း "ဟေး. . . ဟေး. . . ဟေး. . . ကိုဘလာပြီဟေ့"ဆိုပြီး လက်ပြန်ပြကာ နှုတ်ဆက်သည်။ ခုန်ပေါက်မြူးထူးပျော်ရွှင်ကြသည်။ တွေးကြည့်လျှင် အံ့ဩစရာမကောင်းပေဘူးလား။

အဲဒီညမှာတော့ ကိုဘသည် ကျွန်မတို့မိသားစုရှိရာ မလွဲမသွေရောက်ရှိလာမှာကို သိနေကြပြီပေါ့။ အမေက ကိုဘနှင့်အတူပါလာမည့် သူ့အပေါင်းအသင်းများအတွက် ညစာကိုမမောမပန်းချက်ပြုတ်ပြင်ဆင်ပါတော့သည်။

မှောင်ရီပျိုးချိန်နှင့်အတူ အစိမ်းရောင်စစ်ကားကြီးတစ်စီး အိမ်ရှေ့သို့ တဂျိမ်းဂျိမ်းဖြင့်ဆိုက်ရောက်လာလေပြီ၊ ကိုဘနှင့် သူ့အပေါင်းအသင်းတစ်သိုက်ကို ကျွန်မတို့မောင်နှမတစ်တွေက ဝမ်းပန်းတသာကြိုဆိုကြသည်၊ ကိုဘကလည်း အငယ်ဆုံး ကျွန်မကို ဖက်လဲတကင်းပွေ့ချီကာ နှုတ်ဆက်သည်၊ ကျွန်မောင်နှမများကိုလည်း ချစ်ခင်ရင်းနှီးစွာ စကားပြောဆိုသည်။

အားလုံးကို နှုတ်ဆက်၊ မိတ်ဆက်ပြီးသောအခါ အမေ၏ ချစ်ခြင်းဖြင့်မွှမ်းထုံနေသော ထမင်းဝိုင်းမှာ စကားတပြောပြောနှင့် ညစာကို မြိန်ရေရှက်ရည် သုံးဆောင်ပါတော့သည်၊ ညစာစားသုံးပြီးသောအခါ ဧည့်ခန်းမှာ အမေပြင်ဆင်ထားသော အချိုပွဲကို ထပ်၍ ဆင်နွှဲကြပြန်သည်။

ကျွန်မတို့မောင်နှမတွေလည်း အဖေ၊ အမေတို့နားမှာထိုင်ကာ ကိုဘတို့စကားသံကြားဝယ် နစ်မျော ငေးမောနေမိပါတော့သည်၊ ထိုအချိန်၌ ကိုဘက ရီဝေဝေ၊ ခပ်ထွေထွေမျက်လုံးများဖြင့် ကျွန်မတို့ကိုကြည့်ကာ "မင်းတို့က ဘာငေးနေကြတာလဲ၊ အားလုံးမတ်တတ်ရပ်၊ တန်းစီကြ"ဟု စစ်သားပီပီ အမိန့်ပေးသည်၊ ကျွန်မတို့မောင်နှမအားလုံး ကိုဘအမိန့်အတိုင်း လက်ပိုက်ကာ မတ်တတ်ရပ်တန်းစီလိုက်ကြသည်။

ကိုဘက ကျွန်မတို့အနားထလာပြီး သူ့ဘောင်းဘီအိတ်ကို နှိုက်လိုက်သည်၊ လက်ပြန်ထုတ်လိုက်သောအခါ ပါလာသည့်ငွေစက္ကူတွေက အထပ်လိုက်၊ အုပ်လိုက်၊ တန်းစီနေသော ကျွန်မတို့မောင်နှမအားလုံးကို 'လက်ဝါးဖြန့်ကြ'ဟု ထပ်ပြောပြန်သည်။

ကျွန်မတို့ဖြန့်ထားသောလက်ဖဝါးပေါ်သို့ ကိုဘလက်ထဲက ငါးကျပ်တန်ငွေစက္ကူအထုပ်လိုက်ကို တစ်ယောက် တစ်ထုပ်စီထည့်ပေးသည်။

"ရော့. . . မုန့်ဖိုး. . . "တဲ့၊

ကျွန်မတို့မောင်နှမများ၏ပျော်ရွှင်မှုကား ဆိုဖွယ်ရာမရှိတော့၊ မျက်နှာများက ပြိုးပြိုးပြက်ပြက် အပြုံးကိုယ်စီနှင့်၊ အမှန်အတိုင်းပြောရလျှင် ကျွန်မတို့သည် အမေပေးသောကျောင်းမုန့်ဖိုး၊ လိုက်လံဂါရဝပြုကန်တော့သည့်အခါ လူကြီးများက မေတ္တာအရင်းခံဖြင့်ပေးသောမုန့်ဖိုး ငါးပြား၊ ဆယ်ပြားအကြွေစေ့များကို

www.burmeseclassic.com

www.burmeseclassic.com



သာ ရရှိကိုင်ဆောင်ခဲ့ဖူးသည်။

ယခုတော့ အိပ်မက်များလား။ ငွေစက္ကူထုပ်ကို ကိုင်ပြီး မောင်နှမတစ်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်လုံးချင်းစကားပြောနေကြ ပြီး ရင်ထဲမှာလှိုက်ခုန်ပျော်ရွှင်မှုက ငှက်တောင်ပံခတ် နေသည့်အလား တဖျပ်ဖျပ်ကြည်နူးလျက်။ အဖေ၊ အမေ၊ ကိုဘတို့၏စားပွဲဝိုင်းနားမှ ဖဲခွာကာ ဧည့်ခန်း တစ်နေရာ၌ ငွေစက္ကူအထပ်လိုက်ကို တစ်ရွက်ချင်း ယုယစွာပွတ်သပ်ရေတွက် နေကြသည်။

ကိုဘ၏အပြန်ခရီး နှုတ်ဆက်သံကြားတော့မှ ကျွန်မတို့လည်း အပြေး ကလေးနှုတ်ဆက်ကြသည်။ စစ်ကားကြီးပေါ်က လက်ပြ နှုတ်ဆက်နေသည့် ကိုဘကို ပြန်လည်လက်ပြပြီး အိမ်ထဲ ဝင်လိုက်သည်နှင့် ပြုံးရွှင် နေသော အမေ့မျက်နှာနှင့် တည့်တည့်ကြီးတိုးတိုက်မိ ပါတော့သည်။ အမေက လက်ဝါးဖြန့်ကာ ကိုဘပေး ထားသည့် ငွေစက္ကူထုပ် များကို အပ်နှံရန် တောင်း သည်။ နှုတ်မှလည်းစကား လုံးလှလှလေးကိုချွေချသည်။ အမေက ကလေးတွေလက် ထဲမှာ ဤမျှများလွန်းသော ငွေတွေ ပျောက်ရှသွားမှာစိုးရိမ်သည်။ ထို့ကြောင့် အမေ သိမ်းထားပေးမည်ဟုဆိုသည်။ ကျောင်းသွားတဲ့အခါ အမေ မုန့်ဖိုးပေးနေကျပဲလေ။ လိုအပ်သည့်အခါ အမေ့ဆီမှာ အချိန်မရွေးပြန်တောင်းနိုင်တာပဲမဟုတ် လားဟု ဆိုလေတော့ ကျွန်မတို့အားလုံး ပျော်ရွှင်မှု များ အငွေ့ပြန်သွားသည်။ ရင်ထဲမှာလည်း လွတ်ဟာ သွားသည်၊ မောပြီပေါ့။

❑

ကျွန်မတို့မြန်မာလူမျိုးများ၏ ချစ်စရာရိုးရာဓလေ့ က ချစ်ခင်စဖွယ်ကလေးငယ်များအား မုန့်ဖိုးပေးရ ခြင်းကို ကျေနပ်ပီတိဖြစ်ကြသလို ရယူသည့်ကလေး သူငယ်များကလည်း ဝမ်းပန်းတသာလက်ခံယူကြတာ သာမန်ကိစ္စတစ်ခုပဲဖြစ်ပါသည်။

> ကျွန်မတို့မြန်မာလူမျိုးများ၏
> ချစ်စရာရိုးရာဓလေ့က
> ချစ်ခင်စဖွယ်ကလေးငယ်များအား
> မုန့်ဖိုးပေးရခြင်းကို
> ကျေနပ်ပီတိဖြစ်ကြသလို
> ရယူသည့်ကလေးသူငယ်များကလည်း
> ဝမ်းပန်းတသာလက်ခံယူကြတာ
> သာမန်ကိစ္စတစ်ခုပဲ
> ဖြစ်ပါသည်။

သို့သော် ကျွန်မမှတ်သားကြားသိဖူးတာတစ်ခုရှိ သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် ဂျပန်လူမျိုး တို့၏ ဓလေ့စရိုက်တစ်ခုပါပဲ။ သူတို့ဓလေ့စရိုက်က ကျွန်မတို့နှင့်မတူ ကွဲပြား ခြားနားနေသည်။ ကျွန်မ တို့ မြန်မာလူမျိုးတွေက အကူအညီတစ်ခုခုလိုအပ် ၍ တောင်းခံလာလျှင် ပေးဖို့ဝန်မလေးကြပေ။ 'ကျေးဇူးတင်ပါတယ်' ဆို သောစကားလေးတစ်ခွန်း ကြားရရုံနှင့် ကျေနပ်သည့် လူမျိုး။

တူ၊ သား၊ မြေးများ လာကန်တော့ကြသော အခါတွင် မုန့်ဖိုးပေးရခြင်း ကိုလည်း ပေးသူကချစ်ခင် ၍ ပေးကြသလို လက်ခံ သူကလည်း ကျေကျေနပ် နပ် ပျော်ရွှင်စွာလက်ခံခြင်း ကလည်း မင်္ဂလာရှိသော အစဉ်အလာတစ်ခုဟုဆို လျှင် မမှားပေ။

ဂျပန်နိုင်ငံ၌ ထိုသို့မဟုတ်။ သူတို့ဆီမှာက သူတို့ အချင်းချင်း အကူအညီတစ်ခုခုတောင်းခံလိုက်သော အခါ ကူညီဖို့ဝန်မလေးတတ်။ ကူညီပေးပါသည်။ သို့ပေမယ့် အကူအညီတောင်းခံသူက သူ့လိုအပ် ချက်ကို ပေးလိုက်ရသူအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေ ချင်သည့် ဆန္ဒရှိသည်။ သို့ဖြင့် သူတောင်းခံလိုက်သော အကူအညီနှင့် တန်ဖိုးချင်းညီမျှသည့်ပေးဆပ်မှုတစ် ခုခုကို ချက်ချင်းပြန်ပေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com





သာဓကတစ်ခုပြောရလျှင် လူတစ်ယောက်က လေ့လာရေးခရီးစဉ်တစ်ခုသွားသည်ဆိုပါစို့၊ အလောတကြီးမို့ ရေမှတ်စရာ မှတ်စုစာအုပ်မပါလာ၍ သူငယ်ချင်းဖြစ်သူထံ စာအုပ်တစ်အုပ် အပိုပါလာလျှင် လိုချင်ကြောင်း အကူအညီတောင်းခံသည်။ သူငယ်ချင်းကလည်း သူ့ဆီမှာပိုနေသောမှတ်စုစာအုပ်ကို ထုတ်ပေးသည်၊ ထိုအခါ တောင်းခံသူက သူငယ်ချင်းအား စာအုပ်၏တန်ဖိုးကို ချက်ချင်းပြန်ပေးသည်၊ ယူသူကလည်း ပေါ့ပေါ့ပါးပါးပဲသဘောထားကာ ယူသည်။ အားနာခြင်းလုံးဝမရှိ၊ အဘယ့်ကြောင့်ဆိုသော် သူတို့၏လူမှုရေးကျင့်ဝတ်၌ သွန်သင်ချက်တစ်ခုရှိသည်၊ ထိုအရာကား သူတစ်ပါးထံမှ မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို ဘယ်သောအခါမျှ အလကားမယူနှင့်၊ တန်ရာတန်ကြေးပေးပါဟူ၍။ စိတ်ထဲဝန်ထုပ်ဝန်ပိုးမဖြစ်ရန် ချက်ချင်းလက်ငင်းရှင်းထားစေသော အကျင့်စရိုက်ကို မွေးမြူပေးထားခြင်းများလားဟုလည်း ကျွန်မထင်မြင်မိပါသည်။

❑

ဩော်. . . အခုတော့လည်း ခေတ်ကာလတွေက တိမ်တစ်စလို မျောလွင့်ရွေ့လျားခဲ့ပါပြီကော။

အခါကြီးရက်ကြီးများတွင် မိသားစုများ မုန့်လုပ်၍ လိုက်လံဝေငှသောမိုးရာလေ့က ပါးလျသွားခဲ့လေပြီ။ ခေတ်တွေပြောင်းလဲလာခဲ့သလို ယဉ်ကျေးမှုတွေကလည်း ပြောင်းလဲစီးမျောခဲ့သည်။

ရပ်ကွက်ထဲမှ လူကြီး၊ လူငယ်လက်တွဲကာ စုပေါင်း၍ စတုဒိသာကျွေးမွေးသည့်ယဉ်ကျေးမှုက လင်းလက်တောက်ပလာခဲ့ပြီ။ ဟိုမှာလည်း စတုဒိသာ၊ ဒီမှာလည်း စတုဒိသာ၊ လူမျိုးဘာသာမရွေး အရောင်မပါ ဝင်ရောက်ဆင်နွဲနိုင်ကြသည်။ အဆင့်အတန်းမရွေး အားပါးတရ စားသောက်နေတာကလည်း တစ်မျိုးတော့ ကြည်နူးစရာကောင်းလှသည်။

နိဗ္ဗာန်ဈေးဆိုသည့် အလှူတစ်မျိုးကလည်း ရှေးကတည်းက ရှိခဲ့သည်ဆိုပြားလည်း ယခုအခါမှာ လူတိုင်း၊ အိမ်တိုင်း စိတ်ဝင်စားလာကြသည်၊ တန်ဆောင်မုန်းလ မီးထွန်းပွဲရက်ပြီးနောက် ထင်ထင်ရှားရှား အစွမ်းကုန်ပွင့်လန်းလာသော မြန်မာတို့၏ အလှူတစ်မျိုးပါပဲ။

နိဗ္ဗာန်ဈေးဆိုသည်မှာ ပစ္စည်းမျိုးစုံ၊ စားသောက်ဖွယ်ရာ အစိုအခြောက်ဆိုင်များဖွင့်ကာ ဝယ်ယူခွင့်လက်မှတ်များကို ဝေငှပေးထားသည်။ မည်သူမဆို ထိုလက်မှတ်ဖြင့်တန်းစီကာ ဝယ်ယူနိုင်ကြသည်။ ရယ်စရာပြောရလျှင် တန်ဆောင်မုန်းလသည် ကထိန်ပွဲမှအစပြု၍ စတုဒိသာအလယ်၊ နိဗ္ဗာန်ဈေးအဆုံးတို့ဖြင့် အိမ်တွေမှာ မီးခိုးတိတ်လ ဟုပင် ဆိုရမလိုပင်။

မုန့်ဖိုးဆိုသောဓလေ့က အပြောင်းလဲကြီး ပြောင်းလဲသွားပြီထင်ပါရဲ့။ အကြွေဆိုတာမရှိတော့သလို ယနေ့ခေတ်လူငယ်တွေလည်း မြင်ဖူး၊ ကြားဖူးမှာ မဟုတ်ပေ။ သူတို့ခေတ်၌ မုန့်ဖိုးသည် ငါးရာ၊ တစ်ထောင်ပေးမှ တန်ကာကျသည်။ ခေတ်ကြောင့်လား၊ စနစ်ကြောင့်လား ပြောင်းလဲသွားခဲ့တာတော့အမှန်ပါပဲ။

ဆိုရှယ်မီဒီယာခေတ်ရောက်ရှိလာပြီမို့ ကလေးငယ်ကအစ လက်ကိုင်ဖုန်းထဲ ဂိမ်းအမျိုးမျိုးထည့်ကာ ဆော့ကစားလာကြသည်။ ဂိမ်းကစားနိုင်ရန်အတွက် ငွေဖြည့်ကတ်ကိုလည်း ငွေစက္ကူဖြင့် ဝယ်ယူသုံးစွဲလာတတ်ကြသည်။ ဒီလိုအချိန်အခါမျိုးမှာ လူကြီးမိဘနေရာ ရောက်ရှိနေပြီဖြစ်သော ကျွန်မတို့အဖို့ တူ၊ သား၊ မြေးကလေးတွေကို မုန့်ဖိုးပေးသည့်အခါ တန်ဖိုးအကြီးဆုံး ငွေစက္ကူကိုသာ ပေးမှသင့်လျော်တော့မည်လားဟု ကျွန်မအတွေးတွေက တိမ်တစ်စလို ရွေ့လျားလွင့်ပါးနေပါတော့သည်။ ။

**မေငွန်းဇား**

www.burmeseclassic.com

www.burmeseclassic.com



# ဂရိနိုင်ငံရဲ့ အထင်ကရဘုရားကျောင်းများ

➤ ရဲမာန်ခ







ဂရိနိုင်ငံအလယ်ပိုင်းရှိ Kalabaka မြို့အနီးက ထာဝရဘုရားရဲ့တောင်အဖြစ် လူသိများတဲ့ Mount Athos ပေါ်မှာတော့ Meteora အမည်ရတဲ့ အရှေ့ပိုင်း ခရစ်ယာန်ဘုရားကျောင်းတွေ တည်ရှိပါတယ်။ ရင်သပ်ရှုမောစရာကောင်းတဲ့ ရှေးခေတ်ဗိသုကာလက်ရာတွေကြောင့် နာမည်ကျော်ကြားခဲ့ပါတယ်။ အဲဒီဘုရားကျောင်းတွေတည်ဆောက်ခဲ့တဲ့ခုနှစ်ကိုတော့ တိတိကျကျသိရှိခြင်းမရှိခဲ့ပေမယ့် သမိုင်းပညာရှင်တွေကတော့ ၁၄ ရာစုလောက်ကတည်းက တည်ဆောက်ခဲ့တာဖြစ်နိုင်တယ်လို့ ဆိုကြပါတယ်။

Meteora ဆိုတာကတော့ ဂရိဘာသာနဲ့ 'လေထဲတွင် မျောလွင့်နေခြင်း'လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီ Mount Athos ပေါ်မှာရှိတဲ့ Eastern Orthodox Monastries (ရှေးခရစ်ယာန်ဘုန်းတော်ကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း) တွေဟာ အလွန်ကြီးမားတဲ့ကျောက်တောင်ကြီးတွေပေါ်မှာ တည်ဆောက်ထားတာဖြစ်ပြီး ယင်းသဘာဝအတိုင်းဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com







နေတဲ့ ကျောက်သားတိုင်တွေရဲ့သက်တမ်းဟာ နှစ်သန်းပေါင်း ၆၀ ထက်မနည်းရှိနေပါတယ်။ ယင်းနေရာမှာပဲ မီတာ ၄၀၀ အထိမြင့်မားတဲ့ ဘုရားကျောင်းတွေတည်ရှိနေတာဖြစ်ပြီး မူလကတော့ ဘုရားကျောင်းအရေအတွက် ၂၄ ခုလောက် ရှိခဲ့ပေမယ့် ယနေ့အချိန်မှာတော့ ၆ ခုသာ ကျန်ရှိပါတော့တယ်။

ဒီဘုရားကျောင်း ၆ ခုကတော့ Holy Monastery of Great Meteoron, Holy Monastery of Varlaam, Holy Monastery of Rousanou, Holy Monastery of St. Niicholas Anapausas, Holy Monastery of St. Stephen နဲ့ Holy Monastery of Trinity တို့ဖြစ်ပါတယ်။ ဒါ့အပြင် Meteora Monastries တည်ရှိရာ အရပ်ဟာ ဂရိနိုင်ငံရဲ့နာမည်ကျော် ပထဝီနှင့်သမိုင်းသုတေသနနယ်မြေဖြစ်တဲ့ Thessaly ဒေသရဲ့ အနောက်မြောက်အစွန်အဖျားမှာတည်ရှိပြီး အနီးဝန်းကျင်မှာ Pineios မြစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com





ပတ်သက်ပြီးဖြစ်ပေါ်လာတဲ့ ကျောက်သားတွေရဲ့ ဖွဲ့စည်းတည်ဆောက်ပုံဟာ Meteora Monastries ရဲ့အနီးဝန်းကျင်တောင်တွေနဲ့ မတူညီတဲ့အချက်ဖြစ်ပါတယ်။ ဒီလိုကျောက်သားဖွဲ့စည်းပုံနဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ဟာ ကမ္ဘာ့နေရာအသီးသီးမှာဖြစ်ပေါ်လာနေပေမယ့် ဒီနေရာရဲ့ ကျောက်သားတိုင်တွေလိုတော့ အနည်ကျကျောက်လွှာတွေ တညီတညာ

ပေမယ့် Meteora Monastries က ကျောက်သားတိုင်တွေကတော့ သဲကျောက်နဲ့ စရစ်ဖြုန်းကျောက်တွေရောစပ်ပြီး တည်ရှိနေလို့ဖြစ်ပါတယ်။

ဒါ့အပြင် ယင်းကျောက်တောင်တွေမှာရောနှောပါဝင်နေတဲ့ စရစ်ဖြုန်းကျောက်အပါအဝင် ရာသီဥတုကနေ တိုက်ရိုက် Pindus တောင်တန်းတွေ ဝန်းရံတည်ရှိနေပါတယ်။

မြေပြင်ကနေထောင်မတ်တဲ့ အနေအထားနဲ့တည်ရှိနေတဲ့ ဒီဒေသက ကျောက်တိုင်ကြီးတွေဟာ ဘူမိဗေဒနည်းအရနဲ့တောင် ရှင်းလင်းချပြဖို့မလွယ်ကူဘဲ ထူးဆန်းစွာတည်ရှိနေတဲ့အနေအထားတွေလည်းရှိနေပါတယ်။ Volcanic Plug လို့သိကြတဲ့ မီးတောင်ကနေထွက်တဲ့ ချော်ရည်ခဲတွေကြောင့် ယခုလိုပုံသဏ္ဍာန်မီးသင့်ကျောက်သားတွေ ဖြစ်ပေါ်နိုင်





တယ်၊ မျှဉ်းမတ်သဏ္ဍာန်ဖြစ်ဖို့တော့ ဖြစ်ခေါင့်ဖြစ်ခဲ အခြေအနေဖြစ်ပါတယ်။

ဒီနေရာအနီးဝန်းကျင်က လိုဏ်ဂူတွေအတွင်းမှာတော့ အနည်းဆုံးနှစ်ပေါင်း ၂၀၀၀၀ မတိုင်ခင်ကတည်းက လူသားတွေနေထိုင်ခဲ့ကြောင်း ပညာရှင်တွေက တွေ့ရှိခဲ့ပါတယ်။ သူတို့ရဲ့အကောင်းဆုံးဥပမာကတော့ ဂူရဲ့သုံးပုံနှစ်ပုံလောက်က လူသားတွေတည်ဆောက်ထားတဲ့ Theopetra လိုဏ်ဂူဖြစ်ပြီး ဒီဂူရဲ့သက်တမ်းဟာ အနည်းဆုံးနှစ်ပေါင်း ၂၃၀၀၀ လောက်ရှိတယ်လို့ သိရပါတယ်။ ဒီလိုဏ်ဂူကို တည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကတော့ သဘာဝဘေးအန္တရာယ်ကို ကာကွယ်လိုတဲ့အနေနဲ့ တည်ဆောက်ခဲ့တာဖြစ်မယ်လို့

www.burmeseclassic.com


www.burmeseclassic.com



ယူဆရပြီး ယင်းကာလတုန်းက ကမ္ဘာကြီးရဲ့ နေရာအတော်များများဟာ ရေခဲထုတွေဖုံးလွှမ်းနေတယ်လို့ ဆိုပါတယ်။ ဒီဒေသကို စတင်အခြေချနေထိုင်ခဲ့သူတွေကတော့ Neolithic အနွယ်ဝင်လူမျိုးစုတွေဖြစ်ပြီး ယင်းနောက်မှာတော့ မြင့်မြတ်တဲ့ကျင့်စဉ်တွေကိုကျင့်ကြံလေ့ရှိတဲ့ သူတော်စင်တွေ၊ Hermit တွေ ဝင်ရောက်နေထိုင်ခဲ့ပါတယ်။

Hermit ဘုန်းတော်ကြီးတွေဟာ မူလကတည်းက မြေပြင်ကနေ ပေ ၁၈၀၀ လောက်မြင့်တဲ့ ကျောက်သားမျှော်စင်တွေမှာ နေထိုင်လေ့ရှိကြပြီး တနင်္ဂနွေနေ့ကလွဲပြီး ကျန်တဲ့အချိန်တွေမှာ တရားအားထုတ်ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ဆောင်ရွက်နေသူတွေဖြစ်ပါတယ်။ သူတို့ဟာ ၁၁ ရာစုအစောပိုင်းကာလတွေမှာ Meteora အနီးက ကျောက်သားလိုဏ်ဂူတွေအတွင်းမှာ တရားအားထုတ်မှုတွေပြုလုပ်ခဲ့ပြီး ၁၄ ရာစုမတိုင်ခင်အထိ ယခုတွေ့မြင်ရတဲ့ Meteora ဘုန်းတော်ကြီးကျောင်းတွေကို တည်ဆောက်ခဲ့ခြင်းတော့မရှိပါဘူး။ ဘိုင်ဇန်တိုင်းအင်ပါယာခေတ်ရောက်ချိန်မှာတော့ ဂရိနိုင်ငံမြောက်ပိုင်းကို အင်အားအလုံးအရင်းနဲ့ချီတက်တိုက်ခိုက်ခဲ့တဲ့ တူရကီတပ်တွေကြောင့် Hermit တွေအနေနဲ့ အရေးပေါ်ခိုလှုံစရာနေရာလိုအပ်လာပါတယ်။ ဒီအတွက် ယခု Meteora ဘုရားကျောင်းတည်ရှိရာ အလွန်မြင့်မားတဲ့ကျောက်သားတိုင်ထိပ်ကို လှေကားအရှင်တွေကိုအသုံးပြုပြီး တက်ရောက်နိုင်ဖို့ အကြံရလာခဲ့ပါတယ်။

ဒီလိုအခြေပြုခိုလှုံရင်းနဲ့ ၁၄ ရာစုရောက်တဲ့အချိန်မှာတော့ Meteora ကျောက်တိုင်ကြီးတွေအပေါ်မှာ ဘုန်းတော်ကြီးကျောင်းတွေတည်ဆောက်ဖို့ကြိုးစားလာကြပါတယ်။ သူတို့ဟာ စုစုပေါင်း ၂၀ ထက်မနည်းတဲ့အဆောက်အအုံတွေကို Meteora ကျောက်သားတိုင်တွေပေါ်မှာ တည်ဆောက်ခဲ့ကြပါတယ်။ ၁၆ ရာစုရောက်ချိန်မှာတော့ ခရစ်ယာန်ဘုန်းတော်ကြီးအချို့နဲ့ သီလရှင်တွေ Meteora ဘုရားကျောင်းတွေအတွင်းမှာ နေထိုင်လာခဲ့ကြပြီး Eastern Orthodox Church တွေရဲ့ လမ်းစဉ်



အတိုင်းဆောင်ရွက်ခဲ့ကြပါတယ်။

၁၉၂၀ ပြည့်နှစ်ရောက်ချိန်မှာတော့ အနီးနားမှာရှိတဲ့တောင်ကုန်းတွေကနေ တံတားသဖွယ်ပြုလုပ်ပြီး Meteora ဘုရားကျောင်းဆီကိုသွားရောက်တဲ့ ကျောက်သားလှေကားတွေကို ထွင်းထုခဲ့ပါတယ်။ ယင်းကျောက်လှေကားတွေကို ယခုတိုင်အသုံးပြုနေရပြီး ၁၉၂၁ ခုနှစ်ကလာရောက်လည်ပတ်တဲ့ ရိုမေးနီးယားဘုရင်မ Queen Mrie ဟာ Meteora ဘုရားကျောင်းအတွင်းကို ပထမဆုံးဝင်ရောက်ခွင့်ပြုတဲ့အမျိုးသမီးအဖြစ် မှတ်တမ်းဝင်ထားပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းကလည်း ဒီတောင်တစ်ခုလုံးဟာ ဗုံးကြဲတိုက်ခိုက်ခြင်းကိုခံခဲ့ရပြီး ရှေးဟောင်းအမွေအနှစ်များစွာဟာလည်း မသမာသူတွေရဲ့ခိုးယူခြင်းကိုခံခဲ့ရပါတယ်။

ယနေ့အချိန်မှာတော့ Meteora ဒေသဟာ ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခြင်းခံထားရပြီး ဥရောပတစ်ခွင်မှာလည်း ကျော်ကြားတဲ့ တောင်တက်ခရီးစဉ်ပြုလုပ်ရာနေရာဖြစ်နေပါပြီ။ ဒါ့အပြင် Meteora ဒေသမှာတည်ရှိတဲ့ လှပတဲ့တောင်တန်းတွေရဲ့ရှုခင်းကလည်း ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်လျက်ရှိနေပြီး ဂရိနိုင်ငံရဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကို အမိကအထောက်အကူပြုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

**ရဲမာန်စေ**

Source; Meteora by wikipedia.com

Thutazone.com

www.burmeseclassic.com

www.burmeseclassic.com



# အာရှတစ်လွှား အနုပညာလှုပ်ရှားမှုများ

ဧအာအိမ်တိ



## လီဒေါင်ဂန်း (Lee Dong Gun)

တောင်ကိုရီးယား နာမည်ကျော် မင်းသားတစ်ဦးဖြစ်သူ လီဒေါင်ဂန်းဟာ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုမှာ ပါဝင်သွားမယ်လို့ သိရပါတယ်။ 'Leverage' လို့ အမည်ပေးထားတဲ့ အဆိုပါရုပ်ရှင်ဇာတ်လမ်းတွဲသစ်ကို TNT ရုပ်သံလိုင်းကနေ ရာသီငါးခုအနေနဲ့ ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



ဒီဇာတ်လမ်းတွဲမှာ လီဒေါင်ဂန်းဟာ နယ်ပယ်အသီးသီးက ထူးချွန်တဲ့လူဆိုးလေးတွေစုစည်းမိခဲ့ပြီး ၎င်းတို့နဲ့အတူ အခြားဆိုးသွမ်းလူငယ်တွေကို တရားမျှတမှုနဲ့ လမ်းမှန်ပေါ်ရောက်အောင် ပြန်လည်ကြိုးစားပေးတဲ့ ဇာတ်ကောင်နေရာကနေ ပါဝင်ထားပါတယ်။

အဆိုပါဇာတ်လမ်းတွဲကို ဒေသတွင်းမှာတော့ လာမယ့် အောက်တိုဘာလ ၁၃ ရက်မှာ စတင်ပြသသွားမယ်လို့ သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com








## TWICE

တောင်ကိုရီးယားနာမည်ကျော်အမျိုးသမီးတေးဂီတအဖွဲ့ဖြစ်တဲ့ TWICE အဖွဲ့ဟာ မကြာမီမှာ တေးအယ်လ်ဘမ်အသစ်တစ်ခုကို ထုတ်လွှင့်ပေးသွားဖို့ရှိကြောင်း သိရပါတယ်။

အဆိုပါအဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ JYP Entertainment က လာမယ့်လအတွင်းထုတ်လွှင့်ပေးနိုင်လိမ့်မယ်လို့ ပြောပါတယ်။

လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်ထုတ်လုပ်မှုရဲ့ နောက်ဆုံးအဆင့်တွေကို ပြင်ဆင်နေပြီး အဆိုပါတေးသီချင်းအတွက် တေးဗီဒီယိုကိုလည်း ရိုက်ကူးပြီးစီးခဲ့ပြီလို့ သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## လီမင်ဟို (Lee Min-ho)



တောင်ကိုရီးယား နာမည်ကျော် မင်းသားတစ်ဦးဖြစ်သူ လီမင်ဟိုဟာ စစ်မှုထမ်းရက်တွေပြီးဆုံးပြီးနောက်ပိုင်း ပထမဆုံးဇာတ်လမ်းတွဲရုပ်ရှင်ကို ရိုက်ကူးသွားဖို့ရှိကြောင်း သိရပါတယ်။ အဆိုပါဇာတ်လမ်းတွဲကို မင်းသမီး ကင်ဂိုအွန်နဲ့ တွဲဖက်သရုပ်ဆောင်မယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့လက သူ့ရဲ့ အင်စတာဂရမ်ကနေ ပရိသတ်နဲ့တိုက်ရိုက်ပြောဆိုခဲ့စဉ် အဆိုပါဇာတ်လမ်းတွဲအကြောင်း



ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။

"ဒီဇာတ်လမ်းတွဲအတွက် ဇာတ်ညွှန်းကရေးသားပြီးပါပြီ၊ ကျွန်တော်တို့ မကြာမီမှာ ဇာတ်လမ်းတွဲကို စတင်ရိုက်ကူးတော့မှာပါ၊ ဒီဇာတ်လမ်းတွဲကို လာမယ့်နှစ် မတ်လအတွင်း ထုတ်လွှင့်ပြသနိုင်ဖို့ရည်မှန်းထားပါတယ်၊ ဒီဇာတ်လမ်းမှာ ရာဇဝင်ထဲကမင်းတစ်ပါးအဖြစ် ကျွန်တော်ကပါဝင်သရုပ်ဆောင်သွားမှာပါ၊ စောင့်ကြည့်အားပေးကြပါအုံး"လို့ လီမင်ဟိုက ပြောကြားခဲ့ပါတယ်။

အဆိုပါဇာတ်လမ်းတွဲအမည်ကို 'The King' လို့ ပေးထားကြောင်း သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com









## BLACKPINK

တောင်ကိုရီးယားနာမည်ကျော် အမျိုးသမီးတေးဂီတအဖွဲ့ဖြစ်တဲ့ BLACKPINK အဖွဲ့ဟာ ဂီတသက်တမ်းတစ်လျှောက် စံချိန်သစ်တင်နိုင်ခဲ့ပြီလို့ သိရပါတယ်။ ၎င်းတို့အဖွဲ့ဟာ အမေရိကန်နိုင်ငံမှာ ရွှေအဆင့်သတ်မှတ်ချက်ရရှိခဲ့တဲ့ ပထမဆုံး ကေပေါ့ပ် အမျိုးသမီးတေးဂီတအဖွဲ့ဖြစ်လာခဲ့ကြောင်း သတင်းတွေက ဖော်ပြခဲ့ပါတယ်။

BLACKPINK ရဲ့ အောင်မြင်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ 'Ddu-Du Ddu-Du' သီချင်းဟာ အမေရိကန်တေးသံသွင်းအဖွဲ့(RIAA)ကပေးအပ်တဲ့ ရွှေအဆင့်ဝင်တေးသီချင်းတစ်ပုဒ်ဖြစ်လာခဲ့တာပါ။

အဆိုပါအဆင့်အတန်းကို ယခင်က တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ 'BTS' နဲ့ တောင်ကိုရီးယားအဆိုတော် PSY တို့လည်း ရရှိခဲ့ဖူးပြီး BLACKPINK အဖွဲ့ကတော့ လတ်တလောမှာရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ **အောအာမ်တီ**

**Ref; Mizzimanews.com, BBC.com**

www.burmeseclassic.com

www.burmeseclassic.com



အောက်ခဏဆင်းရအုံးမယ်၊
အောက်ခဏဆင်း
ရအုံးမယ်၊ အမယ်အိုဟာ
အောက်ခဏဆင်းရအုံးမယ်
အတွေးကို ဂါထာလို
စိတ်ထဲမှာတတွတ်တွတ်ရွတ်ရင်း
အားယူရှုန်းထလိုက်ပါတယ်၊
ထောင်မတ်ဟန်ထင်ရတဲ့
ဦးခေါင်းဟာ ခေါင်းအုံးပေါ်
ကိုပြန်ကျရင်း နားထင်တွေလည်း
ဒိတ်ဒိတ်မြည်အောင်ထိုးလို့၊
ဘာဖြစ်တာပါလိမ့်၊
နာလန်ထမှီလို့ အားမရှိဖြစ်
နေတာလား၊ အားရှိတာ
မရှိတာထား၊ အောက်ခဏ
ဆင်းရအုံးမယ်၊ အောက်ကို
ဆင်းကိုဆင်းရမယ်၊


ဒီနေ့ မဆင်းလို့မဖြစ်ဘူး၊
သုံးရက်ဆက်တိုက် ဖျားလိုက်၊
ချောင်းဆိုးရင်ကျပ်ကျန်လိုက်
ဖြစ်နေတာ နေ့စဉ်သောက်နေကျ
နှလုံးဆေးကုန်နေတာ အခုမှသတိရ
တယ်၊ ဆေးသွားဝယ်ရမယ်၊
ဒီနေ့ ဆေးမရလို့မဖြစ်ဘူး၊
အောက်ခဏဆင်းရအုံးမယ်၊
ဒီတစ်ခါတော့ အောင်မြင်သွား
တယ်၊ အမယ်အို ထမြောက်
နိုင်ခဲ့ပြီ၊ ခုတင်ပေါ်က
ရုတ်တရက်မဆင်းသေးဘဲ
အာရုံတွေ တကယ်နိုး၊ မနိုး
စောင့်ကြည့်နေတယ်၊
သင် အိပ်ရာမှထလျှင် ရုတ်တရက်
မလှုပ်ရှားဘဲ စက္ကန့်သုံးဆယ်ခန့်
ထိုင်နေပါဦးဆိုတဲ့ ကျန်းမာရေး

# ဖိချမ်းဝေ
## အောက်ခဏဆင်းရအုံးမယ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အကြံပေးချက်အတိုင်းပေါ့။ ဟုတ်တယ်လေ။ ဘာအမြန်လိုစရာရှိလဲ။ ဖြည်းဖြည်းပေါ့။ ဘဝမှာ အလောသုံးဆယ်လုပ်ခဲ့ရတဲ့အချိန်တွေ များလှပြီ။

အဲဒီ အချိန်ဆိုတာကြီးက အမယ်အိုရဲ့ဘဝကို ကြိမ်နဲ့ရိုက်ပြီးမောင်းသလို မောင်းနှင်ခဲ့တာလေ။ ကျောင်းကို နံနက် ၈ နာရီခွဲအရောက် ဂျူတီလို့များ အသံကြားလိုက်ရင် မနက်စောစောငါးနာရီလောက်ထမှ ကျောင်းကို ရှစ်နာရီခွဲရောက်မှာလေ။ ဒီတော့ အိပ်ရာကနိုးပြီဆိုတာနဲ့ အိမ်အလုပ်တွေ ဝုန်းဒိုင်းကြဲရတော့တာပေါ့။ ကိုယ်တစ်ယောက်တည်း ဒီလိုရှုန်းရတာ မဟုတ်ပါဘူး။ အစိုးရဝန်ထမ်းဖြစ်တဲ့ ခင်ပွန်းသည်လည်း မိုးမလင်းခင် ဈေးကို စက်ဘီးနဲ့အပြေးဆင်းပြီး အိမ်အတွက်လိုအပ်တဲ့ စားသောက်စရာတွေ သွားဝယ်ရတာ နေ့စဉ်လုပ်ရှားမှုပါ။

ဈေးကနေပြန်လာရင် သူ့ခမျာမနားနိုင်။ ပါသမျှ ကြက်သား၊ ငါးတွေ ခုတ်ထစ်ဆေးကြောသန့်စင်၊ ဆားနယ်ပေးပြီးမှ သူ့အလုပ်ဆီပြေးရတာပေါ့။ ကိုယ်က သူကိုင်ပေးတဲ့အသားငါးကို အသင့်ချက်ရုံ ကလေးတွေနဲ့ နံနက်စာစား၊ တစ်နေ့တာလှုပ်ရှားမှု စတင်ရုံပေါ့။

အခုတော့လည်း နံနက် ၈ နာရီခွဲ ဂျူတီချိန်ဆိုတဲ့ ကြိမ်ရိုက်သံကြီးနဲ့ဝေးသွားပါပေါ့။ ဒါ့ကြောင့် ဘာကို အမြန်လိုပြီး အိပ်ရာထဲကကုန်းရုန်းထမှာလဲ။ ဖြည်းဖြည်းပေါ့။ ဖြည်းချင်ဖြည်း မြန်ချင်မြန်၊ အောက်ခဏဆင်းရအုံးမယ်။ အောက်ကိုတော့ မဖြစ်မနေဆင်းရအုံးမယ်။

အမယ်အိုဟာ သတိကပ်ပြီး စတင်လှုပ်ရှားလိုက်တာက ကိုယ်လက်သန့်စင်မှုပါ။ ပြီးရင် ပြုနေကျ ခြေလှမ်းအတိုင်း မှန်တင်ခုံရှေ့မှာရပ်မိတယ်။ မှန်ထဲက အမယ်အိုပေါက်စဟာ ခေါင်းစုတ်ဖွားနဲ့ သူ့ကို ခပ်ငေါင်ငေါင်ကြည့်နေတယ်။ မမြင်ချင်ဘူး။ အဲဒီ မသပ်မရပ်ပုံစံကို အမယ်အိုမမြင်ချင်ဘူး။ အမယ်အိုက သပ်သပ်ရပ်ရပ်နေတတ်တဲ့သူ။ ဒါ့ကြောင့် ဖြီးနေကျ ခေါင်းဘီးကိုကောက်ကိုင်ပြီး ခေါင်းကို သပ်သပ်ရပ်ရပ် အရင်ဖြီးသင်ပါတယ်။ ခေါင်းဖြီးတယ်ဆိုတာ အမယ်အိုအတွက် ဘီးနဲ့ဟိုခြစ်ဒီသပ် လေးငါးချက်လုပ်ရုံပါ။ အမယ်အိုခေါင်းက မတိုမရှည်ဆံပင်တွေဟာ ဘီးနဲ့တွေ့ရင်တော့ ပုံကျလှပနေတုန်းပါပဲ။

အမယ်အိုဟာ ခေါင်းကိုသိပ်ဂရုစိုက်တယ်။ ဆိုင်မှာပဲလျှော်၊ ဆိုင်မှာပဲ ဒရိုင်ရာမှုတ်၊ ဆိုင်မှာပဲ ပုံသွင်း။ အမယ်အိုကံကောင်းတာက ဒီရွယ်ရောက်နေပြီး ဆံပင်မကျွတ်သေး၊ မပါးသေးတာပါ။ ငယ်စဉ်ကလိုပဲ အုံထူနေဆဲ။ ကောက်ရင်ကောက်သလို ပုံကျလှပနေဆဲ။ အမယ်အိုစိတ်တိုင်းကျဖြစ်နေဆဲ။

စိတ်တိုင်းကျမဖြစ်တာက နားသယ်စပ်က မဖြစ်မနေပေါ်လာတဲ့ အိုမင်းရင့်ရော်ခြင်းအမှတ်တံဆိပ်တွေပါ။ အင်း. . . ဒါလေးကိုတော့ ဆေးအကူနဲ့ ဖုံးတန်ဖုံး၊ ဖိတန်ဖိပေါ့။ ဖုံးမရဖိမရတာကတော့ အမယ်အိုရဲ့ မျက်နှာအသားအရေ လျော့ရဲလာမှုပါပဲ။

ငယ်စဉ်ကလို တင်းတင်းရင်းရင်းမရှိတော့တဲ့ အသားအရေတွေဟာ တစ်နေ့ထက်တစ်နေ့ အပျက်ဘက်ဆီ တိုးသွားနေတော့တာပေါ့။ ဇရာရဲ့အရေးအကြောင်းတွေဟာ အဖော်အပေါင်းကောင်းကောင်းနဲ့ ပျော်ပျော်ကြီးရောက်လာကြပြီလေ။ လက်ခံရမှာပေါ့။ အဲဒီအရှိတရားကို မငြင်းမပယ် လက်ခံရမှာပေါ့။ အားလုံးဟာ ဖြစ်ပျက်လမ်းကြောင်းပေါ်မှာသွားနေတာလေ။ တရားများ တခြားရှာစရာမလို၊ ကိုယ့်ခန္ဓာမှာ အပြည့်လို့ ခံယူထားတာ အမယ်အိုပါ။

ဒါပေမဲ့ အမယ်အိုကြည့်ပျော်ရှုပျော်ဖြစ်ချင်သေးတယ်။ ရွယ်တူတွေကြားမှာ အရွယ်တင်တယ်ဆိုတဲ့ အမွှမ်းတင်သံကိုကြားချင်သေးတယ်။ ဒါ့ကြောင့် အမယ်အိုဟာ သပ်သပ်ရပ်ရပ် ပြင်ပြင်ဆင်ဆင်နေတယ်။ သူ့ရဲ့မသပ်မရပ်ပုံစံကို အရပ်ထဲကသူစိမ်းတွေ မမြင်စေရဘူး။

ခေါင်းဖြီး၊ သနပ်ခါးရည်ကျဲလေးလိမ်းပြီးတဲ့အခါ သင့်တင့်တဲ့အဝတ်အစားလဲလှယ်ပြီး အောက်ဆင်းဖို့ အဆင်သင့်ဖြစ်ပြီ။ အောက်ခဏဆင်းမယ်ဆိုမှ စိတ်က စားရေးသောက်ရေးဆီရောက်သွားတယ်။ သမီးတွေ အိမ်ခွဲဆင်းသွားလို့ လင်မယားနှစ်ယောက်တည်းဆိုပေမယ့် အချိန်တန်တော့ စားရဦးမှာလေ။ ဒီတော့ အောက်ခဏဆင်းတာချင်းအတူတူ ဈေးကလေးတော့ ဝယ်ဦးမှ။

ဈေးဝယ်တယ်ဆို ငယ်ငယ်ကလို အဘအိုက ဈေး

www.burmeseclassic.com

www.burmeseclassic.com



ဝယ်မပေးတော့ဘူး။ ဘယ်ကာလလောက်က အဘအိုရဲ့ ဈေးဝယ်ခြင်းစီမံချက် ပျက်ပြယ်သွားတယ်မသိပါဘူး။ ဈေးဝယ်တယ်ဆိုတာ မိန်းမတွေရဲ့အလုပ်ဆိုတဲ့ သမားရိုးကျပုံစံကြီးအတိုင်း အမယ်အိုဆီပဲ တန်းတန်းမတ်မတ်ရောက်လာတာပါ။

ဒါကို အမယ်အိုကလည်း လက်ခံတယ်၊ ဘာမဆို ကိုယ်တိုင်လုပ်မှ စိတ်တိုင်းကျတဲ့အကျင့်တွေ ရင့်မာလာတာလည်း ပါမှာပေါ့။ နယ်ကနေ အမယ်အိုတို့မိသားစု ရန်ကုန်ပြောင်းလာတော့ ရန်ကုန်ဈေးက ဘာဝယ်ဝယ် အကုန်တန်နေတာမို့ ပြေးပြေးဝယ်မိတာ တစ်ခါတလေ ဈေးကို မနက်တစ်ခေါက်၊ ညနေတစ်ခေါက် ရောက်ပါပေါ့။

အမယ်အိုကိုကြည့်လိုက်ရင် ဆွဲခြင်းတစ်လုံးနဲ့ ဈေးဝယ်၊ ချက်ပြုတ်။ ဘယ်တုန်းက ချက်ရေးပြုတ်ရေး ဝါသနာပါသွားမှန်းတောင် မသိပါဘူး။ သမီးတွေကို အပြင်စာမကျွေးချင်တာ၊ သန့်သန့်ရှင်းရှင်း အစားအစာတွေပဲ စားစေချင်တာပါမှာပေါ့။ အမယ်အို ဘယ်လောက်များ ဈေးသွားသလဲဆိုရင် -

တစ်ခါမှာတော့ အမယ်အိုက ကျောင်းဆရာမအလုပ်က စောစောစီးစီးထွက်ပြီး စာရေးတဲ့လိုင်းကို ကူးတော့ ကံအားလျော်စွာ စာပေဆုတစ်ဆုရပါတယ်။ ထုံးစံအတိုင်း အိမ်ရှေ့မှာ မြန်မာ့ရုပ်မြင်သံကြားကား ဆိုက်ပြီး အင်တာဗျူးတာတွေလုပ်ပါရော။ ရပ်ကွက်က အမြင်ဆန်းနေတော့တာပေါ့။ ဘာဖြစ်တာလဲ၊ ဘာလဲ စပ်စုတော့ ဒီအိမ်က စာပေဆုရလို့ အင်တာလာဗျူးမှန်း သိတော့တယ်။ အဲဒီမှာ အရပ်ထဲက အရပ်သူတွေ ပြောလိုက်ပုံက မှတ်သားလောက်ပါပေတယ်။

"ဟင်. . . အဲဒီမိန်းမက စာပေဆုရတယ် ဟုတ်လား၊ သူ ဘယ်အချိန်စာရေးတာတုံး၊ ငါတို့မြင်တာ သူ ဈေးပဲသွားနေတာ"တဲ့။ အမယ်အိုက အဲဒီလို အမယ်အိုမျိုးပါ။ အိမ်မှာ ထမင်းပွဲအုပ်ဆောင်းကို ဖွင့်လိုက်ရင် ဟင်းသုံးမျိုးနဲ့ ထမင်းစားဖို့အဆင်သင့်ဖြစ်နေရမယ်ဆိုတာ အမယ်အိုရဲ့မူပါ။ အမယ်အိုတို့က မော်လမြိုင်ဘက်ကမို့ ထမင်းစားရင် ချဉ်ရည်ဟင်း၊ အသားဟင်းတစ်ခွက်၊ အရွက်ကြော်၊ ငါးပိ၊ တို့စရာနဲ့ အမည်စုံအောင်စားနေကျပါ။ 'မော်လမြိုင်က အစား' ဆိုတယ် မဟုတ်လား။

အမယ်အိုက ဈေးသာဝယ်တာပါ။ ဈေးဝယ်ကျွမ်းကျင်သူထဲမှာ မပါပါဘူး။ ရန်ကုန်ထုံးစံက ဆစ်မှတော်ကာကျတာမို့ အားနာတတ်တဲ့အမယ်အို ဈေးဝယ်ရင် အမြဲဈေးကြီးမိနေတော့တာပေါ့။ ဒီလိုလေ. . . အမယ်အိုသဘောထားက ဒီပစ္စည်းဟာ ကိုယ်ဖန်တီးတတ်တဲ့ပစ္စည်းလား၊ ငါးဆိုပါတော့။ ငါးကို မဖမ်းတတ်ဘူး။ သူများဖမ်းလာပေးမှစားရတယ်၊ ဈေးသည်တွေကလည်း တံငါသည်တွေဆီကတစ်ဆင့်ယူရောင်းရတော့ သူ့အတွက် အမြတ်ကျန်ပါဦးမှ။ ဒါ့ကြောင့် သားငါးများဝယ်ရင် အမယ်အို ဈေးဆစ်လေ့မရှိဘူး။ သူမဖမ်းတတ်တဲ့ငါး ကုန်းပေါ်ရောက်အောင် ဆောင်ကြဉ်းပေးလို့ ကျေးဇူးတောင်တင်သေးရဲ့။

အမယ်အိုဟာ သူလုပ်တတ်တဲ့ မုန့်ဟင်းခါးလို စားစရာမျိုး၊ ကတ်ကြေးကိုက်လို စားစရာမျိုး ဆိုင်မှာဝယ်စားရင် တန်တယ်လို့ကိုမထင်တာပါ။ ဆိုင်လက်ရာဟာ သူ့လက်ရာကိုမမီဘူးလို့ခံယူထားတဲ့အတွက်လည်း အဲဒီလိုအစားအစာမျိုးအတွက် ငွေကုန်ကြေးကျမခံချင်ဘူး။ နောက်ပြီး အမယ်အိုဈေးဝယ်တဲ့အခါ သတိထားတာ တစ်ခုရှိသေးတယ်။ အဲဒါက ရောင်းသူဝယ်သူဆက်ဆံရေးပါ။ ဈေးရောင်းသူတွေဟာ အောက်ခြေလူတန်းစားတွေများတာမို့ စာမတတ်ပေမတတ်၊ စာမဖတ်ပေမဖတ်တွေများပါတယ်။

အားလုံးကိုမဆိုလိုပါဘူး။ အခြေအနေက ဂျာနယ်လောက် လှန်ဖတ်ရင်ကို ကျေနပ်နေရမယ့်အနေအထားမဟုတ်လား။ ရောင်းတာက အကြော်ရောင်းပြီး စိတ်က ဝတ်ီဖျားရောက်ကာ သူ့ကိုယ်သူ ရွှေရောင်းတဲ့စတိုင်ဖမ်းနေတဲ့ ဆိုင်မျိုးတော့ အမယ်အို ဘယ်တော့မှမဝယ်ဘူး။ သူရောင်းတဲ့ပစ္စည်းကို စွဲလမ်းနှစ်သက်နေရင်တောင် သူ့ဆက်ဆံရေးကြောင့် ဖြတ်ချပစ်တာမျိုးတွေရှိတယ်။ အဓိကကတော့ လူနဲ့လူချင်း ဆက်ဆံရေးပါပဲ။ ဆက်ဆံရေးကောင်းရင် ရှေ့ဆက်မယ်။ မကောင်းရင် သူ့ဆိုင်က ရွှေထွက်တဲ့ပစ္စည်းဖြစ်နေပါစေ မဝယ်ဘူး။

ဒါ့ကြောင့် အမယ်အိုဈေးသွားလို့ ငါးဝယ်၊ ကြက်

www.burmeseclassic.com

www.burmeseclassic.com



သားဝယ်ရင် ဝယ်နေကျ၊ ဆက်ဆံနေကျဆိုင်မှာပဲ ဝယ်တယ်။ ဒီလိုနဲ့ တချို့လည်း အမယ်အိုကို မျက်မှန်းတန်းမိကုန်ကြပြီး တချို့ဆို စာရေးဆရာမှန်းသိကုန်ပြီ၊ သိဆို တီဗွီမှာ ဟောပြောချက်တွေ၊ အင်တာဗျူးတွေ မကြာခဏလာနေတာကိုး။

"မနေ့က ဆရာမအင်တာဗျူးလာသွားတယ်၊ ကျွန်မမှတ်မိနေတာပေါ့ မေးစေ့က မှဲ့ကလေးကို. . ."

ဟင်းရွက်သည်ကောင်မလေး ဒီလိုနှုတ်ဆက်ရင် အမယ်အိုပြုံးနေတယ်။ ဝက်သားရောင်းတဲ့လူကတော့-

"ဆရာမရေ. . . သက်ငယ်မုဒိမ်းတွေများနေပြီ၊ ဆရာမတို့ လှုပ်ရှားပါအုံး"တဲ့။

စာရေးဆရာကို ဖန်တီးရှင်လို သဘောထားပြီး အားကိုးတကြီးတိုင်တည်တာမျိုးလည်းရှိရဲ့။ တစ်နေ့ အမျိုးသမီးကြီးတစ်ယောက် လက်ဖမ်းဆွဲပြီး အမယ်အိုရဲ့ကလောင်နာမည်ကိုခေါ်လို့ နှုတ်ဆက်တယ်။

"ဆရာမရဲ့ပင်လယ်ဝတ္ထုကိုကြိုက်ခဲ့တဲ့ ပရိသတ်အစစ်ပါ၊ လေးစားပါတယ် ဆရာမ၊ စံတော်ချိန်က ဆရာမဆောင်းပါးတွေလည်း အမြဲအားပေးနေပါတယ်၊ အသက်ကရလာပြီဆိုတော့ အပြင်မထွက်ဖြစ်တော့ဘူး၊ စာဖတ်ရင်ဖတ်၊ မဖတ်ရင် တီဗွီရှေ့ထိုင်ပဲ၊ တီဗွီမှာ ဆရာမရဲ့ဟောပြောချက်တွေ အမြဲနားထောင်ရတယ်၊ ဟို. . . ရီးဒါးချန်နယ်မှာ ဆွေးနွေးတဲ့စကားဝိုင်းကတော့ တစ်မျိုးဖြစ်နေတယ်နော်၊ ဆရာမပြောတာနဲ့ ဟိုတစ်ယောက်ပြောတာနဲ့ ကွဲလွဲချက်တွေရှိနေတယ်၊ ဆလုံကိစ္စပြောကြတာလေ၊ ကောင်းပါတယ်၊ ရှုထောင့်နှစ်မျိုးဆိုတော့ ပရိသတ်အတွက် နှစ်မျိုးရတာပေါ့"

အဆင့်မြင့်စာဖတ်သူကြီးက သူ့ဘာသာသူ ဝေဖန်ပိုင်းခြားသွားတာ သဘောကျချင်စရာကောင်းလှတယ်။ အဲဒီတုန်းက ရသစာပေရေးသူနဲ့ သုတေသနသမား အမြင်ကွဲလွဲချက်တွေ ရှိကောင်းရှိနေမှာပါ။ ဘယ်အရာကိုမဆို အခြေခံမတူရင် ချဉ်းကပ်ရှုထောင့်မတူပါဘူး။ ဒါဆို ရလဒ်လည်း မတူဘူးပေါ့။ မတူတဲ့ ရလဒ်နှစ်ခုအပေါ် စာဖတ်သူ(နားဆင်သူ) ကြိုက်နှစ်သက်ရာယူနိုင်ပါတယ်။

အမယ်အိုဈေးသွားရင် အဲဒီလိုပရိသတ်တွေနဲ့တွေ့၊ ဆွဲခြင်းလေး လမ်းမှာချပြီး စကားလက်ဆုံကျရတာလည်း အခါခါပါ။ တချို့ကလည်း အသားလွတ်ချီးကျူးတတ်သေးရဲ့။

"တော်တယ်နော်၊ အိမ်ရှင်မအလုပ်လည်းလုပ်၊ ပရဟိတလို အဖွဲ့အစည်းအလုပ်လည်းလုပ်၊ စာလည်းရေး၊ ဒီအသက်အရွယ်နဲ့ ဒီလောက်လုပ်နေနိုင်တယ်ဆိုတာ. . ."

အမယ်အိုကတော့ သူ့ကိုယ်သူတော်တယ်လို့ မထင်သူပါ။ အမယ်အိုမတတ်တာ၊ မတော်တာ အများသား။ ခေတ်မီတိုးတက်လာတဲ့နည်းပညာနဲ့ပတ်သက်ရင် အမယ်အိုတော်တော်ဒုံးဝေးတယ်။ ဖုန်းတွေပေါ်လာတော့ ဖုန်းနဲ့အံဝင်ခွင်ကျမဖြစ်တာတွေ အများကြီးကြုံရတယ်။ အံဝင်ခွင်ကျမဖြစ်ဘူးဆိုပြီးလည်း မသုံးဘဲမနေရဲဘူး။ အဖွဲ့အစည်းအလုပ်လုပ်နေတော့ အွန်လိုင်းမီဒီယာကို မျက်ကွယ်ပြုထားလို့ မဖြစ်တာတွေရှိတယ်။ ခေတ်က ဖိတ်စာကိုတောင် လိုင်းပေါ်ကဖိတ်တဲ့ခေတ်ဖြစ်နေပြီ။ လိုင်းသုံးတော့ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ရလွယ်ကူတာပေါ့။ ဒါကိုတော့ အမယ်အိုသဘောကျပါတယ်။ ဝေးနေတဲ့ဆွေမျိုးတွေပြန်တွေ့ရ၊ ပျောက်နေတဲ့ငယ်သူငယ်ချင်းတွေ ပြန်ဆုံရ ဒီအတွက် FB လို့ခေါ်တဲ့ ဖေ့စ်ဘွတ်ခ်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။

တစ်ခါတစ်ခါတော့လည်း စိတ်ကသိကအောက်ဖြစ်စရာလေးတွေနဲ့ ကြုံရပြန်ရော။ လူတစ်ယောက်ဖေ့စ်ဘွတ်ခ်မှာပေါ်ပေါ်လာပြီး အမယ်အိုကို လာလာဟောက်လေ့ရှိတယ်၊ "ကိုယ့်အလုပ်ကိုယ်လုပ်စမ်းပါ. ." တဲ့။ အမယ်အိုက ကိုယ့်အလုပ်ကိုယ်မလုပ်လို့ ဘာလုပ်နေလို့တုံး။ စာရေးဆရာပဲ၊ စာဖတ်တယ်၊ စာရေးတယ်၊ မဂ္ဂဇင်းတိုက်၊ သတင်းစာတိုက်တွေ သွားတယ်။ စာပေပရဟိတလုပ်တယ်၊ စာပေနိုဘယ်ပွဲလို ပွဲတော်မျိုးကျရင် မဟာဆန်ချင်သူပြဇာတ်မျိုးကတယ်၊ ဟိုးအရင်တစ်ခေတ် ဆရာမကြီးဒေါ်ခင်မျိုးချစ်တို့ခေတ်ကလည်း ဒီလိုပဲ၊ စာပေနဲ့နွယ်တဲ့ အနုပညာအလုပ်တွေ လုပ်ခဲ့ကြတာ။ အဲဒါ သူ့ကျမှ ကိုယ့်အလုပ်ကိုယ်လုပ်စမ်းပါ. . . တဲ့။

သမီးသိသွားတော့ သမီးက "ရှုပ်ပါတယ်မေမေရာ၊ ဘလော့လိုက်စမ်းပါ". . . တဲ့။ "ဘာလဲဟဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘလော့တယ်ဆိုတာ၊ ဘယ်နေရာနှိပ်ရတာတုံး"... ပေါ့။ ဩော်... အမယ်အိုတို့ငယ်စဉ်က မရှိခဲ့တာတွေ ရှိလာတော့လည်း ကမောက်ကမတော့ကြုံဦးမှာပေါ့။

တချို့က အမယ်အိုကိုမြှောက်ပေးတယ်။ ကွန်ပျူတာသင်ပြီး ကွန်ပျူတာနဲ့စာရေးပါလားပေါ့။ အင်း... အချို့သူတွေနဲ့ အဆင်ပြေကောင်းပြေပါလိမ့်မယ်၊ အမယ်အိုနဲ့တော့အဆင်မပြေဘူး။ စာရေးတယ်ဆိုတာ ဦးနှောက်၊ နှလုံးသား၊ လက် တစ်ပြိုင်နက်တည်း အလုပ်လုပ်ရတာလေ။ ကွန်ပျူတာလက်ကွက်စဉ်းစားနေရတာနဲ့ နှလုံးသားထဲကစိတ်ကူးလေး လွင့်ပြေးသွားပါဦးမယ်။

အင်း... အတွေးပေရှည်နေတာနဲ့ အမယ်အို အိမ်အောက်မရောက်သေးဘူး။ ဆင်းမှ... ဆင်းမှ.. . အောက်ခဏဆင်းအုံးမှ၊ ဆင်းမယ်ဆို ပြုနေကျအတိုင်း အဘအိုအခန်းချောင်းကြည့်တော့ အိပ်ဆေးနဲ့အိပ်နေသူကြီးက နှစ်နှစ်ခြိုက်ခြိုက်အိပ်တုန်း၊ အိပ်နေတာမှ ခြေပစ်လက်ပစ်၊ အခုနေများ မီးရေးထင်းရေးဆို အတော်နှိုးရမယ့်ပုံ၊ အေးလေ... အဲဒီဆီးချိုရောဂါသည်ကိုပဲ တစ်ယောက်တည်းပစ်ပစ်ပြီး နယ်တွေမှာ စာပေကိစ္စတွေ သွားသွားလုပ်နေရတာပဲမဟုတ်လား။

တကယ်ဆို အိမ်မှာ လက်တိုလက်တောင်းလေး တစ်ယောက် လိုကိုလိုနေတာပါ။ အိမ်ခွဲသွားတဲ့သမီးတွေက သူတို့လည်း အတူမနေနိုင်၊ ဒီလိုတစ်ယောက်ရှာမယ်ဆိုလည်း ကြိုက်မှာမဟုတ်၊ သားသမီးဆိုတာကလည်း အတူနေတဲ့ကံရှိမှ နေရတာမျိုးပါလား။

မန္တလေးမှာ အမယ်အိုတို့ရဲ့မိတ်ဆွေလင်မယားရှိတယ်၊ သားနဲ့သမီးက ပညာတတ်ပြီး နိုင်ငံခြားမှာ၊ မိတ်ဆွေလင်မယားမှာလည်း စီးပွားဉစ္စာတွေနဲ့ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်တည်း အဖော်မရှိ အကူမရှိ။ သူတို့အိမ်က ဆိုက်ကားဂိတ်နဲ့နီးလို့ မုန့်ဟင်းခါးဝယ်တာမျိုး၊ လက်ဖက်ရည်ဝယ်တာမျိုး ဆိုက်ကားသမားတွေ ဝင်လုပ်ပေးလေရဲ့၊ ဒီလိုလူတွေ ဝင်ထွက်နေတာ ယုံကြည်ရမလား၊ မယုံကြည်ရဘူးလား ဘယ်အတပ်ပြောနိုင်ပါ့မလဲ။ အခု အမယ်အိုမှာတော့ အဲဒီလိုခိုင်းဖို့ ဆိုက်ကားသမားတောင်မရှိဘူး။ ဖိုးသူတော်လည်း ကိုယ်ပဲ၊ တောင်ဝေ့လည်း ကိုယ်ပဲ။

အမယ်အိုဟာ အိပ်မောကျနေတဲ့အဘအိုကိုကြည့်ပြီး အတွေးလွန်နေပြန်တယ်။ အတွေးလွန်နေလို့မရဘူး၊ အချိန်က မရှိတော့ဘူး၊ တော်ကြာ နိုးလာရင် အဘအိုဆာလာတော့မှာ၊ အိမ်ပေါ်မှာလည်း အခြောက်အခြမ်းကအစ ကုန်ခန်းနေပြီဆိုတော့ အောက်ခဏဆင်းအုံးမှပါ။

အောက်ဆင်းမယ်ဆို ဈေးဆွဲခြင်း၊ ပိုက်ဆံအိတ်၊ ထီးလည်းပါဦးမှ၊ ဩော်... မေ့တော့မလို့ အမှိုက်ထုပ်၊ တစ်နေ့တစ်ခါ အမှိုက်ထုပ်ကိုမပစ်ရင် အိမ်ထဲမှာ မခံနိုင်အောင် နံလှတယ်။ ဈေးသွားရင်း အမှိုက်ထုပ်ပါ တစ်ပါတည်းပစ်မှ...။

အမယ်အိုအောက်ဆင်းတော့မယ်ဆို ဖျိုးခနဲ ဖျတ်ခနဲ ဘယ်တော့မှအောက်မရောက်ဘူး၊ တစ်အိမ်လုံးက မီးခလုတ်တွေလိုက်စစ်၊ ပြီးတော့ ပိုပြီးစိတ်ချရအောင် မိန်းခလုတ်ကိုချ၊ ဒါမှ ကိုယ်မရှိတုန်း ဝိုင်ယာရှော့တွေဘာတွေမဖြစ်အောင်။ ဟူး... အားလုံးအိုကေပြီဆိုမှ တံခါးကို သံပန်းအပြင်ကပိတ်ပြီး လော့ကားထစ်ကိုဆင်းဖို့ လော့ကားထိပ်မှာရပ်လိုက်တယ်။

အမယ်အိုအခန်းက ၃ လွှာမှာဆိုတော့ မြေကြီးနဲ့ ၃ လွှာရောက်ဖို့ ခြေလှမ်းလေးဆယ်လှမ်းရဦးမယ်၊ ခြေလှမ်းလေးဆယ်လှမ်းမှ အောက်ကိုရောက်မယ်။ အမှိုက်ထုပ်က တစ်ဖက်၊ ထီးနဲ့ဈေးဆွဲခြင်းက တစ်ဖက်၊ လက်ကိုင်မရှိဘဲဆင်းလာတဲ့ အမယ်အိုဟာ ဒုတိယအလွှာအရောက်မှာ ခေါင်းထဲကမူးတူးတူးဖြစ်ပြီး ကုပ်ကိုသွေးတက်ဆောင့်သလို ခံစားလိုက်ရတယ်။ လက်ကိုင်မရှိ၊ အတွယ်မရှိတာမို့ မျက်စိတွေပြာဝေပြီး ဒူးတွေ ညွတ်ကျသွားပါရော။

ဟင်... ဘယ်လိုပါလိမ့်။ လေထဲမှာ အေးခနဲ မြောက်သွားလိုက်တာ... ကျပြီဆိုတဲ့အသိက နောက်ဆုံး ကပ်ပါလာရင်း... ဟင့်အင်း၊ ကျနေလို့မဖြစ်ဘူး၊ လဲနေလို့မဖြစ်ဘူး။ အမယ်အိုပြန်လာမှနံနက်စာစားဖို့ အဘအိုစောင့်နေရှာမယ်၊ ဆင်းရမယ်... ဆင်းရမယ်။ အောက်ခဏဆင်းရအုံးမယ်၊ အောက်ခဏဆင်း... အောက်ခဏ... ။ ။

မိချမ်းဝေ

www.burmeseclassic.com

www.burmeseclassic.com

ငွေတာရီ မဂ္ဂဇင်း | ၁၁၂ |

<အမျိုးသားစာပေဆုရ>



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးမုတ်သုံကာလမို့
မိုးပေါက်ကလေးတွေ
တဖြောက်ဖြောက်ကြွေဆင်းနေကြ၏၊
စစ်တွေမြို့ ဆတ်မိုးကျချောင်းအတွင်းရှိ
ဒိုးပင်ရင်းထင်းဆိပ်တွင် ထင်းတင်သူ၊
ထင်းဝယ်သူများနှင့် ရှုပ်ယှက်ခတ်နေ၏၊

မြရတနာမိုးမော်တော်မှာ ထင်းတင်ပြီးပြီမို့
ကျွန်းစဉ်ဒေသသို့ထွက်ခွာရန်
အဆင်သင့်ဖြစ်နေပေပြီ၊
"ဒီကမြေဆီအိတ်တွေတင်ပြီးရင်
သားတို့မော်တော်ကို တောင်ကုတ်ပို့နိုင်း
ချင်တယ်ကွယ်၊ အဲဒါ အဆင်ပြေမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



စည့်သည်လူကြီး၏စကားကြောင့် မော်တော်တာဝန်ခံ သိန်းမြင့်လှိုင် စိတ်ဝင်စားသွားသည်။ ထင်းတစ်ခေါက်စာရဖို့အတွက်မလွယ်။ တစ်လကိုးသီတင်းကြာ ခုတ်ရသည်။ ဒီရေရောက်တောတွေကြားမှာ ဟိုမြစ်ဒီချောင်းကူးပြီးခုတ်ရ၏။ လူသူမနီးသော ဒီရေရောက်တောရိုင်းတွေထဲမှာ အစားဆင်းရဲအနေဆင်းရဲဖြစ်ရသည်။ မှက်၊ ခြင်တို့ပေါများသဖြင့် လွန်စွာဒုက္ခများကြရသည်။ ရေချိုမရှိသောနေရာမို့ နွေရာသီဆိုလျှင် ရေမချိုးဘဲနေရသည်။ ရေသောက်တာ၊ မျက်နှာသစ်တာကအစ ပုံစံခွက်ဖြင့် သုံးရသည်။

"လိုက်တော့လိုက်ချင်တယ် ဦး၊ ဒါပေမဲ့ ကျွန်တော်တို့က တောင်ကုတ်ကို တစ်ခါမှမရောက်ဖူးတော့ မသွားတတ်ဘူးဗျ"

"အဲဒီမှာသွားရင်းနဲ့ ပိုက်တဲတွေ၊ ငါးဖမ်းလှေတွေလည်း တွေ့မှာပါ၊ ဝင်မေးရင်ရပါတယ်၊ သူတို့အကုန်လုံးပြောပြတတ်ကြပါတယ်၊ သူတို့ကို လမ်းပြငှားသွားရင်လည်း ရနိုင်ပါတယ်"

"ဟုတ်လား၊ ဒါဆိုရတယ်ဦး၊ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

ကုန်သည်တို့၏တွေးခေါ်မြော်မြင်တတ်မှုသီအိုရီအရ ပုံမှန်လုပ်ငန်းစဉ်ထဲတွင် ကြားဖြတ်ဝင်ငွေရမည့်အစီအစဉ်တစ်ခုအတွက် သိန်းမြင့်လှိုင်လက်ခံဖြစ်သွားသည်။ သိန်းမြင့်လှိုင်မှာ ၁၀ တန်းအောင်ထားပြီး တက္ကသိုလ်ပညာကို စာပေးစာယူသင်တန်းတက်ရင်း မိဘပိုင် ကုန်ပို့စက်လှေကို တာဝန်ခံလုပ်ကိုင်နေသူဖြစ်သည်။

မိုးဖွဲကလေးကတော့ ရွာမြဲရွာနေသည်။

❑

သိန်းမြင့်လှိုင်တို့မှာ စစ်တွေမှထွက်ပြီး သုံးရက်မြောက်ညတွင် ရမ်းဗြဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်အစပ် ဂျက်တစ်လုံးမြစ်ဝသို့ ရောက်လာခဲ့ကြသည်။ ပင်လယ်ဝဘက်သို့လှမ်းကြည့်လိုက်ကြရာ မာန်အောင်ရေတံခါးဝ ကလိမ်တောင်မြစ်ကြီးသည် စိတ်ရိုင်းမာန်ကြွ အားမာန်ပြပြီး ဘီလူးက ကနေပေပြီ။ ဒီမြစ်ဝတွင် လှိုင်းသရမ်းတို့၏ ဆိုးသွမ်းမှုကြောင့် ပစ္စည်းသေါ်ရေ လူသေါ်ရ အစိုးမရသောဖြစ်စဉ်တရားထဲတွင် မည်မျှဆုံးရှုံးခဲ့ကြပြီနည်း။

သိန်းမြင့်လှိုင်တို့မှာ စစ်တွေမှထွက်ပြီး
သုံးရက်မြောက်ညတွင်
ရမ်းဗြဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်
အစပ် ဂျက်တစ်လုံးမြစ်ဝသို့
ရောက်လာခဲ့ကြသည်။
ပင်လယ်ဝဘက်သို့လှမ်းကြည့်
လိုက်ကြရာ မာန်အောင်ရေတံခါးဝ
ကလိမ်တောင်မြစ်ကြီးသည်
စိတ်ရိုင်းမာန်ကြွအားမာန်ပြပြီး
ဘီလူးက ကနေပေပြီ။ ဒီမြစ်ဝတွင်
လှိုင်းသရမ်းတို့၏ ဆိုးသွမ်းမှုကြောင့်
ပစ္စည်းသေါ်ရ၊ လူသေါ်ရ
အစိုးမရသောဖြစ်စဉ်တရားထဲတွင်
မည်မျှဆုံးရှုံးခဲ့ကြပြီနည်း။

မော်တော်ပဲ့ကိုင်က စက်ရပ်ရန်အချက်ပေးလိုက်ပြီး မော်တော်ကို ကျောက်ဆူးချ ရပ်နားလိုက်ကြသည်၊ သိန်းမြင့်လှိုင်တို့ လှေသားသုံးယောက် စတော်လှေကလေးဖြင့် ကမ်းသို့ကူးလိုက်ကြသည်၊ ကမ်းသို့အရောက်တွင် ပိုက်တဲရှေ့၌ လှေကိုကြိုးချည်လိုက်ကြ၏။ ပိုက်တဲများမှာ ပိုက်ခံသောမြစ်များ၊ ချောင်းများနံဘေး ဒီရေရောက်တောစပ်များ၌ အရေးပေါ်ဆောက်လုပ်ထားကြသော ယာယီတဲကလေးများပင်ဖြစ်သည်။

မမျှော်လင့်ဘဲ လေပြင်းမုန်တိုင်းကျရောက်လာပါက ပိုက်တဲနေ ရေတံငါများမှာ လွန်စွာဒုက္ခရောက်ကြရသည်။ အသက်တွေပရမ်းပတာဆုံးရှုံးကြရသည်။ ဒေသသဘာဝအရ ဘဝဝမ်းရေးအတွက် ကံကြမ္မာကိုပုံအပ်ကာနေကြရသူများပင် ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကဦးကို အကူအညီတစ်ခုတောင်းချင်လို့ပါဗျာ"

ပိုက်ကွက်ဖာနေသောလူကြီးက သိန်းမြင့်လှိုင်ကို မော့ကြည့်သည်။ ပါးစပ်ထဲကဆေးတံကိုနုတ်ပြီး တံတွေးတစ်ချက် ဗျစ်ခနဲထွေးထုတ်ပစ်လိုက်သည်။

မျှောသစ်လေးများဖြင့် ခနော်ခနဲ့ခင်းထားသော ကြမ်းခင်းပေါ်တွင် သိန်းမြင့်လှိုင်တို့ဝင်ထိုင်လိုက်ကြသည်။ နေရောင်မရတစ်ချက်ရတစ်ချက်နှင့်ဖြန့်ခင်းထားသော ငါးလှန်းစင်မှ ငါးပိနံ့သည် သိန်းမြင့်လှိုင်တို့နှာသီးဝကို လာပြီးတိုက်စစ်ဆင်နေသည်။

"ဦးအနေနဲ့ ကျွန်တော်တို့ကို တောင်ကုတ်မြို့အထိ လမ်းပြလိုက်ပေးနိုင်မလားလို့ပါ"

ပိုက်သည်လူကြီးက ဆေးတံကို လက်ဖြင့် တစ်ချက်ခါလိုက်ပြီး ခါးပုံစတွင်ထိုးချိတ်လိုက်သည်။ သို့သော် သူ့ဆီက ဘာစကားမှတော့ ထွက်မလာသေး။

"ဘယ်ဖြစ်မလဲ၊ ဒီလိုမြစ်ချောင်းတွေထဲမှာ လူကြီးမရှိဘဲ နေလို့မရဘူးလေ"

ပိုက်သည်လူကြီး၏ မိန်းမဖြစ်ဟန်တူသည့် အမျိုးသမီးတစ်ဦးက မီးမွှေးနေရာမှ နောက်ပြန်လှည့်ကြည့်ပြီး ကန့်ကွက်စကားဆိုလိုက်သည်။

"အေး. . . ဟုတ်တယ်ကွဲ့၊ တောင်ကုတ်သွားရင် ညအိပ်ရမှာ၊ ဒီမှာက ယောကျ်ားသားမရှိလို့မဖြစ်ဘူး"

စက်လှေသမားသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သက်ပြင်းချလိုက်ကြ၏။

"သားတို့ကို ဦး လမ်းကြောင်းပြောပြလိုက်ပါ့မယ်"

"ဟုတ်ကဲ့၊ ကူညီပါအုံး"

"ဒီလိုကွဲ့၊ တောင်ကုတ်မြို့ရဲ့ မြို့ဝင်ပေါက်တွေကတော့ မသိရင် မလွယ်ဘူး၊ ကလိမ်တောင်မြစ်ပြင်ကျယ်ကြီးထဲကို ရှိုးမတောင်ကြီးက စီးဆင်းပြီး ဒီရေရောက်တောတွေကတစ်ဆင့် ဝင်နေတဲ့ မြစ်ပေါက်ချောင်းပေါက်တွေ မနည်းဘူး။

ချောင်းဖြစ်ဖြစ်၊ မြစ်ဖြစ်ဖြစ် တစ်ခုခုထဲဝင်သွားရင်လည်း ဘယ်ကိုကြည့်ကြည့် မမြင်ရတော့ဘူး၊ ဒီရေရောက်တောထဲမှာ လည်နေတော့တာပဲ၊ ဘယ်ကိုရောက်လို့ ရောက်သွားမှန်းမသိဘူး"

ပိုက်သည်လူကြီးက လမ်းခရီး၏သဘာဝအခြေ



အနေကို ပြောပြလိုက်၏။

"ဒီလိုသွားလိုက်ကြပါ၊ အခု ရာသီဥတုကလည်း မကောင်းဘူး၊ လှိုင်းကြီးနေတယ်၊ ကျောက်စလောင်းမြစ်ဝထိမဆင်းနဲ့တော့၊ ဒီကနေ အောက်ဘက်ကိုမောင်းချလိုက်၊ မြစ်လယ်မှာ စပါးကြီးကျွန်းဆိုတာရှိတယ်၊ တစ်ကျွန်းတည်းပဲ၊ အဲဒီကျွန်းကြီးကို နောက်ကျောထားပြီး အရှေ့စူးစူးကိုမောင်းတက်လိုက်တဲ့အခါ တန်းလွဲချောင်းပေါက်ဆိုတာတွေ့လိမ့်မယ်၊ အဲဒီချောင်းပေါက်ဝ

www.burmeseclassic.com

www.burmeseclassic.com



မှာ ပိုက်သမားတွေလည်းရှိပါတယ်၊ သူတို့ကို တစ်ချက်ပြန်မေးကြည့်ပါ၊ တစ်ခါမှမရောက်ဖူးတဲ့လူကို ဒီက တစ်ခါတည်းပြောလိုက်ရင် ဝေဝေဝါးဝါးဖြစ်ကုန်လိမ့်မယ်၊ ဘာမှအစရှာမရဖြစ်သွားလိမ့်မယ်နော်"

"ဟုတ်ကဲ့ပါဦး၊ ကျေးဇူးပါပဲ၊ ဒီလောက်ဆိုရင်လည်း မဆိုးပါဘူး၊ ဟိုမှာတစ်ခါ မေးကြည့်ရတာပေါ့ဗျာ"

တောင်ပြန်လေအဝှေ့ကြောင့် ဒီရေရောက်တောတန်းကလေးများ လှုပ်ခတ်အသံမြည်သွား၏၊ ပိုက်တဲအောက် မြစ်ရေစပ်တွင် လှိုင်းဂယက်ကလေးများ တဖျပ်ဖျပ်လှုပ်ခတ်နေကြသည်၊

ပိုက်သမားကြီးမှာ ထိုင်နေရာမှထလာပြီး ပိုက်လှေပေါ် ဆင်းလိုက်သည်၊ သူတို့ပိုက်လှေထဲတွင် ပုစွန်ဆိတ်ကလေးတွေ၊ ငါးသေးငါးနုပ်လေးတွေ၊ ပြည်ကြီးငါးတွေ ရောထွေးပုံထား၏၊

"ရော့ . . ရော့ . . သားတို့ ဟင်းစားယူသွားကြ"

ပိုက်သည်လူကြီးက ငါးပုံကို ရေပက်ခွက်ဖြင့် ထိုးကော်ပြီး သိန်းမြင့်လှိုင်တို့ စတော်လှေထဲထည့်ပေးလိုက်၏၊ စက်လှေသမားတွေ ငါးဟင်းစားတစ်ပုံကြီးရသွားကြသည်၊

"ကျေးဇူးပဲဦးရယ်၊ သွားပြီနော်၊ အပြန်ကျရင် ဦးအတွက် မြို့ပြန်လက်ဆောင်ဝယ်လာခဲ့မယ်"

ပိုက်သည်လူကြီး ဦးဘဖြူက သွားကျိုးတိုးကျဲတဲလေးဖြင့် ရယ်ရင်း ခေါင်းညိတ်ကျန်ခဲ့၏၊

❑

မြရတနာမိုးမော်တော်သည် ချောင်းကောက်ချောင်းကွေ့အသွယ်သွယ်ကိုမောင်းဝင်ပြီး ဒီရေရောက်တောကြီးအလယ်သို့ရောက်လာခဲ့သည်၊ လူသူအရောက်အပေါက်နည်း၍ ခုတ်မည့်သူရှိဟန်မတူသော ဖြူးပင်ကြီးများမှာ ကွမ်းသီးပင်၊ အုန်းပင်ကြီးများကဲ့သို့ ပင်စည်ကြီးများ ဖြောင့်တန်းစွာရှိနေကြ၏၊ ချောင်းကျဉ်းကလေးများထဲက မော်တော်လွတ်ထွက်လာချိန်တွင် ချောင်းပေါက်သုံးပေါက်ပြိုင်နေသော မြစ်ဝကျယ်ကဲ့သို့ နေရာတစ်ခုသို့ရောက်လာ၏၊ မနက်ပိုင်းကတည်းက အုံ့မှိုင်းနေသော မှက်နှာမည်းကြီးက အုန်းခနဲရွာချလိုက်သည်၊ ရပ်ရွာခွင်လုံးဖုံးကာ ချက်ချင်းမည်းမှောင်သွားတော့သည်၊

> မော်တော်မှာ ချောင်းကျဉ်းကလေးတစ်ခုထဲက ဖောက်ထွက်လာသည်။ ချောင်းကြီးတစ်ချောင်းက ရှေ့ကကာဆီးနေပြန်သည်။ ချောင်းထဲသို့ နောက်ကျိသောရေက တစ်ဟုန်ထိုးစီးဆင်းလာနေ၏။ ရေစီးအားအပြင်းစားက ချောင်းကမ်းခြေရှိသစ်ပင်များ၏ ပင်စည် ခက်လက်တို့ကို ယိမ်းထိုးလှုပ်ခါစေပြီး ရှုးရှုးဝါးဝါး အသံဆိုးကြီးများကို မြည်ဟည်းဖြစ်ပေါ်စေသည်။ မိုးကလည်း ပို၍သည်းလာသည်။

မြရတနာမိုးမော်တော်ကား လမု၊ လမဲ့၊ ကနစို၊ ဖြူး၊ မဒမတို့ ခက်ဖြာယှက်နေသော ဒီရေရောက်တောများကြားမှစီးဆင်းနေသည့် ချောင်းရေအလျဉ်ထဲသို့ တိုးဝင်လိုက်၏။ မိုးကလည်း ဇွဲလာမစဲတသည်းသည်း။ ချောင်းခပ်ကျဉ်းကျဉ်းနေရာများတွင် သစ်ခက်သစ်ရွက်များက မော်တော်ခေါင်မိုးနှင့် နံရံများကို ရိုက်ခတ်နေကြသည်၊

သိန်းမြင့်လှိုင်မှာ လုပ်ငန်းတာဝန်ခံဝီဝီ ခရိုလမ်းအခြေအနေကိုကြည့်ပြီး ရင်ထိတ်နေ၏။ မတော်တဆ တစ်ခုခုများဖြစ်သွားလျှင်ဆိုသော စိုးရိမ်စိတ်က ရင်ထဲ၌တင်းကျပ်နေသည်၊

သိန်းမြင့်လှိုင် နာရီကိုကြည့်လိုက်တော့ ညနေ ၅ နာရီထိုးနေပေပြီ။ တန်းလွဲချောင်းဝပိုက်တန်းက လမ်းညွှန်လိုက်သူက ညနေ ၄ နာရီလောက်ဆို

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုတ်မြို့ဆိပ်ကမ်းကိုကပ်နိုင်သည်ဟု မှာကြားလိုက်သည်။ အခုတော့ ဒီရောက်တောထဲ မြစ်ချောင်းတွေမှာ လည်နေတုန်းပဲရှိသေးသည်။ ဒီအတိုင်းဆိုလျှင် လမ်းမှားနေသည်မှာ သေချာပြီ။ ဒီလိုပုံနဲ့ မိုးကြီးချုပ်တော့မည်။

မော်တော်မှာ ချောင်းကျဉ်းကလေးတစ်ခုထဲက ဖောက်ထွက်လာသည်။ ချောင်းကြီးတစ်ချောင်းက ရှေ့ကကာဆီးနေပြန်သည်။ ချောင်းထဲသို့ နောက်ကိုသောရေက တစ်ဟုန်ထိုးစီးဆင်းလာနေ၏။ ရေစီးအားအပြင်းစားက ချောင်းကမ်းခြေရှိသစ်ပင်များ၏ပင်စည်ခက်လက်တို့ကို ယိမ်းထိုးလှုပ်ခါစေပြီး စူးစူးဝါးဝါးအသံဆိုးကြီးများကို မြည်ဟည်းဖြစ်ပေါ်စေသည်။ မိုးကလည်း ပို၍သည်းလာသည်။

"တောင်ကျရေ ကျလာတယ်ဟ"

"ဟင်. . . ကိုကြီးခင်သန်း၊ ဘယ်လိုလုပ်ကြမလဲဗျာ"


တောင်ကုတ်ချောင်း ချောင်းရေကျလာလျှင် လွန်စွာအရှိန်ပြင်းသည်။ ရခိုင်ရိုးမမှ တစ်ဟုန်ထိုး လိမ့်ဆင်းလာသော ရေလုံးအားသည် ရွာများကိုနင်းခြေ၏။ လယ်မြေများကို နှစ်မြှုပ်ပစ်၏။ တံတားများကို ကျိုးပျက်စေ၏။ ကမ်းပါးများကို တိုက်စားပျက်ကြေစေ၏။ ကျွဲနွားများကို လွင့်မျောပါစေ၏။ လှေတွေတိမ်းမှောက်ပြီး လူတွေကိုသေစေ၏။ ချောင်းရေကျချိန်များဆိုလျှင် အဖျက်လုပ်ငန်း၌နာမည်ကြီးသော တောင်ကုတ်ချောင်းပေတည်း။

ပဲ့ကိုင် ခင်သန်းက မော်တော်ကို ချောင်းမကြီးဘက်သို့လှည့်ပေးလိုက်သည်။ မြရတနာမိုးမော်တော်၏ ဘယ်ခြမ်းပါးအုံကို ချောင်းရေစီးကဆီးရိုက်လိုက်ရာ မော်တော် တစ်ပတ်လည်ထွက်သွားသည်။ မော်တော် အင်ဂျင်မြင်းကောင်ရေအားက တောင်ကုတ်ချောင်းရေအားကို မတွန်းလှန်နိုင်။ ပဲ့ကိုင်က မော်တော်ကို ကမ်းနှင့်ရိုက်ပြီး တိမ်းမှောက်မသွားစေရန် သတိထားပြီးထိန်းနေရသည်။ မော်တော်လုပ်သားများလည်း ပျာယာခတ်နေကြပေပြီ။

"ကလင်. . . ကလင်. . ."

စက်ရှိန်တင်ရန် အချက်ပေးလိုက်သည်။ စက်ဆရာက စက်အားကိုတင်ပေးလိုက်၏။ ပြေးအားနည်းနည်းပိုများသွားသဖြင့် မော်တော်ကိုထိန်းပေးရလွယ်သွားသည်။ ရေကျလာရာဘက်သို့ မော်တော်ဦးကိုတည်ပေးထားလိုက်သည်။ သို့သော် ရေကျအားကိုလှန်ပြီး ရှေ့သို့မတိုးနိုင်။ စက်ကြီးက တဒီးဒီးမြည်ရင်း မော်တော်ရုပ်နေသလိုမျိုးဖြစ်နေသည်။ မြေဆီအိတ်များကို မော်တော်နှင့် အပြည့်အသိပ်တင်ထားရာ မော်တော်ကြီးမှာ ရေပြင်တွင်ပြားပြားဝပ်နေ၏။

သိန်းမြင့်လှိုင်၏ ခံစားချက်နှလုံးအိမ်ထဲတွင်



သောကချော်ရည်ပူများ ပြင်းစွာဖွဲ့နှောင်ရစ်ပတ်နေပေပြီ။

"မော်တော်နောက်မှာ ကျောက်ပုံကြီးနော်"

"ဟာ. . . ဒုက္ခပါပဲ"

လှေသား သန်းမောင်၏စကားကြောင့် နောက်သို့လှည့်ကြည့်လိုက်ရာ ကျောက်ပုံကြီးကို ရေလုံးကြီးကဖိရိုက်နေပေရာ ရေလုံးက အသံအောကြီးနှင့်တရှဲရှဲမြည်နေ၏။ မော်တော်ပေါ်မှာတင်လာသည့်ပစ္စည်းတွေက သူတစ်ပါးပိုင်ပစ္စည်းတွေ၊ တန်ဖိုးကမနည်း၊ မော်တော်ကလည်း စပါးတင်းလေးထောင်ဆံ့ဆိုတော့ စဉ်းစားရင်း သိန်းမြင့်လှိုင်ရင်ဘတ်ကြီးက နိမ့်ချည်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ချည်၊ တာဝန်ကြီးတစ်ခုလုံးက မိမိခေါင်းပေါ်ရောက်နေပေပြီ။ ပစ္စက္ခဘဝ၏မွန်းကျပ်မှုကို သိန်းမြင့်လှိုင်တစ်ယောက် အသက်ငယ်ငယ်ဖြင့် တင်းခံနေရပေသည်။

"တစ်ယောက် ကမ်းပေါ်တက်ရမယ်ဟေ့"

"ငုတ်ရယ်၊ တူရယ်၊ ကြိုးရယ် တစ်ပါတည်းယူရမယ်"

"ကမ်းရောက်တာနဲ့ ချက်ချင်းငုတ်ရိုက်ပြီး ကြိုးချည်ရမှာနော်"

မော်တော်နောက်ဘက်က ကျောက်ပုံကြီးကတော့ ရေတိုးအားကြောင့် တဝေါဝေါအသံမြည်ကာ အန္တရာယ်တစ်ခုခုအတွက် စောင့်ကြိုနေသလိုမျိုးရှိနေ၏။ မော်တော်ကရှေ့သို့မတိုးနိုင်ဘဲ ရခိုင်ရိုးမတောင်ကျချောင်းရေတိုးအားကြောင့် ကျောက်ပုံကြီးအနားလက်ယာဘက်ကမ်းခြေသို့ တဖြည်းဖြည်းကပ်လာ၏။ ကမ်းခြေမှာ သစ်ပင်သစ်ခက်မရှိပေ။ ကုန်းမြင့်လွင်တီးခေါင်ကြီး ဖြစ်နေသည်။

ကမ်းပေါ်သို့ပြေးတက်ကာ မြန်းခနဲ ငုတ်စိုက်ကြိုးချည်ပြီး ကုန်အပြည့်တင်ထားသောမော်တော်ကြီးကို ထိန်းရမည်။ လွယ်ကူသည်တော့မဟုတ်ပေ။ သတ္တိရှိရန်လိုသည်။ စွန့်စားရန်လိုသည်။ အားခွန်ပြည့်ရန်လိုသည်။ လျင်မြန်ရန်လိုသည်။ စိတ်ကူးဉာဏ်ကောင်းရန်လိုသည်။

"ဆင်းကြလေကွာ၊ တစ်ယောက်ဆင်းဟေ့"

ပဲ့ကိုင်က စွတ်အော်လိုက်သည်။ မည်သူမျှမလှုပ်ကြ။ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြ၏။ ကြာလျှင် အန္တရာယ်နှင့်ကြုံတွေ့ရတော့မည်။ မော်တော်မှာ ကျောက်ပုံကြီးနှင့် တဖြည်းဖြည်းပိုနီးလာ၏။ မော်တော်တာဝန်ခံ သိန်းမြင့်လှိုင်က ပုဆိုးကိုချွတ်ချလိုက်သည်။ ဘောင်းဘီတိုကလေးကို အသားတကျပြင်ပြီး မော်တော်ဦးသို့ပြေးထွက်လိုက်၏။ အသင့်လုပ်ထားသော ငုတ်တိုင်၊ သံတူနှင့် မော်တော်ဆိုင်းကြိုးကို စွဲကိုင်လိုက်သည်။

မော်တော်မှာ ကမ်းနှင့်ပိုနီးလာသည်။ မိုးကလည်း လုံးဝမစဲ။ မျက်နှာမည်းကြီးက မိုးရေများကို မနားတမ်းသွန်ချ၏။ ချောင်းရေစီးကလည်း နီညိုရောင်အဆင်းနှင့် တရကြမ်းစီးဆင်း၏။ ကျောက်ပုံကြီးကလည်း သံကုန်ဟစ်ပြီး မာန်ဖီ၏။

"ဟေးလား ယောကျ်ားဟေ့"

သိန်းမြင့်လှိုင် မော်တော်ဦးကိုခြေစုံကန်ပြီး ကမ်းသို့ ခုန်တက်လိုက်သည်။ မြေကြီးပေါ်သို့ ဆောင့်ကြောင့်ထိုင်လျက်ကျသွား၏။ ချက်ချင်းပင် မြေကြီးပေါ် ငုတ်ကို မတ်မတ်ချပြီး သံတူနှင့်ရိုက်ထည့်လိုက်၏။ ငုတ်တိုင်မမြဲခင် ရေစီးအားက အတင်းဆွဲချသွားလေပြီ။

"ဟာ. . . သိန်းမြင့်လှိုင် ရေထဲကျသွားပြီ ကျသွားပြီ"

အဖြစ်အပျက်ကမြန်ဆန်လွန်းလှသည်။ မော်တော်သားများ မော်တော်ပေါ်တွင် ပျာယာခတ်သွားကြ၏။ သိန်းမြင့်လှိုင်ကား ချောင်းရေစီးထဲမျောပါသွားပေပြီ။ ရေထဲတွင် မြုပ်လိုက်ပေါ်လိုက်ဖြစ်နေသည်ကို မြင်နေကြရ၏။ မော်တော်ကလည်း ကျောက်ပုံကြီးဆီသို့ပြေးဆင်းနေပေပြီ။

ဒီတစ်ချီ သိန်းမြင့်လှိုင် ရေထဲကပေါ်လာသည်။

"ငုတ်ကြီးမှာ ကြိုးချည်မိပြီဗျို့"

သိန်းမြင့်လှိုင် ရေထဲမှ ဗလုံးဗထွေးလှမ်းအော်လိုက်၏။

"ဗွမ်း"

မော်တော်သား ညီထွေး ရေထဲသို့ခုန်ဆင်းလိုက်သည်။ သိန်းမြင့်လှိုင်အနီးသို့ရောက်သွား၏။

"ကမ်းကျသစ်ငုတ်ကြီးမှာ တည်းမိနေပြီ သူငယ်ချင်း၊ ကြိုးစဆွဲပေးပါအုံးကွာ"

ညီထွေးက သိန်းမြင့်လှိုင်လက်ထဲမှကြိုးစကို ဆွဲယူပြီး ကမ်းစပ်ရေအောက်က ငုတ်ကြီးတွင် ထပ်ချည်လိုက်၏။

"ဗွမ်း"

မော်တော်သား ဇော်သန်းဝင်းက မော်တော်ပေါ်မှ ခုန်ဆင်းလိုက်ပြန်သည်။ ကမ်းသို့ချက်ချင်းကူးပြီး ငုတ်ရိုက်လိုက်သည်။ မော်တော်ပဲ့ပိုင်းကို ကြိုးတစ်ချောင်းဖြင့် ထပ်တွဲလိုက်သည်။ လူငယ်တို့၏လှုပ်ရှားမှုအောက်တွင် မော်တော်ကား ငြိမ်သက်နေပေပြီ။ မော်တော်ပေါ်မှ ဖျဉ်ပြားကြီးကိုချက်ချင်းဆွဲချပြီး တံတားထိုးပေးလိုက်ကြသည်။ လှေနံရံတွင်တင်ထားသော တံတားဖျဉ်ပြားထိပ်ပေါက်ဝကို တံစို့ထိုးပေးလိုက်ခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ငြိမ်သွားသည်။ တံတားကြောင့် မော်တော်မှာ ကမ်းသို့ လိုအပ်သည်ထက်ပိုမကပ်အောင် ထိန်းထား လိုက်ခြင်းပင် ဖြစ်သွားသည်။ သိန်းမြင့်လှိုင်၊ ညီထွေးနှင့် ဇော်သန်းဝင်းတို့ ကမ်းသို့ပြန်တက်လိုက်ကြသည်။

"ဟာ. . . သူငယ်ချင်း၊ မင်းလက်တွေခြေတွေမှာ အကုန်လုံး အရေတွေလန်၊ သွေးတွေထွက်လို့ပါလား ကွာ"

ညီထွေးက သိန်းမြင့်လှိုင်ကိုကြည့်ပြီး ပြောလိုက်၏။ သိန်းမြင့်လှိုင် ရေအောက်သို့မျောပါသွားခိုက် ကမ်းကျပင်စည်ငုတ်ကြီးနှင့်ထိမိချိန်တွင် ကြိုးဖြင့် အတင်းလိုက်တည်းစဉ် ပင်စည်ငုတ်တွင်ကပ်နေသော ခရင်းများ(ဒီရေအောက်ကျောက်ပုံတွယ်ကပ်ကောင် များ)နှင့်ထိမိပြီး သွေးပေါက်ဒဏ်ရာရရှိခြင်းဖြစ်ပေ သည်။ (ခရင်းများတွင် လွှန်စွာထက်လှသောအခွံမာ များရှိသည်။ ပင်လယ်ဆားငန်ရည်အောက်ရှိ ကျောက်၊ သို့မဟုတ် သစ်ငုတ်ကြီးများတွင် တွယ်ကပ်နေတတ်ကြ သည်။ ပင်လယ်ကမ်းခြေတွင်နေသူများက အခွံကို သံစူးကလေးဖြင့်ခွာပြီး အသားကို ဟင်းစားအဖြစ် ထုတ်ယူစားသုံးကြသည်။)

ညီထွေးမှာ သိန်းမြင့်လှိုင်လက်ကိုဆွဲပြီး မော်တော် ပေါ်တက်လာသည်။ အဝတ်အစားလဲပေးပြီး အိပ်ရာ ထဲတွင် ငြိမ်ငြိမ်ကလေးနေစေသည်။ သိန်းမြင့်လှိုင် အိပ်ရာထဲမှာနေရင်း နာကျင်မှုကြားမှ တစ်ချက်ပြုံး လိုက်သည်။

"ငါ ဒီလောက်ကလေးပေးဆပ်လိုက်ရုံနဲ့ ကုန် အပြည့်ထည့်ထားတဲ့ မော်တော်ကြီးတစ်ခုလုံးကို ထိန်း ထားနိုင်ခဲ့တာ ငါအရမ်းကျေနပ်တယ်သူငယ်ချင်း"

"မင်း. . . အရမ်းတော်တယ်သူငယ်ချင်း၊ မင်း သတ္တိကို ချီးကျူးတယ်ကွာ"

သိန်းမြင့်လှိုင်နှင့်ညီထွေး ငယ်သူငယ်ချင်းနှစ် ယောက် ပြုံးတူပြုံးလိုက်ကြသည်။

❑

နောက်တစ်နေ့မနက်တွင်မူ မနေ့ကကိစ္စသည် ဘာမှမဟုတ်သလိုပင် နေရောင်ခြည်ကလေးပင် မိုး တောင်ဦးမှ ပြူထွက်လာနေသည်။ ချောင်းရေကလည်း အင်အားမရှိတော့သကဲ့သို့ လျော့ရဲရဲသာစီးဆင်းနေ ပေသည်။

"ဟာ. . . ဒီမှာမော်တော်တစ်စင်းပါလား၊ ဘာ လုပ်နေကြတာတုံး"

ကုန်းပေါ်ကအသံကြား၍ အားလုံးပြိုင်တူလှမ်း ကြည့်လိုက်ကြသည်။ လူလတ်ပိုင်းတစ်ယောက် သူတို့ မြရတနာမိုးမော်တော်ကို လှမ်းကြည့်နေပေသည်။

"ဟာ. . . အစ်ကိုကြီးရေ၊ ကျွန်တော်တို့ လမ်း မှားလာကြတာ၊ တောင်ကုတ်ကို ဘယ်လိုသွားရမလဲ၊ ကူညီပါအုံးဗျာ"

သိန်းမြင့်လှိုင်က အကူအညီတောင်းလိုက်သည်။

"ကျွန်တော်လည်း နွားတစ်ကောင်ရှာမရတာနဲ့ ဒီဘက်ရောက်လာတာ၊ ချောင်းရေနဲ့ပါသွားပြီထင်ပါ ရဲ့ဗျာ"

ကမ်းပေါ်ကလူမှာ မိမိပိုင်ပစ္စည်းတစ်ခုဆုံးရှုံး သည့်အတွက် စိတ်ညစ်သွားပုံရသည်။

"တောင်ကုတ်ကိုသွားမယ်ဆိုရင် လာလမ်းအတိုင်း ပြန်ထွက်ရမှာ၊ ခေါင်းလောင်းတူပေါက်ကဝင်ရမှာဗျ၊ လမ်းညွှန်ရင်လည်း မသွားဖူးရင် တောင်ကုတ်ချောင်း ကတော့ မှားမှာပဲဗျ၊ ကျွန်တော်ပဲလိုက်ပို့ပေးပါ့မယ် ဗျာ၊ ကျွန်တော့်နာမည်ကတော့ သောင်းစိုးပါ၊ တောင် ကုတ်မြို့ ချောင်းကောက်ရပ်ကွက်ကပဲ"

သောင်းစိုးမှာ ဒုက္ခရောက်နေသော မော်တော်သား များကို မြင်တွေ့ပြီး သနားသွားပုံရသည်။ လူလူချင်း ကူညီလိုသည့် မွန်မြတ်သည့်စိတ်သည် သူ့ရင်၌ ချက်ချင်းဖြစ်တည်သွားသည်။ ကိုယ့်ဒုက္ခထက် သူ့ ဒုက္ခကပိုကြီးသည်ဟု ခံယူသွားပုံရသည်။ ဒုက္ခ ရောက်နေသူကို ကူညီခြင်းသည် မြင့်မြတ်သူတို့ နှလုံး သားပင်မဟုတ်ပါလော။

မော်တော်ကား တောရိပ်တောင်စွယ် ချောင်းလမ်း အလယ်မှထွက်ခွာခဲ့လေပြီ။ မြစ်ကျဉ်းကိုဖြတ်၊ သောင် စပ်ကိုကျော်၊ တောင်မော်ကိုလှည့်၊ လမ်းနယ်ချဲ့ရင်း မိုးမရင်ခွင်တွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့လေပြီ။


မွန်းတည့် ၁၂ နာရီဝန်းကျင်ခန့်တွင် မြရတနာမိုး မော်တော်သည် တောင်ကုတ်မြို့ဆိပ်ကမ်းသို့ ဆိုက် ကပ်နိုင်ခဲ့လေပြီ။ ။

**ကျွန်းစဉ်မြေစောခက်(အမျိုးသားစာပေဆုရ)**

www.burmeseclassic.com

www.burmeseclassic.com






မေမေလာမည်ဆိုတော့ ရန်ကုန်မှာနေသည့် ကျွန်မတို့ညီအစ်မတွေ ဝမ်းသာကြရသည်။ ရန်ကုန်မြို့တော်ကြီးနှင့် မေမေ ကင်းကွာနေခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ။ ဘယ်လိုခေါ်ခေါ် မေမေက ရန်ကုန်လိုက်မည်မဆိုခဲ့။ မေမေက ခြံကျယ်ကျယ်၊ အိမ်ကြီးကြီးနှင့် နယ်မှာနေသူဆိုတော့ ရန်ကုန်ကို မွန်းကျပ်သည်ဟုထင်သည်။ ရန်ကုန်ရောက်လျှင် အသက်ရှူမဝသလို ခံစားရသည်ပေါ့။ ကျွန်မတို့ညီအစ်မတွေနေသည့်အိမ်ကလည်း တိုက်ခန်းမဟုတ်သော်ငြား မေမေ့အတွက် နယ်အိမ်လိုမကျယ်ဝန်း။ မနက်လင်းသည်နှင့် တံခါးပေါက်တွေဖွင့်စရာမလိုသည့် လှောင်ပိတ်နေသော တိုက်အိမ်ထဲမှာ မေမေ့ကိုထားဖို့ အဆင်မပြေလှပေမယ့် ရွှေတိဂုံဘုရားကိုဖူးစေလိုသည်။ ဟိုဟိုဒီဒီပို့ပေးချင်သည်။ အသက် ၈၃ နှစ်အရွယ် မေမေက အရာအားလုံးကိုမှတ်မိနေဆဲဖြစ်၏။ ဒီတော့ သက်ကြီးပိုင်းရောက်နေပြီဖြစ်သော မေမေ့မိတ်ဆွေများနှင့်လည်း ဆုံတွေ့စေချင်သည်။

မေမေကလည်း အသက်ကြီးလေ မိတ်ဆွေများကို

www.burmeseclassic.com

www.burmeseclassic.com





ပိုခင်တွယ် သတိရလေပင်ဖြစ်သည်။ ရန်ကုန်လိုက်မည်ဆိုကတည်းက ကျွန်မတို့သားသမီးတွေကို တစ်ခုသာ တောင်းဆိုခဲ့သည်။

"ငါတွေ့ချင်တဲ့မိတ်ဆွေတွေဆီ လိုက်ပို့ပေးရင် လိုက်ခဲ့မယ်"

"ညဉ့်အိပ်ညဉ့်နေ ဆိုရင်တော့ သူများအိမ်မှာ အဆင်မပြေလို့ ပို့လို့မရဘူးနော်၊ ခဏတစ်ဖြုတ်သွားတွေ့တာတော့ရပါတယ်၊ မေမေသွားချင်တဲ့မိတ်ဆွေတွေအိမ် လိုက်ပို့ပါ့မယ်"

မေမေက ရန်ကုန်မလိုက်ချင်ပါဘူး အခါခါငြင်းနေခဲ့ပေမယ့် လိုက်မည်ဆုံးဖြတ်တော့ မော်လမြိုင်နှင့် ဘားအံမှာရှိနေသော မိတ်ဆွေတွေနာမည်ကိုပြောနေပြန်သည်။ မိတ်ဆွေများကလည်း လာဖို့ လှိုက်လှဲ့ဖျူငှာ ဖိတ်ကြားကြသည်ဆိုတော့ ရန်ကုန်မှခရီးဆက်လိုသေးသည်ကို ကျွန်မတို့သိသည်။ သူတစ်ပါးအိမ်မှာ လူကြီးတစ်ယောက်အတွက် သူရောကိုယ်ပါ ဝန်တာပို ဒုက္ခများမှာမို့ အင်တာနက်အားကိုးနှင့် ဖုန်းမက်ဆင်ဂျာမှသာ စကားပြောနှုတ်ဆက်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်သည့်နီးစပ်ရာမိတ်ဆွေများနှင့် ဆွေမျိုးအိမ်များကိုမူ ကျွန်မတို့ပေးခဲ့သည့်ကတိအတိုင်း လိုက်ပို့ပေးရသည်။ အသက် ၈၃ နှစ်အရွယ် မေမေ့မိတ်ဆွေတွေထဲမှာ အိပ်ရာထဲကမထနိုင်တော့သည့် လူတွေလည်းပါသည်၊ သားသမီးတွေအရွယ်လည်းပါသည်၊ မြေးအရွယ်လည်းပါသည်။ ဝန်ထမ်းဘဝဖြင့် ဖေဖေတာဝန်ထမ်းဆောင်ခဲ့ရာ ဒေသတွေမှာ တွေ့ဆုံ ရင်းနှီးခဲ့သည့် မိတ်ဆွေတွေက အသိုင်းအဝိုင်းမျိုးစုံမှာ အဆင့်အတန်းမျိုးစုံဖြင့်ရှိနေကြသည်။ တချို့မိတ်ဆွေတွေက ဖုန်းဆက်လိုက်ရုံဖြင့် မေမေ့ကို လာရောက်တွေ့ဆုံကြသည်။ ဧည့်သည်လာတိုင်း မေမေက ထမင်းကျွေးချင်သည်၊ အချို့မိတ်ဆွေတွေက အချိန်မရှိ၍ပြန်မည်ဆိုလျှင်လည်း မေမေက ထမင်းစားဖို့ဇွတ်တားနေတတ်သည်။

မေမေ့အကြောင်းကိုသိသဖြင့် ကျွန်မက အထူးတလည်ချက်ပြုတ်ထားခြင်းမရှိသည့်အခါတွင်လည်း အိမ်မှာရှိနေသည့်ဟင်းဖြင့် ဖွယ်ဖွယ်ရာရာဖြစ်အောင် ရုတ်တရက်စီမံကာ ကျွေးရလေသည်။ ထမင်းမစားဘဲ ဧည့်သည်တစ်ယောက်ပြန်သွားလျှင် မေမေက ပြောမဆုံးတော့။ "ထမင်းလေးတောင် မကျွေးလိုက်ရဘူးအေ၊ ထမင်းစားချိန်ကြီးကို " ဆိုသောစကားကို ဂါထာရွတ်သလို ရွတ်နေတော့သည်။ ရန်ကုန်မှာ သူသူငါငါ ထမင်းတစ်နပ်အတွက် အိမ်ရှင်ကိုအားနာ၍ ဧည့်သည်က စားပြီးခဲ့ပြီဟုဆိုလျှင်လည်း မေမေက အသာမနေတတ်။ "ဘယ်အချိန်ကထွက်ခဲ့တာလဲ၊ ဘာစားခဲ့တာလဲ၊ ကားစီးတာအချိန်ဘယ်လောက်ကြာလဲ" စသည်ဖြင့် ပုလိပ်စစ် စစ်ကာ ထမင်းမစားရသေးသည့်ကိစ္စကို ဖော်ထုတ်နေတတ်သေး၏။

ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်မျိုးစုံ၊ လက်ဖက်သုပ်စသည်ဖြင့် ဘယ်လောက်ပင်ဧည့်ခံလိုက်သည်ဖြစ်စေ၊ ထမင်းတစ်နပ်လောက်မှမကျွေးလိုက်ရလျှင် မေမေစိတ်မချမ်းသာတတ်ပေ။ သို့ဖြစ်လေရာ ကျွန်မမှာ အလွယ်တကူဖန်တီးလို့ရသည့်ဟင်းလျာတို့ကို ကြိုတင်စီစဉ်ထားရ၏။ မမကြီးကလည်း အသား၊ ငါး၊ ဘဲဥ၊ ကြက်ဥတို့ကို ရေခဲသေတ္တာထဲမပြတ်အောင် ဝယ်ထည့်ပေးထားမြဲဖြစ်၏။ သို့သော် ဧည့်သည်တွေကို ထမင်းလာစေချင်၍ ဖိတ်ခေါ်ထားတာကြောင့် ပုံမှန်လိုမပြတ်ဝင်ထွက်နေတတ်သည်။ ကျွန်မက ချက်ရပြုတ်ရ ဧည့်ဝတ်ပြုရဖြင့် လက်မလည်အောင်ဖြစ်နေသဖြင့် မေမေ့နှုတ်မှ နာမည်တစ်ခုကိုရွတ်တိုင်း ဖုန်းဆက်မပေးနိုင်လျှင် "ဖုန်းက ငါ့မှာလည်း ရှိပါတယ်အေ၊ ညည်းတို့မှာ ဖုန်းတွေပေါပါတယ်ဆိုလို့ ကိစ္စပိုတယ်ဆိုပြီး ငါ့ဖုန်းထားခဲ့တာပါ"ဟု ဆိုတတ်ပြန်သည်။

မေမေက ထိုသို့မကျေမချမ်းဆိုနေလျှင် ကျွန်မတို့သဘောပေါက်ရတော့သည်။ မေမေသတိရနေသည့် မိတ်ဆွေဖုန်းနံပါတ်မရှိလျှင် နီးစပ်ရာကိုစုံစမ်းရသည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ရှာမှတ်သည်။ ကျွန်မ ဖုန်းဆက်နေသံကြားလျှင် "ဘယ်မှာနေတာတဲ့တုံး" ဟူသောစကားကို မေးမြဲအတိုင်းမေးတတ်၏။ ပြီးလျှင်တော့ "ငါတို့ဘာသာသွားလည်လည်းဖြစ်တာပဲအေ၊ ရောက်ဖူးရတာပေါ့" ဟုဆိုကာ လိုက်ပို့ပေးဖို့တောင်းဆိုတတ်၏။ မေမေက ဆီးချို သွေးတိုးတို့ရှိကာ ခြေထောက်မကောင်းတော့သဖြင့် နေရာရွှေ့ရုံ့ မနည်းလမ်းလျှောက်နေရသူဖြစ်ရာ မြေညီထပ်မဟုတ်လျှင် ဘယ်နေရာကိုမှပို့ဖို့မလွယ်ကူတော့၊ ဘုရားရင်ပြင်လိုနေရာမျိုးကိုသာ တွန်းလှည်းဖြင့် ပို့လို့လွယ်ကူ၏။ ကားရပ်ရန်ခက်ခဲသည့်နေရာ၊ မဖြစ်မနေ ခြေလှမ်းသုံးဆယ်လောက်လမ်းလျှောက်ရမည့်နေရာမျိုးဆိုလျှင်ပင် ပို့လို့မဖြစ်။

ထို့အတွက် မေမေ့အသိမိတ်ဆွေများကို အိမ်သို့ဖိတ်ကြားရ၏။ ပို့လို့အဆင်ပြေသည့်နေရာဆိုလျှင် ကျွန်မက စိတ်ရှည်လက်ရှည်လိုက်ပို့မြဲဖြစ်၏။ ကျွန်မလည်း အလုပ်ကိစ္စ၊ စာပေရေးရာကိစ္စများဖြင့် အပြင်ထွက်စရာများလေရာ မေမေသတ်မှတ်ထားသည့် ကာလအတွင်း တွေ့လိုသမျှမိတ်ဆွေများဆီသို့ စုံအောင်လိုက်မပို့နိုင်။ အိမ်မှာ ကျွန်မ၊ မမကြီး၊ တူလေး၊ တူမလေးတို့ လေးယောက်ရှိသော်လည်း သူ့အလုပ်နှင့်သူရှုပ်နေသဖြင့် ဧည့်သည်လိုနေထိုင်ရသည့်မေမေ့မှာ ပျင်းလာဟန်ရှိသည်။ မေမေ့မှာ သားသမီးခြောက်ယောက်ရှိပြီး ရန်ကုန်မှာ သမီးသုံးယောက်နှင့် အငယ်ဆုံး သားတစ်ယောက်ရှိသည်။ ပုံမှန်အတူနေ သမီးလတ်က နယ်မှာကျန်ရစ်ခဲ့သည်။ တစ်ယောက်ကတော့

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမှာနေထိုင်ပါသည်။ ဆိုတော့ သားသမီးအများဆုံးရှိသည့် ရန်ကုန်မှာနေစေချင်သော်လည်း မေမေက ဖေဖေခေါင်းချခဲ့ရာနယ်ကိုသာ ခင်တွယ်သည်။ ငါ့အိမ်ဟု သူပိုင်ပိုင်နိုင်နိုင်ပြောဆိုနိုင်သည့် နယ်အိမ်ကိုသာ သံယောဇဉ်ကြီးသည်။

အသက်ခြောက်ဆယ်လောက်က ရန်ကုန်သို့ ဆေးခန်းပြဖို့လာပြီးသည့်နောက်ပိုင်း နယ်မှာသာ မေမေနေထိုင်ခဲ့သည်ဆိုတော့ နယ်မှာ ခြံကျယ်ကျယ်၊ အိမ်ကြီးကြီးနှင့်နေရသည့်မေမေ့အဖို့ ရန်ကုန်အိမ်သည် မကြာခဏ ခလုတ်တိုက်ရလောက်အောင် ကျဉ်းကျပ်နေပေလိမ့်မည်။ ကလေးခြောက်ယောက်မွေးထားသည့်မေမေက သားသမီးတွေအပေါ် ဘယ်တုန်းကမှ ထွေးထွေးပွေ့ပွေ့မနေတတ်ခဲ့ဘဲ အသက်ကြီးလာမှ လူတွေကို တွယ်တာတတ်လာတာ ကျွန်မအဖို့ အဆန်းဖြစ်နေသည်။ မိတ်ဆွေတွေလာလျှင် မေမေအလွန်ဝမ်းသာသည်။ ဧည့်သည်ပြန်လျှင် ဖက်တွယ်ထားတတ်၏။ နမ်း၍ နှုတ်ဆက်တတ်သဖြင့် "တို့မေမေတောင် ဘိုတော်တော်ဆန်လာတယ်"ဟု ကျွန်မတို့စနောက်နေမိသေး၏။ ကျွေးချင်မွေးချင်စိတ်ကတော့ တစ်သက်လုံး မေမေ့ထံပါး မပြောင်းမလဲရှိနေခဲ့သောစိတ်ဖြစ်လေသည်။ အလုပ်ပိတ်ရက်တိုင်း မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကြာဆံချက်၊ အုန်းထမင်း စသည်ဖြင့် ချက်ပြုတ်ကာ အိမ်နီးနားချင်းတွေကိုပေးဝေတတ်ခဲ့တာ ကျွန်မတို့ ကျောင်းမတက်ခင်အရွယ်ကတည်းကဖြစ်၏။

မေမေက အလွန်အလုပ်လုပ်နိုင်သော အိမ်ရှင်မဖြစ်သည်။ အိမ်အကူမရှိသဖြင့် အလုပ်လုပ်ရတာ ပင်ပန်းကြောင်းပြောမိလျှင် "ညည်းတို့ဘာတွေများလုပ်နေလို့ မီးဖိုထဲကမထွက်နိုင်ဖြစ်နေရတာလဲ၊ တို့များ ထမင်းဟင်းလည်း ထင်းနဲ့ချက်ရတယ်၊ ဈေးလည်းမြေဝယ်ရ၊ အစည်းအဝေးရှိတယ်ဆိုလည်း တက်ရ၊ သမဆိုင်လည်း တန်းစီရ၊ ကလေးခြောက်ယောက်အပြင် တို့များ နွားတွေမွေးထားလို့ နွားချေးတောင်ကျုံးရသေး၊ တစ်ယောက်တည်းလည်းဖြစ်ပါ့တော်"

မေမေက ထိုသို့ဆိုလျှင် "မေမေမလုပ်ရတဲ့ အလုပ်တစ်ခုတော့ရှိပါတယ်၊ သမီးက အဲဒီအလုပ်ကို တစ်ချိန်လုံးလုပ်နေရတာ၊ ဒါ့ကြောင့် အချိန်က မလောက်တာ၊ မေမေက ကလေးခြောက်ယောက်နဲ့ဆိုပေမယ့် မေမေတို့ခေတ်တုန်းက ဖုန်းမကိုင်ရဘူးလေ" ဟုဆိုတော့ မေမေကြောင်မိသွားခဲ့သည်။ "အေ. . . ညည်းတို့ဖုန်းကတော့ နားကိုငြီးရောပဲ၊ အဲဒါတစ်ခုတော့ အလုပ်ပျက်တယ်၊ ဒါတော့အေ ညည်းတို့က ဖုန်းဆက်ပြီး လူမှုရေးရော၊ စီးပွားရေးရောလုပ်လို့ရတာပဲကို သည်းခံရတာပေါ့"

"ဒါ့ကြောင့်ပြောတာပေါ့ မေမေရဲ့ ခေတ်ချင်းကမတူတော့ လူတွေအလုပ်လုပ်ပုံချင်းကလည်း ဘယ်တူပါ့မလဲ၊ မေမေတို့ခေတ်တုန်းက ကလေးတွေကြိုက်သလောက်မွေး၊ အကြီးက အငယ်ကိုကြည့်၊ မကြည့်လည်း အိမ်နီးနားချင်းတွေနဲ့ပစ်ထားမလား ရသေးတာကိုး၊ ခုခေတ် ကလေးကို လသားလည်း ပစ်ထားလို့မရ၊ ကျောင်းမတက်သေးလို့လည်း သူများနဲ့ လွှတ်ပေးထားလို့စိတ်မချ၊ တူမှမတူတော့တာကိုး"

"အေးပါအေ၊ ညည်းတို့ခေတ်က လူယုတ်မာကိုပေါလွန်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မေမေနှင့်ကျွန်မ ခေတ်ကိုပုံချ ကာ မေမေ့လောက်အလုပ်များများမလုပ်နိုင်တာကို လက်ခံလိုက်မိပါသည်။ တစ်ခုခုဆို ကျွန်မတို့ကအသက် လေးဆယ်စွန်းစမှာပင် မောပန်းနေတတ်သည်။ အသည်းက အဆီဖုံး၊ နှလုံးက အားနည်း စသည်ဖြင့် သေလောက်သည့်ရောဂါမဟုတ်သော်ငြား မေမေတို့လို ကြံ့ခိုင်မှုမရှိ။ ကူဖော်လောင်ဖက်မရှိဘဲ မေမေ သား သမီးခြောက်ယောက်မွေးဖွားခဲ့၊ ထိန်းခဲ့တာကို ကျွန်မ မှာ အံ့ဩမဆုံးဖြစ်နေရသည်။ "မေမေက မွေးပဲမွေး နိုင်လွန်း။ မတော်. . လေးယောက်လောက်ဆို တော် ရောပေါ့"ဟု ကျွန်မဆိုလျှင် "ယောက်ျားလေးစောင့် ရင်း များသွားတာပါအေ၊ တို့သူငယ်ချင်းတွေထဲ ၁၁ ယောက်မွေးတာတောင်ရှိသေး" ဟု မေမေကဆိုတတ် ၏။ ခြောက်ယောက်မြောက်မှာ သားယောက်ျားလေး မွေးမလာဘူးဆိုလျှင် မေမေလည်း ဘယ်လောက်ထိ မွေးနေဦးမည် မသိနိုင်။

မောင်လေးမွေးတော့ မေမေမျက်နှာကောင်းရ ကာ တစ်သက်တာမွေးဖွားခွင့်မှ ကင်းလွတ်ခွင့်ရသွား သည်။ ကျွန်မတို့ အားလုံးပျော်ကြသည်။ ကျွန်မ မောင်လေး၊ မေမေ၏တစ်ဦးတည်းသောသားလေး သည် မွေးစကပင် အသားလေးဖြူဖွေးကာ အင်မတန် ချောမောသောကလေးတစ်ယောက်ဖြစ်လေသည်။ ပါးချိုင့်နှစ်ဖက်ပါလျက် ဖြူဖွေးဝတုတ်လေးမို့ မြင်သူ တိုင်းက ချစ်ဖို့ကောင်းလိုက်တာဟု ချီချင်၊ ပွေ့ချင်ဖြစ် ရသော ကလေးလေးဖြစ်သည်။ ထိုချစ်စရာကောင်း သောကလေးလေးကို မေမေတို့ကလည်း အစွမ်းကုန် အလိုလိုက်ကာ ချစ်ခဲ့ကြပါသည်။ ဆိုတော့ ငယ်ငယ်က ချစ်စရာကောင်းသော မေမေ၏တစ်ဦးတည်းသော သားလေးသည် အစ်မတွေအော့ကြောလန်သည့် ကလေးကြီးတစ်ယောက်ဖြစ်လာခဲ့သည်။

မောင်လေးကတော့ ဆယ်တန်းနှစ်နှစ်ကျနေ သဖြင့် သုံးနှစ်မြောက်မှအောင်သောအခါ သူတက် ရောက်ချင်လှသည့် ဗိုလ်သင်တန်းတက်ရောက်ဖို့ အသက်မမီတော့။ သူ့ထက်အသက်ငယ်သောကလေး တွေက သူ့ကိုကျော်တက်သွားကြသည်။ အိမ်မှာ ကျွန်မအဖေနှင့်မောင်လေးထံတပည့်ခံကာ ဗိုလ်သင် တန်းတက်ရောက်ခွင့်ရရန် နည်းနာလာယူသူတွေက စီနီယာတွေဖြစ်ကုန်ကြသည်။ သူကတော့ အရက် သောက်တတ်လာခြင်းတစ်ခုမှာသာ စီနီယာကြီးဖြစ် လာ၏။ သူဖြစ်လိုသောဘဝကိုမရခဲ့သည့်အတွက် ဆိုး ခဲ့ခြင်းလား၊ ဘဝမှာ မွေးဖွားကတည်းက လိုချင်တာ မှန်သမျှရခဲ့သူမို့ မရနိုင်တော့သည့်အရာတစ်ခုအတွက် ဒေါသသင့်သွားခဲ့လေသလားမပြောတတ်။ တက္ကသိုလ် တက်တော့ ယူသည့်ဘာသာက ဒဿနိကဖြစ်ကာ ဌာနဆိုင်ရာတစ်ခုမှာဝင်လုပ်ပြီး အလုပ်ထွက်လာသည်။ သင်္ဘောတက်ဖို့ပြင်ဆင်သည်။ အညာခံရသဖြင့် ထိုင်း နိုင်ငံမှာ သုံးလလောက်သောင်တင်ပြီး အိမ်ပြန်ရောက် လာသည်။

သူများတွေက ကုမ္ပဏီကလိမ်လိုက်သည့် သိန်း အစိတ်လောက်သာကုန်သည်။ သူကဝတ်သွားသည့် ဆွဲကြိုးရောလက်စွပ်ရောပါမလာဘဲ ပြန်ရောက်လာ သည်။ သူငယ်ချင်းတွေစုကာ စားသောက်ဆိုင်ဖွင့်ပြန် သည်။ နောက်မကြာခင် ဆိုင်ပိတ်လိုက်ပြန်သည်။ စာရေးသူတစ်ယောက်မို့ ကျွန်မအသိစိတ်ထဲမှာ စာဖတ် သူတွေ ဘဝအကြောင်းနားလည်ကြသည်၊ လိမ္မာကြ သည်ဟုသာစွဲနေ၏။ ကျွန်မမောင်လေးကတော့ တစ်မျိုးဖြစ်၏။ နေ့စဉ်သတင်းစာ ပုံမှန်ဖတ်သည်။ ဘာသာပြန်တွေလည်းဖတ်သည်။ တက်ကျမ်းတွေ လည်းဖတ်သည်။ စာဆိုလျှင် သူမသိတာမရှိသလောက် ပင်။ "နင် စာတွေဒီလောက်ဖတ်ပြီး အသိတရားရှိဖို့ ကောင်းတယ်၊ လိမ္မာဖို့ကောင်းတယ်" ဟု ဆိုလိုက်လျှင် ပြောတဲ့သူသာ လျှာထွက်ပေမည်။ မိကျောင်းမင်း ရေခင်းပြသလိုဖြစ်လျက် သူကတော့ ပေမြဲတေမြဲ၊ သောက်မြဲသာ။ "သူများအလုပ်တွေထိုင်လုပ်နေရတာ အောက်ကျတယ်၊ ကိုယ်ပိုင်အလုပ်ပဲလုပ်တော့မယ်"ဟု ဆိုကာ အငှားကားမောင်းမည်ဟုဆိုသဖြင့် ကားရှာပေး ရပြန်သည်။ သူများကားမောင်းသည့်တစ်လျှောက်လုံး အုံနာဖိုးကို ကျွန်မတို့အစ်မတွေက စိုက်သွင်းပေးရ သည်။

မေမေ့ကိုတိုင်လျှင် မေမေစိတ်ဆင်းရဲမည်စိုး၍ ဘယ်သူမှမပြောတော့။ တတ်နိုင်သမျှ နီးစပ်သူအစ်မ က သူလုပ်သမျှပြဿနာကို ဖြေရှင်းပေးနေရ၏။

www.burmeseclassic.com

www.burmeseclassic.com





ကံကောင်းထောက်မစွာဖြင့် ထိုမောင်လေးမှာ မိန်းမရသောအခါ လိမ္မာရေးခြားရှိသည့်ကျောင်းဆရာမလေးတစ်ယောက်နှင့် အိမ်ထောင်ကျသည်။ အသက်လေးဆယ်နီးမှ ကျသည်ဆိုတော့ ကျွန်မတို့ သူ့ကိုထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည့်ကာလတွေ ဘယ်လောက်ကြာရှည်ခဲ့သည်ဆိုတာ တွက်ဆကြည့်နိုင်ပါလိမ့်မည်။ ဘာပဲပြောပြော တစ်ဦးတည်းသောယောက်မလေးကို ကျွန်မတို့အားလုံးချစ်ကြသည်။ ကျေးဇူးတင်ကြရသည်ပေါ့။

အခုတော့ အသက် ၈၃ နှစ်ရှိပြီဖြစ်သော မေမေ့မေတ္တာကိုထောက်၍ မောင်လေး လိမ္မာလာပုံရသည်။ ကြီးမားသောမေမေ့မေတ္တာကို သိမြင်ခံစားရသည်မို့လား၊ ကျွတ်ချိန်တန်၍ ကျွတ်သွားလားတော့မသိ။ အရက်သေစာမသောက်စားတော့ဘဲ အလုပ်ကိုကြိုးစားလုပ်လာသည်။ မေမေက ကားမောင်းစားရသောသားလေးကို အတော်ပင်သနားနေဟန်ရှိလေသည်။ ကားမောင်းသမားလည်း အလုပ်လုပ်တာပဲ၊ ဂုဏ်ငယ်စရာမရှိဘူးဆိုသော်ငြား ကိုယ့်သားသမီးကို အရာရှိအရာခံတွေအဖြစ်သာ မြင်တွေ့ချင်ကြတာ မိဘတွေဆန္ဒဖြစ်သည်။ ကိုယ်ပိုင်ကားမို့ သူများကားမောင်းရတာထက် သက်သာသည်ကိုသိလျက် ကိုယ်ပိုင်ကားမောင်းလျက် အလုပ်သွားသူ အရာရှိ၊ လုပ်ငန်းရှင်အဖြစ်သာ မြင်တွေ့လိုကြသည်။

"ငါ့သားလေး ကားမောင်းနေရတယ်၊ နေကပူလိုက်တာ၊ မိုးကရွာလွန်းတယ်" ဟု မေမေတွေးနေပုံရသည်။ အနီးတစ်ဝိုက်မှာ သားဖြစ်သူကားကိုမမြင်လျှင် "နင်တို့မောင်လေးကားကို မြင်လိုက်သေးလား၊ ကားထွက်ရဲ့လားမသိဘူး"ဟု မကြာခဏမေးနေတတ်၏။ နယ်မှာနေတုန်းကတော့ အနီးကပ်မမြင်တွေ့နိုင်သဖြင့် "အဆင်ပြေရဲ့လား"ဟုသာ မကြာမကြာမေးတတ်သောမေမေသည် သားနှင့်အနီးဆုံးအရပ်ရောက်လာသောအခါ နေ့တိုင်းလိုပင်မေးနေတော့၏။ အိမ်ချင်းမဝေးလှသော်လည်း နေ့စဉ်မေမေ့ထံရောက်မလာတတ်သည့်သားကို "ညည်းတို့က ခြေလေးချောင်းသားမစားကြဘူးဆိုတော့ အမဲသား၊ ဝက်သားမချက်ကြတော့ဘူးပေါ့၊ ငါ့သားက ဝက်သား၊ အမဲသား ကြိုက်တာအေ့၊ ရော့ပါအေ၊ ငါးထောင်ဖိုးလောက်တော့ဝယ်ခဲ့စမ်းပါ" ဟုဆိုလျက် ငွေငါးထောင်ထုတ်ပေးနေသည့်အတွက် ဝက်သား၊ အမဲသားချက်ကာ အမေ့သားစားဖို့ မကြာမကြာပို့ပေးရသည်။ ချွေးမက မေမေကြိုက်သည့် ငါးပုဏ္ဏားကြော်လာပို့လျှင် တပြုံးပြုံးဖြစ်လျက် စားလို့ကောင်းကြောင်း ပြောလို့မဆုံးတော့၊ ဘာလေးပို့ပို့ ခဏခဏပြောလို့မပြီးနိုင်။

ကျွန်မတို့က ယောက်မကိုချစ်သည့်အတွက် "ညည်းယောက်ျားကို ညည်း ဟင်းကောင်းချက်မကျွေးဘူး ထင်လို့ဖြစ်မယ်၊ အမေက ငါတို့ချည်း ဟင်းချက်ပို့ခိုင်းနေတယ်၊ ညည်းပို့တာ တို့ကဝိုင်းစားမလို့ဟာ" ဟု စကြလျှင် ပျော်ပျော်နေတတ်သည့်ယောက်မက သဘောကျကာ တဟားဟားရယ်လို့မဆုံး။ ကျွန်မတို့ ညီအစ်မတွေက ယောက်မကို သူစိမ်းတစ်ယောက်လိုမမြင်ဘဲ ညီမလေးတစ်ယောက်လို သဘောထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ့သား ဘာစားချင်လဲတစ်ခွန်းတည်းပြော၊ သမီးကချက်ပြီးသားပဲ"ဟု ပြောတတ်သည့် အမေ့ချွေးမကို အနေမနီးသော်လည်း အမေက ချစ်ပုံရလေသည်။

သားကိုမူပြောဖွယ်ရာမရှိပြီ။ သားသမီးကိုဖက်ယမ်းနမ်းရှုပ်ကာ ချစ်ခင်မှုမပြတတ်သည့် မေမေ့မေတ္တာကို အသက်ကြီးလေပို၍မြင်ရလေဖြစ်သည်။ တစ်ဦးတည်းသောသားဖြစ်သည့်အတွက် အချစ်ပိုခြင်းလား၊ ဆိုးလွန်းသည့်သားမို့ ဂရုတစိုက်ရှိလှကာ ပိုချစ်လေသလားဖြင့်မသိ။ မေမေနှင့်အနီးကပ်ရှိနေစဉ်မို့ နေ့စဉ် မေမေ့ကိုလာနှုတ်မဆက်တတ်သည့်သားကို မေမေကမေးနေသည်မှာ တစ်နေ့ဘယ်နှကြိမ်မှန်းမသိ။ အိမ်ထောင်လည်းကျကာ ကိုယ်ပိုင်ကားလေးတစ်စီးဖြင့် သားသမီးလည်းမရှိသောသားဖြစ်သူအတွက် မေမေ စိုးရိမ်သောကနှင့် အတွေးတွေမဆုံးနိုင်ဖြစ်နေသေးတာကိုမြင်တော့ ကျွန်မအံ့သြရသည်။

အစတုန်းကတော့ ကျွန်မက မေမေ့မေးခွန်းကိုဖြေမြဲတိုင်း ပုံမှန်သာဖြေခဲ့သည်။ မေမေကလည်း မေးမြဲတိုင်း နေ့စဉ်မေးသည်။ "ညည်းတို့ဘယ်သွားအုံးမှာလဲ" ဆိုသည်က မေမေနေ့စဉ်မေးတတ်သည့်မေးခွန်းဖြစ်သည်။ ကျွန်မတို့ညီအစ်မတွေကလည်း သွားစရာရှိလျှင် ဘယ်သွားမည်၊ ညာသွားမည် စသည်ဖြင့် မေမေ့ကိုအဖြေပေးသည်။ တကယ်တော့ ကျွန်မတို့သွားမည့်နေရာများကို မေမေသိသည်လည်းမဟုတ်။ မေမေ့ကိုအပြင်ခေါ်သွား၍ အထပ်မြင့်တိုက်ခန်းတွေကိုမြင်လျှင် ဘယ်မြို့နယ်ရောက်ရောက် "အဲဒါ ရန်ကင်းတိုက်ခန်းတွေလား"ဟု မေးတတ်သူဖြစ်သည်။ တိုက်ခန်းဆိုလျှင် လွန်ခဲ့သည့်နှစ်ပေါင်းသုံးဆယ်ကျော်လောက်ကတည်းက မေမေသိခဲ့တာ ရန်ကင်းတိုက်ခန်းပဲဖြစ်သည်။ ဘာတိုက်တွေထပ်ဆောက်ဆောက် မေမေက ရန်ကင်းတိုက်ခန်းပဲထင်နေ၏။

ဆိုတော့ ရန်ကုန်မှာ ဘယ်နေရာကိုမှ မေမေ မှတ်မိတော့သည်မဟုတ်။ လူဦးရေတွေထူထပ်ကာ မော်တော်ကားတွေ မတန်တဆများလာသောရန်ကုန်ကို မေမေ အရင်ကလို ဘယ်နေရာဟုမသိတော့တာ အဆန်းမဟုတ်။ သို့ပေလျက် မေမေကတော့ ကျွန်မတို့တစ်နေ့တာသွားရမည့် အသွားအပြန်ခရီးကို မေးမြဲဖြစ်၏။ ကျွန်မတို့ညီအစ်မတွေ အပြင်ထွက်တိုင်း မောင်လေးကားဖြင့်သာ သွားလေ့ရှိသည်မို့ မေမေ့ကို စိတ်ပူစရာမလိုကြောင်း ပြောထားရ၏။ အထူးသဖြင့် အလုပ်ကိစ္စမျိုးစုံဖြင့် တစ်ယောက်တည်းအပြင်ထွက်ရသည့် ကျွန်မကို မေမေစိတ်ပူလေသလားမသိ။

"မေမေက သမီးတို့ဘယ်သွားမှာလဲ၊ ဘယ်လောက်ဝေးလဲပဲ မေးနေတယ်၊ နေရာပြောတော့ မေမေသိတာလည်းမဟုတ်ဘဲနဲ့"

တစ်နေ့တစ်နေ့ ကျွန်မတို့အပြင်သွားတိုင်း ဘယ်လောက်ကြာမည်၊ ဘယ်လောက်ဝေးသည်ဆိုသည့်အတိုင်းအတာကိုပြောပြရသဖြင့် မေမေ့ကို ကျွန်မပြန်စနောက်မိသည်။ သိပ်မဝေးဘူး၊ ဒီနားပဲဟုဆိုကာကြာနေလျှင် ပြန်လာသည်နှင့် "သိပ်မဝေးဘူးဆိုပြီး သုံးနာရီလောက်ကြာပါပေါ့၊ ကြာလှချေလား" စသည်ဖြင့် မေမေပြောတတ်ပြန်သည်။ ကားလမ်းကျပ်၍ ကြာနေကြောင်း၊ သွားစရာရှိသည်များဆက်သွားရသဖြင့် ကြာရကြောင်း အလျဉ်းသင့်သလိုရှင်းပြရသည်။ ကြာတော့ ကျွန်မတို့သွားသောလမ်းခရီးကို မေးလွန်းသဖြင့် မသင်္ကာဖြစ်လာရသည်။ မေမေ့မှာ အကြောင်းတစ်ခုခုတော့ရှိမည်ဟု ကျွန်မစိတ်ကထင်လာမိ၏။

တကယ်တော့ မောင်လေးက သူ့ကိုယ်ပိုင်ကားကိုအငှားယာဉ်အဖြစ်မောင်းသူဖြစ်သော်လည်း သူ့စီးပွားအပေါ် ကျွန်မတို့တစ်ခါမှအမြတ်မထုတ်ဖူးခဲ့။ ပြောရလျှင် နှစ်ထောင်တန်သည့်လမ်းဆိုလျှင် ကိုယ့်မောင်လေးမို့ သုံးထောင်ပေးသည်။ ကျွန်မတို့မသွားဖူးသည့်လမ်းမရှိသည်မို့ "ဘယ်လောက်ပေးရမလဲ" မေးလျှင် "ရပါတယ်၊ ပေးချင်သလောက်ပေးပါ"ဟု ဆိုလျှင် များများစားစားပိုပေးလိုက်သည်ချည်း။ မောင်လေးကားနှင့် မေမေ့ကိုပို့ပေးလျှင်လည်း ဆေးရုံ ဆေးခန်းကလွဲလျှင် ကားခကိုပေးမြဲဖြစ်သည်။ ဒါကလည်း သူကုသိုလ်ဖြစ်ရအောင် ဖွတ်အတင်းမပေးတော့ခြင်းသာဖြစ်သည်။ ကျန်သည့်ကိစ္စများတော့ သူစိမ်းကားသမားများနှင့်သွားလာတာထက် ကိုယ့်မောင်လေးကားကိုစီးခြင်းက ပိုအဆင်ပြေသဖြင့် မောင်လေး အော်ဒါရှိနေမှ တခြားကားကိုစီးဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





ကားခကိုလည်း စောင့်ရလျှင် စောင့်ရသလို ကြာသည့်အချိန်တွက်ဆကာ ပိုပေးမြဲဖြစ်၏။ ပြောရလျှင် ကိုယ့်သားချင်းကားမို့ ကျွန်မတို့ဘက်က ထူး၍သက်သာသည်မရှိ။ လုံခြုံစိတ်ချရသည်တော့ရှိပါ၏။ သို့ပေမယ့် မေမေကျတော့ သူ့သားလေး အချိန်ကြာကြာစောင့်နေရလျှင် "ညည်းတို့က ကြာလိုက်တာအေ၊ ငါ့သား အကြာကြီးစောင့်နေရမှာပေါ့"ဟု သားဘက်ကလိုက်ကာ ပြောတတ်လေသည်ပေါ့။ နောက်တော့ မေမေ သူ့သားလေး ကားမောင်း၍အသက်မွေးရခြင်းအပေါ် စိတ်မကောင်းနိုင်ဖြစ်နေတာတွေကို ကျွန်မ သိမြင်သွားခဲ့ပါသည်။ "ကားသမားဆိုတာ အသက်ပေးပြီး ငွေရှာရတာပါအေ၊ သူ့အဖေတုန်းကလည်း စစ်သားမို့ အသက်ပေးရတယ်ဆိုပြီး စိတ်ပူရတာ၊ ကားသမားတော ဘာထူးလဲ၊ ကိုယ်မှန်လည်း ဒုက္ခရောက်တတ်တာပဲ၊ ရန်ကုန်မှာ ကားမောင်းစားရတာ တော်တော်ကျပ်တည်းပါတယ်၊ ခေါင်းရှုပ်စရာကြီး၊ အန္တရာယ်တော်တော်များတာပါ"ဟု မသက်မသာဆိုလေသည်။

ကျွန်မတို့အပြင်ထွက်တိုင်း နီးလား၊ ဝေးလား မေးခွန်းထုတ်နေသည့်ကိစ္စကို ကျွန်မ ကောင်းကောင်းကြီးနားလည်သွားရသည့်နေ့ကတော့ ကျွန်မ ရန်ကုန်နှင့်အတန်ငယ်ဝေးသော နယ်မြို့တစ်မြို့သို့ မောင်လေးနှင့်အတူသွားရသောနေ့ဖြစ်၏။ ထုံးစံအတိုင်း မေမေက ကျွန်မတို့ဘယ်သွားမှာလဲ၊ ဘယ်သူ့ကားနဲ့သွားမှာလဲ စုံနေအောင်မေးလေသည်။ "သမီး အလုပ်ကိစ္စရှိလို့ မေမေ၊ တိုက်ကြီးကိုသွားရမယ်၊ တိုက်ကြီးဆိုတာ မှော်ဘီတောင်ကျော်သေးတယ်၊ အရင်လမ်းဟောင်းနဲ့ အဝေးပြေးသွားတုန်းက ဖြတ်သွားတယ်လေ၊ အခု နေပြည်တော်လမ်းဖောက်လိုက်လို့ အဲဒီလမ်းက မဖြတ်တော့တာ"

"ငါသိပါတယ်အေ၊ တိုက်ကြီးများ ဆင်ရိုင်းတွေဝင်တယ်ဆိုတာတောင် ကြားဖူးလိုက်သေးတယ်၊ တော်တော်ဝေးတာပေါ့"

"အသွားအပြန် မောင်လေးပါတာပဲ ကိစ္စမရှိပါဘူး၊ သူတစ်ခါတည်းစောင့်နေမှာ၊ မမငယ်လည်း ဒီနေ့ မေမေ့ဆီလာလိမ့်မယ်၊ သမီးတို့ မိုးတော့နည်းနည်းချုပ်ရင် ချုပ်မယ်နော်၊ သမီးပြန်လာပြီဆို ဖုန်းဆက်လိုက်မယ်၊ မေမေ့ကိုဆေးတိုက်ဖို့ မမကြီးကိုမှာထားပြီးသားနော်၊ သမီးကိုစိတ်ပူမနေနဲ့"

"မပူပါဘူးအေ၊ ကောင်းတာပေါ့၊ ခရီးအဝေးကြီးသွားတော့ ငါ့သားလေး ကားခများများရတာပေါ့၊ အသွားအပြန်ဆိုတော့ ညည်းလည်းအဆင်ပြေ၊ သူလည်းဟန်ကျပြီပေါ့" ဟု မေမေက ပြုံးပြုံးကြီးပြောလိုက်ခြင်းဖြစ်လေသည်။ မေမေ့စကားကြောင့် ကျွန်မမှာ မျက်လုံးပြူးကျယ်သွားမိလျက် အံ့ဩကာ ရယ်ချင်သွားမိလေသည်။ ။

ယုဇါ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နွေးထွေး

# မမြ

"ကိုကြီး အဲဒါသေချာ
ပြောနော်. . .၊ မမကလျာကလည်း
ပြန်မလာသေးဘူး။ တကယ်ပဲ
မမြတစ်ယောက်ကိုတော့
မပြောချင်တော့ပါဘူး"
ညနေ ကားဂိတ်ကိုလိုက်ပို့စဉ်က
ညီမထွေးရှုပါ ပြောသောစကားကို
ကျွန်တော်ပြန်တွေးနေမိသည်။
ကြီးတော်ကြီးဆုံးပါးပြီး
ရက်လည်ပြီးသည့်နောက်
ရှုပါက ရန်ကုန်သို့ပြန်ခါနီး
ပြောခဲ့ခြင်းဖြစ်သည်။
မမြ. . .။

တကယ်တော့ မမြသည်
ကျွန်တော်တို့မောင်နှမ
သုံးယောက်ကို ငယ်စဉ်ကတည်းက
ထိန်းခဲ့သူဖြစ်ပြီး အမေ့ဘက်မှ
ဆွေမျိုးတော်စပ်သူဖြစ်သည်။
မမြက ကျွန်တော့်ထက်
အသက်ငါးနှစ်ခန့်ပိုကြီးသော်လည်း
ကျွန်တော်ကြီးပြင်းလာသောအခါ
လူကောင်ထွားသောကျွန်တော်က
မမြထက်အကြီးလိုဖြစ်လာသည်။
မမြကိုယ်တိုင်ကလည်း
ဒွဲ့ရပညာတတ်ဖြစ်သော
ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးအားကိုးကာ သူ့ထက်အကြီးတစ်ယောက် သဖွယ် ဆက်ဆံပါသည်။

ကျွန်တော်တို့တွင် ကျွန်တော်၊ ရွှေပါနှင့် ကလျာ မောင်နှမသုံးယောက်ရှိပြီး အမေက ကျွန်တော်တို့ ငယ်စဉ်ကပင်ဆုံးပါးသွားခဲ့သောကြောင့် အမေ့အစ်မ တော်စပ်သူ ကြီးတော်ကြီးနှင့်ကြီးပြင်းခဲ့ကြရသည်။ အဖေက သစ်ဝါးကုန်သည်ဖြစ်ကာ ကျွန်တော်တို့နှင့် အတူမရှိသည်ကများသည်။ မိဘမဲ့မမမြကိုလည်း ကြီးတော်ကြီးကပင် ခေါ်ယူမွေးစားခဲ့ကာ ကျွန်တော် တို့အိမ်တွင်ပင်နေစေသည်။ မမမြ ကျွန်တော်တို့ဆီ ရောက်လာစဉ်က မမမြက ဆယ်နှစ်၊ ကျွန်တော်က ငါးနှစ်အရွယ်ဖြစ်သည်။ ကလျာက သုံးနှစ်အရွယ်၊ ရွှေပါ ကလေးက လသားအရွယ်။ အမေသည် ရွှေပါ့ကို မွေးပြီး တစ်လအကြာတွင်ဆုံးပါးသွားခဲ့သည်။ သို့နှင့် မမမြမှာ ကျွန်တော်တို့မောင်နှမသုံးယောက်ကို ကြီးတော်ကြီး နှင့်အတူ ထိန်းကျောင်းရပါသည်။

မမမြသည် သေစာရှင်စာကလေးတော့ ရေးတတ် ဖတ်တတ်လျက် အဖေက ဘေးအိမ်မှဆရာမနှင့်စာသင် စေသော်လည်း သေစာရှင်စာအဆင့်ကမတက်ဘဲ နောက်ပိုင်း စာသင်ရမည်ဆိုလျှင် အလွန်ပင်စိတ်ဆင်း ရဲကာ မျက်ရည်လည်ရွှဲလုပ်နေတတ်၍ ကြီးတော်ကြီးက စာမသင်စေတော့။ ထို့အပြင် အိမ်တွင်လည်း ကလေး တစ်ပုံ၊ မီးဖိုချောင်တစ်ဖက်နှင့်မို့ အိမ်အလုပ်များကိုသာ ကူလုပ်စေလျှင် မမမြတစ်ယောက် အလွန်သဘောကျ လေသတဲ့။ မမမြမှာ စာမဖတ်ရလျှင်ပြီးရော ကျန်တာ ကတော့ ဘာခိုင်းခိုင်း စိတ်ပါလက်ပါလုပ်သည်ချည်း ဖြစ်သည်။ အထူးသဖြင့် ချက်ရေးပြုတ်ရလျှင် အလွန်ပင် စိတ်ဝင်စားကာ မီးဖိုချောင်မှမထွက်တမ်း ကြီးတော် ကြီးထံမှ အချက်အပြုတ်ပညာကို သင်ယူတတ်လေ သည်။

ကျွန်တော်တို့မောင်နှမတစ်တွေသည် ကြီးတော် ကြီး၊ မမမြတို့လက်ထဲတွင် ကြီးပြင်းလာရလျက် မမမြ သည်လည်း အရွယ်ရောက်သည့်တိုင် အိမ်ထောင်မပြု ဘဲ ကြီးတော်ကြီးကဲ့သို့ အပျိုကြီးဘဝခံယူကာ ကျွန်တော် တို့ကြီးပြင်းသည်အထိ အတူနေထိုင်ခဲ့သည်။ မမမြ သည် ကျွန်တော်တို့အပေါ်တွင်လည်း အနွံအတာခံ ချစ်ခင်လှသည်။ ကျွန်တော့်ကို နာမည်ရင်း မင်းသုတ ဆိုသည်ကိုမခေါ်ဘဲ မောင်မောင်ဟုသာခေါ်ဝေါ်တတ် သည်။ ကလျာသည် မမမြကို ငယ်စဉ်ကပင်နိုင်စား လှသည်။ သူ့စိတ်မကျေနပ်မချင်း ဂျီကျ၍ ဆိုးပေ သောဒဏ်ကို မမမြကအများဆုံးခံရပါသည်။ ရွှေပါက တော့ ဗိုးဒိုးဖေါက်ဖေါက်နိုင်ကာ စိတ်ဆိုးစိတ်ကောက် လည်း ခဏသာဖြစ်သည်။ ကျွန်တော်ကတော့ ခပ်အေး အေးသမားဖြစ်ကာ မမမြနှင့်အတည့်ဆုံးလည်း ဖြစ်ပါသည်။ မမမြကလည်း သူ့အရေးကိစ္စရှိလျှင် မိန်းကလေးချင်းထက် ကျွန်တော့်ကိုသာပြောလေ့ရှိ သည်။ ကျွန်တော် အိမ်ထောင်ကျပြီး ယောက္ခမအိမ် တက် သမက်ဖြစ်သွားစဉ်က မမမြမျာ မျက်ရည် အဝိုင်းသားကျန်ရစ်လေသည်။ ကျွန်တော့်ဇနီးမှာ တစ်ဦးတည်းသောသမီးဖြစ်၍ ကျွန်တော်သည် ဇနီး သည်အိမ်သို့ပါသွားရခြင်းဖြစ်သည်။

ကလျာကတော့ အပျိုကြီးဖြစ်မည့်မိန်းကလေးရယ် လေလားမသိ၊ ပညာရေးဘက်ကိုစိတ်သန်လှကာ အခု အသက်သုံးဆယ်ကျော်သည်အထိ ရည်းစားသနာပင် မထားသေးဘဲ နိုင်ငံရပ်ခြားတွင် ဘွဲ့လွန်ပညာကို ဆက် လက်သင်ယူနေသောကြောင့် ကြီးတော်ကြီးအသုဘ ကိုပင် ရောက်မလာနိုင်ခဲ့တော့ပေ။ ကလျာသည် ရန်ကုန်တွင်ကျောင်းတက်ရင်း အလုပ်လုပ်ကာ ဘွဲ့လွန် ဆက်တက်ရင်း တစ်ဖန် နိုင်ငံခြားမှဘွဲ့ယူရန် နိုင်ငံ ရပ်ခြားသို့ထွက်ခွာသွားခြင်း စသည်တို့ဖြင့် အိမ်သို့ ရံဖန်ရံခါမှသာပြန်ရောက်လျက် အိမ်တွင်မနေသည်မှာ ဆယ်စုနှစ်နီးပါးရှိခဲ့ပြီထင်သည်။ ရွှေပါသည်လည်း ရန်ကုန်တွင်ကျောင်းတက်ရင်း ရန်ကုန်တွင်ပင် အိမ်ထောင်ကျကာ ကလေးနှစ်ယောက်မိခင်ပင် ဖြစ်ခဲ့ ပြီ။ သူ့အိမ်အလုပ်၊ သူ့ကလေးအလုပ်များဖြင့်သာ လုံးချာလည်ကာ ကိုယ့်မွေးရပ်မြေသို့ပင်ပြန်မလာအား တော့ပေ။ ယခုလည်း ကြီးတော်ကြီးဆုံးပါးသွားသော ကြောင့် တစ်ပတ်ဆယ်ရက်လာနေခြင်းဖြစ်သည်။

အဖေသည် ကြီးတော်ကြီးထက်အသက်ငယ်သော် လည်း လေဖြတ်ရောဂါခံစားရသည်မှာ ဆယ်စုနှစ်တိုင် ကာ ကြီးတော်ကြီးထက်အရင်ဆုံးပါးသွားခဲ့သည်။ ကြီးတော်ကြီးသည်လည်း လူကြီးနာတရှောင်ရှောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ မကွယ်လွန်မီတစ်လခန့်က လေဖြန်းသလိုဖြစ်ပြီး အိပ်ရာထဲလဲခဲ့သေးသည်။ ယခု ကြီးတော်ကြီးဆုံးပါး သွားသောအခါ ဒီအိမ်တွင် မမမြတစ်ယောက်တည်း ကျန်ရစ်တော့မည်ဖြစ်သည်။ ထို့ကြောင့် မရှုပါက "ကိုကြီးတို့ လာနေရင်နေ၊ လာမနေနိုင်ရင်လည်း အိမ်ကိုရောင်းဖို့စီစဉ်ပြီး မမမြကို ကိုကြီးအိမ်ခေါ်ထားလိုက်ပေါ့၊ ဒါမှမဟုတ်ရင်လည်း ရှုပါ့ဆီပို့လိုက်၊ မမကလျှာကဟိုကနေတောင် ပြန်လာပါမလားမသိဘူး"ဟု ကြီးတော်ကြီး ရက်လည်မတိုင်ခင်က ပြောသည်။

တကယ်တော့ ဒီအိမ်မှာ ကျွန်တော်လည်း လာမနေနိုင်သည်မို့ ဒီအစီအစဉ်ကသာလျှင် အသင့်တော်ဆုံးဖြစ်မည်ဟုတွေးကာ မမမြကိုပြောခဲ့သည်။ ကျွန်တော်သည် ယောက္ခမလုပ်ငန်းများကိုဦးစီးနေရသည်မို့ တတ်နိုင်လျှင် မမမြကို ကျွန်တော်နှင့်နေစေချင်သည်။ ကျွန်တော့်ဇနီး နှင်းသည် အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး သူ့လုပ်ငန်းကိုခင်တွယ်ကာ အလုပ်မထွက်နိုင်သည်မို့ ကျွန်တော်၏ကလေးနှစ်ယောက်ကိုကြည့်ရန် မမမြလိုလူမျိုးလိုအပ်သည်။ ယခင်က မမမြသည်လည်း အဖေလူမမာ၊ ကြီးတော်ကြီးလူမမာများကို ပြုစုနေရသောကြောင့် ကျွန်တော်တို့သည် မမြသောအိမ်ဖော်များနှင့် ကလေးနှစ်ယောက်ကိုထိန်းကျောင်းနေရသည်မှာ အဆင်မပြေလှ။ ရှုပါကလည်း မမမြသာ သူနှင့်နေမည်ဆိုလျှင် သူ့ကလေးများအတွက်ရော၊ အိမ်အတွက်ပါ အဆင်ပြေသည်ဟု ဆိုသည်။ သို့သော် မမမြ ဘယ်သူနဲ့နေချင်သလဲ၊ မမမြဆန္ဒကိုမေးမြန်းကြည့်ရန် စဉ်းစားကြသည်။ ရှုပါက စိတ်မရှည်တတ်သူပီပီ "ကိုကြီး ပြောပါ၊ ကိုကြီးက အကြီးဆိုတော့ မမမြလည်း ပြောရဆိုရကောင်းတာပေါ့"ဟု ကျွန်တော့်ကိုတာဝန်လွှဲသည်။

သို့နှင့် ကြီးတော်ကြီးရက်လည်ပြီး နောက်တစ်ရက် ကျွန်တော်တို့မပြန်သေးခင် မမမြနှင့်ကျွန်တော် စကားပြောဖြစ်ခဲ့သည်။ "အခြေအနေကတော့ အဲဒီလိုဖြစ်နေပြီမမမြ၊ ကြီးတော်ကြီးလည်းမရှိ၊ ကျွန်တော်တို့ကလည်း အဝေးမှာဆိုတော့ မမမြတစ်ယောက်တည်း ဘယ်လိုနေမလဲ၊ ဒါပေမဲ့ ကျွန်တော်တို့က ဆုံးဖြတ်လို့ မမမြလိုက်နာရတယ်လို့တော့ မဖြစ်စေချင်ဘူး။ ကျွန်တော်တို့ကို ထိန်းကျောင်းလာခဲ့တာဆိုတော့ မမမြကို ကျွန်တော်တို့အစ်မလို သဘောထားတာပါပဲ"

ကျွန်တော်က စကားကိုထိန်းပြောရင်း ခေတ္တတန့်သည်။ ဘာပဲဖြစ်ဖြစ် ဒီအချိန်သည် မမမြအတွက် အမြဲအားကိုးခိုလှုံခဲ့သော အဖေ၊ ကြီးတော်ကြီးတို့ မရှိတော့သည့်အချိန်။ ထို့အပြင် ကြီးတော်ကြီးလည်းဆုံးပါးပြီးခါစမို့ မမမြအဖို့ အားငယ်စိတ်လည်းဝင်နေနိုင်သည့်အချိန်။ ဒီနေရာဒေသသည် မမမြ၏မွေးရာဇာတိမဟုတ်သော်လည်း ငယ်စဉ်ကပင်နေထိုင်လာသောနေရာဖြစ်သည့်အတွက် ဒီအိမ်မှခွဲခွာကာ ဘယ်ကိုမှမသွားဖူးသည့် မမမြအတွက် ဒီနေရာမှ အဝေးတစ်နေရာသို့သွားရန် စိုးရွံ့စိတ်လည်းဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ကျွန်တော်သည် မမမြစိတ်အားမငယ်စေရန်အလို့ငှာ စကားကိုအတတ်နိုင်ဆုံးသတိထားပြောဆိုနေမိသည်။

မမမြမှာ ကျွန်တော့်စကားကိုနားထောင်နေရင်း ခွန်းတုံ့မပြန်သေးဘဲ ခေါင်းကြီးငုံ့ကာသာရှိနှင့်သည်။ ထို့နောက် ကျွန်တော်က စကားကိုဆက်ကာ ကျွန်တော်နှင့်ရှုပါ ဆွေးနွေးတိုင်ပင်ထားသောအကြောင်းအရာများကို ပြောပြလိုက်သည်။

လသာသောညဖြစ်၍ ကျွန်တော်တို့ထိုင်နေရာ အိမ်ဘေးဝရန်တာကလေးတွင် လရောင်ကဝင်းပနေသည်။ ဝရန်တာနံဘေးရှိငုက်ပျောပင်မှ အရွက်ဖားဖားအရိပ်များသည် ဝရန်တာကလေးဘက်သို့ထိုးကျလျက်ရှိသည်။ စံပယ်ကြက်ရုန်းကလေးများသည် လရောင်အောက်တွင် ဖြိုးဖြိုးဖြောက်ဖြောက်လှပနေလေသည်။ တကယ်တော့ ဒီအိမ်ခြံဝင်းကို ကျွန်တော်မရောင်းချင်၊ တခြားသူသို့ငှားလျှင်လည်း ငှားထားမည်ဟု တွေးနေမိသည်။ မောင်နှမများ၏အခြေအနေအရပ်ရပ်ကြောင့် ဒီအိမ်ခြံသို့ ဘယ်သူမှပြန်လာရန်မသေချာတော့သော်လည်း ဒီမိဘဘိုးဘွားပိုင်မြေကလေးကိုရောင်းချရန် နှမြောနေမိလေသည်။

မမမြသည် ကျွန်တော့်စကားများကိုနားထောင်ရင်း သူကိုယ်တိုင်သုပ်ထားသော လက်ဖက်သုပ်ပန်းကန်ကိုမွှေလိုက်၊ ကြက်သွန်ဖြူတွင်တွင်ခွာလိုက်နှင့် ကျွန်တော့်ကိုစကားတစ်စုံတစ်ရာမပြန်ဘဲ အလုပ်ရှုပ်နေ

www.burmeseclassic.com

လေသည်။ မမမြသည် သနပ်ခါးဘဲကျားကို ခါတိုင်း လိုပင်လိမ်းထားကာ စံပယ်ပန်းခွေကလေးကို သူ့ဆံပင် နောက်တွဲဆံထုံးကလေးတွင် ရစ်ခွေပန်ဆင်ထားသည်။ ဒီတစ်မြို့လုံးရှိ ဇီဇဝါ၊ စံပယ်ကြက်ရုန်း၊ နှင်းဆီပန်း ရောင်စုံ တစ်မျိုးမဟုတ်တစ်မျိုးသည် မမမြပန်ဆင် စရာတွေချည်းဖြစ်သည်။ မြို့ထောင့်မှခရေပင်ကြီးသည် ကျွန်တော်တို့ငယ်စဉ်က မမမြနှင့်အတူ ပန်းကောက် ရင်း၊ ခရေစေ့တွင်ရင်း ဆော့ကစားရာနေရာတစ်ခုဖြစ် သည်။

"ကဲ. . . မမမြ၊ မမမြဆန္ဒလည်းပြောပါအုံး"

အသံတိတ်လှသောမမမြကို ကျွန်တော်မေးမြန်း လိုက်သည်။ မမမြသည် ရေနွေးကြမ်းတစ်ခွက်ကောက် ငှဲ့ရင်း ကျွန်တော့်ကိုစကားမဆိုသေး။ ကျွန်တော်သည် မေးသာမေးရသည်၊ အစီအစဉ်က စီစဉ်ထားပြီးသားလို ဖြစ်ကာ ကျွန်တော်တို့စီစဉ်သည်ကိုလည်း မမမြအနေ ဖြင့် စောဒကတက်လိမ့်မည်မဟုတ်ဟု သိနေပြန်သည်။ သူ့အနေနှင့်က ကျွန်တော့်အိမ်လိုက်နေမလား၊ ရွှေပါ နှင့် နေမလား ဒါကိုဆုံးဖြတ်ရန် သာဖြစ်သည်။

"ဒါမှမဟုတ် မမမြ အေးအေးဆေးဆေးစဉ်းစား ပေါ့၊ နောက်မှ ကျွန်တော့်ကိုပြောလေ"

ပြောရခက်နေသောမမမြကြောင့် ကျွန်တော်က ဤသို့ပြောလျှင် မမမြကမျက်လုံးလှန်ကြည့်လျက် "ပြော တာတော့ တစ်ခါတည်းပြောရမှာပါမောင်မောင်၊ ပြန် သွားပြီး မောင်မောင်လည်းအလုပ်အားတော့တာမှ မဟုတ်တာ" ဟု ခပ်တိုးတိုးဆိုသည်။

မမမြကိုကြည့်ရသည်မှာ တစ်စုံတစ်ရာကိုပြောရန် ခက်လျက် ကျွန်တော်တို့အစီအစဉ်များပျက်မှာကို လည်း အားနာစိုးရိမ်ဟန်တူသည်။ မမမြကိုကြည့်ရင်း ကျွန်တော်သည် ရွှေပါနှင့်တိုင်ပင်ထားစဉ်က မပါဝင် သော စကားတစ်ခွန်းကို ပြောလိုက်သည်။ "ဒါမှမဟုတ် မမမြ ဒီမှာပဲနေချင်သလား၊ ဆွေမျိုးတစ်ယောက် ယောက်ကိုခေါ်ပြီးပဲဖြစ်ဖြစ်ပေါ့"

ဒါ မမမြကို အစ်မတစ်ယောက်သဖွယ် သဘော ထားကာ အစွမ်းကုန်လိုက်လျောသော ကျွန်တော့် သဘောထားဖြစ်သည်။ ရွှေပါသိလျှင်တော့ သဘောတူ လိမ့်မည်မဟုတ်။ ကျွန်တော့်စကားကြောင့် မမမြသည် ခေါင်းရှောလက်ပါခါယမ်းလျက် "အို. . . မဟုတ်တာ ဘဲ မောင်မောင်၊ မမမြ အဲဒီလိုလည်းမနေရဲပါဘူး၊ နေလည်းမနေချင်ပါဘူး"ဟု ငြင်းဆိုလေသည်။ ထို့ နောက် ကျွန်တော့်မျက်နှာကိုမကြည့်ဘဲ မြို့ထဲသို့သာ ခပ်ငေးငေးကြည့်လျက် မမမြသည် စကားကို ဖြည်း ဖြည်းညင်သာ ပြောလာသည်။

"တကယ်တော့. . . မမမြ တကယ်တော့. . . "

ထို့နောက် စကားမဆက်ဘဲ တန့်နေပြန်လျှင် တကယ်တော့ ဘာဖြစ်လဲမမမြဟု ကျွန်တော် စကား ထောက်ရသည်။ "တကယ်တော့ မမမြ မောင်မောင်တို့ နဲ့မလိုက်ဖို့ ဆုံးဖြတ်ပြီးသား၊ ဒီအိမ်ကိုလည်း မောင် မောင်တို့ရောင်းလိုက်ပါ၊ မမမြ မထိန်းသိမ်းနိုင်ဘူး၊ မောင်မောင်တို့အစီအစဉ်ကောင်းပါတယ်၊ ဒီလိုပဲ စီစဉ် ရမှာပါ"

"မမမြက ကျွန်တော်တို့နဲ့မလိုက်ရင် ဘယ်သူနဲ့ နေမှာမို့လို့လဲ"

မမမြ သူ့ဆွေမျိုးသားချင်းတွေဆီများပြန်နေမလို့ လားဟု ကျွန်တော်တွေးကြည့်သည်။ မမမြသည် ကျွန်တော်မေးသည်ကို မဖြေသေးဘဲ မျက်လွှာတွင်တွင် ချလျက် တိတ်ဆိတ်နေပြန်သည်။ တစ်ခဏမျှအကြာ တွင် တွန့်ဆုတ်ဆုတ်ပြောလာသည်။ "မမမြ. . . မမမြ. . . မောင်မောင့်ကိုပြောရမှာလည်း ခက်ပါ တယ်၊ ဒါ. . . ဒါပေမဲ့ မောင်မောင်ပဲ မမမြကိုနားလည် နိုင်လိမ့်မယ်လို့လေ"

ဒီစကားကိုပြောအပြီးမှာတော့ ကျွန်တော့်မျက်နှာ ကို အားကိုးတကြီးကြည့်ဟန်ကိုတွေ့ရသည်။ မျက်ရည် ကြည်ရစ်ဝိုင်းလျက်ရှိသော မမမြ၏ရိုးစင်းလှသော မျက်ဝန်းကြီးများ၊ ကျွန်တော့်အပေါ် အားကိုးတကြီး အကြည့်များက ကျွန်တော့်ကို စိတ်မကောင်းဖြစ်စေ သည်။

"ပြောစရာရှိတာပြောပါမမမြ၊ မမမြပဲ ကျွန်တော့် ကိုပြောခဲ့တာလေ၊ တစ်ခုခုပြောစရာရှိရင် မောင်မောင့် ကို ပြောမယ်ဆိုတာလေ"

ကျွန်တော့်စကားကြောင့် မမမြ အနည်းငယ်အား ရှိသွားဟန်ကို တွေ့ရသည်။ "ဟုတ်တယ် မောင်မောင်၊ ဒါကြောင့် မောင်မောင့်ကိုပြောတာပေါ့၊ မောင်မောင်က

www.burmeseclassic.com

www.burmeseclassic.com



လူကြီးဆန်တယ်၊ ပြီးတော့ ပညာလည်းတတ်တယ်၊ မမမြလို တောသူလည်းမဟုတ်တော့. . . ဒါပေမဲ့ . . . ဒါပေမဲ့. . . မောင်မောင်မကြိုက်ရင် မမမြမလုပ်ပါဘူး၊ အဲဒီတော့ မမမြ. . . မမမြ. . . မောင်မောင့်အိမ်ကို လိုက်ဖို့စဉ်းစားပါမယ်"

မမမြစကားကြောင့် ကျွန်တော်စိတ်ဝင်စားသွားရသည်။ သို့သော် ကျွန်တော်မကြိုက်လျှင် နောက်ဆုံး ကျွန်တော့်အိမ်သို့လိုက်ပါမည်ဆိုသည့်အကြောင်းတော့ သိရပြီဖြစ်သည်။ သို့သော် ကျွန်တော်ကြိုက်မှု မကြိုက်မှု ပြောရအောင် မမမြသည် ကျွန်တော့်သမီးမဟုတ်သလို ကလေးငယ်တစ်ယောက်လည်းမဟုတ်ပေ။ အသက်လေးဆယ်ကျော်စမမမြကို ကိုယ့်ဘာသာဆုံးဖြတ်နိုင်ရန် ကျွန်တော်ကူညီရပေမည်။ ယခုတော့ မမမြသည် ကျွန်တော့်ကို ချစ်ခင်သည့်စိတ်၊ အားကိုးသည့်စိတ်တို့ဖြင့် ကျွန်တော့်အကြိုက်လိုက်ပါရန် ပြောနေသော်လည်း အသက်လေးဆယ်ကျော်အရွယ်မမမြအနေဖြင့် ကိုယ့်ဘာသာကိုယ် ရွေးချယ်ဆုံးဖြတ်နိုင်ရမည်လေ။ တစ်ခုပဲ ပြောစရာရှိသည်မှာ ကျွန်တော်သည် မမမြ၏ရွေးချယ်မှုကို မမမြနှင့်အတူလိုက်ပါစဉ်းစား တည့်မတ်ပေးရန်အတွက်တော့ ပါဝင်ရလိမ့်မည်။ မမမြမှာ ဆွေမျိုးရင်းချာဆိုသည်ထက် ရင်းနှီးကျွမ်းဝင်သော ကျွန်တော်တို့သာရှိသည်လေ။

"မမမြ. . . မမမြ ဒီမှာပဲနေခဲ့ပြီး အိမ်ထောင်ပြုတော့မလို့"

မထင်မှတ်သောစကားကိုကြားရ၍ ကျွန်တော် ရုတ်တရက်အံ့ဩသွားလေသည်။ မမမြက မပြောတော့လည်း မပြော၊ ပြောတော့လည်း ဖြုန်းဆိုပြောချကာ ခေါင်းကြီးတွင်တွင်ငုံ့ထားလေသည်။ ကျွန်တော်သည် ကြားလိုက်ရသောစကားကို သေချာပါတယ်ဟုတွေးကာ ဘာဆက်ပြောရမှန်းမသိဖြစ်နေခဲ့သေးသည်။ မမမြက ကျွန်တော့်ရှေ့ ခေါင်းကြီးငုံ့ထိုင်ရင်း တလိမ့်လိမ့်ကျလာသော မျက်ရည်စက်ကို ဖျတ်ခနဲသုတ်လိုက်သည်ကို မြင်မှသာလျှင် -

"ဘယ်သူနဲ့အိမ်ထောင်ပြုမှာလဲ မမမြ" ဟု မေးရတော့သည်။ တကယ်တော့ မမမြမျာ ကျွန်တော့်အပေါ်လည်း အလွန်ရှက်နေမည်ဖြစ်ကာ မနည်းအားတင်းပြောရရှာမှာပဲဟုတွေးလျက် အခြေအနေကို သက်သောင့်သက်သာဖြစ်ရန်ပြင်ဆင်ရသည်။ သို့သော် သူစိမ်းယောကျ်ားနှင့်ပတ်သက်၍ တစ်စုံတစ်ရာမကြားဖူး၊ ရည်းစားသနာလည်းရှိတယ် မကြားဖူးသော မမမြ ဘယ်သူနဲ့အိမ်ထောင်ပြုမှာလဲကို ကျွန်တော် အလွန်အမင်းသိချင်နေလေသည်။

"သူ့ကို မောင်မောင်သိပါတယ်၊ သတိမထားမိလို့သာပါ၊ ဟို. . . အိမ်မှာလေ. . . ကွမ်းသီးလာလာသိမ်းပေးတဲ့ ဟို. . . မြင့်မောင်ရယ်လေ"

"ဟင်. . . အဲဒီလူလား"

ကျွန်တော့်ပါးစပ်က လွှတ်ခနဲပြောမိလျှင် မမမြ ခေါင်းမှာ ပိုလို့ပင်ငုံ့လျှိုးသွားလေသည်။ အသားညိုခြောက်ခြောက်၊ အရပ်ခပ်ပျပ်ပျပ်နှင့် ခြံမှာ ကွမ်းသီးသိမ်းလျှင် အဖေခေါ်ခိုင်းနေကျလူတစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့အရပ်သားမဟုတ်သော်လည်း ခပ်လှမ်းလှမ်းရွာတစ်ရွာဘက်ကလို့တော့ သိထားသည်။ ဒီထက်တော့ပိုမသိ၊ ကျွန်တော်နှင့် အဝင်အထွက် ဆုံဖူးရုံမျှသာ။

"သူက ဘာအလုပ်လုပ်လဲ"

ကွမ်းသီးလိုက်ခူးသည်ကိုမြင်နေလျက် ကျွန်တော်သည် မမမြကို သမီးတစ်ယောက်ကိုမေးသလို မေးမိသည်။ မမမြကလည်း အဖေ့ထံတွင် လင်ယူခါနီးသမီးသည် အမေးခံရသကဲ့သို့ ဖြေရှာသည်။

"အရင်ကတော့ ကွမ်းသီး၊ အုန်းသီးပဲ အငှားလိုက်ခူးတာ၊ အခုတော့ ကွမ်းသီးတွေစုကောက်ပြီး ပွဲရုံတွေမှာ လိုက်သွင်းတာတို့ ဘာတို့တော့လုပ်ပါတယ်"

မမမြက သူ့လူ စီးပွားရေးတိုးချဲ့လာသည့်သတင်းမျိုးဖြေသည်။

"မမမြက ဘာမှတော့မပြောထားသေးပါဘူး၊ မောင်မောင့်ကိုပဲ အရင်ပြောပြတာ"ဟု ခပ်ဆိုင်းဆိုင်းဆက်ပြောသည်။ ကဲ. . . မမမြအပြောသည် ကျွန်တော့်ခေါင်းပေါ် လုံးလုံးကျလာလေပြီ။

"မောင်မောင်သဘောမကျရင် မမမြမလုပ်ပါဘူး"

ဒီစကားက ကျွန်တော့်ကိုဆုံးဖြတ်ရခက်စေသောစကား။ "သူက ဘယ်မှာနေသလဲ၊ အိမ်ပိုင်ရာပိုင်နဲ့လား၊ ပြီးတော့ လူပျိုကောဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတော့ ကျွန်တော်မေးရမည်။ ဘာပဲဖြစ်ဖြစ် ယခုအချိန်အခါတွင် ကျွန်တော်သည် မမမြ၏ အုပ်ထိန်းသူ။

"အရင်ကအိမ်ထောင်ကျဖူးတယ်၊ သူမိန်းမသေသွားပြီ၊ သားသမီးတော့မရှိပါဘူး"

အေးလေ၊ ဒီလောက်တော့ရှိမှာပဲပေါ့။ လူပျိုလူလွတ်တော့ ဘယ်ဟုတ်တော့လေမလဲ။ ရွာသစ်ဘက်တွင် သူ့အိမ်ဝိုင်းကလေးတစ်ခုတော့ရှိသည်ဟုသိရလျှင် ဘာပဲဖြစ်ဖြစ် မြေကလေးဘာလေးပိုင်တာပဲဟု တွေးရသည်။ အသောက်အစားကောကင်းရဲ့လားဟု မေးလျှင် တစ်ခါတစ်ခါ ပွဲရှိရင်တော့ နည်းနည်းပါးပါး သောက်တာပါပဲဟုဖြေသည်၊ ထို့နောက် စိတ်ထဲရှိသည်ကို မေးမြန်းမိရင်း ညဥ့်လည်းအတော်နက်လာပြီပဲဟု သတိပြုမိသည်။ သည်နေ့ ရှုပါက ကိုကိုပဲပြောပါဟုဆိုကာ စောစောစီးစီးအိပ်ရာဝင်နှင့်သည်မို့ ကျွန်တော်နှင့် မမမြ ကျန်ရစ်ခြင်းဖြစ်သည်၊ သူရှိလျှင် သူ့စိတ်နှင့်မတွေ့က ဝုန်းဒိုင်းကြဲပြောဆိုဦးမည်ဖြစ်ကာ မမမြကလည်း သည်သို့သည်နှယ်ပြောလိမ့်မည်မဟုတ်။

မမမြနှင့်စကားဝိုင်းသိမ်းကြလျှင် မမမြ နောက်ဆုံးပြောသောစကားတစ်ခွန်းမှာ ကျွန်တော့်အတွေးထဲတဝဲလည်လည်ကျန်ရစ်သည်။

"မမမြလည်း အိမ်ထောင်ပြုချင်လှလို့တော့မဟုတ်ပါဘူး မောင်မောင်၊ ကိုယ့်အိမ်ကိုယ့်ရာကလေးနဲ့နေချင်တာလည်းပါပါတယ်" ဟု မမမြက ကျွန်တော့်ကိုပြောခဲ့လေသည်။

❑

ရှုပါပြန်သွားပြီးသည့်နောက် ကျွန်တော်သာလျှင် ကျန်ရစ်နေသေးသည်။ ရှုပါ့ကို အကျိုးအကြောင်းတော့ ပြောပြလိုက်ရပြီဖြစ်ကာ မရွှေရှုပါအား မမမြကို တစ်ခွန်းမှမပြောမဆိုရန်နှင့် မသိသလိုအနေအထားနှင့်နေရန်ကိုသာ ပြောထားရသည်၊ ရှုပါက ကျွန်တော့်စကားကိုနားထောင်သော်လည်း ပြန်ခါနီးအချိန်အထိ ကျွန်တော့်ကိုပွစိပွစိရေရွတ်သွားလေသည်၊ သူ့သဘောက ဒီအရွယ်ကြီးကျမှ အိမ်ထောင်မပြုစေလိုတော့ဘဲ သူ့အိမ်ဖြစ်ဖြစ်၊ ကျွန်တော့်အိမ်ဖြစ်ဖြစ် လိုက်နေစေရန်ဖြစ်သည်။

ကျွန်တော်သည် မပြန်ခင် မမမြကို တစ်စုံတစ်ခုတော့ ပြောရတော့မည်။ သူမမှာ မောင်မောင်မကြိုက်လျှင်မလုပ်ပါဟု ပြောနေရှာသည်ကို ကျွန်တော် စိတ်မကောင်းဖြစ်မိသည်၊ မမမြသည် ကျွန်တော့်ကို မောင်လို၊ အစ်ကိုလို အားကိုးရှာပါသည်။ မြင့်မောင်ကိုလည်း ကြီးတော်ကြီးရက်လည်တွင် လာကူလုပ်ကိုင်နေသည်ကို မမမြပြောမှ ကျွန်တော်ပြန်တွေးကြည့်မိသည်။ မျက်နှာသွင်ပြင်မှာ မိုးသားဟန်ရှိလျက် ရိုရိုကျိုးကျိုးပါပဲဟု တွေးမိသည်။ ကျွန်တော့်ကိုနှုတ်မဆက်ဘဲ ခပ်ယို့ယို့ဖြစ်နေသည်မှာ သူ့ဘာသာမလုံမလဲဖြစ်ဟန်တူသည်။

မမမြသည် လူပုံက ခပ်သွယ်သွယ်၊ အပျိုကြီးလည်းဖြစ်သည်မို့ အသက်ထက်စာလျှင် နုပျိုဟန်ရှိသည်၊ သနပ်ခါးဖွေးနေအောင်လိမ်းလျက် ခြံထဲရှိ ပန်းတစ်မျိုးမျိုးကိုပန်ထားတတ်ကာ ရုပ်ရည်မလှသော်လည်း ကြီးတော်ကြီးလက်ထွက်ပေမို့ ရှင်းရှင်းကြော့ကြော့နေတတ်သည်။

မမမြအကြောင်းကိုတွေးမိတိုင်း အခြားသောအကြောင်းများထက် ထိုညက သူနောက်ဆုံးပြောခဲ့သောစကားတစ်ခွန်းက ကျွန်တော့်အတွေးထဲရောက်လာတတ်သည်။

"မမမြလည်း အိမ်ထောင်ပြုချင်လှလို့တော့မဟုတ်ပါဘူး မောင်မောင်၊ ကိုယ့်အိမ်ကိုယ့်ရာကလေးနဲ့နေချင်တာလည်းပါပါတယ်"

ဒီစကားကိုတွေးကြည့်လျှင် အဓိပ္ပာယ်များစွာပါကြောင်း တွေ့ရမည်။ ကျွန်တော်သည် မမမြပြောသောစကား၏အဓိပ္ပာယ်ကို အပြန်ပြန်အလှန်လှန်တွေးနေခဲ့သည်။

တကယ်တော့ မမမြအကြောင်းကိုတွေးကြည့်လျှင် မမမြသည် ငယ်စဉ်ကပင် မိဘမဲ့ဘဝနှင့် ကျွန်တော်တို့အိမ်ရောက်လာသည်၊ ကျွန်တော်တို့ မည်မျှပင်ကောင်းစေဦးတော့ သူ့စိတ်ထဲတွင် အမြဲအားငယ်စိတ်ရှိနေပေလိမ့်မည်၊ ကျွန်တော့်ညီမများ၏ ဂိုတိုက်သောဇော်ကိုလည်း သူခံခဲ့ရပေသည်၊ ထို့အပြင် အသက်အရွယ်ကလေးကြီးလာတော့လည်း စည်းကမ်းကြီးလှသော ကြီးတော်အပျိုကြီး၏အုပ်ထိန်းမှုအောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရင်း သူကိုယ်တိုင်လည်း မှီအေးလှသည်ဖြစ်ရာ ယောက်ျားလေးကိစ္စနှင့်ပတ်သက်၍ မမမြသည် အပြစ်အနာအဆာမရှိ။ ထို့နောက် အဖေ လေဖြတ်သောကြောင့်၊ ကြီးတော်ကြီး အိုမင်းမစွမ်းသောကြောင့် ဒီလူနာများကိုပြုစုရင်း ဒီအိုကြီးအိုမများနှင့်သာ အချိန်ကုန်ခဲ့ရသည်။ ကျွန်တော်တို့ကိုလည်း အဖေက ရန်ကုန်မှာ ကျောင်းထားသောကြောင့် မမမြသည် အဖော်မရ။ လူအိုလူမင်းများသာရှိသော ကျွန်တော်တို့အိမ်သည် ရုတ်တရက်ကြည့်လျှင် သီလရှင်ကျောင်းကလေးကဲ့သို့ ငြိမ်သက်တိတ်ဆိတ်လှသည်။ ဒီအိမ်ကြီးထဲတွင် မမမြသည် ဘုရားစာရွတ်ရင်း၊ လူနာများကိုပြုစုရင်း၊ ရံဖန်ရံခါ ကျွန်တော်တို့မိသားစုများလာလည်ချိန်တွင် အိုးကြီးအိုးမဒိုင်ခံချက်ရင်း မမမြ၏ဘဝသည် ခြောက်သွေ့စွာ အချိန်ကုန်ခဲ့ရပေလိမ့်မည်။

ထို့အပြင် ဘက်မလိုက်တမ်းဆိုရလျှင် ကျွန်တော်တို့သည် သည်သို့သာလျှင်နေထိုင်ခဲ့ရသော မမမြ၏ဘဝကို သက်တမ်းရှည်အောင်စီစဉ်ဖန်တီးကြပြန်သည်ဟု ဆိုရမည်ဖြစ်သည်။ မမမြကို ကျွန်တော့်အိမ်၊ သို့မဟုတ် ရှုပ်ါအိမ်တွင်ထားကာ ကျွန်တော်တို့၏ကလေးများကို ထိန်းကျောင်းရင်း၊ အိမ်ကိုထိန်းကျောင်းရင်း ဆက်လက်အချိန်ကုန်စေရန်တွေးခဲ့ကြသည်။ တကယ်တော့ မမမြ အနေဖြင့် သည်သို့ချည်းသာဘယ်နေချင်လိမ့်မလဲဟု ကျွန်တော်တွေးမိလာသည်။ ထို့အပြင် ကျွန်တော့်ဇနီးသည်သည် တစ်ဦးတည်းသောသမီး၊ ပိုက်ဆံလည်း အထိုက်အသင့်ရှိသောကြောင့် လူတန်းစားခွဲခြားတတ်သည်။ ရှုပါသည် သူ့စိတ်အလိုမကျလျှင် ငယ်ငယ်ကတည်းက မမမြကိုအော်ဟစ်ပြောဆိုနေကျဖြစ်သည်။ ကြီးတော်ကြီးက ရိုက်နှက်ကာ ဆုံးမသော်လည်း ဒီကောင်မလေးက ငယ်စဉ်ကပင် သူ့စိတ်ဆိုးချိန် ထိုသို့လုပ်တတ်လျက် အပေးအကမ်းတော့ ရက်ရောတတ်သူဖြစ်သည်။ မမမြကို ရွှေ ငွေနှင့် အကျီအကောင်းစားများကို သူပဲဆင်ယင်ပေးတတ်သေးသည်။ သို့သော် ယခုအခါတွင် မမမြသည် ကျွန်တော့်အိမ်တွင်ဖြစ်စေ၊ ရှုပါအိမ်တွင်ဖြစ်စေ ဒီလိုအခြေအနေမျိုးတွေ့ကြုံနေရလျှင် မမမြပျော်ပါ့မလား၊ စိတ်ချမ်းသာနိုင်ပါ့မလား။

တချို့က ဒီအရွယ်ကြီး တရားစခန်းသွားပါလား။ သီလရှင်ဝတ်လိုက်ပေါ့ဟု တိုက်တွန်းတတ်သေးသည်။ သည်သို့ဖြစ်လျှင် သည်သို့သာဖြစ်ရမည်ဟူသော သတ်မှတ်ချက်များ၊ သူများဘဝကို ဝင်ရောက်ဆုံးဖြတ်သောစကားများကို ကျွန်တော်မကြိုက်။ ကိုယ်တွေက မိသားစုများပျော်ပျော်ရွှင်ရွှင်နှင့် သည်သောင်ယံကဖြင့် မခွာရက်နိုင်ဘဲ လူတစ်ဖက်သားအား ဘိုးဘွားရိပ်သာရှိတာပဲ၊ ဘုရားတရားလုပ်တော့ပေါ့ဟု တစ်ဖက်သတ်တိုက်တွန်းချက်များကို ကျွန်တော် သဘောမကျ။ ဒီစကားများက စေတနာပါသယောင်ထင်ရသော်လည်း တစ်ဖက်သားမှာ သူတို့ ငါ့ကိုမလိုအပ်တော့လို့ ဘေးဖယ်ကြပြီပေါ့ဟု ခံစားရစေနိုင်သည်၊ သို့မဟုတ် သမားရိုးကျတွေးကာ တစ်ဖက်သားကို လက်လွှတ်စပယ်ပြောသလို အနေအထားဖြစ်စေသည်။ အားလုံးသည် ကံကြမ္မာအတိုင်းသာလျှင်ဖြစ်ကြရလျက် ကိုယ့်ဘဝနှင့်ကိုယ်သာလျှင်ဖြစ်သည်။

ယခု မမမြက ကိုယ့်အိမ်ကိုယ့်ရာကလေး၊ တစ်နည်းဆိုရလျှင် သူ့ဘဝနှင့်သူ၊ သူ့ခြေသူ့လက်၊ လူ့ဘဝတစ်သက်မှာ တစ်ခါတော့နေဖူးချင်ရှာပေလိမ့်မည်။ ကျွန်တော်တို့သည် မမမြကို ကျေးမွေးစောင့်ရှောက်ခဲ့သည်မှန်သော်လည်း ကိုယ့်အတွက်သာထည့်တွေးသည်များလည်း ဖြစ်ခဲ့ပေသည်။ သူလည်း သူ့ဘဝသူ ရပ်တည်ချင်ရှာလိမ့်မပေါ့ဟု ကျွန်တော် တွေးသည်။ အဆင်ပြေနိုင်သည်၊ မပြေနိုင်သည်များမှာ မှန်းဆကြရသည်သာဖြစ်ပြီး ကံတရားအတိုင်းသာဖြစ်ကြရပေမည်။

ကျွန်တော်သည် မမမြရှေ့ရေးအတွက် ခိုင်မာစွာတွေးရင်း မနက်ဖြန် ကျွန်တော့်အိမ်၊ ရှုပါအိမ်များသို့ ဖုန်းဆက်ရမည်ဖြစ်သည်။ ကျွန်တော် ဒီမှာ ခဏကြာဦးမည်ဖြစ်ကြောင်းနှင့် အကျိုးအကြောင်းကို ပြောပြရပေဦးမည်၊ ထို့အပြင် မမမြကိုပြောကာ မြင့်မောင်ဆိုသူကိုခေါ်တွေ့ခြင်း၊ ရပ်ကွက်လူကြီးစုံရာနှင့်တောင်းရမ်းစေခြင်း၊ အနည်းဆုံးတော့ မင်္ဂလာဆွမ်းကျွေးကို ကမကထပြုစီစဉ်ခြင်း၊ အိမ်ကိုစွတချို့ဆောင်ရွက်ခြင်း၊ မမမြကို အမွေတချို့နှင့် ပစ္စည်းပစ္စယပေးခဲ့ခြင်း စသည်ဖြင့် ကျွန်တော် စီစဉ်ရဦးမည်ဖြစ်ပေသည်။ ။

**နွေးထွေး**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကမ်းကုန်အောင် လွမ်းစေခဲ့သလား

မေငြိမ်းချမ်းနိုင်

ဒီနှစ်ဆောင်းက အအေးပိုလှသည်။ ချမ်းလိုက်သည်မှာ ဆိုဖွယ်ရာမရှိချေ။ နံနက်ခင်း ခြံတံခါးအဖွင့် ခြံတံခါးအနားကပ်၍ တအီအီအသံပေးကာ လုံးနေအောင်ကွေးနေသော အနက်ရောင်ခွေးလေးတစ်ကောင်ကိုတွေ့လိုက်ရသည်။

"အိုး. . . ချစ်စရာကောင်းလိုက်တာ"

ကျွန်မကပွေ့ချီလိုက်တော့ မျက်လုံးပြူးကလေးဖြင့် မော့ကြည့်ရှာသည်။

"ငယ်ထွေးရေ. . . လာကြည့်စမ်းဟေ့၊ ဒီမှာ ခွေးကလေး"

ကျွန်မညီမလေးက အိမ်ထဲမှပြေးထွက်လာသည်။ ခွေးကလေးကိုမြင်သောအခါ "ချစ်စရာလေး. . . ချစ်စရာလေး"ဟုအော်ဟစ်ကာ ပျော်လွန်း၍ခုန်ပေါက်နေသည်။ ကိုကိုကလည်း အိမ်ထဲမှထွက်လာသည်။

"မိစုရေ. . . အိမ်ထဲကိုခေါ်ခဲ့"

ကိုကိုကလှမ်းပြောသဖြင့် အိမ်ထဲခေါ်လာခဲ့သည်။ အနက်ရောင်အမွေးနုလေးများကိုပွတ်သပ်ရသည်မှာ ကတ္တီပါစအလား နူးညံ့လှသည်။ သူလေးနေရန် နေရာပြင်ပေးရမည်။ မေမေက ဂွမ်းစောင်အဟောင်းကလေးများထုတ်ပေးသည်။ ဂွမ်းစောင်အဟောင်းလေးခင်းပြီး နွေးထွေးစေရန် စောင်လေးများဖြင့်ထွေးပွေ့ပေးလိုက်သည်။ ခွေးနက်လေးက ကျွန်မတို့မောင်နှမသုံးယောက်ကို 'ကျေးဇူးတင်ပါတယ်'ဟုအဓိပ္ပာယ်ရသည့် မျက်လုံးရွဲကြီးများဖြင့် မော့ကြည့်ရှာပါသည်။

"သူ့ကို 'မဟူရာ'လို့ နာမည်ပေးရမယ်"

ကိုကိုက အဆိုတင်သွင်းသည်။ ကျွန်မတို့အားလုံး သံပြိုင်အော်လိုက်ကြသည်။

"မဟူရာ"

❑

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် မခေါ်ဘဲရောက်လာသည့် ဧည့်သည်ကမူ အမြီးလေးတနှန့်နှန့်နှင့် မျက်စိလည်လမ်းမှားလာသော ခွေးဖြူလေးတစ်ကောင်ဖြစ်သည်။ အဖြူရောင်အမွေးပွပွ၊ ဝဝတုတ်တုတ်၊ အရုပ်ပုပုလေးမို့ တစ်မျိုးချစ်စရာကောင်းသည်။ အဖြူရောင်ခွေးထီးလေးဖြစ်၍ 'ဘိုဖြူ'ဟုအမည်ပေးခဲ့သည်။

မဟူရာနှင့်ဘိုဖြူတို့သည် ကျွန်မတို့မောင်နှမများအတွက် ကစားဖော်များဖြစ်ခဲ့သည်။ ကျောင်းသွားလျှင်လည်း တကောက်ကောက်လိုက်တတ်လွန်း၍ ပြန်လည်မောင်းထုတ်ရသည်မှာအမော။ သံယောဇဉ်ကြီးများလွန်းထိုးယှက်၍ တစ်စထက်တစ်စ၊ တစ်ရက်ထက်တစ်ရက်၊ တစ်နှစ်ထက်တစ်နှစ် ရစ်ပတ်နှောင်တွယ်ခဲ့သည်မှာ မဟူရာနှင့် ဘိုဖြူပင် အရွယ်ရောက်ခဲ့ချေပြီ။

တစ်အိမ်တည်းအနေကြာ၍ သံယောဇဉ်နိုင်မာနေသည်လားမသိ။ အခြားသူများကိုစိတ်မဝင်စား။ ဘိုဖြူနှင့်မဟူရာ နှစ်လှာပေါင်းတစ်ရွက်ပမာ သူတို့ဘဝ။ တစ်ကောင်နှင့်တစ်ကောင် ချစ်ခွန်းတုံ့တင်လည်ကုပ်သားလေးများကို မနာအောင်ကိုက်လိုက်၊ လျှာလေးဖြင့်လျက်ပေးလိုက်နှင့် အချစ်ကမ္ဘာကြီးတည်ဆောက်နေကြသည်။ မဟူရာအတွက် ဘိုဖြူသာ အရှင်သခင်၊ ဘိုဖြူအတွက် မဟူရာသာ မယားသီ၊ အခြားသောသူများ တစ်စုံတစ်ယောက်မျှမကပ်ဝံ့ပြီ။ ဤမျှမေတ္တာ၊ သစ္စာ ခိုင်မြဲနေသော ဘိုဖြူနှင့်မဟူရာ ချစ်မေတ္တာများပွားစီး၍ မျိုးဆက်သစ်များရရှိမည့်အချိန်သို့ရောက်ခဲ့ပြီ။

❑

မဟူရာအတွက် မီးနေခန်းလေးကို မေမေက ဝါးလုံးတိုင်ထူ၍ ချည်စောင်အဟောင်းပါးပါးလေးများကို ကာရံပေးထားသည်။ အထဲတွင် ဂွမ်းစောင်ဟောင်းလေး ခင်းပေးထားသည်။ ရေခွက်၊ အစာခွက်တို့ကိုလည်း အဆင်သင့်ထားပေးသည်။

မွေးဖွားချိန်နီးလာသောအခါ မဟူရာသည် တအီအီ တအင်းအင်း ညည်းညူရှာသည်။ သူလေး နာရှာမည်ပေါ့။ ဘိုဖြူကလည်း အနားမှတစ်ဖဝါးမှမခွာ၊ လျှာလေးဖြင့်လျက်ကာလျက်ကာ ချစ်ဇနီးကိုအားပေးရှာသည်။

ပထမဆုံးမွေးဖွားလာသူလေးက ဘိုဖြူနှင့် မဟူရာအသွေးကို ဆတူရောစပ်ထားသည့်ပမာ အညိုရင့်ရင့်အသွေးဖြင့် မျက်နှာပေါ်တွင် နှာခေါင်းနှင့်ပါးစပ်နေရာ၌ အနက်ရောင်ဖြစ်နေသည့် ကလေးလေး၊ ငယ်ထွေးက ခေါင်းပြူကြည့်ရင်း 'ရုပ်ဆိုးလိုက်တာ'ဟု မှတ်ချက်ချသည်။ 'ရုပ်ဆိုး'ဟုအမည်တွင်သွားသော်လည်း ထွားထွားကျိုင်းကျိုင်း၊ အမွေးလှလှဖြင့် ချစ်ဖို့ကောင်းသောကောင်လေးတစ်ယောက်။

ပင်ပန်းရှာရှော့ထင့်၊ မဟူရာငြိမ်နေသည်။ ခဏတာအပန်းပြေသောအခါ တအင်းအင်း တအဲအဲ အသံပြုရှာပြန်သည်။ ဒီတစ်ခါတွင်မူ အဖြူရောင်အောက်ခံတွင် အနက်ရောင်ကွက်လုံးလုံးလေးများဖြင့် လှလိုက်သည့်ကလေး။ ကြည့်လိုက်တော့ အမလေး . . . ကမ်းကုန်အောင်လှမယ့် 'ဂျမ်းပုံ'တဲ့ဟေ့။

နောက်ဆုံး အားတင်းမွေးရသူလေးကတော့ ဖြူဆွတ်ဆွတ်အမွေးနုလေးများဖြင့် အငယ်ဆုံး၊ အသေးဆုံး ဖြူဆွတ်ဆိုသည့်ကောင်မလေး။

❑

မေမေက နွားနို့မှာ၍ မဟူရာအတွက် နို့ထမင်းကျိုပေးသည်။ သူကြိုက်သည့် ငါးသေးသေး၊ ပုစွန်သေးသေးလေးများဖြင့် ထမင်းကိုရောနယ်ပေးသည်။ ကျွန်မတို့မောင်နှမများကလည်း မိမိရသောမုန့်ဖိုးများထဲမှ စာကလေးခွေ၊ အာလူးကြော်၊ ကြက်ဥမုန့်တို့ကို ခွဲဝေကျွေးကြသည်။ ချစ်ကြသည်လေ။ တစ်အိမ်လုံး၏ နှလုံးသည်းပွတ်လေးများ။

မျက်စိမဖွင့်နိုင်မီ ဒယိမ်းဒယိုင်လေးလျှောက်သည်ကပင် ချစ်စရာဟုမြင်မိသည်။ မိခင် မဟူရာ၏ရင်ခွင်သို့ဝင်၍ တပြွတ်ပြွတ်နို့စို့ကြသောအခါ ကရုဏာသက်စရာဟုထင်မိသည်။ မျက်စိပွင့်၍သွားလာနိုင်ချိန် တတောက်တောက်သွားသည့်နောက် တကောက်ကောက်လိုက်ရသည်ကို ပျော်စရာဟုထင်မိသည်။ ပင်ပေါင်ဘောလုံးလေးများကို အပေါက်ဖောက်၊ ကြိုးဖြင့်ချည်၍ ကျွန်မတို့က ရှေ့မှသွား၊ သူတို့က လက်ကလေးများဖြင့် ပုတ်ကာ နောက်ကလိုက်၍ကစားရသည်ကိုလည်း ပျော်သည်။

သူတို့လေးတွေက အကြီးမြန်ကြသည်။ တစ်နှစ်၊ နှစ်နှစ်အတွင်း ဘိုဖြူ မဟူရာတို့နှင့် နင်လားငါလား

www.burmeseclassic.com

www.burmeseclassic.com



အမှတ်များရသည်။ အဆော့သန်သည်မှာလည်း ပြောမနေနှင့်တော့။ အိမ်ရှေ့မှ လယ်ကွင်းရိုးပြတ်တောသည် ကျွန်မတို့မောင်နှမများနှင့် သူတို့လေးတွေ၏ ကစားကွင်း။ ကိုကိုက ဦးဆောင်ကာ ရှေ့ကပြေး၏။ ခပ်လှမ်းလှမ်းသို့ သစ်ကိုင်းခြောက်ကို လှမ်းပေါက်တတ်သည်။ ကိုကို့ကိုမီအောင်ပြေးသည့် ရုပ်ဆိုးက ကျော်တက်ကာ သစ်ကိုင်းခြောက်လေးချီလာ၍ ပြန်လှည့်ပေးလျှင် ကိုကို့မှာ တဟားဟားဖြင့် သဘောကျမဆုံး။ ဂျမ်းပုံနှင့် ဖြူဆွတ်ကလည်း အပြေးသန်သည်။ ကျွန်မနှင့်ငယ်ထွေးမှာ သူတို့လေးတွေနောက်မှ ဟောဟဲလိုက်အောင် ပြေးလိုက်ကြသည်။ ငှက်ရိုပ်ချောင်း တာနံ့ဘေးရောက်တော့ တာဘောင်ပေါ် တက်ကြပြန်သည်။ တာဘောင်မှတစ်ဆင့် တခြားတစ်ဖက်သို့ဆင်းကြပြန်သည်။ ငမိုးရိုပ်ချောင်းရေယဉ်ကြောတွင် ခရိုးနှင်နေသော လှေသမ္ဗန်ကလေးများကို သူတို့လေးတွေက တဝုတ်ဝုတ်ဟောင်၍ ရန်ထောင်တတ်ကြသည်မှာ ရယ်စရာ။ ကျွန်မတို့ညီအစ်မနှစ်ယောက်က ကမ်းစပ်တစ်လျှောက် အလေ့ကျပေါက်သည့် တောပန်းလေးများကိုလိုက်၍ ခူးသောအခါ ဂျမ်းပုံနှင့်ဖြူဆွတ်က အနောက်က တကောက်ကောက်လိုက်ကြသည်။ ကျွန်မတို့ညီအစ်မက တောပန်းလေးများကိုသီကုံးပြီး သူတို့ခေါင်းတွင်စွပ်ပေးသောအခါ ချစ်စရာ ငြိမ်ငြိမ်လေးနေပေးသည်။ ဟိုမှာဘက်ကမ်း တိုးချောင်ကြီးရွာ၏ စိမ်းစိမ်းစိုစိုတောတန်းပေါ်တွင် မေးတင်ထားသည့် နေလုံးနီနီကြီး။ အို . . . လှလိုက်သည့်ရှုခင်း။ ပျော်စရာငယ်ဘဝများ။ လူနှင့်ခွေး ဘဝပင်ခြားသော်လည်း မေတ္တာဂဟေဆက်သစ္စာပန္နက်များကြောင့် သံယောဇဉ်ချည်တိုင်သည် ခိုင်မြဲလှသည်။ သံယောဇဉ်ကြိုးများစွာ ရစ်နှောင်ဖွဲ့ငင်အပ်သော မေတ္တာနယ်မြေ။

❑

ရုပ်ဆိုးကတော့ အထီးကလေးပီပီ သစ်ကိုင်းခြောက်ကိုလည်း ရန်လုပ်သည်။ သစ်ရွက်ကြွေကိုလည်း လိုက်ဖမ်းသည်။ အရိပ်အယောင်မြင်ရသည်နှင့် ဟောင်ရသည်မှာ အမော၊ သူ့သတ္တိလေးများကို နိုင်သလောက် ပြရသည်ပေါ့။ ကိုကိုကတော့ ရုပ်ဆိုးကို သူ၏ညီအရင်းသဖွယ် တစ်မျိုးပြီးတစ်မျိုး အမျိုးစုံသင်ပေးသည်။ သတင်းစာပို့သမားက သတင်းစာလိပ်ကို ခြံထဲပစ်ထည့်ခဲ့လျှင် ထိုသတင်းစာလိပ်ကို ဖေဖေ့ထံသွားပို့တတ်သည့် ရုပ်ဆိုး။ ဖေဖေကလည်း ပြုံးပြုံး ပြုံးပြုံးနှင့် "ဒီကောင်ကြီး အတတ်မြန်လိုက်တာ" ဟု ချီးကျူးစကားဆိုသည်။

ဂျမ်းပုံနှင့် ဖြူဆွတ်လေးတို့က ကျွန်မတို့ကိုပိုကပ်သည်။ ပွတ်ကာသပ်ကာချွဲနွဲ့တတ်သည်။ ကျွန်မတို့ ဂါဝန်စများကို အသာအယာကိုက်၍စတတ်သည်။ ဂျမ်းပုံလေးက အလွန်လှသည်။ ဖြူဆွတ်နေသောအမွေးဖြူဖြူနုနုလေးများထက်တွင် ထင်းနေသော အနက်လုံးကလေးများက ဂျမ်းပုံကို လှသွေးပို၍ကြွစေသည်။ ဘဝအခြေအနေမပေး၍ တိရစ္ဆာန်ဖြစ်နေသော်လည်း ဂျမ်းပုံက လူနှင့်စိတ်နီးသည်ဟုဆိုရမည်။ ကျွန်မတို့ကျောင်းမှ ပြန်လာသည်နှင့် ပြေးထွက်လာတတ်သည့် ဂျမ်းပုံလေး၊ ကျွန်မတို့ပြန်မလာမချင်း အစာမစားတတ်သည့်ဂျမ်းပုံ၊ ကျွန်မမျက်နှာညိုလျှင် ငြိမ်ငြိမ်လေးကုပ်နေတတ်ပြီး ကျွန်မတို့ပျော်လျှင် အတူတူခုန်ပေါက်ပျော်ရွှင်တတ်သည့် ဂျမ်းပုံလေး။ ခြံထဲမှာ ကျွန်မစာကျက်လျှင် ကျွန်မခြေရင်းဝယ် ဝပ်စင်းလျက် မျက်လုံးရွှဲကြီးများနှင့် မော့ကြည့်နေတတ်သည့် မိဂျမ်းပုံ၊ ကျွန်မတို့နှင့်မခြား တစ်သွေးတစ်သားတည်းရှိတတ်သည့် ဂျမ်းပုံရယ်၊ ကမ်းကုန်အောင်ချစ်ရပါသည်။ ရင်နဲ့အမျှပါ မိဂျမ်းပုံ။

ဖြူဆွတ်က ကျွန်မတို့ကိုချစ်မက်သော်ငြား အစားကိုပိုမက်သည်။ သူကြိုက်သည့်အစားအစာဆိုလျှင် ခေါင်းမဖော်တမ်းစားတတ်သည်။ မည်သူ့ကိုမျှ ဂရုမစိုက်တော့၊ သို့ကြောင့်ပင် သူကြိုက်သောအမဲရိုးကို ဖေဖေက အမဲဈေးမှဝယ်လာပေးပြီး မေမေကပြုတ်ပေးသည်။ အမဲရိုးစားရသောနေ့ဆိုလျှင် ဖြူဆွတ်မှာ အမဲရိုးကိုက်၍ ကျေနပ်နေတတ်သည်။

သူတို့လေးတွေနှင့် ကျွန်မတို့မောင်နှမသုံးယောက်သည် ရေကိုသားလျှင်သာ အကြားထင်လျှင်ထင်မည်၊ ကျွန်မတို့ကမူ တစ်စိတ်တစ်ဝမ်းတည်း၊ တစည်းတဖွဲ့တည်း၊ တစ်သွေးတစ်သားတည်း ရဲဘော်ရဲဘက်စိတ်ဖြင့် အစဉ်အမြဲ သံယောဇဉ်ကြိုးရစ်နှောင်တိုးလျက်ရှိပေသည်။

❑

ကျောင်းတက်လိုက်၊ စာကျက်လိုက်၊ မိဘကူလိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ခွေးကလေးများနှင့်ဆော့ကစားလိုက်နှင့် အသားကျနေသော ကျွန်မတို့၏ဘဝ။ မိကောင်းဖကောင်းတို့၏ ရင်ခွင်တွင် ရှင်သန်ခွင့်ရခဲ့သော ကျွန်မတို့မောင်နှမ သုံးယောက်က စာတော်သည်။ ယဉ်ကျေးသည်။ လိမ္မာသည်။ သူတစ်ပါးကိုလည်းမတုပြိုင်။ စည်းစနစ်ကြီးသောမိသားစုဖြစ်သည်မို့ ကျွန်မတို့မိသားစုသည် ပတ်ဝန်းကျင်တွင် အတုယူစရာ၊ အားကျစရာ။ သို့သော်ငြား မနာလိုမုန်းထား အငြိုးထား၍ရန်ရှာတတ်သည်ကတော့ အောက်တန်းကျသောစိတ်ဓာတ်ဟု ကျွန်မထင်မြင်မိသည်။

ကိုကိုက ခွေးလေးတွေနှင့်ပိုမိုကျွမ်းဝင်သည်။ ပို၍ကျွမ်းဝင်မည်ပေါ့။ သူတို့နှင့်အပြိုင်ပြေးကာ သူတို့ကို ကျော်တက်နိုင်သူ၊ ဦးဆောင်နိုင်သူ။ သူတို့လေးတွေကြီးလာတော့လည်း အိမ်လုံလှသည်။ ညဉ့်နက်သန်းခေါင်ချိန် အိမ်ရှေ့မှဖြတ်သွားသည်နှင့် တဝုတ်ဝုတ်နှင့် ထိုးဟောင်ကြသည်။ ကိုယ်ရံတော်တပ်မှူး ၅ ဦး၏ အားဖြင့် ကျွန်မတို့ခြံနားသို့ မည်သည့်သူခိုးသူဝှက်မျှ အနားမသီဝံ့ပေ။ သတ္တိကောင်း၍ ခြံစည်းရိုးကျော်ခဲ့သည်ရှိငြားအံ့၊ သူတို့ငါးကောင်လက်ချက်ဖြင့် အလဲလဲ အကွဲကွဲ သွေးအန်ရွှဲရွှဲဖြစ်မှာ သေချာသည်။

ထိုတစ်နေ့ကိုတော့ ကျွန်မမေ့မည်မထင်။ ညဆယ်နာရီကျော်ကျော်ခန့်တွင် ကျွန်မတို့လမ်းထဲမှ ဦးမောင်သန်းဆိုသူက အရက်မူး၍ အိမ်ရှေ့မှဖြတ်သည်။ ဒီတော့ ထုံးစံအတိုင်း ကျွန်မတို့၏ကိုယ်ရံတော်များက ဝုန်းဒိုင်းကြဲထိုးဟောင်ကြသည်။

“ဘယ်. . . ကမြင်းကောင်တွေက. . . အသံတွေကျယ်နေကြတာလဲ၊ ခွေးသားပေါ် ထည့်လိုက်လို့. . . ခွေးတွေ ဟင်းအိုးထဲရောက်သွားမယ်၊ ဟေ့. . . အထဲမှာ အောင်းမနေနဲ့၊ သတ္တိရှိရင် ထွက်ခဲ့စမ်း”

ရိုင်းစိုင်းသည့်စကားလုံးများ ထပ်ကာထပ်ကာသုံးကာ ပြောလာသည့်စကားရိုင်းများက ဆယ်ကျော်သက်အရွယ်၊ လူပျိုဖော်ဝင်စ ကိုကို၏နားထဲသို့ ပြင်းထန်ကြမ်းရှစွာဝင်လာသည်။ မည်သူမျှမထင်မှတ်ထားသည့်အချိန်တွင် ကိုကိုသည် ဝါးရင်းတုတ်ကိုဆွဲ၍ ခြံတံခါးကို ဝုန်းခနဲဖွင့်ကာ ထွက်သွားခဲ့ပြီ။

“ဘယ်သူသတ္တိပိုရှိသလဲသိချင်ရင် လာခဲ့လေ”

ကိုကိုက စိန်ခေါ်လေပြီ။ ဦးမောင်သန်းလက်ထဲတွင် သောက်လက်စအရက်ပုလင်းခွံ၊ ပုဆိုးကလည်းကွင်းသိုင်းလျက်၊ ခြေလှမ်းများကလည်းမမှန်၊ ဟိုယိုင်ယိုင် ဒီယိုင်ယိုင်။ ဝါးရင်းတုတ်ဖြင့် သိမ်းရိုက်လိုက်လို့ကတော့ ဦးမောင်သန်းကြီး ဟပ်ထိုးလဲမှာ အသေအချာ။

“သားကြီး. . . လူမိုက်နဲ့ယှဉ်ပြီး ရန်ဖြစ်မလို့လား”

အေးဆေးသော်ငြား စွမ်းအားအပြည့်ရှိသည့် ဖေဖေ့အသံက အိမ်တံခါးဝမှထွက်ပေါ်လာသည်။ ကိုကို့လက်ထဲတွင်ကိုင်ထားသော ဝါးရင်းတုတ်သည် တဖြည်းဖြည်းပြေလျော့၍ လွတ်ကျသွားသည်။ နောက်သို့ ခြေတစ်လှမ်းဆုတ်ရင်း ခြံထဲသို့ဝင်ကာ ခြံတံခါးကို ပိတ်လိုက်သည်။

ဖေဖေက ကိုကို့ပခုံးကို အသာပုတ်သည်။

“လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေလို့ သင်ဖူးတယ်မဟုတ်လား၊ မှတ်ထားသားကြီး၊ ငါးညှီနံ့နံ့တဲ့ဖက်နဲ့ စံပယ်ပန်းကိုထုပ်ရင် စံပယ်ပန်းလည်း မမွှေးတော့ဘူး၊ လူမိုက်နဲ့ပြိုင်မဖြစ်နဲ့”

ကိုကို့ကို ဖေဖေဆုံးမသောစကားများသည် ကျွန်မတို့မောင်နှမများအတွက် မှတ်သားနာယူစရာများဖြစ်ပေသည်။

❑

ကံဆိုးခြင်းသည် အပေါင်းအဖော်များကိုခေါ်လာသည်ဟူသောစကား မှန်နေရော့သလားဟုထင်မိသည်။ ဖြစ်ဖို့ပင် ကံပါလာရော့သလား။ ကျွန်မတို့ကျောင်းသွားသည့်နောက် မဟူရာက တကောက်ကောက်လိုက်လာသည်။ အိမ်ပြန်ရန် ခြောက်လှန့်လွှတ်သော်လည်း မပြန်ဘဲ ဆက်လိုက်လာသဖြင့် စိတ်မဖြောင့်ဘဲ ကျောင်းသို့လာခဲ့ရသည်။ ကျွန်မတို့အိမ်ပြန်အရောက်တွင်မူ ကားကြိတ်ခံလိုက်ရသည့် သွေးသံရဲရဲခြေထောက်ကို တရွတ်ဆွဲကာ အိမ်သို့အရောက်ပြန်ခဲ့သည့် မဟူရာ၊ ကျွန်မတို့တစ်တွေ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည်။ သခင်ကို သစ္စာရှိ၍ သခင့်ထံပါးအရောက်ပြန်လာသော ချစ်သော မဟူရာ။

❑

www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးခြင်းများသည် ဤမျှနှင့်ရပ်တန့်မသွားဘဲ ကြမ္မာဆိုးများကို လက်ယပ်ခေါ်လာခဲ့သည်။ တစ်နေ့တွင် ဖေဖေက ကျွန်မတို့မောင်နှမသုံးယောက်ကို စကားပြောလေသည်။

"သားတို့သမီးတို့. . . ဖေဖေပြောတာ သေချာနားထောင်ကြ၊ ဖေဖေတို့မှာ ခွေးငါးကောင်က အပြိုင်းအရိုင်းကြီးလာ၊ သူတို့ကလည်း သူတို့သဘာဝမို့ လူစိမ်းမြင်ရင် ဟောင်မှာပဲ၊ ခြံနားကပ်လည်းဟောင်မှာပဲ၊ မတော်တဆကိုက်မိရင် ပိုဆိုးတော့မယ်၊ ဒီတော့ ခြေထောက်နာနေတဲ့ မဟူရာ၊ ရန်မလိုတဲ့ဘိုဖြူနဲ့ အထီးလေးဖြစ်တဲ့ ရုပ်ဆိုးကိုခေါ်ထားပြီး မကြာမီမျိုးပွားတော့မှာဖြစ်တဲ့ ဂျမ်းပုံနဲ့ဖြူဆွတ်ကို တခြားသွားပစ်ဖို့ စဉ်းစားမိတယ်"



ကျွန်မနှင့်ငယ်ထွေး လက်ချင်းကျပ်ကျပ်ဆုပ်၊ မျက်ရည်များပေါက်ပေါက်ကျရင်း "ဖေဖေ"ဟု အသံနက်ကြီးဖြင့်အော်မိသည်။ ဖေဖေက နှစ်သိမ့်ပြုံးဖြင့် အားပေးသည်။

"သမီးတို့မခွဲနိုင်ဘူးဆိုတာ ဖေဖေသိပါတယ်၊ ဒါပေမဲ့ လောကမှာ တစ်ခါတလေ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာမှာ ဖြစ်သင့်တာကိုဦးစားပေးရတယ်၊ သမီးတို့ပဲစဉ်းစားကြည့်၊ မကြာမီမှာ ဂျမ်းပုံနဲ့ဖြူဆွတ်က သုံးကောင်စီပဲမွေးပွားအုံး၊ စုစုပေါင်း ၁၀ ကောင်၊ ဒီခွေး ၁၀ ကောင်ကို ဘယ်လိုထိန်းကြမလဲ၊ ဖေဖေတို့က ဘယ်လောက်ချစ်ချစ်၊ သူတို့လေးတွေ ဘယ်လောက်လိမ္မာလိမ္မာ၊ တိရစ္ဆာန်ဆိုတော့ သူတို့အမူအကျင့်အတိုင်း လူစိမ်းဆိုဟောင်မယ်၊ ကိုက်မယ်၊ ဟိုတစ်လောက သမီးကိုကို ဖြစ်တာပဲကြည့်၊ ဘယ်နှကြိမ်သည်းခံနိုင်မှာလဲ၊ သည်းမခံနိုင်လို့ ရန်ပွဲဖြစ်ရင် ဖေဖေကလည်း သားထိ မားကြည့်ဖြစ်မှာပဲလေ"

ဖေဖေပြောသည်ကလည်း ဟုတ်ပေသည်။ ဖေဖေက စကားပြောလျှင် အကြောင်းအကျိုးညီညွတ်စွာ နားလည်လက်ခံလာအောင်ပြောတတ်သည်။ ဖေဖေပြောတာကလည်း မှန်နေသည်။

"ဖေဖေကလည်း ဂျမ်းပုံနဲ့ဖြူဆွတ်ကို ဘယ်မှာသွားပစ်မှာလဲ၊ သူတို့ဘယ်မှာအိပ်မှာလဲ၊ ဘယ်မှာစားမှာလဲ၊ သနားပါတယ်၊ မပစ်ပါနဲ့ဖေဖေရယ်၊ အဟင့်. . . ဟင့်"

ငယ်ထွေးကတော့ ငိုရှာချေပြီ။

"သူတို့အတွက် စားစရာ၊ နေစရာမရှားတဲ့နေရာပို့ပေးမှာပါ၊ အမဲဈေးဆိုရင် သူတို့အတွက် စားစရာလည်းပေါတယ်လေ"

မိဘက သင့်သည်ထင်၍ စီမံသည်ကို မည်သို့ငြင်းရပါအံ့နည်း။ ကြမ္မာဆိုး စုန်းမကြီးသည် လက်မည်းကြီးနှစ်ဖက်ဖြင့် ဂျမ်းပုံနှင့် ဖြူဆွတ်ကို ကျွန်မတို့ဘဝထဲက ဆွဲထုတ်သွားလေပြီ။

❑

ညအိပ်ရာဝင်ချိန်တွင် ညီအစ်မနှစ်ယောက် တိုးတိုးကျိတ်ကျိတ် စကားပြောရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမစုရယ်. . . ဂျမ်းပုံနဲ့ဖြူဆွတ် ဘယ်လိုနေလဲ မသိဘူးနော်"

"အေးလေဟာ. . . ဂျမ်းပုံနဲ့ဖြူဆွတ်က မမစုတို့ကိုသိပ်ချစ်တာ၊ သူတို့လည်း လွမ်းနေမှာပါ"

"မမစု. . . ဖြူဆွတ်က အစားသိပ်မက်တာ၊ သူကြိုက်တဲ့ အမဲမှိုတွေစားနေရလို့ ငယ်ထွေးတို့ကိုမေ့နေပြီလားမသိဘူး"

"မသိပါဘူးဟာ. . . မမစုတော့ တွေးမိတိုင်း ငိုချင်တယ်"

ရစ်ဝဲလာသောမျက်ရည်စကို စောင်အနားစဖြင့် သုတ်ရင်းပြောမိသည်။

"မမစုရယ်. . . ငယ်ထွေးကလေ သူတို့ကို သိပ်လွမ်းတာပဲ အဟင့်. . . ဟင့်"

မျက်ရည်လွယ်သော နှမငယ်ထွေးက ငိုချေလေပြီ။

"ရှူး. . . တိုးတိုး. . . တိုးတိုး. . . ငယ်ထွေး၊ ဖေဖေနဲ့မေမေကြားသွားရင် စိတ်မကောင်းဖြစ်နေအုံးမယ်"

ညီအစ်မနှစ်ယောက် စောင်ခေါင်းမြီးခြုံလိုက်ကြသည်။ ခေါင်းမြီးခြုံထားသောမျက်နှာပေါ်မှ မျက်ဝန်းများတွင် မျက်ရည်မိုးများရွာနေသည်မှာ စောင်အဖျားစများ စိုစွတ်နေသည့်တိုင်အောင်ပင်ဖြစ်တော့သည်။

❑

ဖေဖေက ကျန်းမာရေးဦးစီးဌာနတွင် ကျန်းမာရေးအင်စပက်တော်ဖြစ်သည်။ ရုံးမှအပြန် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်တွင် ဒေါက်တာစီနိုင်မန်းနှင့်တွဲ၍ ဆေးခန်းဖွင့်သည်။ ဖေဖေက ဌာနမှပေးသည့် ဟွန်ဒါအပြာရောင်ဆိုင်ကယ်လေးနှင့် သွားလာနေကျဖြစ်၏။ ဖေဖေ့ဆိုင်ကယ် လမ်းထိပ်ရောက်သည်နှင့် ကျွန်မနှင့်ငယ်ထွေးက ဆိုင်ကယ်သံကိုမှတ်မိသည်။ ည ၉ နာရီတွင် ခြံတံခါးကိုအသင့်ဖွင့်ကာ ဖေဖေ့ကိုဆီးကြိုရန်အဆင်သင့်ပင်။ ဖေဖေ့လက်ဆွဲအိတ် သယ်သူကသယ်သည်။ ဂိုဒေါင်တံခါးကို ပြန်ပိတ်ပေးသူကပိတ်သည်။

ဆေးခန်းမှပြန်လာလျှင် ဖေဖေက ထောပတ်ဘိန်းမုန့်ဝယ်လာတတ်သည်။ ကျွန်မတို့ငယ်ငယ်ကစားရသော ထောပတ်ဘိန်းမုန့်သည် နံ့သာပုဆိန်နံ့များကြိုင်ကြိုင်မွှေး၍ အလွန်စားကောင်းသည်။

ထိုနေ့ကမူ ထောပတ်ဘိန်းမုန့်လည်းမပါ၊ ကျွန်မတို့ကိုလည်း နှုတ်မဆက်၊ မျက်နှာတစ်ခုလုံးကလည်း ပြုံတော့မည့်မိုးနှယ် မှုန်မှိုင်းလျက်၊ ငယ်ထွေးနှင့်ကျွန်မ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အိမ်ထဲသို့ ခပ်ကုပ်ကုပ်ဝင်လာကြသည်။

မေမေပြင်ပေးသောထမင်းပွဲကိုစားနေသော ဖေဖေ့မျက်နှာသည် စိတ်နှင့်လူကပ်ပုံမပေါ်၊ ဟင်းချိုကိုလည်း မခပ်၊ ဟင်းဖတ်ကိုလည်းမထိ၊ တို့စရာကိုလည်း မမြင်၊ ငါးပိရည်ကိုလည်းမသိ၊ မေမေထည့်ပေးသည်ကိုသာ ထမင်းနှင့်လုံးထွေး၍ ပါးစပ်တွင်းသို့ထည့်နေသည်။ ဖေဖေဘာဖြစ်နေပါလိမ့်။ မေမေပင် အရိပ်အကဲကြည့်၍နေရသည်ကို ကျွန်မက အဘယ်သို့မေးရဲပါမည်နည်း။ ဖေဖေ့မျက်နှာညိုတော့ အစိုးရိမ်ပိုရပါသည်။ ဖေဖေ့မျက်နှာရွှမ်းသမျှ ကျွန်မတို့ရင်မှာပင်ပန်းလှပါသည်။ ဖေဖေ့မျက်နှာ တိမ်စင်လနှယ် ဝင်းဝင်းပပသာမှသာ သားသမီးတို့ရင်မှာ ချမ်းမြေ့သာယာရှိမည်ကို သိစေချင်လှပါသည်။

❑

နောက်တစ်နေ့ကား တနင်္ဂနွေနေ့ဖြစ်သည်။ နံနက်စာစားပြီးသည်နှင့် ကျွန်မတို့မောင်နှမများကို ဖေဖေကခေါ်သည်။ ဖေဖေက ပက်လက်ကုလားထိုင်ပေါ်မှာထိုင်၍ ကျွန်မတို့မောင်နှမသုံးယောက်က ဖေဖေ့အနီးကြမ်းပြင်ပေါ်တွင် ဝိုင်းထိုင်ကြသည်။ မေမေကမူ ကျွန်မတို့နှင့်မလှမ်းမကမ်းတွင် အကျီများခေါက်နေသည်။

"သားနဲ့သမီးတို့ရေ. . . မနေ့ကလေ ဖေဖေအမဲဈေးရှေ့ကအဖြတ် ဂျမ်းပုံလေးကပြေးထွက်လာတယ်"

"ဗျာ. . . ."

"ရှင်. . . ."

ကျွန်မတို့အားလုံး အံ့အားသင့်စွာ အာမေဋိတ်သံများ ထွက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တမ်းတော့ မနေ့ကတစ်နေ့တည်း မဟုတ်ဘူး၊ သူတို့ကိုသွားပစ်ပြီးတဲ့နေ့ကတည်းက ဖေဖေ့ဆိုင်ကယ်သံကြားတိုင်း ပြေးထွက်လာရှာတာ"

ကျွန်မနှင့်ငယ်ထွေး တစ်ယောက်လည်ပင်း တစ်ယောက်ဖက်၍ ငိုကြွေးရပြီ၊ ကိုကိုကလည်း မေးကြောကြီးများပင်ထောင်သည်အထိ ခံစားချက်ကို ကျားကန်နေသည်။ ဖေဖေ့အသံက ဆွေးဆွေးမြည့်မြည့် ရှိလှသည်။

"အစားမက်တဲ့မြူဆွတ်က အပေါင်းအဖော်သစ်တွေနဲ့ နေနိုင်ရှာပေမယ့် ဂျမ်းပုံလေးကတော့ လွမ်းနာကျတယ်ထင်ပါရဲ့၊ ပိန်တောင်ပိန်သွားရှာတယ်"

ကျွန်မတို့ညီအစ်မ ခေါင်းမဖော်နိုင်၊ မျက်ရည်တွေတွေကျဆင်းနေရသည်၊ ကိုကိုကလည်း မျက်နှာကြီး ညိုနေသည်။

"သားတို့. . . သမီးတို့ရယ်၊ ဖေဖေတို့မိသားစုအပေါ် ဒီလောက်သံယောဇဉ်ကြီးတဲ့ ဂျမ်းပုံလေးကို အရင်နေ့တွေက ဆိုင်ကယ်ကိုအရှိန်မြှင့်လို့ လိုက်မမီအောင်လုပ်ခဲ့ပေမယ့် မနေ့ကတော့ ပြန်ခေါ်လာမယ်လို့ ဆုံးဖြတ်ခဲ့တယ်"

ကျွန်မတို့မောင်နှမသုံးယောက် ခေါင်းလေးထောင်ကာ ဖေဖေ့ကိုဝမ်းသာအားရကြည့်မိကြသည်။ မျက်ရည်များကိုလည်း ဂါဝန်အနားသားနှင့်သုတ်ပစ်လိုက်သည်။

"ထုံးစံအတိုင်းပဲ ဖေဖေဈေးရှေ့ဖြတ်တာနဲ့ ဂျမ်းပုံလေးက ပြေးထွက်လာတယ်၊ ဒီတစ်ခါတော့ ဆိုင်ကယ်ကို စက်ရှိန်လျှော့လိုက်တယ်၊ ဂျမ်းပုံကလည်း နားလည်တယ်ထင်ပါရဲ့၊ ဖေဖေ့ဆိုင်ကယ်လေးဘေးက ပြေးလိုက်လာတယ်"

ဖေဖေ့စိတ်ကူးက ဆေးခန်းအထိခေါ်သွားမယ်၊ ဆေးခန်းရောက်မှ သူနဲ့ ဖေဖေ့ဆိုင်ကယ် ဆက်သွယ်လို့ရမယ့် ခါးပတ်လေးဖြစ်ဖြစ်၊ ခြင်းကြားလေးဖြစ်ဖြစ်ရှာပြီး ဆိုင်ကယ်ပေါ်တင်ပြီး အိမ်ကိုခေါ်လာမယ်ပေါ့"

ကျွန်မတို့၏မျက်လုံးများသည် မျှော်လင့်ချက်ကြောင့် ဝင်းလက်နေသည်။ ဖေဖေ၏စကားကို အာရုံစူးစိုက်၍ နားထောင်နေကြသည်။

"ဖေဖေ့ဘေးနားမှာ ဂျမ်းပုံကပြေးလိုက်လာတာ တဖြည်းဖြည်းနဲ့ ဖေဖေရယ်၊ ဂျမ်းပုံရယ် အသောက ခုံးတံတားကြီးကို တက်လာကြတယ်၊ ခုံးတံတားထိပ်ရောက်ခါနီး မျက်နှာချင်းဆိုင်က အရှိန်ပြင်းပြင်းနဲ့ မောင်းလာတဲ့ကုန်တင်ကားကြီးက လမ်းကြောင်းမှားဝင်လာပြီး ဂျမ်းပုံကို ကြိတ်ဆင်းသွားလိုက်တာ ဂျမ်းပုံလေးခမျာ သွေးအလိမ်းလိမ်းနဲ့ ကတ္တရာလမ်းပေါ်မှာ ပြားကပ်သွားတာပဲကလေးတို့ရယ်"

"ဂျမ်းပုံလေးရေ. . ."

ငယ်ထွေးက ငိုသံပါကြီးနှင့် အော်ငိုလိုက်သည်။

ပြောပြနေသည့် ဖေဖေကိုယ်တိုင် မျက်ရည်များလည်နေသည်။ မေမေကမူ ခေါက်နေသောအဝတ်စဖြင့် မျက်ရည်များကိုသုတ်နေသည်။ ကိုကိုကမူ လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်၍ နဖူးကိုထုနေသည်။ ငယ်ထွေးကမူ ငိုမဆုံးတော့ပေ။

ကျွန်မ၏နှလုံးသားများ တစ်စစီပဲ့ကြွေခဲ့ရပါပြီ၊ ရက်စက်လှပါလား။ လူနှင့်တိရစ္ဆာန် အင်အားမတူကွဲပြားခြားနားသည်နှင့်ပင် အသက်တစ်ချောင်းကို အလွယ်တကူနင်းခြေရက်လှချေလား။ တိရစ္ဆာန်ကလေးများအတွက် အခွင့်အရေးကာကွယ်ပေးမည့် ဥပဒေများမရှိသင့်ဘူးလား။ အသက်ကြွေ ဇီဝိန်ချွေခဲ့သည်ကိုပင် ကုန်တင်ကားမောင်းသူကြီးက သိပါ့မလား။

ကျွန်မအတွက်မူ ကျွန်မကိုနားလည်သောဂျမ်းပုံ။

ကျွန်မကိုချစ်ခင်တွယ်တာသော ဂျမ်းပုံ။

ကျွန်မတို့မိသားစုကို သံယောဇဉ်ကြီးသော ဂျမ်းပုံ။

ကျွန်မတို့မိသားစုနှင့်ပြန်တွေ့လို၍ အသက်ပေးခဲ့ရသောဂျမ်းပုံ။

ဂျမ်းပုံရယ်. . . လွမ်းရပါတယ်။

နေ့ရက်လပြောင်း ရာသီပြောင်း နှစ်တွေဟောင်းလည်း လွမ်းနေဆဲပါမိဂျမ်းပုံရေ. . .။

ဂျမ်းပုံရေ . . . ကမ်းကုန်အောင်လွမ်းစေခဲ့သလား ကလေးရယ်။ ။


**(ချစ်သော ဂျမ်းပုံလေးအတွက် အမှတ်တရ)**

**မေငြိမ်းချမ်းနိုင်**

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

|၁၄၅|ငွေတာရီ မဂ္ဂဇင်း

ဟန်သူရဗိုလ်

# ယာတာရား



ကားရှေ့လေကာမှန်ကို လာရောက်ထိတွေ့နေသော မိုးမှုန်များက တဖြည်းဖြည်းစိပ်လာသည်။ ထို့နောက် မိုးမှုန်ငယ်များမှ မိုးစက်များအဖြစ်သို့ပြောင်းလဲကာ ဘေးပြတင်းမှ လေနှင့်အတူ တိုးဝှေ့ဝင်လာကြပြန်သည်။

"ဦးကြီး. . ဒီဘက်ကဘေးမှန် တင်လို့ရလား"

"ရပါရောလား၊ အပေါ်ထွက်နေတဲ့မှန်ကို လက်ကဆွဲပြီး လက်လှည့်ကို ဖြည်းဖြည်းချင်းလှည့်တင်လိုက်၊ ကားက ဦးကြီးလို အိုနေပြီ၊ ဖြည်းဖြည်းလှည့်နော်၊ တော်ကြာကျိုးသွားလို့ မျိုးကန်းနေအုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကားသမားဦးလေးကြီးက ဘေးမှန်တင်ချလုပ်ရသော လက်လှည့်ကို စိတ်မချရင်း ဆိုသည်။ ရင်ခွင်ပိုက်ထားသောကျောပိုးအိတ်ကို ခြေနှစ်ဖက်ကြားအသာချပြီး အံကြိတ်၊ အသက်အောင့်ကာ လှည့်တင်ရတော့သည်။ မှန်က အပေါ်ဆုံးထိတက်မလာဘဲ တစ်ဝက်ကျော်ကျော်မှာထစ်နေသည်။ အားစိုက်ပြီးလည်း မလှည့်ရဲ၊ တော်ကြာ ကျိုးသွားလို့ အစားပြန်ဝယ်ပေးချင်လျှင်တောင် ရှာရခက်နိုင်သည်။ မှန်တင်ရင်း ကိုယ်တစ်ခြမ်းမှာ ရွှဲရွှဲစိုနေသည်။ ဦးလေးကြီးပြောသလို ဒီကားကတော်တော်အိုနေပြီ။ တဂျုံးဂျုံးတဂျိုင်းဂျိုင်းဖြင့် သံစုတီးဝိုင်းကြီး လမ်းပေါ်ရွေ့နေသည်နှင့်ပင် တူတော့သည်။ လွန်ခဲ့သော ဧနှစ်ခန့်ရွာမှထွက်လာစဉ်က စီးခဲ့ဖူးသောကားလည်းဖြစ်ပြီး အဝေးပြေးလမ်းမကြီး၏အတွင်းဘက်ကျသော ရွာသုံးလေးရွာနှင့် အနီးဆုံးမြို့သို့ ပြေးဆွဲသည့် တစ်စီးတည်းသော ရွာကားလည်းဖြစ်သည်။ ယခင်က ဒီတစ်ပတ်ရစ် အဝါရောင်ဗိုင်နာကားသည် ရွာလယ်လမ်းတစ်လျှောက် ဖုန်တထောင်းထောင်းဖြင့် ဂုဏ်ရောင်ကြီးမားခဲ့ဖူးသည်။

"မှန်က အဲဒီလောက်ပဲရတယ်၊ ရွှေ့ဖက်ရှိဘုတ်ထဲမှာ ပလတ်စတစ်စတစ်စရှိတယ်၊ ထုတ်ပြီး ကာလိုက်လေ"

"နေပါစေတော့ဗျာ၊ စိုနေပြီဆိုတော့ မထူးပါဘူး၊ ဦးကြီးဘက်ကဘေးမှန်ကော မတင်ဘူးလား"

"ဒီဘက်ခြမ်းမှာ မှန်မရှိတာကြာပြီကွ၊ ဟား. . . ဟား. . . ဟား"

ကားသမားဦးလေးကြီးက သူ့စကားသူ သဘောကျရင်း ရယ်သည်။

အနောက်ခန်းမှစီးလာသောခရီးသည်များကို လှည့်ကြည့်လိုက်သောအခါ အစိမ်းရောင်ပလတ်စတစ်စတစ်စကိုယ်စီခြုံလျက် မြို့မှဝယ်လာသောကုန်ပစ္စည်းများအကြားတွင် ယိမ်းလိုက်နွဲ့လိုက်ဖြင့် ဟန်မပျက်တွေ့ရသည်။ တောသူတောင်သားများအဖို့ ဒီမိုးဒီလေလောက်ဖြင့် အခြေမပျက်အနေမပျက်၊ မိမိမှာသာဖားတစ်ပိုင်းငါးတစ်ပိုင်းဖြစ်ပြီး မိုးလေထဲမှာစိုးနေမိသည်။ ဒါ့ကြောင့်လည်း ဘယ်သူမှလိုက်မစီးသော ကားရှေ့ခေါင်းခန်းထဲ မြိန့်မြိန့်ကြီးထိုင်စီးမိရာကနေ အခုလိုဒုက္ခရောက်ရခြင်းပင်။ ကားကူရှင်ပေါ်လည်း ရဲရဲကြီးထိုင်မချရဲ၊ ခုံအောက်ကအင်ဂျင်အပူငွေ့က တင်ပါးကို ကြပ်တိုက်သလိုဖြစ်နေသည်။ ဒီကြားထဲမိုးကပါပက်နေတော့ အပေါ်စို၊ အောက်ခြောက်ဖြင့် ကားစီးရင်း တကယ့်ဖားတစ်ပိုင်းငါးတစ်ပိုင်းဘဝ အရှင်လတ်လတ်ရောက်ရတော့သည်။

"ဒါနဲ့ ငါ့တူကြီးက ဘယ်ရွာဆင်းမှာလဲ"

"ကျောက်ဦး ဆင်းမှာ"

"ကျောက်ဦး ဟုတ်လား၊ ရေချမ်းပြင်ရွာအကျော်ကလား"

"ဟုတ်ကဲ့"

"ဟ. . . ငါ့တူတော့ လွဲပြီဟေ့၊ ဦးကြီးကားက ရေချမ်းပြင်အထိပဲရောက်တာ၊ မင်းတို့ကျောက်ဦးက တစ်လနေတောင် ခရီးသည်တစ်ယောက်ရဖို့ အင်မတန်ရှားကွ၊ ဦးကြီးဖြင့် မင်းတို့ရွာမှာ ဘုန်းကြီးကျောင်းပဲ ကျန်တော့တယ် မှတ်တာ"

မတတ်နိုင်ပေ၊ ရေချမ်းပြင်ရွာရောက်မှ တစ်မျိုးစီစဉ်ရတော့မည်။ ဦးလေးကြီးပြောလည်း ပြောချင်စရာ၊ ရွာကလူငယ်လူရွယ်မှန်သမျှ မိမိုးဖလာ ယာအလုပ်၊ လယ်အလုပ်များကို ပစ်ပယ်ကာ မြို့ကြီးပြကြီးနှင့် အိမ်နီးချင်းနိုင်ငံများသို့ အလျှိုလျှိုထွက်သွားကြသည်မှာ မိမိအပါအဝင်မဟုတ်လား။ မြို့ရောက်သွားပြီး အခြေကျကာ အဆင်ပြေသူတချို့က ရွာ၌ကျန်ခဲ့သော လယ်ယာမြေများကိုအပြီးတိုင်ရောင်းချ၍ မိဘများပါ ပြန်ခေါ်သွားတတ်ကြသည်။ တချို့ကတော့ မြို့ပြ၏ လူနေမှုစနစ်ထဲတွင် သမင်မွေးရင်း ကျားစားရင်းဖြင့် ဘဝကိုရုန်းကန်နေကြရသည်။ အဆင်မပြေလို့ ရွာပြန်ရောက်တော့လည်း လယ်အလုပ်၊ ယာအလုပ်ကို မလုပ်ချင်ကြတော့၊ အညာဒေသဖြစ်သည်နှင့်အညီ တိုတောင်းလှသောမိုးကိုသာမျှော်ရပြီး ထွန်ကြယက်ကြရသည်။ ရာသီဥတုဖောက်ပြန်သောနှစ်များဆိုလျှင် ယာသမားတို့ ဝမ်းမဟာဖို့အရေး ဈေးရင်းငွေရင်းဖြင့် ပုန်းမကြည်ရှင်မအား နာနာပင့်ရတော့သည်။ သီးနှံဖြစ်သည့်နှစ်များဆိုလျှင်လည်း မြိုးမြိုးမြက်မြက်စားရသည်မရှိဘဲ ယခင်နှစ်များက ကြွေး

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကို အတိုးရော အရင်းပါ ထိုးဆပ်ရပြန်သည်။ သံသရာအကြွေးတော့ သယ်မသွားချင်ကြ။

"ငါတို့က ကျောက်ဦးက ဘယ်သူ့သားများလဲ"

ကားသမားဦးလေးကြီးက ပြတင်းတံခါးမှ ကွမ်းသွေးကို လှမ်းထွေးရင်း မေးသည်။ ကားသွားသည့်အရှိန်နှင့် အပြင်ကတိုက်သည့်လေအကြားတွင် ကွမ်းသွေးက မိုးစက်တွေနှင့်အတူ ဖွဲ့ခနဲ ကားအနောက်ပိုင်းသို့ လွင့်စဉ်သွားကြသည်။

"ဦးကျော်ဝင်းသားပါ"

"နဂါးရုံကျော်ဝင်းကို ပြောတာလား"

"ဗျာ. . ."

"မင်းတို့ရွာထိပ်က ဘုန်းကြီးကျောင်းဝင်းထဲ နဂါးရုံဘုရားတည်ခဲ့တဲ့ ကိုကျော်ဝင်းလေကွာ"

"ဪ. . . ဟုတ်တယ်၊ အဖေတို့တည်တယ် ပြောဖူးတယ်၊ အဲဒီတုန်းက ကျွန်တော်မမွေးသေးဘူး"

"ဟိုတုန်းကတော့ မင်းအဖေက လျှမ်းလျှမ်းတောက်ပဲကွ၊ အခုကော ကျန်းမာရဲ့လား။ ငါ့ထက် ၁၀ နှစ်လောက်ကြီးတော့ အခုဆို ၇၀ နား ကပ်ရောပေါ့"

"ဟုတ်ကဲ့၊ ကျန်းမာပါတယ်"

ကျန်းမာပါတယ်ဟုသာ အလိုက်သင့်ဖြေရသော်လည်း တကယ်တမ်း ဖုန်းအဆက်အသွယ်မလုပ်ဖြစ်ခဲ့သည်မှာ လေးလကျော်လောက်ရှိပြီထင်သည်။



သားအဖသုံးဦးသာရှိသော်လည်း အနေဝေးကြသလို သွေးလည်းအေးနေသလိုရှိသည်။ အသက် ၅ နှစ်ကျော်ကွာသော အစ်မဖြစ်သူက ပညာရေးဘက်တွင် ထူးချွန်၍ မိသားစုမှ ပထမဆုံးပျံထွက်သွားသော ငှက်တစ်ကောင်ဖြစ်သည်။ ယခု ထိုငှက်ကလေးက နိုင်ငံရပ်ခြားတွင် တစ်အိုးတစ်အိမ်ဖြင့် အသိုက်ဖွဲ့ရင်း ကြွေးဟောင်းမကျေဘဲ ကြွေးသစ်ချကာ အသားကျနေလေသည်။ အစ်မဖြစ်သူက ကြွေးဟောင်းဆပ်ချင်၍ သူနှင့်အတူလာနေဖို့ အကြိမ်ကြိမ်ခေါ်သော်လည်း အဖေကစိတ်မဝင်စား။ ဘိုးစဉ်ဘောင်ဆက် နေထိုင်ကြီးပြင်းရာ ဒီရေဒီမြေ၌ ဒီလေရှူပြီး ဖခင်အိုကြီးက ခေါင်းချလိုဟန်ရှိသည်။ သုံးနှစ်တစ်ခါ၊ နှစ်နှစ်တစ်ခါလောက်မှ လာနိုင်ရှာသော အစ်မနှင့် သူ့မြေးနှစ်ယောက်အား ဘေးနားအတူထားချင်စိတ်တော့ အဖေ့တွင် ရှိရှာပါလိမ့်မည်။

"ငါ့တူကြီးကတော့ ရွာကိုအလည်သက်သက်ပဲလား"

"အလည်ပဲဆိုပါတော့ဗျာ၊ ရွာလည်း ပြန်မရောက်တာကြာပြီလေ၊ ဒါနဲ့ ဒီဘက်မှာ ယာဈေးတွေကောင်းလား ခင်ဗျ"

"အခုတော့ ဈေးမဆိုးပါဘူး။ တချို့ငွေရှင်ကြေးရှင်တွေက ဈေးကောင်းပေးပြီးဝယ်နေကြတယ်၊ ငွေရှင်ကြေးရှင်ဆိုလို့ တခြားနယ်ကလို့မထင်နဲ့မောင်၊ မြို့နီးချုပ်စပ်ကရွာတွေကပဲ လာဝယ်ကြတာ"

"ဦးကြီးပြောတာ နားမရှင်းဘူး"

"ဒီလိုကွာ၊ အခု မြို့တိုးချဲ့စရိယာတွေက တဖြည်းဖြည်းနဲ့ကျယ်လာကြတယ်၊ မြို့နားကပ်နေတဲ့ရွာတွေက သူတို့ယာကွက်တွေကို အကွက်ရိုက်၊ မြေခတ်ပြီး ပြန်ရောင်းကြတာကလား"

"ဒါဆို ယာပေါက်ဈေးထက် အများကြီးပိုရတာပေါ့"

"မှန်တာပေါ့ကွာ၊ သူတို့က အဲဒီရောင်းရငွေနဲ့ တို့ဘက်ကယာတွေကိုပြန်ဝယ်ပြီး ထွန်စက်တွေဘာတွေနဲ့ အမှန်အကန် စနစ်တကျပြန်စိုက်ကြတာကွ"

"အခု ကျွန်တော်တို့ကျောက်ဦးဘက်က ယာတွေကော တစ်ဧက ဘယ်ဈေးပေါက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဘက်ဆိုရင်တော့ တစ်ဧက ဆယ်သိန်း၊ ဆယ့်ငါးသိန်းတော့ ပြေးမလွတ်ဘူးမောင်၊ ဒါနဲ့ ငါ့တူက ယာရောင်းဖို့ ရွာပြန်လာတာလား"

ဖျတ်ခနဲ စူးစမ်းသောအကြည့်ဖြင့် ကားသမားကြီးက မေးသည်။ ဘာပြန်ဖြေရမှန်းမသိ။ ဟုတ်ကဲ့လို့ ဖြေလိုက်ရမည်လား။

"ကုဋ္ဌိုရ်စုပါတယ်ဗျို့၊ ပစ္စည်းပါချမယ် ဦးကြီးသိန်းရေ"

အနောက်မှကားစပယ်ယာ၏အသံက မိုးလေကြားမှတစ်ဆင့် ခေါင်းခန်းထဲအထိ တိုးထွက်လာသည်။ ဦးကြီးသိန်းဆိုသည့် ကားသမားဦးလေးကြီးက ကားကိုဖြည်းညင်းစွာရပ်ပြီး အနောက်မှပစ္စည်းများကူချပေးရန် ဆင်းသွားလေသည်။ တော်ကြာ ဒီကောင်ရွာပြန်လာတာ သူ့မိဘရဲ့ယာတွေရောင်းဖို့ဟလို့ ထင်သွားမှာလည်း စိုးမိသည်။ အဖေ့တွင် အနည်းဆုံး ယာဧက ၆၀ ကျော်လောက်ရှိပြီး ဦးကြီးသိန်းပြောသလို အနည်းဆုံး ဆယ်သိန်းပဲထားဦး၊ သိန်း ၆၀၀ လောက်တော့ တန်နေပေပြီ။ အဖေက ကိုယ်တိုင်မလုပ်နိုင်တော့၍ ယာမြေများအားအငှားချထားသည်ကိုလည်း သိထားသည်။ တကယ်တော့ မိမိမှာ ငွေလိုနေပါသည်။ သူငယ်ချင်းနှင့်စပ်တူလုပ်သောလုပ်ငန်းမှာ အရှုံးပေါ်နေပြီး ဆိုင်ဖွင့်ရန်ငှားထားသည့်မြေနေရာမှာလည်း ဖယ်ပေးရတော့မည်။ ဘုရားတရားကိုကြည်ညိုကိုင်းရှိုင်းသော အဖေက ရန်ကုန်၌ ဘီယာဆိုင်ခပ်သေးသေးဖွင့်ထားသော မိမိအား မနှစ်မြို့ပေ၊ တခြားကောင်းရောင်းကောင်းဝယ်လေးလုပ်စားပါလားဟု ဖုန်းဖြင့်ခဏခဏမှာဖူးသည်။ ထို့ကြောင့်လည်း ဘုရားဖူးအဖြစ် တစ်ခေါက်တလေတောင် အဖေက အလည်မလာခြင်းလည်းဖြစ်သည်။ မိမိမှာ အစ်မဖြစ်သူ လောက် ပညာရေးတွင်မထူးချွန်ပါ။ အစ်မဖြစ်သူကတော့ နိုင်ငံရပ်ခြားတွင်အဆင်ပြေနေ၍ အဖေပိုင်ဆိုင်သမျှအား သူ့အတွက် အမွေအဖြစ်ထည့်မစဉ်းစားရန် ပြောထားပြီးလည်းဖြစ်သည်။ မိမိမှာတော့ လိမ်ဖည်လိမ်ဖည်နှင့် နှစ်တွေကြာသော်လည်း အဆင်ပြေသည် မရှိသေး။ ဒီနှစ်အဆင်ပြေရင် လက်ထပ်ကြတာပေါ့ဟု အကြိမ်ကြိမ်ကတိပေးပြီး အရွယ်လွန်တော့မည့် မြို့က ချစ်သူကိုလည်းအားနာလှပြီ။ အဖေကတော့ အဆိပ်ပင်ရေမလောင်းနိုင်ဟုဆိုကာ မိမိအား လယ်အကြောင်းယာအကြောင်းကို စကားထဲထည့်မပြော။ ဒီတစ်ခေါက်တော့ အဖေ့အား မိမိအခက်အခဲများကိုပြောပြပြီး အသနားခံကာ အမွေခွဲပေးဖို့တောင်းဆိုရမည်။ အဆင်ပြေလျှင် အဖေ့အား တစ်ခါတည်းခေါ်၍ မိန်းမပါတောင်းခိုင်းမည်။

"ဒကာလေး. . . ဟိုဘက်နည်းနည်းတိုးပါအုံး"

ရုတ်တရက် ဘေးတံခါးဆွဲဖွင့်ပြီးတက်လာသောသက်တော် ၅၀ ခန့်ရှိ ဦးပဉ္စင်းတစ်ပါးကို တွေ့လိုက်ရသည်။ တစ်ဆက်တည်း ဒရိုင်ဘာဘက်အခြမ်းမှ ဦးကြီးသိန်းပါ တက်လာလေသည်။

"အရှင်ဘုရား. . . ဒါ ကျောက်ဦးက နဂါးရုံကျော်ဝင်းသားလေ"

"ဟေ . . . ဒကာကြီးကျော်ဝင်းသားလား၊ ရန်ကုန်မှာ ဘီယာဆိုင်ဖွင့်ထားတယ်ဆိုတာ. . ."

"တင်ပါ့ဘုရား"

"အေး. . . ဦးပဉ္စင်းက ကျောက်ဦးဘုန်းကြီးကျောင်းက ကိုယ်တော်ပဲ၊ ဒါနဲ့ ဒကာလေး ရွာကိုပြန်လာတာ အဖေဖြစ်သူကော သိရဲ့လား"

"တပည့်တော်လည်း မစီစဉ်ထားဘဲ ဖြုန်းစားကြီးထွက်လာရတာဆိုတော့ ကြိုပြီးဖုန်းမဆက်မိဘူးဘုရား"

တကယ်တော့ အပူလုံးကပ်ကာ အမွေလိုချင်ဇောဖြင့် ကတိုက်ကရိုက်ထွက်လာမိခြင်းဖြစ်သည်။

"ထင်တော့ထင်သား၊ မနေ့ကမှ ဒကာကြီးကျော်ဝင်း ကျောင်းကိုလာသွားသေးတာကလား၊ သားတော်မောင်ပြန်လာမယ့်အကြောင်း စကားမစပ်မိပါဘူးလို့"

"တင်ပါ့"

"အခုလည်း ဒကာကြီးကျော်ဝင်းကိစ္စနဲ့ ဒီဘက်ရွာကိုထွက်လာခဲ့တာ၊ ရေချမ်းပြင်ရောက်မှ ဦးပဉ္စင်းနဲ့အတူ ကျောက်ဦးကိုပြန်တာပေါ့၊ အဲဒီမှာ နွားလှည်းစီစဉ်ခိုင်းထားတယ်"

"တင်ပါ့၊ ဒါနဲ့ အဖေ့ကိစ္စက ဘာများလဲဘုရား"

"ဟေ. . . ဒကာလေးကိုအကြောင်းမကြားဘူးလား၊ သူ့ယာ ဧက ၆၀ စလုံးကို သာသနာ့နယ်မြေလုပ်ဖို့ ဘုန်းကြီးဆီ မနေ့ကပဲ ရေစက်ချလာလှူသွား

www.burmeseclassic.com

www.burmeseclassic.com



တာလေ"

"ဗျာ. . . အဲ. . . တင်ပါ့"

ထိုင်ခုံအောက်မှအပူငွေ့က ငယ်ထိပ်ထိတက်ဆောင့်လာသလိုခံစားရသည်။ ဘုရား. . ဘုရား . . ယာတွေအကုန် ကုန်ပါရောလား။

"စောစောကပဲ ဒီကတူကြီးက ယာဈေးတွေကောင်းလားလို့ မေးနေသေးတာဘုရား"

"အေး. . ဒကာကြီးကျော်ဝင်းရဲ့ စေတနာသုံးတန်ပြတ်သားချက်ကတော့ အံ့မခန်းပဲ ဒကာလေးရေ၊ ကျောက်ဦးကို သာသနာ့နယ်မြေအဖြစ် တရားရိပ်သာတွေ၊ ယောဂီဆောင်တွေဆောက်မယ်လို့ လှူထားလိုက်ခုံနဲ့ ရှိသမျှယာမြေတွေ တစ်ခါတည်းလှူပစ်နိုင်တာ နည်းတဲ့သတ္တိမို့လား၊ အခုလည်း ဝါမဝင်ခင်အမီ သာသနာ့ဘောင်ကိုအပြီးဝင်ချင်တယ်ဆိုလို့ ဒီဘက်ရွာက ထေရ်ကြီးဝါကြီးများကိုပင့်လျှောက်ရအောင် လာခဲ့တာပဲ"

"တင်ပါ့"

အတတ်နိုင်ဆုံး ကိုယ်၊ နှုတ်အမူအရာ ဟန်မပျက်အောင် ထိန်းထားသော်လည်း မျက်လုံးအိမ်၌ မျက်ရည်များက စေ့သီလာလေသည်။ ငါ့ရည်မှန်းချက်တွေတော့ သဲထဲရေသွန်ဖြစ်ပြီဟုတွေးရင်း ရင်ထဲ၌ ဟာခနဲ ဟာခနဲဖြစ်လာသည်။ မိမိအား တစ်ခွန်းတစ်ပါဒမျှ အကြောင်းမကြားဘဲ သံသရာအေးချမ်းမည့်လမ်းကို ရွေးချယ်သွားနိုင်သောဖခင်ဖြစ်သူအား အံ့ဩရသည်။ ၈ နှစ်ကျော်ကာလအတွင်း တစ်ခေါက်တလေတောင် မပြန်နိုင်ဘဲ ဖုန်းဖြင့်သာ နေကောင်း၊ ကျန်းမာလားဟု ဆက်သွယ်ဖြစ်သော မိမိအား ဟိုယခင်ကတည်းက သံယောဇဉ်ဖြတ်ထားခဲ့ဟန်ရှိသည်။ ဖြစ်နိုင်လျှင် ယခုကားခေါင်းခန်းထဲ၌ အငွေ့အဖြစ် ပျောက်ကွယ်သွားလိုက်ချင်သည်။

"ဒကာလေးပြန်လာတာတွေ့ရင် ဒကာလေးဖခင်လည်း ဝမ်းသာနေမှာပါ၊ ဒကာလေးရွှေ့ပြောရတာအားတော့နာပါတယ်ကွယ်၊ ဒကာကြီးကျော်ဝင်းက အင်မတန်သနားဖို့ကောင်းတယ်၊ သူ့ခမျာ အထီးကျန်နေရရှာတာမဟုတ်လား၊ ဒကာလေးတို့မောင်နှမကိုတော့ အမြဲအမှတ်ရရှာပါတယ်၊ ဆွမ်းချိုင့်လာပို့တိုင်းအဆင်ပြေ၊ ကျန်းမာဖို့အရေး သူ့ခမျာ မေတ္တာပို့ရတာအမောသား"

အဖေရယ်လို့ ခပ်တိုးတိုးရေရွတ်မိပြီး အတိတ်ကဖြစ်ရပ်တချို့ကိုမြင်ယောင်လာသည်။ မိမိငယ်စဉ်က အုတ်ခုံလှေကားထစ်အတက် ချော်လဲပြီး မေးစေ့ကွဲဖူးသည်။ ထိုစဉ်တုန်းက အဖေ့ခမျာ ဖိနပ်မပါဘဲ ကျေးလက်ဆေးပေးခန်းသို့ သားဇောဖြင့် ပန်းထမ်း ပြေးပို့ခဲ့ဖူးသည်။ မိတဆိုးသားလေးဆိုပြီး အရာရာမလစ်ဟင်းအောင် ဖြည့်ဆည်းပေးသော အဖေ့ကျေးဇူးတရားကို သိလာသည်။ မြို့တက်ပြီးအလုပ်လုပ်ချင်သည်ဆိုပြန်တော့ အမေကျန်ရစ်ခဲ့သည့် လက်ဝတ်လက်စားများအား ထုခွဲရောင်းချပေးခဲ့ပုံကိုလည်း အမှတ်ရလာသည်။ အနေအေးသလောက် စိတ်ထားမွန်မြတ်လှသော ဖခင်ဖြစ်သူ၏လုပ်ရပ်က မိမိအတ္တစိတ်ကို အရှက်ရစေသည်။ ယခုမှ ဖခင်ကြီးအတွက် အစားအသောက်လက်ဆောင်လေးတောင် မယူလာမိသည်ကို သတိရသွားပြီး မျက်ရည်ကစိမ့်ကျလာသည်။ ဖခင်ဆီက အယူသာရှိပြီး ပေးရကောင်းမှန်းမသိသည့် မိမိအဖြစ်ကို စေ့စေ့တွေးလေ ပိုရှက်ရလေလေပင်။ ငါတော်တော်အသုံးမကျတဲ့ သားပါလားဟု တွေးမိတော့ ဖခင်ကြီးအား မျက်နှာချင်းဆိုင်ရမှာ ဝန်လေးနေပြန်သည်။ ရေချမ်းပြင်ရွာရောက်လျှင် အဖေ့အတွက် သင်္ကန်းပရိက္ခရာပြန်ဝယ်ချင်လို့ဟုဆိုပြီး ဆင်းကျန်ခဲ့လျှင် ကောင်းမလား။ ဒါမှမဟုတ် ဟန်မပျက်လိုက်သွားပြီး ဖခင်ကြီး၏ လောကီဆံချမည့် ပိတ်ဖြူစကို ကူကိုင်ပေးရလျှင် ကောင်းမည်လား။ ဘယ်လိုပဲဖြစ်ဖြစ် မိမိရောက်လာသည့်အကြောင်းကိုတော့ ဖခင်ကြီးက တစ်နည်းနည်းဖြင့်သိသွားမှာပါပင်။

"ရေချမ်းပြင်ရွာတော့ရောက်ပြီ ငါ့တူရေ"

ဦးကြီးသိန်းက ကားကိုစက်သတ်ရင်း သတိပေးသည်။ ဦးပဉ္ဇင်းက "ဆင်းလေ ဒကာလေး"ဟု မိန့်သည်။ မိမိမှာတော့ ရှေ့လေကာမှန်ကတစ်ဆင့် ကျောက်ဦးဘက်သွားသည့် မြေနီလမ်းလေးအား ငေးကြည့်နေမိသည်။ မိုးရေကြောင့်လား၊ မျက်ရည်ကြောင့်လားမသိ အရာရာဝေဝါးနေပါတော့သည်။ ။

**ဟန်သူရဖိုလ်**

www.burmeseclassic.com





(၁)

"ကျွဲမရေ . . .
ကားတွေဝင်လာတယ်တဲ့ဟေ့၊
ငါတော့ သွားနှင့်ပြီနော်"
"ဟုတ်ကဲ့ . . . ဟုတ်ကဲ့
အစ်မညိုတုတ်ရေ၊
ကျေးဇူးပါတော်"
တဲ့ထရံကိုပုတ်ပြီး
အော်ပြောသွားတဲ့ အစ်မညို
တုတ်အသံကြောင့်
စားလက်စထမင်းကို

# မေသနုပ်ဒါး

## ရော်မြန်

ပင်ကိုယ်ရေး
ဝတ္ထုရှည်
စ/ဆုံး

ကျွဲမ အမြန်လက်စသတ်
လိုက်တယ်။ ဇလုံတစ်လုံးစီနဲ့
ထမင်းကို ပွစာကြဲအောင်
စားနေတဲ့ သားတော်မောင်
နှစ်ယောက်ကိုလည်း
လှည့်ပြောရင်း ကြပ်နှိုင်တွေ
ထည့်ထားတဲ့ ဗန်းနှစ်ခုကို
လှမ်းယူကာ သူတို့ရှေ့မှာ
အသာချထားပေးလိုက်တယ်။
"အမေ အလုပ်သွား
တော့မယ်နော်၊ သားတို့
ထမင်းစားပြီးရင် ဗန်းတွေယူပြီး
ဈေးရောင်းဖို့ မြန်မြန်
လိုက်လာခဲ့ကြ"
လက်ဝါးလောက်ရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com





မှန်လေးကိုကြည့်ပြီး မျက်နှာကို
ကွဲမ တို့ဖတ်တစ်ချက်ရိုက်တယ်။
နဂို ညိုသလိုရှိတဲ့အသားအရေက
နေပူစပ်ခါးအလုပ်လုပ်ရလွန်းတော့
မည်းချိပ်ချိပ်ဖြစ်နေလေရဲ့။ ဒါပေမဲ့
အသားလေးမည်းလို့ ကွဲမလို့သာ
အမည်တွင်နေရတာ။ ကွဲမရဲ့
ပင်ကိုရုပ်အခံကမဆိုးလှပါဘူး။
ကြည့်ပျော်ရှုပျော်ရှိပါတယ်။
ဆီကင်းမဲ့တာကြာပြီမို့
နီကြင်ကြင်ဖြစ်နေတဲ့ဆံပင်တွေကို
သပ်ရပ်သွားအောင်ဖြီးသင်ရင်း
ဘီးဆံပတ်ပြန်ပတ်တယ်။

အဆင်သင့်ရှိနေတဲ့ တန်းပေါ်က
ခပ်လတ်လတ်ပွင့်ရိုက်ချည်ထည်
အကျီနဲ့လုံချည်ကို လဲပြီးချိန်မှာတော့
ကွဲမတစ်ယောက် အတော်သပ်ရပ်
သန့်ရှင်းတဲ့မိန်းမတစ်ယောက်အသွင်
ရောက်သွားပါပြီ။
တဲထရံမှာချိတ်ထားတဲ့
ရှည်မျောမျောလွယ်အိတ်တစ်လုံးကို
စလွယ်သိုင်းလွယ်လို့
ကသောကမျော တဲပြင်ထွက်လိုက်တော့မှ
တရှိန်ရှိန်ပူနေတဲ့ အညာမွန်းတည့်ချိန်
နေရောင်ခြည်ကို သတိရသွားတယ်။
တဲထဲပြန်ဝင်ပြီး ခမောက်ကိုယူဆောင်းရင်း

www.burmeseclassic.com

တဲထောင့် ကွပ်ပျစ်ပေါ်မှာ တခေါခေါအိပ်ပျော်နေတဲ့ လင်တော်မောင် ကိုရင်သာလှဆီ မျက်စောင်းတစ်ချက် ရောက်ဖြစ်အောင် ရောက်သွားလိုက်သေးတယ်။ သင်းကတော့ ဒီလိုရာသီဥတုပူပူလောင်လောင်ထဲ လည်း စိတ်အေးလက်အေး အပူအပင်ကင်းကင်း အိပ်ပဲအိပ်နိုင်လွန်းသာပဲ့။ ငါ့မှာတော့ အမြဲပူပန်မှု တွေနဲ့ ပြေးလွှားနေရတာပါလားလို့ လင်သည်ကို စိတ်တိုမိသလိုရှိပေမယ့် ကျွဲမ ကြာကြာလည်း စိတ်မတို နိုင်အားပါဘူး။ အစ်မညိုတုတ်ထွက်သွားတာတောင် ဆယ်မိနစ်လောက်ရှိပြီဆိုတော့ အခုလောက်ဆိုရင် အခြားကောင်မတွေလည်း တည်းကျောင်းတွေနား ရောက်ကုန်ကြရောပေါ့လို့ တွေးမိရင်း စိုးရိမ်သွားတယ်။ ကိုယ့်အတွက် ဖောက်သည်မကျန်တော့မှာစိုးလို့ နေပူကျဲတဲထဲ အမြန်သုတ်ခြေတင်လိုက်ရတယ်။

အစ်မညိုတုတ်က ကျွဲမတို့နဲ့ တစ်ရွာတည်းသားချင်းဖြစ်ရုံမက ဆွေရိပ်မျိုးရိပ်မကင်းမို့ ခရီးသည်ကားတွေရောက်ပြီလို့ သူသတင်းကြားတာနဲ့ ကျွဲမကို သတင်းပေးတတ်သလို ကျွဲမက သတင်းကြားရင်လည်း သူ့ကို သတင်းပေးလိုက်တာချည်းပါပဲ။ အလုပ်ချင်း အတူတူဆိုပေမယ့် တစ်ယောက်နဲ့တစ်ယောက် မနာလိုတယ်၊ ဝိုင်လျှိုတယ်ဆိုတာမျိုးတွေလည်း မရှိပါဘူး။ ဒါပေမဲ့ အခြားရွာတွေကမိန်းကလေးတွေလည်း ရွှေစက်တော်ဘုရားပွဲချိန်မှာ ဒီလိုအလုပ်ကိုပဲ အတူတူလာလုပ်ကြလေတော့ သူတို့နဲ့ဆိုရင် ကျွဲမတို့လည်း အပြိုင်အဆိုင်စိတ်နဲ့ အလုပ်လုရတာတ်တော့ သိပ်အစေးမကပ်လှပါဘူး။

အင်း. . . ဒီရွှေစက်တော်ဘုရားပွဲကြီးလည်း နှစ်စဉ်နှစ်တိုင်းကျင်းပပေလို့ပဲ။ ကျွဲမတို့လို ဒီအနီးအနားရွာမှာရှိတဲ့လူတွေက ဒီဘုရားပွဲချိန်ကိုပဲ တမျှော်မျှော်နေကြရတာကိုး။ ရွာမှာ ပဲဆွတ်၊ ပဲလှေ့၊ ငရုတ်သီးဆွတ် ဒီလိုအလုပ်တွေက တစ်နေ့ဘယ်လောက်ရတာလိုက်လို့၊ မိုးလင်းကနေ နေဝင်ချိန်အထိ ပင်ပင်ပန်းပန်းလုပ်နိုင်မှ တစ်နေ့သုံးထောင်လောက်ရတာ။ တောဆိုတော့ ဖြစ်သလိုစားသောက်နေထိုင်တာတောင် ကလေးနှစ်ယောက်က ကျောင်းနေတဲ့အရွယ်၊ စားကောင်းသောက်ကောင်းတဲ့အရွယ်ရောက်လာတော့ ဘယ်လိုမှမလောက်ချင်ဘူး။ အားကိုးရမလားလို့ ယူထားမိတဲ့ယောကျ်ားကလည်း ကြည့်ဦးလေ။ ဘာကိုမှလက်ကြောတင်းအောင်မလုပ်ချင်ဘူး။ သူများလယ်ယာပေမယ့် လောက်လောက်လားလား သူရင်းငှားလေးဘာလေး ခွဲခွဲမြဲမြဲလုပ်ခဲ့ရင် ကျွဲမတို့ ဒီလောက်ကသီလင်တနိုင်မယ်မထင်ဘူး။ ဒါမှမဟုတ် အငှားလှည်းဆွဲမလား၊ နွားကျောင်းဆိတ်ကျောင်းထွက်မလား၊ အလုပ်ရှာလုပ်ရင်တော့ ရွာမှာ အလုပ်ကရှိတော့ရှိပါတယ်။ အခုတော့ ကိုရင်သာလှက ဟိုအလုပ်ကဘယ်လို ဒီအလုပ်ကဟိုလိုနဲ့ သူ့လောက် အလုပ်ကြေးများသူ ရှိမယ်မထင်ဘူး။

အလုပ်သာ သေချာမလုပ်ချင်ရင်ရှိမယ်၊ ကိုရင်

> **အင်း...ဒီရွှေစက်တော်ဘုရားပွဲကြီးလည်း နှစ်စဉ်နှစ်တိုင်းကျင်းပပေလို့ပဲ။ ကျွဲမတို့လို ဒီအနီးအနားရွာမှာရှိတဲ့လူတွေက ဒီဘုရားပွဲချိန်ကိုပဲ တမျှော်မျှော်နေကြရတာကိုး။ ရွာမှာ ပဲဆွတ်၊ ပဲလှေ့၊ ငရုတ်သီးဆွတ် ဒီလိုအလုပ်တွေက တစ်နေ့ဘယ်လောက်ရတာလိုက်လို့။ မိုးလင်းကနေ နေဝင်ချိန်အထိ ပင်ပင်ပန်းပန်းလုပ်နိုင်မှ တစ်နေ့သုံးထောင်လောက်ရတာ။ တောဆိုတော့ ဖြစ်သလိုစားသောက်နေထိုင်တာတောင် ကလေးနှစ်ယောက်က ကျောင်းနေတဲ့အရွယ်၊ စားကောင်းသောက်ကောင်းတဲ့အရွယ်ရောက်လာတော့ ဘယ်လိုမှမလောက်ချင်ဘူး။**

www.burmeseclassic.com



သာလှကာ ညနေစောင်းလာရင်တော့ ထန်းရည်လေးက နည်းနည်းချရမှ။ အိမ်အတွက်သာ စားဖို့သောက်ဖို့ ငွေမရှာရင်နေမယ်။ သူ့ထန်းရည်ဖိုးရအောင်တော့ ရွာထဲကပိုက်ဆံရှိတဲ့အိမ်တွေကခိုင်းတဲ့ ထင်းပေါက်၊ နွားစာစဉ်း၊ ရေအိုးဖြည့် စတာတွေ နည်းနည်းပါးပါး လုပ်လေ့ရှိတယ်။ ဒီတော့ တစ်အိမ်လုံးစားဖို့သောက်ဖို့ ငွေရှာတော့လည်း ကျွဲမ၊ ကလေးမွေး၊ ကလေးထိန်း တော့လည်း ကျွဲမ၊ ချက်ရပြုတ်ရတော့လည်း ကျွဲမ၊ ကျွဲမမှာသာ အမြဲဖတ်သီဖတ်သီနဲ့ပေါ့။ ဒါပေမဲ့ ထန်း ရည်မူးပြီး ဘယ်သူနဲ့မှရန်မဖြစ်တာ၊ သွေးမဆိုးတာ တစ်ခုအတွက်တော့ ကျွဲမက သူ့ယောကျ်ားရေခဲတုံး ကြီးကို အမြဲကျေးဇူးတင်နေတာပါ။ ရွာထဲမှာ ကိုရင် သာလှထက်ဆိုးတဲ့သူတွေက ရှိသေးတာကိုး။

ကိုရင်သာလှက ဘယ်နေရာမှသိပ်အသုံးမကျလှ ပေမယ့် သူ အသုံးတည့်တဲ့နေရာတော့ရှိတယ်။ ရွှေစက် တော်ဘုရားပွဲနီးပြီဆိုရင် ရွာနီးချုပ်စပ်က အလုပ်လုပ် ချင်သူတွေက မိသားစုလိုက်ပြောင်းရွှေ့နေထိုင်ပြီး မန်းချောင်းတစ်လျှောက် ယာယီတဲလေးတွေထိုးလို့ သွားအလုပ်လုပ်ကြတာကိုး။ အဲဒီလိုအချိန်မှာတော့ ကိုရင်သာလှတို့က ရွှေ့ဆုံးကပဲ။ စောစောသွား နေရာ ဦးရမလား။ လှည်းနဲ့ပစ္စည်းတိုက်ပြီး နေဖို့ တဲထိုးထား ရမလား ရွှေ့ဆုံးကပဲ။ ဒါပေမဲ့ သူများတွေလို ဈေးဆိုင် ကြီးတွေ တဲထိုးတာ၊ ဆိုင်ခင်းတာ၊ ပစ္စည်းသယ်တာ ဒါမျိုးတွေမှာတော့ ဝင်ငွေလေးရအောင် ဝင်ကူညီညာ မလုပ်ချင်ဘူး။ သူ့အလုပ်က ကိုယ့်မိသားစုနေဖို့ တဲထိုး ပြီးရင် ပြီးပြီ။ ညနေ နေကျချိန်မှာတစ်ခါ၊ မနက် လူရှင်း သွားချိန်မှာတစ်ခါ မန်းချောင်းမှာ ရေချိုးရင်း ရေထဲ ငုပ်တယ်။ ဒါကလွဲရင် တစ်နေကုန် သူ ဘာမှ လောက် လောက်လားလား မလုပ်ဘူး။

ဒီလို ရေချိုး၊ ရေငုပ်တာကိုပဲ သူက တကယ့် အလုပ်ကြီးအကိုင်ကြီးလုပ်နေသူလို ကြီးကျယ်ပြနေ သေးရဲ့။ တကယ်တော့ သူ ရေငုပ်တာကလည်း သူ ထန်းရည်သောက်ဖို့အတွက်သက်သက်ပါ။ ရေငုပ်ရာ က ဧည့်သည်တွေ ရေချိုးရင်းကျကျန်ခဲ့တဲ့ပစ္စည်းလေး တွေ ကောက်ရလာတတ်တယ်။ ကလစ်၊ တဘက်၊ အဝတ်အထည်၊ မျက်မှန်၊ ဦးထုပ်၊ ဟန်းဖုန်းတွေက စလို့ တစ်ခါတစ်ရံ ကံကောင်းရင်ကံကောင်းသလို ပိုက်ဆံအိတ်၊ လက်ဝတ်ရတနာတွေပါ ကောက်ရတတ် တာမို့ ဧည့်သည်တွေရေချိုးပြီးလို့ ပြန်တက်သွားချိန်မှာ ကိုရင်သာလှလို ရေငုပ်သမားတွေက မန်းချောင်းတစ် လျှောက် ရှာပုံတော်ဖွင့်ကြတော့တယ်။ ဒါပေမဲ့လည်း ဘယ်လိုရှာရှာ ကိုရင်သာလှကတော့ သူ ထန်းရည် သောက်ဖို့တောင်အနိုင်နိုင်ပါ။ ထန်းရည်ဖိုးမရတဲ့ရက် ဆိုရင် မိန်းမဆီ ပိုက်ဆံပြန်တောင်းရတာပေါ့။

အရင်ကတော့ အချိုးမပြေတဲ့လင်သည်ကို ကျွဲမ အမြဲမြည်တွန်တောက်တီးနေတတ်ပေမယ့် အချိန်တွေ ကြာလာတော့ ပြောနေလည်း ပြင်မှာမဟုတ်တဲ့ သူ့ စရိုက်အတွက် အချိန်ကုန်ခံပြီး မပြောချင်တော့ဘူး၊ ပိုက်ဆံရှာရမှာ ကိုယ့်အလုပ်လို့သာသဘောထားပြီး ကိုယ်လုပ်ရမယ့်အလုပ်သာ ကျုံးပြီးလုပ်လိုက်တော့ တယ်။

## (၂)

ကျွဲမ တည်းကျောင်းတွေရှိတဲ့နေရာကိုရောက် တော့ ခရီးသည်တွေတောင် တဲပေါ်တက်ကုန်ကြပြီ၊ ပါလာတဲ့ပစ္စည်းတွေ နေရာချလို့ ခြေခင်းလက်ခင်းဆန့် သူတွေတောင် ဆန့်ကုန်ကြပြီ။ တည်းကျောင်းတွေက ခရီးသွားလုပ်ငန်းတွေအလိုက် ကန်ထရိုက်ဆွဲထားတာ ဆိုတော့ ခရီးသွားလုပ်ငန်းတစ်ခုခုက ဘုရားဖူးကား ကြီးတစ်စီးဆိုက်ပြီဆိုရင် လူသုံးလေးဆယ်လောက် က ကားအသေးလေးတွေနဲ့ ဆိုင်ရာတည်းကျောင်း တွေဆီ ရောက်လာတော့တာပဲ။ ကျွဲမတို့လို အလုပ် လုပ်သူတွေလည်း ဧည့်သည်အသစ်တွေတည်းတဲ့ တည်းကျောင်းတွေအနား တရစ်ဝဲဝဲ အလုပ်မျှော်ကြ ရတော့တာပေါ့။ နေမွန်းလွဲခါစအချိန်မို့ ဧည့်သည် တွေက နေပူထဲကလာရလို့ ပူလောင်အိုက်စပ်နေပေ မယ့် မန်းချောင်းရေကိုမချိုးနိုင်ကြသေးဘူး။ အထက် ခြေတော်ရာ၊ အောက်ခြေတော်ရာတွေလည်း တက် မဖူးနိုင်ကြသေးဘူး။ ပွဲဈေးတန်းလျှောက်ဖို့ဆိုတာ တော့ ဝေလာဝေးပေါ့။ ခရီးဝေးကလာခဲ့ကြတာမို့ ကိုယ်လက်တွေညောင်းညာလို့ ပင်ပန်းနွမ်းနယ်နေကြ ပြီ၊ ပူပူအိုက်အိုက်တဲအိမ်လေးတွေထဲမှာ အညောင်း ဆန့်ရင်း တစ်ရေးတစ်မော နားနားနေနေ နေကြချိန်

www.burmeseclassic.com

ပေါ့။ ဒီလိုအချိန်က ကျွဲမတို့လိုအလုပ်လုပ်သူတွေအတွက် အလုပ်ရှာဖို့ အကောင်းဆုံးအချိန်ပဲ။

အဲဒီလိုဆိုလို့ ကျွဲမတို့အလုပ်ကို တစ်မျိုးတစ်မည် မထင်လိုက်ကြနဲ့ဦး။ ကျွဲမတို့တစ်တွေက ခရီးသွားလုပ်ငန်းတွေ ကန်ထရိုက်ဆွဲထားတဲ့ ဒီတည်းကျောင်းဝင်းထဲဝင်တဲ့အခါ တရားဥပဒေနဲ့မညီတာတွေမလုပ်ဖို့နဲ့ တည်းခိုသူတွေရဲ့ပစ္စည်းတွေမပျောက်မရှစေဖို့ ခံဝန်ပေးမှ ဝင်ခွင့်ရတာပါ။ အရင်ကတော့ ဘုရားပွဲလာသူတွေ တည်းကျောင်းတည်းရင် ပစ္စည်းပျောက်ရှတာက တယ်များတာကိုး။ မပြေးသော်လည်း ကန်ရာရှိမို့ တည်းကျောင်းနား လာအလုပ်လုပ်သူတွေက အပြောအဆိုခံရ အထင်လွဲခံရတာပိုများတယ်။ ဆိုးတဲ့သူတွေကလည်း ဆိုးပေတာကိုး။ ထရံလေး၊ ကြမ်းပြင်လေး ဝါးခြမ်းလေးတစ်ချောင်းတလေများ လွတ်လို့ဟနေရင် အဲဒီနေရာက မြင်သမျှပစ္စည်းကို ချိတ်နဲ့ရသလောက်ဆွဲယူတတ်ကြတာကလား။ ဝါးခြမ်းကသူ့အလိုလိုဟမနေရင်လည်း ဟလာအောင် လူအလစ်ချိုးဖဲ့ပစ်တတ်ကြသေးတယ်။ ဧည့်သည်တွေမှာ ဥစ္စာခြောက်ရတာနဲ့ ဘုရားဖူးတာ၊ ရေချိုးတာ၊ အိပ်တာ၊ စားတာတောင် ဖြောင့်ဖြောင့်မလုပ်နိုင်ကြဘူး။ ဟော. . အခု ဒီလိုကြပ်မတ်လိုက်တော့ ကျွဲမတို့လိုတကယ်အလုပ်လုပ်ချင်သူတွေပဲ တည်းကျောင်းတွေနားတရားဝင်ကပ်နိုင်ကြတော့တယ်။ ပစ္စည်းပျောက်တယ်ဆိုရင် ကိုယ်တွေပဲအမှုပတ်လို့ အလုပ်ဆက်လုပ်ခွင့်မရတော့မှာစိုးကြတာမို့ ဘယ်သူမှလည်း မဟုတ်တာမလုပ်ရဲကြပါဘူး။ ခရီးသွားလုပ်ငန်းကလူတွေက အမြဲမပြတ်လုံခြုံရေးကင်းစောင့်နေတာလည်းပါပါတယ်။

အစ်မညိုတုတ်တော့ အရိပ်အယောင်တောင် မတွေ့ရတော့တာမို့ ဖောက်သည်ရသွားပြီထင်ရဲ့လို့ တွေးမိတယ်။ ဟိုဘက်ရွာက အေးလှနဲ့မြသင်တို့နှစ်ယောက်တော့ တည်းကျောင်းတွေရှေ့မှာ ယောင်လည်လည်နဲ့ လူမရကြသေးဘူး။ ကောင်မနှစ်ယောက်က ငယ်ဂုဏ်ကလေးနဲ့ လှလှပပဝတ်စားပြီး မျက်နှာချေလေးဘာလေးတို့လာကြတော့ အရင်ကားကလူတွေတုန်းက ပိုက်ဆံအတော်ရလိုက်တယ်။ ဒီကားတော့ မရကြသေးပါလား။ သူတို့မရသေးလည်း ကိုယ်တော့ရချင်ရမှာပေါ့လို့ မာန်တင်းရင်း၊ တည်းကျောင်းတွေရှေ့လမ်းသလားရင်း ခရီးသည်တွေကို လူကဲခတ်လိုက်တယ်။ အချို့တဲတွေက တဲတံခါးတွေပိတ်လို့ အထဲမှာ တစ်ရေးတောင်အိပ်ကုန်ကြပြီထင်တယ်။ သည်လိုတဲမျိုးဆိုရင်တော့ လက်လျှော့ရတာပါပဲ။ နိုးနေတဲ့တဲမှဖြစ်မှာလေ။ နောက်ပြီး ကျွဲမက လူနည်းနည်းရွေးတယ်။ ယောက်ျားချည်းရှိတဲ့တဲတွေကိုရှောင်တယ်။ မိန်းမတွေကိုပဲသဘောကျတယ်။ ဒါမှမဟုတ် လင်မယား၊ မိသားစုတဲတွေဆိုရင်လည်း ဖြစ်ပါတယ်။ ဒီတော့ အေးလှတို့လို ငွေရသင့်သလောက် မရဘူးပေါ့။ ဟော. . . ဟိုမှာ လင်မယားဖြစ်ဟန်တူတဲ့ လူလတ်ပိုင်း အမျိုးသားနဲ့ အမျိုးသမီးတို့ နှစ်ဦးသားတဲရှေ့ကဝရန်တာမှာ စကားတပြောပြောနဲ့။ မြင်မြင်ချင်း ကျွဲမ အဲဒီတဲရှေ့ကိုချက်ချင်းရောက်သွားတယ်။

"အစ်ကိုတို့ အစ်မတို့. . . နေအရမ်းပူတယ်နော်၊ ကားအကြာကြီးစီးလာရတော့ ညောင်းနေကြမှာပဲ"

ခေါင်းကခမောက်ကိုချွတ်ရင်း အပြုံးကလေးနဲ့ ကျွဲမ စကားစတယ်။

"အေးလေ၊ အညာနွေက ပူလိုက်တာနော်၊ တဲထဲမှာ နေလို့တောင်မရလို့ အပြင်မှာပဲထိုင်နေရတာ"

"အစ်မတို့ ထမင်းကောစားပြီးပြီလား၊ ဒီနားမှာ အသုပ်စုံရှိတယ်၊ အအေးတွေ ဘာတွေလည်းရတယ်၊ ဘာမှာပေးရမလဲ"

ကျွဲမက လောကွတ်လုပ်တော့ သူတို့က ပြုံးပြီးပြန်ပြောတယ်။

"တို့တွေက ခရီးသွားရင် အပြင်စာတွေဘာတွေ မစားတတ်ဘူး၊ ဝမ်းတွေဘာတွေ လျှောမှာစိုးလို့၊ ဒါနဲ့ ဘုရားပေါ် ဘယ်အချိန်လောက်တက်ရင်ကောင်းမလဲ"

"အခုအချိန်တော့ တအားပူတယ်အစ်ကိုတို့၊ အစ်မတို့ရဲ့၊ ညနေ နေစောင်းမှ ရေမိုးချိုးပြီး တက်ပေါ့"

ရင်းနှီးမှုကိုအရင်ယူနေရတာမို့ လိုရင်းကမရောက်နိုင်သေးဘူး။ အခြေအနေမကောင်းရင် နောက်တစ်တဲရှာရမှာဆိုတော့ သိပ်အချိန်ဆွဲလို့လည်း မဖြစ်ဘူး။ စဉ်းစားနေရင်းနဲ့ အစ်မလေးရဲ့ စိန်သေး

www.burmeseclassic.com





သေးလေးတွေနဲ့လုပ်ထားတဲ့ ခေါင်းလောင်းပုံဆွဲသီး ကလေးဆီ မျက်စိကရောက်သွားတယ်။ ပုံလေးက ပုံဆန်းလေး။ လှလိုက်တာ။ လက်ရာမြောက်လိုက်တာ။ စိတ်ထဲက အသိအမှတ်ပြုပြောနေမိပေမယ့် မျက်စိ အကြည့်ကိုတော့ ချက်ချင်းပြန်လွှဲလိုက်တယ်။ မတော် လို့ တစ်မျိုးတစ်မည်ထင်ရင် အခက်သားကလား။ ဆင်းရဲသားပေမယ့် ကျွဲမက မာနတော့ရှိတယ်၊ သူများ ပစ္စည်းအပေါ် လောဘမရှိဘူး။ ယုန်ထင်ကြောင်ထင် လည်း အထင်မခံနိုင်ဘူး။ နောက်ပြီး အချိန်သိပ်ဆွဲလို့ မဖြစ်တော့တာမို့ ကျွဲမလည်း ပြောနေကျစကားကို စပြောရတော့တယ်။

"အစ်မတို့ ညောင်းရင် လှဲပါလား၊ ကျွန်မ နှိပ်ပေး မယ်လေ၊ ပိုက်ဆံလည်းသိပ်မကျပါဘူး အစ်ကိုတို့၊ အစ်မတို့ရဲ့၊ သိပ်မကြာရင် နှစ်ထောင်၊ နည်းနည်း ပိုကြာရင် သုံးထောင်လောက်ပဲ ယူပါတယ်"

ကျွဲမကပြောလိုက်တော့ သူတို့က တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီးရယ်တယ်။

"နေပါစေညီမရယ်၊ အစ်ကိုတို့က အနှိပ်မခံတတ် ဘူး၊ ခရီးကပန်းလာတော့ အိပ်ချင်နေတာ၊ ပူလွန်းလို့ တဲထဲမဝင်နိုင်လို့ ဒီမှာပဲထိုင်နေရတာ"

"ကားအကြာကြီးစီးလာရတာ အစ်ကိုတို့၊ အစ်မ တို့ မညောင်းကြဘူးလား"

"ညောင်းတော့ညောင်းတာပေါ့၊ ခဏနေ ဘုရား ပေါ်တက်တော့ အညောင်းပြေသွားမှာပေါ့၊ တို့တွေက တစ်သက်လုံးအနှိပ်မခံဖူးဘူး၊ နေ့တိုင်း လေ့ကျင့်ခန်းပဲ လုပ်တယ်၊ လေ့ကျင့်ခန်းလုပ်ရင် အညောင်းပြေသွား တာပဲလေ"

ဘုရား. . . ဘုရား။ ကျွဲမ ဘုရားတလိုက်မိတယ်။ သူတို့လိုလူမျိုးတွေချည်းရှိလို့ကတော့ ကျွဲမတို့ ထမင်း ငတ်ပြီးသေရချေရဲ့။ ဘာတဲ့. . . လေ့ကျင့်ခန်းလုပ်ရင် အညောင်းပြေသတဲ့။ ဟုတ်တော့ဟုတ်မှာပဲ။ ကျွဲမ လည်း အခုအချိန်အထိ အနှိပ်မခံဖူးဘူး။ ကိုယ်ကသာ ရွှေစက်တော်ဘုရားပွဲချိန်မှာ မနိုပ်တတ်နှိပ်တတ်နဲ့ အနှိပ်သည်တစ်ဖြစ်လဲလုပ်နေရတာ။ နှစ်စဉ်ဝ အလုပ် က ဇယ်စက်သလိုလုပ်နေရတော့ ညောင်းလို့ညောင်း မှန်းတောင် မသိတော့ပါဘူး။ ခေါင်းအုံးပေါ် ခေါင်းချ

လိုက်တာနဲ့ ချက်ချင်းအိပ်ပျော်သွားတော့တာပဲ။ ဟုတ်တော့ဟုတ်မှာပေါ့။ သူတို့ပြောတဲ့ လေ့ကျင့်ခန်း လုပ်ရင် အညောင်းပြေတယ်ဆိုတာ။

"ညီမက ဒီနားကရွာတွေမှာ နေတာလား"

အစ်မလေးကမေးတော့ ကျွဲမ ခေါင်းညိတ်ပြရင်း ပြန်ဖြေတယ်။ ဘုရားပွဲချိန်မို့ မိသားစုလိုက် အလုပ် လာလုပ်တဲ့အကြောင်းပေါ့။ ဒီတော့ သူ့ယောကျ်ားက

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်မေးပြန်တယ်။

"ညည်းယောကျ်ားကကော ဘယ်လိုအလုပ်တွေ လုပ်လဲ" တဲ့။

ကျွဲမ တော်ရုံနဲ့ ပြန်မဖြေနိုင်ဘူး။ နောက်တော့မှ ခပ်လေးလေးပြန်ပြောတယ်။

"သူက မန်းချောင်းထဲမှာ ရေငုပ်တယ်"

"ရေငုပ်တယ်ဆိုတော့ ဘာအတွက်ငုပ်တာလဲ"

အစ်မလေးက နှုတ်သွက်လျှာသွက်မို့ ချက်ချင်း မေးတော့တယ်။ ဘာမှမတတ်နိုင်တာမို့ ကျွဲမ မဖြေချင့် ဖြေချင်နဲ့ ပြန်ဖြေရတယ်။ ကျွဲမက လိမ်မပြောတတ်တော့ အမှန်အတိုင်းပဲပေါ့။

တစ်သက်လုံးမကြားခဲ့ရဖူးတဲ့ လင်သည်ရဲ့
"ငါ လုပ်ကျွေးပါ့မယ်" ဆိုတဲ့စကားက
ကျွဲမအဖို့ နားဝမှာ ပျားသကာအလား ထင်ချင်စရာပဲ။
ဒါပေမဲ့ အခုတော့ ကျွဲမနားတွေ ထုံထိုင်းနေပြန်တယ်။
ဘာမှခံစားလို့မရနိုင်ဘဲ ငူငူငိုင်ငိုင်ဖြစ်မြဲဖြစ်နေခဲ့တယ်။
ကျွဲမ ဘာလုပ်ရမလဲ။ အခုအချိန်ဆိုရင်
ဆွဲသီးလေးပျောက်သွားလို့ ယောက်ယက်ခတ်နေမယ့်
အစ်မလေးတို့ကို မြေးမြင်ယောင်နေမိတယ်။

"လူတွေရေချိုးရင်း ပျောက်သွားတဲ့ပစ္စည်းတွေ ရှာတာပါ"

"ဟင်. . . ပျောက်တဲ့ပစ္စည်းဆိုတော့ ပိုင်ရှင်ရှိတာပေါ့နော်၊ အဲဒီလိုရှာတွေ့တော့ ဘယ်လိုလုပ်ကြလဲ၊ ပိုင်ရှင်ရှာပြီး ပြန်ပေးတာလား"

မသိသားဆိုးဝါးတဲ့ အစ်မလေးရဲ့မေးခွန်းကြောင့် ကျွဲမ အတော်စိတ်ကသိကအောက်ဖြစ်သွားမိတယ်။ ဒီရွှေစက်တော်ဘုရားပွဲကိုလာတိုင်း ကိုရင်သာလု လုပ်တဲ့အလုပ်ကို ကျွဲမ ဘယ်တုန်းကမှ စိတ်ထဲ စနောင့်စနင်း လိပ်ပြာမသန့်မဖြစ်ခဲ့ဖူးဘူး။ တစ်နေ့တစ်နေ့ ဒီလောက် လူတွေအများကြီး လာလိုက်၊ ပြန်လိုက် လုပ်နေတဲ့ မန်းစက်တော်ရာမှာ လူပေါင်းစုံ ရေလာချိုးနေတဲ့ မန်းချောင်းထဲ ကျကျန်ရစ်တဲ့ပစ္စည်းတွေရဲ့ ပိုင်ရှင်ကို ဘယ်လိုရှာပြီး ဘယ်လိုပြန်ပေးရမှာလဲ။ နောက်ပြီး ရေထဲဆင်းရှာနေတဲ့သူတွေကလည်း ကိုယ့်ထမင်း ကိုယ်စားပြီး အလုပ်လုပ်တဲ့ ပရဟိတသမားတွေ မဟုတ်ဘူးလေ။ ပိုင်ရှင်ကိုမရမကရှာပြီး ပြန်ပေးဖို့က ဒီလိုလူတွေမှာ ဝတ္တရားရှိမနေပါဘူး။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် ကျွဲမကတော့ ကိုရင်သာလုရဲ့အလုပ်ကို လိပ်ပြာလုံပါတယ်။ ကိုယ်မကောက်လည်း သူများကောက်သွားမှာ၊ ဒါမှမဟုတ် ရေစီးနဲ့ မျောသွားမယ့် ပစ္စည်းကို ကောက်ရခြင်းဟာ ပစ္စည်းပိုင်ရှင်ရှိတယ်ဆိုပေမယ့် နိုးတာဝှက်တာ၊ မတရားယူတာမှ မဟုတ်ဘဲ။ အစ်မလေးရဲ့မေးခွန်းကို ပြုံးနေရုံကလွဲလို့ ရေရေရာရာပြန်မပြောတဲ့ ကျွဲမကိုကြည့်ပြီး အစ်မလေးက ကျွဲမ မဖြေချင်တာကို ရိပ်မိပုံရတယ်။ ချက်ချင်း စကားလမ်းလွှဲလိုက်တယ်။

"တို့တွေက အနိုပ်မခံတော့ ညည်း လူမရဘဲနေမယ်၊ တခြားမှာသွားရှာကြည့်ပါအုံးလား" တဲ့။

သူတို့နဲ့အဆင်မပြေတော့တာ သေချာပြီဆိုတော့လည်း အခြားတဲရှာဖို့ ကျွဲမတစ်ယောက် နှုတ်ဆက်ထွက်လာခဲ့တယ်။ ဒီတစ်ကြောတော့ အခြားတဲတွေမှာ လူရိပ်လူယောင်မတွေ့မိဘူး။ အခြားအနှိပ်သည်တွေနဲ့ တဲထဲပဲအနှိပ်ခံနေကြပြီလား တွေးမိတော့ နောက်ကျသွားတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲအပြစ်တင်မိတော့တယ်။ ညနေ နောက်ထပ်ဧည့်သည်မဝင်ရင် မနက်ကရထားတဲ့ ငွေချောက်ထောင်အပြင် နောက်ထပ်ရပါဦးမလား။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပါးတဲ့နေ့တွေမှာတော့ ဒီလိုပါပဲ။ တစ်ခါတလေ များ၊ အလုပ်သိပ်ဖြစ်တဲ့နေ့ဆိုရင် တစ်သောင်း၊ တစ်သောင်းခွဲတောင် စီချင်စီတတ်တာကိုး။ တွေးရင်းနဲ့ ချောင်းဘက်က တည်းကျောင်းတွေဘက်ကွေ့လာလိုက်တော့ သားနှစ်ယောက်က ကြိပန်းခိုင်လေးတွေတင်ထားတဲ့ ဗန်းလေးတွေကိုယ်စီနဲ့ တဲတွေနားမှာ ရစ်သီရစ်သီလုပ်နေကြတာတွေ့ရတယ်။ ဗန်းထဲ ကဲကြည့်လိုက်တော့ တစ်ဝက်စီလောက်တော့ လျော့နေကြပြီ။ ကလေးတွေက အမေကို ဘာမှမပြောနိုင်သေးခင် တဲတစ်တဲက လှမ်းခေါ်လို့ သွားကြပြန်လေရဲ့။ သူတို့လည်း ကျောင်းပိတ်တုန်း ဒီလိုပဲ ကျောင်းစရိတ်ရှာကြရတယ်လေ။

တဲတန်းတစ်လျှောက် လျှောက်ရင်း၊ လူရိပ်လူယောင်တွေ့ရင် အနှိပ်ခံဖို့မေးရင်း အချိန်တွေသာကုန်သွားတယ်၊ အလုပ်ကမဖြစ်သေးဘူး။ မန်းချောင်းကို တံတားကကူးပြီး ဗွီအိုင်ပီတဲတွေနားရောက်သွားတယ်။ အဲဒီမှာ ယောင်လည်လည်ဖြစ်နေတဲ့ အစ်မညိုတုတ်နဲ့ တွေ့တော့တာပဲ။

"အစ်မ ဘယ်လိုလဲ၊ အလုပ်ရလိုက်သေးလား"

"တစ်ယောက်မှမရသေးပါဘူးအေ၊ ညည်းကော"

"ကျွန်မလည်း ဒီလိုပါပဲအစ်မရဲ့၊ ဒီတစ်ခါ ကားမှာပါလာတဲ့လူတွေက မညောင်းတတ်ကြဘူး ထင်ပါရဲ့အစ်မရာ"

"အေးလေ၊ နေပူလာလို့လားမသိ၊ အသက်ကြီးတဲ့သူတွေမှ သိပ်မပါတာ၊ အသက်ကြီးသူတွေကမှ အနှိပ်ခံချင်ကြတာအေ့၊ လူငယ်တွေပဲအလာများရင် ငါတို့တွေ အလုပ်ပါးတာပေါ့အေ"

ပြောပြောဆိုဆို နေတောင်အတော်ချိုလာပြီဆိုတော့ ခရီးသည်အချို့တောင် ရေချိုးဖို့ မန်းချောင်းထဲ ဆင်းစပြုလာကြပြီ။ ဒီညနေအဖို့ အလုပ်ရဖို့ လမ်းမမြင်တော့တဲ့အတူတူ ဆက်မရှာတော့ဘဲ ကိုယ့်တဲဆီပဲ ပြန်လာခဲ့လိုက်တော့တယ်။ ခဏနေရင် သားတွေ ဈေးရောင်းထွက်ရာက ဆာဆာနဲ့ပြန်လာမှာဆိုတော့ အဆင်သင့်စားရအောင် မီးမွှေးပြီး ထမင်းဟင်းချက်ရဦးမယ်။ သားတွေအတွက် ညဘက်လည်ရောင်းဖို့ ကြိပန်းခိုင်တွေလည်း အသစ်လုပ်ပေးရဦးမယ်လေ။

နောက်ပြီး မကြာခင် ကိုရင်သာလှက မန်းချောင်းထဲ ဆင်းချိန်ရောက်တော့မှာကိုး။ သူမရှိရင် ကိုယ်က တဲထဲမှာစောင့်နေရဦးမယ်။ နို့မို့ မလုံ့တလုံတဲထဲက ရှိတာလေးပါသွားမှ ညတောင် အိပ်စရာ စောင်တွေ၊ ဖျာတွေ မရှိဖြစ်တော့မှာ။

(၃)

"ကျွဲမရေ့ . . ကျွဲမ"

မှောင်ရီဖျိုးဖျအချိန်မှာ တကြော်ကြော်အော်ခေါ်သံနဲ့အတူ ကိုရင်သာလှတစ်ယောက် ကျွဲမတို့ရဲ့ ခနော်နီခနော်နဲ့ တဲလေးထဲဝင်လာတယ်။ ခါတိုင်း ဒီအချိန်ဆိုရင် ပြန်လာဦးမှာမဟုတ်လေတော့ ကျွဲမ အတော်အံ့အားသင့်နေမိတယ်။ ဘာမှမရလို့ ထန်းရည်ဖိုးလာတောင်းလေပြီလားလို့ ရုတ်တရက်တွေးလိုက်မိသေးတယ်။ ဒါပေမဲ့ ကိုရင်သာလှ တဲထဲဝင်လာတဲ့ဟန်နဲ့ သူ့မျက်နှာအနေအထားဟာ ဒီနေ့အဖို့ ထူးခြားနေတယ်လို့ ကျွဲမထင်လိုက်မိတယ်။ ဒီလောက် ရွှင်လန်းတောက်ပနေတဲ့ လင်သည်ရဲ့မျက်နှာကို ကျွဲမ အိမ်ထောင်သက်တစ်လျှောက်မမြင်ဖူးသလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်ရှိတဲ့လူတစ်ယောက်ရဲ့ဟန်ပန်တွေကို ကိုရင်သာလှဆီမှာတွေ့နေရတယ်။ အခါတိုင်းတော့ ကိုရင်သာလှက အမြဲမှုန်မှုန်မှိုင်းမှိုင်း ထုံထုံထိုင်းထိုင်း မဟုတ်လား။ အမေတစ်ခု၊ သမီးတစ်ခုဘဝမှာ အမေက သမီးကိုစိတ်မချလေတော့ သူမဆုံးခင်က လူရိုးလူအေးပါဆိုပြီး အတင်းပေးစားလို့သာ ယူခဲ့ရတယ်၊ ကျွဲမစိတ်ထဲ ဘယ်တုန်းကမှ ကြည့်ကောင်းတယ်လို့မထင်ခဲ့တဲ့ ကိုရင်သာလှမျက်နှာဟာ ဒီညတော့ ကြည့်ကောင်းနေသလိုလိုပဲ။ ထန်းရည်မူးမနေတာလည်းပါမှာပေါ့။

"ကျွဲမ . . ဒီမှာကြည့်စမ်း"

ကိုရင်သာလှက ကျွဲမနံဘေးမှာဝင်ထိုင်လိုက်ပြီး သူ့ခါးပုံစထဲက အရာတစ်ခုကိုထုတ်တယ်။ ဝင်းလက်နေတဲ့ပစ္စည်းလေးဟာ ကိုရင်သာလှရဲ့လက်မည်းမည်းကြီးထဲမှာ တဖျပ်ဖျပ်နဲ့ပါလာတယ်။ ဒီပစ္စည်းလေးကို ကြည့်ရင်း ကျွဲမ အံ့အားသင့်ပြီး ကြက်သေသေနေမိတယ်။

"တော် . . . ဒါကို ဘယ်လိုလုပ်ရလာတာတုံး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရမလဲဟ၊ ရေထဲကကောက်ရလာတာပေါ့၊ ဒါကြောင့် နင့်ကို ငါပြောတယ်မဟုတ်လား၊ တစ်နေ့ နင် ငါ့အကြောင်းသိစေရမယ်လို့၊ တွေ့ပြီမဟုတ်လား၊ ငါ့အစွမ်းအစကို"

ကိုရင်သာလှက လေလုံးကြီးကြီးတွေပစ်သွင်းနေပေမယ့် ကျွဲမ နားမထောင်အားပါဘူး။ သူ့လက်ထဲက ပစ္စည်းလေးကိုပဲ ကမန်းကတန်းဆွဲယူကြည့်လိုက်မိတယ်။ မီးရောင်အောက်မှာ ပစ္စည်းလေးက လက်လက်ဖြာနေလိုက်ပုံများ နေ့လယ်ကတွေ့ခဲ့တာနဲ့တောင်မတူဘူး။ ကျွဲမ ခေါင်းလောင်းပုံစိန်ဆွဲသီးကလေးကို တုန်တုန်ယင်ယင်နဲ့ လက်ထဲဆုပ်ထားရင်း အံ့ဩဖွယ်တိုက်ဆိုင်မှုကိုတွေးနေမိတယ်။

"ဒါလေးရောင်းရင် အနည်းလေး ဆယ်သိန်းကျော်ရမှာပဲ ရှင်မရဲ့ ငါတို့တော့ ဒီတစ်ခေါက် ဟန်ကျပြီပေါ့၊ အေးဆေး ရွာပြန်ရင်တောင်ရနေပြီ၊ ဒီမှာ အလုပ်လုပ်ရတာ မင်းလည်းပင်ပန်းပါတယ်ကွာ"

အချိန်ကျနေတာတောင် ထန်းရည်ဆိုင်သွားဖို့ မေ့နေတဲ့ ကိုရင်သာလှက ဝမ်းသာအားရ ရွှန်းရွှန်းဝေအောင် ပြောနေပေမယ့် ကျွဲမက ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် အမျိုးအမည်ခွဲခြားလို့မရတဲ့ဝေဒနာနဲ့ ငေးငိုင်နေလေရဲ့။ ဘာလို့လဲ။ ဘာလို့များ ဒီစိန်ဆွဲသီးလေးရဲ့ပိုင်ရှင်ကို ကျွဲမက တွေ့ခဲ့ရတာပါလိမ့်၊ ဘယ်တဲကျောင်းမှာတည်းနေတဲ့ ဘယ်ခရီးသွားအဖွဲ့ကဆိုတာတွေ သိနေခဲ့ရတာပါလိမ့်။ ကျွဲမတွေးရင်းဆွေးနေမိတော့တယ်။ နေ့လယ်က ဘာမှမသိခဲ့၊ မတွေ့ခဲ့ရရင် အခုနေအချိန်ခါများ ကျွဲမ ဘယ်လောက်ဝမ်းသာလိုက်မလဲနော်။

"ဘာတွေတွေးနေတာလဲမိန်းမရဲ့၊ မင်းကြည့်ရတာ ပျော်ပုံလည်းမရဘူး၊ ငါ့မှာတော့ မင်းကို ဝမ်းသာစေချင်လို့ အပြေးပြန်လာပြောရတာ ထန်းရည်တောင်မသောက်ခဲ့ရဘူး"

ကိုရင်သာလှက စိတ်မရှည်သလို ကျွဲမပခုံးကို သူ့လက်ကြမ်းကြီးနဲ့ပုတ်ပြီးပြောတယ်။

"တို့တွေ မနက်ဖြန်ပဲ ပစ္စည်းသိမ်းပြီး ရွာပြန်မယ်၊ ဒါလေးကို မင်းဘူးမြို့ပေါ်တက်ပြီး အမြန်သွားရောင်းကြည့်ကြရအောင်၊ ပိုက်ဆံလောက်လောက်လားလားရရင် ရွာက တို့တဲလေးလည်း မိုးလုံလေလုံပြင်ဆောက်မယ်၊ လှည်းတစ်စီးဝယ်မယ်ကွာ၊ နွားတွေလည်းဝယ်မယ်၊ ဒီတစ်ခါ ငါ့အလှည့်ပဲ၊ အရင်းအနှီးရှိပြီမို့ မင်းတို့သားအမိကို ငါလုပ်ကျွေးပါ့မယ်၊ မင်း သူများယာတွေထဲမှာ နေပူစပ်ခါးအလုပ်လုပ်စရာမလိုတော့ပါဘူး"

တစ်သက်လုံးမကြားခဲ့ရဖူးတဲ့ လင်သည်ရဲ့ "ငါလုပ်ကျွေးပါ့မယ်" ဆိုတဲ့စကားက ကျွဲမအဖို့ နားဝမှာပျားသကာအလား ထင်ချင်စရာပဲ။ ဒါပေမဲ့ အခုတော့ ကျွဲမနားတွေ ထုံထိုင်းနေပြန်တယ်။ ဘာမှခံစားလို့မရနိုင်ဘဲ ငူငူငိုင်ငိုင်ဖြစ်မြဲဖြစ်နေခဲ့တယ်။ ကျွဲမ ဘာလုပ်ရမလဲ။ အခုအချိန်ဆိုရင် ဆွဲသီးလေးပျောက်သွားလို့ ယောက်ယက်ခတ်နေမယ့် အစ်မလေးတို့ကို မြေးမြင်ယောင်နေမိတယ်။ အရင်ကတော့ ပိုင်ရှင် ဘယ်သူဘယ်ဝါမသိဘဲ ကောက်ရတဲ့ပစ္စည်းက မိုးတာ၊ ခိုက်တာ မဟုတ်လို့ တရားမျှတတယ်လို့ခံယူထားတဲ့ ကျွဲမတစ်ယောက် အခုတော့ ပိုင်ရှင်ကိုသိနေပြီလေ၊ ဒီလိုပစ္စည်းကိုယူထားလိုက်ရင် ကျွဲမတို့ တရားပါ့မလား၊ ကျွဲမ ရင်တွေပူလာတယ်။

ကိုရင်သာလှကတော့ ဆွဲသီးလေးကို ကျွဲမလက်ထဲအပ်ပြီး စိတ်ချလက်ချ နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်သွားလိုက်တာ တခူးခူးတခေါခေါဟောက်လို့၊ ကျွဲမမှာတော့ စဉ်းစားခန်းဝင်နေရတာနဲ့ မျက်စိမှိတ်လို့တောင်မရနိုင်သေးဘူး။ ဒီဆွဲသီးကို ကျွဲမ ဘာလုပ်ရမလဲ၊ ကိုယ်ထိုက်လို့ကိုယ်ရတာပဲလို့သဘောထားပြီး ဒီအတိုင်း ငြိမ်နေလိုက်ရမလား။ ပိုင်ရှင်ဘယ်သူဆိုတာသိနေတာကလွဲရင် အခြား ဘာများထူးခြားသွားတာမို့လို့လဲ။ မနက်ဖြန်နေ့လယ်ဆိုရင် အစ်မလေးတို့ ပုဂံကိုသွားမယ့်ကားတွေက မန်းစက်တော်ရာက ပြန်ထွက်တော့မှာ၊ သူတို့ပြန်သွားပြီဆိုရင် အားလုံး ပိုနေမြဲကျားနေမြဲပဲ။

ကောက်ရတဲ့ပစ္စည်းသွားရောင်းတာ ဘာပြဿနာမှရှိမှာလည်းမဟုတ်ဘူး၊ ရောင်းပြီး ရွာပြန်ကြမယ်၊ ကိုရင်သာလှပြောသလို သူ့အလုပ်လုပ်ဖို့လှည်းလေး၊ နွားလေးဝယ်မယ်၊ ဒီတစ်မိုးအမီ ကြယ်မြင်လမြင်ဖြစ်နေတဲ့ တဲအိမ်လေးကိုလည်း ပြန်ပြင်ဆောက်ချင်သေးတယ်။ စိတ်ကူးတွေတသီကြီးယဉ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတယ်။ ဒါပေမဲ့ အတွေးထဲ ခဏခဏ အနှောင့်အယှက်ကဝင်နေပြန်တယ်။ အစ်မလေးကတော့ ပစ္စည်းပျောက်သွားလို့ နှမြောပြီး ငိုနေမလားဘဲ။ ဒါပေမဲ့ သူတို့ကသူဌေးတွေပါ။ ကြည့်တာနဲ့သိပါတယ်။ ဒီလောက်က အသေးအဖွဲ့ဝတ်လာတာ နေမှာပေါ့။ ကျွဲမတို့အတွက်သာ သူတို့အသေးအဖွဲ့က အကြီးအကျယ်ဖြစ်နေတာပါ။ ဆွဲသီးကို ဒီအတိုင်းပဲယူထားလိုက်တော့မယ်လို့ ယတိပြတ်ဆုံးဖြတ်လိုက်ပြီးတဲ့အချိန်မှာ မနက်လင်းအားကြီးတောင်ရောက်လုပြီ။ ကျွဲမလည်း အဲဒီတော့မှ စိတ်တုံးတုံးချပြီး အိပ်ပျော်သွားတော့တယ်။

(၄)

"ကျွဲမရေ. . . ကျွဲမ၊ ဟဲ့. . ကလေး၊ မင်းတို့အမေရှိလား"

"ဟုတ်. . ရှိပါတယ်၊ အမေရေ. . . ဒီမှာ ဧည့်သည်တွေရောက်နေတယ်"

တဲအပြင်က ဆူဆူညံညံအသံတွေနဲ့ သားကြီးရဲ့ဖော်ခေါ်သံကြောင့် ကျွဲမလန့်နိုးသွားတယ်။ မိုးတောင်စင်စင်လင်းနေပါပေါ့လား။ လင်သည်နဲ့ကလေးတွေက ဘာကြောင့်များသူ့ကိုမနှိုးကြတာပါလိမ့်။ ဒါနဲ့ တဲရှေ့က ဆူဆူညံညံနဲ့ ဘယ်ကလူတွေများပါလိမ့်။ ကိုရင်သာလှနှယ် မနက်စောစောစီးစီး ဘယ်များသွားနေပြန်ပြီလဲ၊ စိတ်တိုတိုနဲ့တွေးရင်း လက်က ခေါင်းအုံးအောက်ကိုစမ်းတယ်။ ပုဆိုးစုတ်နဲ့ထုပ်ထားတဲ့ စိန်ဆွဲသီးကို အမိအရစမ်းလိုက်မိတော့မှ သက်ပြင်းချကာ လာတဲ့လူတွေနဲ့တွေ့ဖို့ တဲပြင်ကို ကမန်းကတန်းထွက်လိုက်ရတယ်။ တဲပြင်မှာ ခရီးသွားလုပ်ငန်းကတည်းကျောင်းတွေကို တာဝန်ခံကြီးကြပ်တဲ့လူနဲ့ အစ်မလေးတို့ဇနီးမောင်နှံကိုတွေ့လိုက်ရတော့ ကျွဲမအတော်အံ့အားသင့်သွားသလို မျက်စိမျက်နှာလည်းပျက်သွားတယ်။

"ကျွဲမရေ. . . ဒီအစ်မက သူ့စိန်ဆွဲသီးနဲ့ ဆွဲကြိုးလေး မနေ့ညနေက မန်းချောင်းမှာရေချိုးရင်း ပျောက်သွားလို့တဲ့၊ အဲဒါ ညည်းက ညည်းယောကျ်ား ရေငုပ်တယ်ဆိုပြီး မနေ့ကပြောသွားလို့ ညည်းယောကျ်ားကို ပစ္စည်းရှာခိုင်းချင်တယ်တဲ့၊ ညည်းတဲကိုလိုက်ပို့ပါဆိုတာနဲ့ ငါလိုက်ပို့တာ"

တာဝန်ခံရဲ့စကားကိုကြားတော့ အစ်မလေးကို ကျွဲမ မရဲတရဲလှည့်ကြည့်လိုက်တယ်။ အစ်မလေးမျက်နှာကငိုထားသလိုပဲ၊ နီရဲမို့အစ်လို့။

"ကူညီပါအုံးညီမရယ်၊ ညီမယောကျ်ားကို ရေငုပ်ပြီး အစ်မစိန်ဆွဲသီးလေးကိုရှာခိုင်းပေးပါနော်၊ အစ်မထိုက်ထိုက်တန်တန်အဖိုးအခပေးပါ့မယ်၊ ဆွဲသီးလေး



က ဘယ်လောက်မှမတန်ပေမယ့် အဲဒါ အစ်မတို့အမေရဲ့ရှေးပစ္စည်းလေးမို့ပါ၊ အမေကလည်းမရှိတော့ အစ်မက ဒါလေးကို အမှေ့အမှတ်တရအနေနဲ့ အမြဲဆွဲထားရင်း မနေ့က မန်းချောင်းမှာရေဆင်းချိုးတုန်း ဘယ်အချိန်က ဆွဲကြိုးလျှောကျသွားမှန်းမသိဖြစ်သွားတာ၊ ဒါက အစ်မဆွဲသီးလေးရဲ့ပုံပါ"

အစ်မလေးက သူ့ဟန်းဖုန်းထဲက ဆွဲသီးပုံလေးကိုပြတယ်။ အမှေ့အမှတ်တရပစ္စည်းလေးတဲ့။ ဒီစကားလုံးက ကျွဲမရဲ့အသည်းကိုကိုင်ဆောင့်တယ်။ ကျွဲမလည်း အမေ မရှိတော့ဘူးလေ၊ ကျွဲမအမေက ဆင်းရဲတော့ ကျွဲမအတွက် ဘာအမှတ်တရပစ္စည်းမှ မထားခဲ့ပါဘူး။ ဒါပေမဲ့ လုံးဝမထားခဲ့တာတော့မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ကိုရင်သာလှ။ ဟုတ်တယ်။ အမေ သဘောတူပေးစားခဲ့တဲ့သမက် ကိုရင်သာလှကတော့ ကျွဲမအတွက် အမေ့အမှတ်တရပစ္စည်းပေါ့။ အခုနေများ ကိုရင်သာလှ ရေထဲပြုတ်ကျတယ်ဆိုရင်၊ ဒါမှမဟုတ် ပြန်ရှာလို့မတွေ့တော့ဘူးဆိုရင် ကျွဲမ ဘယ်လိုများခံစားရပါ့မလဲ။ အစ်မလေးနေရာမှာဝင်ခံစားကြည့်လိုက်တော့ အတွေးနဲ့တင် တုန်လှုပ်ချောက်ချားလာတယ်။ ဟင့်အင်း။ ဘယ်လောက်ပဲအသုံးမကျတဲ့ယောကျ်ားဖြစ်ပါစေလေ၊ ကလေးတွေရဲ့အဖေကိုတော့ ကျွဲမ ဘယ်လိုလုပ်အဆုံးရှုံးခံနိုင်ပါ့မလဲ။ အမေ့ရဲ့အမှတ်တရဆိုတာကို ကျွဲမ ရင်ထဲအသည်းထဲက ခံစားရပါတယ်။

> အမေ့အမှတ်တရပစ္စည်းလေးတဲ့။ ဒီစကားလုံးက ကျွဲမရဲ့အသည်းကိုကိုင်ဆောင့်တယ်။ ကျွဲမလည်း အမေ မရှိတော့ဘူးလေ။ ကျွဲမအမေက ဆင်းရဲတော့ ကျွဲမအတွက် ဘာအမှတ်တရပစ္စည်းမှ မထားခဲ့ပါဘူး။ ဒါပေမဲ့ လုံးဝမထားခဲ့တာတော့မဟုတ်ဘူးပေါ့။ ကိုရင်သာလှ။ ဟုတ်တယ်။ အမေ သဘောတူပေးစားခဲ့တဲ့သမက် ကိုရင်သာလှကတော့ ကျွဲမအတွက် အမေ့အမှတ်တရပစ္စည်းပေါ့။

ကျွဲမ တဲထဲပြန်ဝင်သွားတယ်။ ခဏနေတော့ ပုဆိုးစုတ်ပိုင်းလေးတစ်ခု လက်မှာဆုပ်ကိုင်လို့ တဲပြင်ပြန်ရောက်လာတယ်။ ပုဆိုးစုတ်ထုပ်ကိုဖြန့်ပြီး အစ်မလေးလက်ထဲထည့်လိုက်တယ်။

"ဒါ အစ်မလေးရဲ့စိန်ဆွဲသီး အမှန်ပဲလား၊ မနေ့က ကိုရင်သာလှ ရေထဲကကောက်ရလာတာ၊ ကြိုးတော့ပါမလာဘူး၊ မနေ့ကတည်းက ဒီဆွဲသီးကို မြင်ဖူးတယ်လို့ စဉ်းစားနေတာ၊ လက်စသတ်တော့ ဒီအစ်မလေး မနေ့ကဝတ်ထားတာကိုး"

အစ်မလေးက ဆွဲသီးကိုကြည့်ပြီး အံ့သြဝမ်းသာလွန်းလို့ မျက်ရည်များတောင်ဖြိုင်ဖြိုင်ကျနေလေရဲ့။

"ကျေးဇူးပါညီမရယ်၊ အစ်မ ညီမကို သတိရလိုက်မိတာ ကုသိုလ်ကောင်းသွားတယ်၊ ပိုက်ဆံရှိလည်း ပြန်ဝယ်လို့မရနိုင်တော့တဲ့ပစ္စည်းလေးမို့ သိပ်ကျေးဇူးတင်ပါတယ်ညီမရယ်၊ အညာသူ အညာသားတွေ သိပ်ရိုးသားတယ်ဆိုတဲ့ဂုဏ်ကို ညီမက ဒီလိုထိန်းထားနိုင်တာ ချီးကျူးပါရဲ့၊ မနေ့က အစ်မပြောမိတာတွေ စိတ်ထဲမထားနဲ့နော်၊ ဒါကတော့ အစ်မရဲ့စေတနာပါ၊ ခရီးထွက်လာတာဆိုတော့ ငွေအများကြီးမယူလာလို့ သုံးသိန်းပဲပေးရတာ စိတ်မကောင်းပါဘူး၊ ဒါက အစ်မယောကျ်ားရဲ့ ရန်ကုန်က အလုပ်လိပ်စာ၊ ညီမလေးတို့လို ရိုးသားဖြူစင်သူတွေ ရန်ကုန်မှာအလုပ်လုပ်ချင်တယ်ဆိုရင် အစ်မတို့ကို အချိန်မရွေး ဆက်သွယ်လိုက်ပါ၊ ကလေးတွေပါ ခေါ်လာခဲ့ပါ၊ နေရေးထိုင်ရေးလည်း မပူပင်ရပါဘူး၊ စီစဉ်ပေးပါ့မယ်၊ အစ်မတို့အလုပ်ခွင်ထဲမှာ လင်မယားနှစ်ယောက်စလုံးကို အလုပ်ပေးပါ့မယ်"

လက်ထဲရောက်လာတဲ့ ငွေအခေါက်ကလေးနဲ့လိပ်စာကတ်ကိုကြည့်ရင်း ကျွဲမ ဖြူဖြူစင်စင် ကြည်ကြည်လင်လင် ပြုံးလိုက်မိတယ်၊ ဘယ်လောက်ပဲဖြစ်ဖြစ်ပေါ့လေ၊ အခုရတဲ့ပိုက်ဆံက သူတစ်ပါးမျက်ရည်ပေါက်ကြီးငယ်ကျပြီးမှ ကိုယ်ရလိုက်တာမဟုတ်ဘူး။ သူတစ်ပါး အားရဝမ်းသာပျော်ရွှင်ပြီးမှ ရလိုက်တဲ့ပိုက်ဆံလေး၊ ကျွဲမ ပျော်ပါတယ်၊ လင်သည် ကိုရင်သာလှကတော့ သူ့အိပ်မက်တွေပျက်ရချေရဲ့လို့ ကျွဲမကို အပြစ်တင်ဦးမှာ မြင်ယောင်နေသေးတယ်။ ဒီလိုဆိုရင် ကျွဲမကလည်း ကိုရင်သာလှကို ပြန်ပြောပြရဦးမယ်၊ တော်က ရွာကအလုပ်တွေနဲ့မသင့်တော်သူမို့ တော့်ကို မြို့ကြီးကအလုပ်က အဆင်သင့်စောင့်နေပြီဆိုတဲ့အကြောင်း. . .။ ။

**မေသနုဝ်ခါး**

www.burmeseclassic.com

www.burmeseclassic.com



# ငွေတာရီ စာအုပ်စင်

## သားညိုမောင်



### နှောင်းပွင့်လက်ကျန်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ

**ရေးသူ - ဆွန်း(စက်မှုတက္ကသိုလ်)**

စာရေးဆရာဆွန်း(စက်မှုတက္ကသိုလ်)ရေးသား သည့် 'နှောင်းပွင့်လက်ကျန်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ' စာအုပ်ထွက်ရှိလာသည်။ စာရေးသူ၏ မဂ္ဂဇင်းများတွင် ဖော်ပြပြီးသောဝတ္ထုတိုများကို စုစည်းထုတ်ဝေလိုက် ခြင်းဖြစ်သည်။ ရွှေအမြုတေ၊ မဟေသီ၊ ငွေတာရီ၊ ခေတ်ရန့်၊ ကျေးရွာတမာ စသည့် လစဉ်ထုတ်မဂ္ဂဇင်း များတွင် ရေးသားခဲ့သည့် ဝတ္ထုတိုစာမူများဖြစ်သည်။ စာအုပ်တွင် 'ဝါတာကူလာ'ဝတ္ထုတိုမှ 'မသေကောင်း မပျောက်ကောင်း' ဝတ္ထုတိုအထိ စုစုပေါင်း ဝတ္ထုတို ၁၉ ပုဒ်ပါရှိသည်။

အမှာစာကို ဆရာဖူးကျော်က ရေးသားပေးထား ပြီး အမှာစာတစ်နေရာတွင် "ဆရာဆွန်းသည် သူ့ ဝတ္ထုများကို ရိုးသားမှု၊ စာနာမှု၊ အတွေ့နည်းမှု၊ လူကြီး လူကောင်းဆန်မှုများဖြင့် ဖွဲ့စည်းထားလေ့ရှိသည်။ ဆရာဆွန်းနှင့် လူချင်းတွေ့ဆုံစကားပြောခွင့်ရသည့် အခိုက် ထိုသို့သောဝတ္ထုများကို သူရေးဖွဲ့နိုင်တာ မဆန်း တော့ကြောင်း ချက်ချင်းနားလည်သွားရပါသည်။ ပင်စင်စားအရာရှိကြီးတစ်ဦးအကြောင်း ရေးဖွဲ့ထား သည့် 'ဝါတာကူလာ'။ တကယ်တော့ ထိုဝတ္ထုမှာ သူ ပြောချင်သည်က ထိုအရာရှိကြီးအကြောင်းမဟုတ်ပါ။ တစ်ပါးသူ၏စေတနာကို အလွယ်တကူအလွဲသုံးစား လုပ်တတ်သူတို့အကြောင်းဖြစ်သည်"ဟု ရေးသားထား သည်။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွင်ပါဝင်သောစာမူများတွင် မိဘမေတ္တာဖွဲ့ ဝတ္ထုတိုအများစုပါဝင်ထားသည်။ နှလုံးသားချစ်ခြင်းဖွဲ့၊ သဘော်သားဘဝနောက်ခံ၊ လက်ဝှေ့လောကဘဝ နောက်ခံ၊ စက်မှုတက္ကသိုလ်နောက်ခံ စသည်ဖြင့် ရသ စုံ၊ ဘဝစုံပါဝင်အောင် ရေးသားထားသည်။ အမှာစာ နိဂုံးတွင် "ဝတ္ထုတို ၁၉ ပုဒ်စလုံးကိုဖတ်ပြီးသွားသော အခါ ကျွန်တော့်အနေဖြင့် ရဲရဲငုံ့ငုံ့ကောက်ချက်ချနိုင်မှု တစ်ခုရှိလာပါသည်၊ ဆရာဆွန်း(စက်မှုတက္ကသိုလ်) သည် သူ၏ဝတ္ထုများကို အတတ်ပညာဖြင့်မဟုတ်မူဘဲ စာနာနားလည်တတ်သောနှလုံးသားဖြင့် ရေးဖွဲ့တတ် သူဖြစ်ပါသည်"ဟု မုဒိတာညွှန်းဖွဲ့ထားသည်။

ဤစာအုပ်ကို မျက်နှာဖုံးဒီဇိုင်း ပန်းချီအောင်ကျော် ၏လက်ရာဖြင့် လင်းလွန်းခင်စာပေက ပထမအကြိမ် ထုတ်ဝေထားပြီး တစ်အုပ်တန်ဖိုး ၃၅၀၀ ကျပ်ဖြင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

## ဆင်တစ်ကောင်၏အသက်ကို အရှက်နဲ့လဲခဲ့ခြင်း


**ရေးသူ - မောင်ရင့်မာ(ကျောင်းကုန်း)**

ဆရာမောင်ရင့်မာ(ကျောင်းကုန်း)ရေးသား သော 'ဆင်တစ်ကောင်၏အသက်ကို အရှက်နဲ့လဲ ခဲ့ခြင်း'အမည်ရှိ အက်ဆေးအကြောင်းအက်ဆေး စာအုပ်ထွက်ရှိလာသည်။ ရွှေအမြုတေမဂ္ဂဇင်းတွင် ရေးသားခဲ့သော အက်ဆေးများအကြောင်းကို ပြန်လည်ခံစားထားသည့် အက်ဆေးများဖြစ်သည်။ စာရေးဆရာအသီးသီးရေးသားခဲ့သည့် အက်ဆေး များကိုဖတ်ရှုမိရာမှ ထိုအက်ဆေးများနှင့်ပတ်သက် ၍ခံစားရသည်တို့ကို အက်ဆေးပုံစံဖြင့် ဆရာက ပြန်လည်တင်ပြထားခြင်းဖြစ်ပါသည်။ စာအုပ်တွင် 'လည်ပင်းနီနီနှလုံးသား'စာမူမှ 'လိပ်ပြာလုံသူများ နိုင်ငံ' စာမူအထိ စုစုပေါင်း အက်ဆေး ၂၇ ပုဒ် ပါဝင်သည်။ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)နှင့် ဆရာမျိုးမြင့်ညိမ်းတို့က အမှာစာရေးသားပေးထား သည်။

ဆရာမောင်ခင်မင်(ဓနုဖြူ)၏ အမှာစာတွင် 'ကိုရင့်မာ၏အက်ဆေး ၂၅ ပုဒ်ကို တစ်ပုဒ်ပြီးတစ်ပုဒ် ဖတ်သွားရင်း တစ်ပုဒ်ချင်းကပေးသောအရသာကလေး များကို ဖျိုးခနဲဖျတ်ခနဲခံစားလိုက်ရသည်။ အားလုံးပြီး သွားတော့ "ကောင်းလိုက်တာ"ဟု ပါးစပ်ကအသံထွက် သွားသည်။ အပြောကောင်း၊ အပြကောင်းသော ကိုရင့်မာ၏ကျေးဇူးကြောင့် အက်ဆေးဆရာ ၂၅ ယောက်၏ အတွေးလှု၊ အရေးလှုတွေကို ဝေမျှခံစား လိုက်ရသည်'ဟု ဖော်ပြထားသည်။

ဤစာအုပ်ကို မျက်နှာဖုံးဒီဇိုင်း မြင့်မောင်ကျော် လက်ရာဖြင့် ဝန်ချတောင်စာပေက ထုတ်ဝေထားပြီး တစ်အုပ်တန်ဖိုး ၃၅၀၀ ကျပ်ဖြင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ။

**သားညီမောင်**




www.burmeseclassic.com

www.burmeseclassic.com



**စာပေဟောပြောပွဲကျင်းပ**

စစ်ကိုင်းမြို့နယ်၊ ပညာရေးမိသားစုကဦးဆောင်ကျင်းပသော လူငယ်များနှင့်သက်ဆိုင်သည့် စာပေဟောပြောပွဲကို ဇူလိုင်လ ၂၂ ရက်၊ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၃ နာရီအထိ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက စာပေဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားရာတွင် -'ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ထားသည့်ပညာရပ်များနှင့် ယခုစာပေဟောပြောပွဲမှရရှိလာသည့် သုတ၊ ရသ စာပေဗဟုသုတများနှင့် ပေါင်းစပ်ကာ မိမိတို့၏ဘဝအနာဂတ်အတွက် လက်တွေ့နယ်ပယ်တွင် အမှား၊ အမှန်ခွဲခြား၍ အသုံးချဆောင်ရွက်သွားကြစေလိုကြောင်း' ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကြီးက မိတ်ဆက်စကားပြောကြားပြီး စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)နှင့် စာရေးဆရာကောင်းသန့်တို့က စာပေရေးရာများကို ဟောပြောကြသည်။

ထို့နောက် စာပေဗဟုသုတပညာရပ်များကို ဟောပြောကြသော စာရေးဆရာများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

# တစ်လအတွင်း စာပေနှင့်ယဉ်ကျေးမှုသတင်း

သော်ဇင်သစ်

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် စာပေဟောပြောပွဲကျင်းပ**

ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေရေး၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားစေရေးတို့အတွက် ရည်ရွယ်၍ Personal and Professional Development (PPD) ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကို ဩဂုတ်လ ၂ ရက်၊ နံနက် ၉ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ ရွှေရတုခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် စာရေးဆရာညီမင်းညိုက 'ရသနှလုံးသား၊ ရသကမ္ဘာ'ခေါင်းစဉ်နှင့် ဟောပြောပြီး ဆရာမခင်သန္တာက 'လူငယ်များနှင့်စကားစမြည်' ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြသည်။

**စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ**

စိတ်ကူးချိုချိုစာအုပ်တိုက်၏ နှစ်(၂၀)ပြည့် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့၊ ရွှေတိဂုံစေတီအရှေ့ဘက်မုခ်ရှိ အဋ္ဌာဝါမွှာရုံ၌ ဩဂုတ်လ ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်တွင် တစ်ဦးချင်း စာဖတ်ပရိသတ်များကို ၂၀ ရာခိုင်နှုန်း၊ ကိုယ်စားလှယ်များနှင့် စာကြည့်တိုက်များကို ၃၀ ရာခိုင်နှုန်း လျှော့ဈေးများဖြင့် ရောင်းချပေးခဲ့သည်။

စာအုပ်ပွဲတော်သို့ စာပေချစ်သူပရိသတ်များအနေဖြင့် လာရောက်လေ့လာနိုင်ပြီး စာအုပ်ဝယ်ယူရာတွင် လဲလှယ်အသုံးပြုနိုင်သည့် ကူပွန်တစ်ခုနှင့် လက်ဆောင်နှစ်မျိုးထုတ်ယူနိုင်သည့် ကူပွန်များရယူနိုင်သည့်အစီအစဉ်များ ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## စာအုပ်သစ်ခုနစ်မျိုး စာရေးသူကိုယ်တိုင် လက်မှတ်ရေးထိုးရောင်းချ

စာရေးဆရာမေတ္တာရှင်(ရွှေပြည်သာ)၏ နောက်ဆုံးထွက် စာအုပ်သစ်ခုနစ်မျိုးကို စာရေးသူကိုယ်တိုင် လက်မှတ်ရေးထိုးရောင်းချပေးခြင်းကို ဇူလိုင်လ ၃၁ ရက်၊ နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၆၆ လမ်း၊ နိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြားရှိ မိုးကောင်းကင်စာပေဖြန့်ချိရေး၌ ကျင်းပသည်။

အမှတ်တရလက်မှတ်ရေးထိုးရောင်းချပွဲတွင် စာရေးဆရာမေတ္တာရှင်(ရွှေပြည်သာ)၏ စာပေဟင်းလေးအိုး ဖတ်ရကျိုးနပ်စေမည်၊ နောက်ကျမှသိရသောတန်ဖိုး၊ ကြည်ညိုဖွယ်ရာမိန်းကလေး၊ အသာစံခြင်းနှင့် အနာခံခြင်း၊ ရှပ်ဆိုးပေးတဲ့ဝေဒနာနှင့် အခြားဝတ္ထုများ၊ အလဲအလှယ်၊ စူဠသောတာပန်ကျင့်စဉ် စသည့် နောက်ဆုံးထွက် စာအုပ်သစ် ခုနစ်မျိုးဖြစ်ပြီး ရွှေပြည်သာစာပေက ထုတ်ဝေဖြန့်ချိသည်။

## စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာဒီမာန်စာကြည့်တိုက်တွင် ဩဂုတ်လ ၄ ရက်၊ နံနက် ၁၀ နာရီက စာအုပ်လှူဒါန်းပွဲကျင်းပသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက် စုစုပေါင်း ၁၄ ခုအတွက် ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ ခေတ်ပုံရိပ်၊ ကဗျာ၊ ဆောင်းပါး၊ ပြဇာတ်၊ ဝတ္ထုစုစည်းမှု (ကလောင်စုံ) စာအုပ် ၁၀၀ ကို စာရေးဆရာမ ကြူကြူသင်းက လှူဒါန်းခဲ့ရာ သယ်န်းကျွန်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါဝင်းမြိုင်ကလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

## ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို မဟာဂီတရသများ ဟောပြောသရုပ်ပြပွဲကျင်းပ

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနကကြီးမှူး၍ ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို မြန်မာစာပေမှ မဟာဂီတရသများဖော်ကျူးခြင်း ဟောပြောသရုပ်ပြပွဲကို ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမတွင် ဩဂုတ်လ ၁၃ ရက်၊ မွန်းလွဲ ၁ နာရီက ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် မဟာဂီတဗဟိုအကဲဖြတ်ပညာရှင်၊ မဟာဂီတစာပေစာအုပ်များ ရေးသားထုတ်ဝေသူ စာရေးဆရာမ ရွှေကူနန်းနွဲ့နွဲ့က "မြန်မာစာကိုအခြေခံသည့် မဟာဂီတအကြောင်းကို ပြောမှာဖြစ်ပါတယ်၊ မှိုလျှောက်ရင် ဒီတေးသွားနဲ့ မှိုလျှောက်တယ်၊ သတို့သမီးဝတ်စုံတွေကြော်ငြာတဲ့အခါ ဒီတေးသွားနဲ့မှိုလျှောက်တယ်၊ နောက်ကတီးနေတာက ထူးမခြားနားတီးလုံးဖြစ်တယ်၊ မသိနားမလည်တဲ့ နယ်က မင်းသမီးလေးများ ထူးမခြားနားတီးလုံးနဲ့ ငိုချင်းချတယ်၊ ဒီလိုဆုတ်ယုတ်မှုတွေကို မလုပ်သင့်ဘူး၊ ဒါကို ရှေးကတီးလုံးတစ်ခုပဲ ဆိုပြီးတော့ သုံးလိုက်လို့မရဘူး၊ သူ့မှာ အနက်အဓိပ္ပာယ်တွေရှိပါတယ်၊ ကြောက်ဖို့ကောင်းပါတယ်၊ ဂိုဏ်းသင့်မှာ စိုးရပါတယ်၊ မသိနားမလည်ရင် နားလည်တဲ့သူတွေကိုမေးမြန်းပြီးတော့ လုပ်ပြဖို့မှာချင်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ထို့နောက် ရန်ကုန်ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ ရန်ကုန်ယဉ်ကျေးမှုနှင့်အနုပညာအထက်တန်းကျောင်း(ပန်တျာကျောင်းသား၊ ကျောင်းသူများ)၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုမှ အမှုဆောင်များနှင့် ပြင်ပပညာရှင်များက ပါဝင်တင်ဆက် သရုပ်ပြခဲ့ကြသည်။

ဆက်လက်ပြီး ပါမောက္ခဒေါ်နုနုခင်(မန္တလေးယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်-ငြိမ်း)၊ စောင်းပညာရှင် ဒေါ်ရီရီသန့်၊ အဆို၊ အတီး၊ အကသရုပ်များနှင့် မြန်မာ့ရုပ်သေးပညာရှင်တို့က သရုပ်ပြသခဲ့ကြသည်။ ။

**သော်ဇင်သစ်**

www.burmeseclassic.com

www.burmeseclassic.com



# ပုန်းစလုတ် ကစားရင်း

မြင့်ဆွေ(မျက်စိအတု)





ကိုမြင့်မြတ်သည် ကြို့ပင်ကောက်မြို့နယ်၊ ရွာစီးဘိုရွာသားတစ်ဦးဖြစ်ပြီး ငယ်စဉ် ၉ နှစ်အရွယ် ဘုန်းကြီးကျောင်းမှာနေပြီး မူလတန်းကျောင်းတက်နေစဉ်အချိန်ကဖြစ်ပါသည်။

ဆောင်းတွင်း၌ ညစဉ်လိုလို ဘုန်းကြီးကျောင်းနေကျောင်းသားလေးများသည် တစ်ယောက်မျက်စိကို အဝတ်စည်းပြီး လက်ထဲတွင် အဝတ်စကိုထိပ်မှာထုံးကာ ကျန်တဲ့ကျောင်းသားလေးများကို လိုက်ရိုက်သော ပုန်းစလုတ်ကစားနည်းဖြင့် ကစားကြပါသည်။

မြင့်မြတ်လည်း မျက်စိအဝတ်စည်းပြီး လိုက်ရိုက်ရသလို သူများလိုက်ရိုက်ရသည့်အလှည့်တွင် ထိုကလေးမှာ သူတို့ကျောင်းသားများထဲတွင် အထွားဆုံး၊ အားအသန်ဆုံးသူဖြစ်နေသည်။ သူက မျက်စိကို အဝတ်စည်းထားရင်း မမြင်မကန်းနှင့် အားကုန်ရိုက်လိုက်ရာ အရိုက်ခံရသူက မြင့်မြတ်ဖြစ်နေပြီး အရိုက်ခံရသောနေရာမှာ မျက်စိတစ်ဖက်ဖြစ်နေကာ နာကျင်လွန်း၍ မျက်စိထဲမှာ ဝင်းလက်သွားပါတော့သည်။

နောက်တစ်နေ့တွင် အဝတ်ထုံးဖြင့်အရိုက်ခံရသောဒဏ်ရာကြောင့် နာနေသောမျက်စိတစ်ဖက်မှာ ရောင်လာသော်လည်း နည်းနည်းပါးပါးမြင်ရ၍ မှေးမှေးပျောက်ပျောက်နေရင်းက ၇ တန်းရောက်မှ မျက်စိ သူငယ်အိမ်မှာ တိမ်စွဲသလိုဖြစ်ကာ မျက်စိမမြင်ရတော့ကြောင်း ကိုယ့်ကိုယ်ကိုယ်သိလိုက်ရပါတော့သည်။ ပစ္စည်းတစ်ခုကိုကြည့်လျှင် ကောင်းသည့်မျက်စိကို မှိတ်ကြည့်မှ ကျန်မျက်စိတစ်ဖက်မှာမမြင်ရတော့ကြောင်း သိရပါသည်။

မိဘများကိုပြောပြတော့ ကြို့ပင်ကောက်မြို့ပေါ်ခေါ်သွားပြီး မျက်စိကုသည့် ယောပြန်ဆရာထံ သွားပြပါသည်။

မြင့်မြတ်မှာ ၎င်းယောပြန်ဆရာ၏အိမ်မှာနေပြီး မျက်စိကုရပါသည်။ ဆရာ၏အိမ်တွင် မြင့်မြတ်လို ဆေးလာကုတဲ့ကလေး ၁၀ ယောက်လောက်ရှိပါသည်။

နတ်တလင်း၊ ဇီးကုန်း၊ ပေါင်းတည်၊ အုတ်ဖို၊ သုံးဆယ် စသည့်မြို့များမှ ဆေးလာကုသောလူနာများ ဖြစ်ကြသည်။

၎င်းမျက်စိကုဆရာသည် နို့စားနွား ၅ ကောင် မွေးထားပြီး လူငယ်ပိုင်းလူနာများက ဆရာ၏နွားများကို ကျောင်းရပါသည်။ ၎င်းအပြင် နွားစာလည်း ကျွေးရသေးသည်။ ဆရာကတော်ခိုင်းသော ထင်းခွေ၊ ရေခပ်၊ ထမင်းအိုးတည် စသည့် အိမ်မှုကိစ္စများ ဝိုင်းကူလုပ်ရပါသည်။

၎င်းဆရာသည် ပရဟိတစိတ်မဝင်စား၊ အတ္တ

www.burmeseclassic.com

www.burmeseclassic.com



ဟီတာသမားသက်သက်သာဖြစ်သည်။ ဆေးကုသပြီးသော လူနာများကို ဆေးကုသစရိတ်အပြင် ၎င်းအိမ်မှာနေသည့် တည်းခိုစရိတ်၊ စားစရိတ် ထည့်ပေါင်းကာ တောင်းပါတော့သည်။

၎င်းဆရာက ဆေးလာကုသည့်လူငယ်များကို သူနိုင်သောကိစ္စများသည် ကိုယ့်ဆရာသမားကို ကူညီလုပ်ကိုင်ပေးသည့်အတွက် ကုသိုလ်ပင်ရကြောင်း ပြောပါသည်။

ရက်အနည်းငယ်ကြာတော့ အုတ်ဖိုက လူနာကလေးနှင့် မြင့်မြတ်တို့ မျက်စိခွဲရမည့်အလှည့်ရောက်လာသဖြင့် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် မျက်စိခွဲရန်ပြင်ဆင်နေသည်ကို တွေ့ရသည်။ အုတ်ဖိုက ကလေးမှာအခွဲမခံဘဲ ငြင်းဆန်သဖြင့် ၎င်းအားမခွဲဘဲ မြင့်မြတ်ကိုခွဲရန် ကွပ်ပျစ်ပေါ်တင်လိုက်သည်။ ပထမ မျက်စိထဲဆေးထိုးပြီး မည်သည့်ဓားနှင့်ခွဲမှန်းမသိ ခွဲလိုက်ရာ နာကျင်သော်လည်း ကြိတ်မှိတ်ခံခဲ့ရပြီး ခွဲတဲ့မျက်စိထဲကို ပင်နီဆီလင်ဆေးမှုန့်ဟုပြောကာ ဆေးမှုန့်ထည့်ပြီး ပတ်တီးစည်းပေးပါသည်။

တစ်ပတ်လောက်ကြာတော့ ပတ်တီးဖြေရင်း ဆရာက မျက်စိမြင်ရလားဟုမေးရာ မမြင်ရကြောင်းပြော၍ နောက်ထပ်ဆေးထည့်ပြီး ပတ်တီးပြန်စည်းပေးပါသည်။ သုံးလေးကြိမ် ပတ်တီးစည်းပြီးသော်လည်း မျက်စိမှာထူးခြားမလာသည့်အပြင် ငွေကုန်ကြေးကျအလွန်များသည့်အတွက် မောင်မြင့်မြတ်၏ အဖေနှင့်အမေက သူတို့ကလေးကို ထိုဆရာထံတွင် ဆေးမကုတော့ဘဲ အိမ်ပြန်ခေါ်လာပါသည်။

ဤသို့နှင့် မောင်မြင့်မြတ်သည် အသက်အရွယ်ကြီးပြင်းကာ အိမ်ထောင်ရက်သားကျပြီး အသက် ၅၀ ကျော်မှ သူ၏ဇနီးသည်က မျက်စိအတုလုပ်ရန် ခေါ်လာ၍ 'နွေးထွေးဂေဟာ'သို့ရောက်ရှိလာခြင်းဖြစ်ပေသည်။

တကယ်တော့ မျက်စိတစ်ခုခုဖြစ်ပြီဆိုလျှင် တတ်ယောင်ကားဆရာများနှင့်မပြသဘဲ တတ်သိနားလည်သော မျက်စိဆရာဝန်များနှင့်သာ ပြသသင့်ကြောင်း အကြံပြုအပ်ပါသည်။ ။

**မြင့်ဆွေ(မျက်စိအတု)**

---

## မြဝတီစာပေတိုက်မှထုတ်ဝေသည့်
## မဂ္ဂဇင်း၊ စာစောင်များ မှာယူဖတ်ရှုနိုင်ပြီ

မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် သုတအလင်းမဂ္ဂဇင်းတို့ကို တစ်အုပ်ချင်းမှာယူဖတ်ရှုလိုသော စာရှုသူတို့အတွက် တစ်လစာကြိုတင်၍ ငွေပေးပို့မှာယူသောစနစ်နှင့် မှာကြားဝယ်ယူနိုင်သည့်အပြင် စာဖတ်သူထံ VPL စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိပါသည်။

| စဉ် | အကြောင်းအရာ | မြဝတီ မဂ္ဂဇင်း | ငွေတာရီ မဂ္ဂဇင်း | သုတအလင်း မဂ္ဂဇင်း | တေဇ ရုပ်စုံ | မိုးသောက်ပန်း ဂျာနယ် | Sports View ဂျာနယ် |
|---|---|---|---|---|---|---|---|
| | | ဈေးနှုန်း | ဈေးနှုန်း | ဈေးနှုန်း | ဈေးနှုန်း | ဈေးနှုန်း | ဈေးနှုန်း |
| ၁ | တစ်အုပ်နှုန်း(သို့)လပေးနှုန်း | ၁၆၀၀ိ/- | ၁၆၀၀ိ/- | ၁၆၀၀ိ/- | ၃၀၀ိ/- | ၂၅၀ိ/- | ၂၅၀ိ/- |
| ၂ | ကိုယ်စားလှယ်နှုန်း | ၁၅၀၀ိ/- | ၁၅၀၀ိ/- | ၁၅၀၀ိ/- | ၃၀၀ိ/- | ၂၅၀ိ/- | ၂၅၀ိ/- |

မိမိတို့မှာကြားလိုသည့်စာအုပ်များကို အောက်ပါလိပ်စာများအတိုင်း ဆက်သွယ်မှာကြားနိုင်ပါသည်။

**မြန်ချိုရေး**
မြဝတီစာပေတိုက်၊ အမှတ် ၁၅၊ မိုးကောင်းလမ်း၊
၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၃၂၄၉၈၇၂၄။

**ရန်ကုန်ရုံးခွဲ**
အမှတ် ၁၈၀၊ ၃၂ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉၃၂၄၉၈၇၁၄။

www.burmeseclassic.com

www.burmeseclassic.com



AAPT

Creating the Future
SATAKE

မြဝတီဘဏ်လီမိတက်၏ ပံ့ပိုးမှုဖြင့် အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက် မှ
တင်သွင်းသော SATAKE ဆန်စက်ပစ္စည်းများ



BURMESE CLASSIC .com

ဆန်စက်ပစ္စည်းများအား လက်ငင်းငွေချေစနစ်၊ မြဝ ... urchase စနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိပါသည်။





REZS 6540 DIS (အရောင်ရွေးစက်)

ရုံးချုပ် - တိုက်အမှတ် (၁၂) ဘိုလှောင်ရုံဝင်း (ယခင်ကုန်သွယ်လယ်ယာသိုလှောင်ရုံ) အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ ၈၆၁၀၈၅၇၈၊ ဖက်စ် - ၀၁ ၂၉၂၀၁၉၊ Email : adipatlimited@gmail.com
အရောင်းပြခန်း - ဘုရင့်နောင်လမ်းနှင့် ပါရမီလမ်းထောင့်၊ လှိုင်မြို့နယ်၊ ဖုန်း - ၀၉ ၄၄၈၀၅၇၇၇၆

www.burmeseclassic.com

www.burmeseclassic.com

FAME

# Neurogin®

*Ginkgo biloba* extract ...... 60 mg

## အာရုံကြောဆေး




## အာရုံကြောတွင်း သွေးလည်ပတ်မှု အားကောင်းစေရန် . . .

- အော်ဂဲနစ်ကမ္ဘာဦးပင်အရွက်အဆီအနှစ် ပါဝင်သည်။
- အာရုံကြောများ ရှင်သန်နိုးကြားရန် လိုအပ်သော အောက်ဆီဂျင်ကို ပံ့ပိုးပေးပြီး ပိတ်နေသော သွေးကြောငယ်လေးများကို ပွင့်စေကာ သွေးလည်ပတ်မှုကို ကောင်းမွန်စေသည်။
- ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ ပါးရွဲ့စောင်းခြင်း၊ သတိမေ့တတ်ခြင်း၊ မူးဝေခြင်း၊ အယ်လ်ဇိုင်းမားရောဂါ၊ အမြင်အာရုံချို့ယွင်းခြင်း၊ အကြားအာရုံ ချို့ယွင်းခြင်း၊ နားအူခြင်း၊ ခြေဖျားလက်ဖျားသို့ သွေးမလျှောက်ခြင်းနှင့် ခြေလက်ထုံကျဉ်ခြင်း စသည့် ရောဂါများကို ကာကွယ်ကုသရာ၌ အသုံးပြုနိုင်သည်။

09-43136775

www.burmeseclassic.com